# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁ရက် | ၂၀၁၅ ခုနှစ်၊ ဇူလိုင် ၁၇ ရက်၊ သောကြာနေ့ | အတွဲ [၅၄]၊ အမှတ် [၂၈၅]


တိုင်းသူပြည်သားလူအများဟာ ဉမကွဲ၊ သိုက်မပျက် တညီတညွတ်တည်း စည်းကမ်းတကျရှိဖို့လိုတယ်။ မလိုတဲ့လူတွေက ဘယ်လိုတိုက်တိုက်၊ ရှို့ရှို့၊ စစ၊ မိမိတို့ အဓိကပန်းတိုင်ကို မျက်ခြည်ပြတ်မခံဘဲ၊ လမ်းမလွဲအောင် ကြိုးစားဖို့လိုတယ်။ **(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့ ည ၇ နာရီ၊ မိနစ် ၄၀ အချိန် ရေဒီယိုမှ ထုတ်လွှင့်ခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)**



## ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ရခိုင်ပြည်နယ် ရေဘေးသင့်ပြည်သူများနှင့်တွေ့ဆုံ

❝ ယခုကဲ့သို့ ရေကြီးရေလျှံမှုမျိုး ထပ်မံမဖြစ်ပေါ်စေရန်နှင့် ဖြစ်ပေါ်လာပါက ဆုံးရှုံးမှုအနည်းဆုံးဖြစ်အောင် ဆွေးနွေးအဖြေရှာ ဆောင်ရွက်ရမည် ❞

သတင်း၊ စာမျက်နှာ-၃

## အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များနှင့်တွေ့ဆုံမေးမြန်းခြင်း

# ဦးရာဇတ်နှင့် သခင်မြ

နေပြည်တော် ဇူလိုင် ၁၆

**အာဇာနည်နေ့အထိမ်းအမှတ်အနေဖြင့် အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များကို တွေ့ဆုံမေးမြန်းခဲ့ရာတွင် မြန်မာ့လွတ်လပ်ရေးကြိုးပမ်းအားထုတ်မှုတွင်သာမက မျိုးချစ်စိတ်ဓာတ်ရင့်သန်စေသည့် အမျိုးသားကျောင်းများ ပေါ်ထွန်းလာစေရေး၊ ပညာရေးနှင့် နိုင်ငံရေးအသိအမြင် နိုးကြားစေရန် မျိုးစေ့ချထားပေးခဲ့ပြီး ပါဠိဘာသာ ထွန်းကားပြန့်ပွားစေရေးကိုလည်း ကြိုးပမ်းဆောင်ရွက်ခဲ့သူတစ်ဦးဖြစ်သည့် ဆရာကြီးဦးရာဇတ်(ပညာရေးနှင့် အမျိုးသားစီမံကိန်းဝန်ကြီး)၏ သားသမီးသုံးဦးအနက် သားကြီးဖြစ်သူ ဦးတင်မြင့်ကို တွေ့ဆုံမေးမြန်းခဲ့ပါသည်။**

ဆရာကြီး ဦးရာဇတ်အပါအဝင် အမျိုးသားခေါင်းဆောင်ကြီးများ လုပ်ကြံခံခဲ့ရသည့် ၁၉၄၇ ခုနှစ်တွင် ဦးရာဇတ်၏ သားကြီးဖြစ်သူ ဦးတင်မြင့်မှာ အသက် ၆ နှစ်ကျော်၊ ၇ နှစ် ဝန်းကျင်ခန့်တွင် ရောက်ရှိနေပြီဖြစ်ပြီး ထိုစဉ်က ကြုံတွေ့ခဲ့ရသည်များနှင့် အဖြစ်အပျက်များကိုလည်း ပြန်လည်ပြောပြသည်။

ဦးတင်မြင့်သည် ကျောင်းပိတ်ရက်များတွင် ဖခင်ဖြစ်သူနှင့် အတွင်းဝန်ရုံးသို့ လိုက်သွားလေ့ရှိပြီး လုပ်ကြံခံရသည့်နေ့က စနေနေ့ဖြစ်သော်လည်း ဝါတွင်းကာလဖြစ်သောကြောင့် စနေနေ့ ကျောင်းဖွင့်သဖြင့် ဖခင်ဖြစ်သူ



ဦးရာဇတ်၏သားကြီး ဦးတင်မြင့်

### တွေ့ဆုံမေးမြန်း-ဆုနှင်းလဲ့

နောက်သို့ မလိုက်နိုင်ခဲ့ဘဲ ထိုသို့ လိုက်ပါမသွားခြင်းကြောင့်လည်း ယခုလိုဖြစ်စဉ်များကို ယနေ့တွင် ပြန်လည်ပြောပြနိုင်နေခြင်းဖြစ်သည်ဟု အစချီကာ အာဇာနည်ခေါင်းဆောင်တစ်ဦး၏ မျိုးဆက်ဖြစ်သူ ဦးတင်မြင့်က ၎င်း၏ ရင်တွင်းခံစားချက်များကို ပြောပြလေ၏။

**မေး - အာဇာနည်ခေါင်းဆောင်ကြီးတွေ လုပ်ကြံခံရတဲ့အချိန်က အန်ကယ်က ၇ နှစ်အရွယ်ဆိုတော့ အန်ကယ်မှတ်မိသလောက် ဖြစ်စဉ်တွေကို ပြန်လည်ပြောပြပေးပါဦး။**

ဖြေ - အန်ကယ်က ရုံးပိတ်ရက်ဆိုရင် အန်ကယ့်အဖေနဲ့ အတွင်းဝန်ရုံးကို လိုက်သွားလေ့ရှိတယ်။ ခါတိုင်းဆိုရင် စနေနေ့ဆို ရုံးကိုလိုက်သွားလေ့ရှိတယ်။ အန်ကယ်က ဗဟိုအမျိုးသားကျောင်းမှာတက်တော့ စနေနေ့မပိတ်ဘူး။ တနင်္ဂနွေနဲ့ ဥပုသ်နေ့ပဲပိတ်တယ်။ အဲဒီတော့ လိုက်မသွားဖြစ်ဘူး။ လိုက်သွားရင်လည်း တစ်မျိုးဖြစ်ချင်ဖြစ်မှာပေါ့။ ဒါကတော့ ဘဝရဲ့ ကံတရားပေါ့။

အဲဒီနေ့က အဖေဆုံးတယ်ဆိုတာတော့ မသိဘူး။ ကျောင်းကကားနဲ့ အိမ်ပြန်ပို့လိုက်တော့ အိမ်ပေါ်တက်သွားတော့မှ ဆုံးသွားပြီဆိုတာကို သိတာ။ အဲဒီမှာ အများက သိပ်မသိလိုက်တာလေးတစ်ခုရှိတယ်။ ပြောဖို့လည်းမေ့နေခဲ့တယ်။ အဖေဆုံးပြီးတော့ အိမ်မှာအစောင့်တွေလာထားပေးတယ်။ အစောင့်တွေလာထားတဲ့အခါမှာ အစောင့်လာထားတဲ့ ရဲဘော်တွေကြောင့်လား ဘာလားတော့မသိဘူး။ အိမ်ကို သုံးခါလောက် လာပစ်တာကြုံခဲ့ရတယ်။ အဲဒီတုန်းက အစိုးရပေးထားတဲ့အိမ်ပေါ့။

*စာမျက်နှာ ၈ ကော်လံ ၁* ❍



**အာဇာနည်ခေါင်းဆောင်ကြီး မိသားစုဝင်တွေကို မြန်မာပြည်သူလူထုက ကရုဏာလည်းရှိကြတယ်။ သိပ်လည်းချစ်ကြတယ်ဆိုတာ ပေါ်လွင်ပါတယ်။**




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

### လူပင်သေသော်လည်း နာမည်မသေတဲ့ ဗိုလ်ချုပ်

အာဇာနည်နေ့သည်ကား တဖြည်းဖြည်းနီးလာချေပြီ။ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ နယ်ချဲ့လက်ပါးစေတို့၏ လက်ချက်ဖြင့် ကွယ်လွန်ခဲ့သောနေ့တစ်နေ့ဖြစ်သည့် ဇူလိုင်လ ၁၉ ရက်နေ့ကို မြန်မာပြည်သူတစ်ရပ်လုံး၏ ရင်ထဲအသည်းထဲတွင် စွဲမြဲနေဆဲဖြစ်ပါသည်။ တစ်နည်းအားဖြင့် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်သူရဲကောင်းများကို အမှတ်ရနေဆဲ၊ လေးစားချစ်ခင်နေကြဆဲဖြစ်ပါသည်။ နှစ်တွေကြာညောင်းခဲ့ပြီဖြစ်သော်လည်း အောက်မေ့သတိရနေဆဲဖြစ်ပါသည်။

ဤသည်ကား ဗိုလ်ချုပ်၏ ရိုးသားကြိုးစားပြီး ခေါင်းဆောင်ကောင်း ပီသမှုတို့ကြောင့်ပင် ဖြစ်ပါသည်။ ဗိုလ်ချုပ်ကို မြန်မာသာမက ကမ္ဘာ့ခေါင်းဆောင်ကြီးများကပင် လေးစားခဲ့ကြသည်။ ဗိုလ်ချုပ်နှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ လုပ်ကြံခံရစဉ် ကမ္ဘာ့နိုင်ငံအသီးသီးက ဝမ်းနည်းကြောင်း သဝဏ်လွှာများ ပေးပို့ရာတွင် ဗိုလ်ချုပ်အောင်ဆန်း ကွယ်လွန်ရသည်မှာ မြန်မာပြည်အတွက်သာ နစ်နာသည်မဟုတ်။ အာရှတိုက်အတွက်လည်း ဆုံးရှုံးမှုတစ်ရပ် ဖြစ်ပါကြောင်း၊ မြန်မာလူမျိုးတို့သည် ဦးအောင်ဆန်း ချမှတ်ခဲ့သော လမ်းစဉ်ကိုလိုက်၍ ရည်ရွယ်ချက် ပြီးမြောက်သည်အထိ ဖြည့်စွမ်းကြပါဟူ၍ လည်းကောင်း၊ အာရှတိုက်သည် သတ္တိရှိ၍ အမြော်အမြင်နှင့်ပြည့်စုံသော သားကောင်းရတနာတစ်ဦး ကျဆုံးခဲ့ရခြင်းဖြစ်ပါကြောင်း စသည်ဖြင့် သဝဏ်လွှာများ ပေးပို့ခဲ့သည်ဟု မှတ်သားရပါသည်။

ဗိုလ်ချုပ်အောင်ဆန်းသည် မြန်မာပြည်သူတစ်ရပ်လုံးကို လွတ်လပ်ရေးရအောင် ကြိုးပမ်းသွားနိုင်ခဲ့သည်သာမက တစ်နိုင်ငံလုံး ကြီးပွားတိုးတက်လိုသော ဆန္ဒပြင်းပြသူတစ်ဦးလည်းဖြစ်ပါသည်။ ထို့ကြောင့်လည်း ဗိုလ်ချုပ်အောင်ဆန်းက ပင်လုံညီလာခံညစာထမင်းစားပွဲကြီး၌ "တစ်တိုင်းပြည်လုံး ကြီးပွားစေချင်ရင် လူအား၊ ငွေအား ၊ ပစ္စည်းအားနဲ့ စုပေါင်းပြီး အင်တိုက်အားတိုက်လုပ်နိုင်မှ အကျိုးခံစားခွင့်ရှိကြမှာပဲ။ ဗမာကတစ်မျိုး၊ ကရင်ကတစ်ဖုံ၊ ရှမ်း၊ ကချင်၊ ချင်းတို့က တခြား အကွဲကွဲအပြားပြား လုပ်နေကြရင်ဖြင့် အကျိုးရှိမှာ မဟုတ်ဘူး။ စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်မယ်။ လုပ်ကြည့်မှလည်း အကျိုးရှိကြောင်း သိနိုင်မယ်"ဟူ၍ ပြောကြားခဲ့ပါသည်။

ဗိုလ်ချုပ်၏ ဤမှတ်သားဖွယ်စကားသည် ယနေ့ခေတ်တွင် ကျွန်ုပ်တို့ပြည်သူတစ်ရပ်လုံးအနေဖြင့် မည်သည့်ရေးရာကိစ္စတို့၌မဆို စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ကြိုးစားအလုပ်လုပ်ကြရန် မီးမောင်းထိုးပြနေခြင်း ဖြစ်ပါသည်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အဘက်ဘက်မှ တိုးတက်အောင်မြင်အောင် ကြိုးပမ်းအားထုတ်ကြရမည် ဖြစ်ပါသည်။ ဗိုလ်ချုပ်ဖြစ်စေချင်သော တိုးတက်သည့် နိုင်ငံဖြစ်အောင် ကြိုးစားအားထုတ်ကြရန် ကျွန်ုပ်တို့ ပြည်သူတစ်ရပ်လုံးတွင် တာဝန်ရှိနေပါသည်။

တိုတောင်းလှသော လူ့ဘဝတစ်ခဏတာအတွင်း ဗိုလ်ချုပ်သည် မောင်အောင်ဆန်းဟူ၍လည်းကောင်း၊ သခင်အောင်ဆန်းဟူ၍လည်းကောင်း၊ ဗိုလ်တေဇဟူ၍လည်းကောင်း၊ ဗိုလ်ချုပ်အောင်ဆန်းဟူ၍ လည်းကောင်း၊ ဦးအောင်ဆန်းဟူ၍လည်းကောင်း တိုင်းပြည်နှင့်လူမျိုးအတွက် ဆောင်ရွက်ပေးခဲ့သည်။ ထို့ကြောင့်လည်း အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် လူပင်သေသော်လည်း နာမည်မသေဘဲ မြန်မာ့သမိုင်းတစ်လျှောက်လုံးတွင် ဥဒါန်းတင်လျက်ရှိနေဦးမည်သာဖြစ်ပါကြောင်း။ ။

# အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည်

" မဲစာရင်းမှာအမည်ပါမှ မဲပေးနိုင်ကြောင်း သတိချပ်စေလိုပါသည်။
မဲစာရင်းများယွင်းမှုရှိနေသော်လည်း မဲပေးခွင့်မဆုံးရှုံးနိုင်ပါ။
မဲပေးပိုင်ခွင့်ရှိသူ အမှန်ဖြစ်ကြောင်း တာဝန်ခံပြောကြားသူရှိလျှင် ပြင်ဆင်ရေးမှတ်၍ မဲပေးခွင့်ပြုရမည်ဟု
လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေများ ၅၀ (ဂ)တွင် အတိအလင်း ပြဋ္ဌာန်းထားပါသည်။ "

## ရွေးကောက်ပွဲဆိုင်ရာ တွေ့ဆုံဆွေးနွေး

**မိုးမိတ် ဇူလိုင် ၁၆**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဒေါက်တာစိုင်းစံဝင်းနှင့် မိုးမိတ်ခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင်များ တွေ့ဆုံဆွေးနွေးပွဲကို မိုးမိတ်မြို့ မြို့ကျက်သရေဆောင်ခန်းမ၌ ဇူလိုင် ၁၄ ရက် နံနက် ၈ နာရီက ကျင်းပသည်။

ရှေးဦးစွာ ဒေါက်တာစိုင်းစံဝင်းက တရားမျှတပြီး လွတ်လပ်သော၊ ပွင့်လင်းမြင်သာသော နိုင်ငံတကာစံချိန်စံညွှန်းနှင့်အညီဖြစ်သည့် ရွေးကောက်ပွဲကြီးဖြစ်အောင် အားလုံးဝိုင်းဝန်းဆောင်ရွက်သွားကြရန်နှင့် ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ မိုးမိတ်ခရိုင် ရွေးကောက်ပွဲအရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်မောင်တင်က ရွေးကောက်ပွဲအတွက် ပြင်ဆင်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြခဲ့ပြီး မိုးမိတ်၊ မဘိမ်းမြို့နယ်များမှ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးသောင်းစိန်နှင့် ဦးခင်အောင်တို့က မြို့နယ်ကော်မရှင်ဖွဲ့စည်းပုံနှင့် မဲရုံတည်နေရာ၊ မဲရုံလုံခြုံရေးအခြေအနေများ၊ မြို့နယ်အတွင်းရေးမှူးများကလည်း မဲစာရင်းအမှား ပြင်ဆင်ချက်များနှင့် ရွေးကောက်ပွဲဆိုင်ရာအကြောင်းအရာများကို ဆွေးနွေးမေးမြန်းခဲ့ရာ ဒေါက်တာစိုင်းစံဝင်းက ပြန်လည်ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)



ထင်သာမြင်သာပြုပြင်စရာ

## ကျန်းမာရေးထိခိုက်နိုင်သည့် အနံ့ဆိုးများ နေ့စဉ်ရှူရှိုက်နေရ

မိတ္ထီလာမြို့နယ် ပြည်သာယာလမ်းမြောက်ပိုင်းရပ်ကွက်(၁)လမ်းရှိ မြတ်နိုးပီတိတံတားအနီး ဖြတ်သန်းသွားလာနေသူများမှာ ၎င်းနေရာအနီး၌ စွန့်ပစ်ထားသည့် တိရစ္ဆာန်အညစ်အကြေးများနှင့် အမှိုက်သရိုက်များမှ ထွက်ရှိသော ကျန်းမာရေးထိခိုက်နိုင်သည့် အနံ့ဆိုးများကို နေ့စဉ်ရှူရှိုက်နေရကြောင်း သိရသည်။

"ဒီလမ်းက နေ့စဉ်ဖြတ်သန်းသွားလာနေရာတာမို့ ဒီတိရစ္ဆာန်အညစ်အကြေးတွေနဲ့ အမှိုက်သရိုက်ကထွက်တဲ့ အနံ့ဆိုးတွေကို ရှူရှိုက်နေရတယ်။ ဒီနေရာက ပြည်သာယာမြောက်ပိုင်းရပ်ကွက်ထဲမှာရှိပေမယ့် ဒီအညစ်အကြေးနဲ့ အမှိုက်သရိုက်တွေကို ပြည်သာယာတောင်ပိုင်းရပ်ကွက် (၁)လမ်းအနီးမှာ နေတဲ့လူတွေက နေ့စဉ် လာပစ်နေကြတာ။ တားဆီးမယ့်သူလည်းမရှိဘူး။ ရှင်းလင်းမယ့်သူလည်းမရှိဘူး။ အညစ်အကြေးတွေထဲမှာ ကြက်နဲ့ဘဲတို့ရဲ့ စွန့်ပစ်တိရစ္ဆာန်အညစ်အကြေးတွေပါတယ်။ အဲဒီအညစ်အကြေးတွေ စည်းကမ်းမဲ့ စွန့်ပစ်နေတာကို ထိထိရောက်ရောက် အရေးယူဆောင်ရွက်ပေးစေချင်ပါတယ်"ဟု နေ့စဉ်ဖြတ်သန်းသွားလာနေသည့် ပြည်သာယာမြောက်ပိုင်းရပ်ကွက် (၁)လမ်း၌ နေထိုင်သူတစ်ဦးက ပြောသည်။

အလားတူ ပြည်သာယာတောင်ပိုင်းရပ်ကွက်(၁)လမ်း ဝန်ထမ်းအိမ်ရာနှင့် မိတ္ထီလာဟိုတယ်အနီးတစ်ဝိုက်တွင်လည်း စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်မှုကြောင့် အနံ့အသက်ဆိုးများ ထွက်လျက်ရှိကြောင်း သိရသည်။ **ထီလာသား**



## စိုက်ပျိုးစရိတ်ချေးငွေကျပ် သန်း ၁၅၀၀ ကျော်ထုတ်ချေး

**ပန်းတောင်း ဇူလိုင် ၁၆**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများမှ တောင်သူများအား မိုးရာသီ သီးနှံစိုက်ပျိုးစရိတ်ချေးငွေများကို ဇူလိုင် ၁၄ ရက်အထိ ချေးငွေကျပ်သန်း ၁၅၀၀ ကျော် ထုတ်ချေးပြီးဖြစ်ကြောင်း သိရသည်။

ပန်းတောင်းမြို့နယ်အတွင်းရှိ ကျေးရွာ ၄၇ အုပ်စုမှ တောင်သူများအား မိုးသီးနှံ စိုက်ပျိုးစရိတ်ချေးငွေစုစုပေါင်းကျပ်သန်းပေါင်း ၃၅၀၀ ကို ထုတ်ချေးရန်လျာထားသတ်မှတ်ထားသည့်အနက် ကျေးရွာအုပ်စု ၃၃ အုပ်စုမှ စိုက်ဧက ၁၅၁၁၂ အတွက် ချေးငွေကျပ် ၁၅၁၁ ဒသမ ၂ သန်းကို ထုတ်ချေးပေးထားပြီး ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မြို့နယ်မန်နေဂျာ ဦးဌေးလွင်က ကျန်ရှိသည့် ကျေးရွာအုပ်စုများမှ တောင်သူများအတွက် ချေးငွေများကိုလည်း အချိန်မီ ပိတ်ရက်မရှိ နေ့စဉ် ထုတ်ပေးလျက်ရှိကြောင်း ပြောကြားသည်။ **(၀၀၈)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၆-၇-၂၀၁၅

ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၅၀၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၀၆၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၅၂၅၀၀ |

စက်သုံးဆီဈေးနှုန်း(စက်သုံးဆီအသင်း)

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၇၁၀ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၆၈၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၇၁၀-၇၂၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၈၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၇၃၀ |

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၃၀၀၀-၄၅၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၆၀၀၀-၈၀၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၇၀၀၀-၁၂၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၈၀၀၀-၂၅၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၇၀၀၀-၁၈၀၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၆၀၀၀-၉၀၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၈၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၁၀ |
| ဥရောပ | တစ်ယူရို | ၁၃၃၀.၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၈၈.၇၆ |
| ထိုင်း | တစ်ဘတ် | ၃၅.၅၂၆ |
| အိန္ဒိယ | တစ်ရူပီး | ၁၉.၁၀၀ |
| တရုတ် | တစ်ယွမ် | ၁၉၄.၈၈ |
| မလေးရှား | တစ်ရင်းဂစ် | ၃၁၈.၀၄ |

ခင်ရတနာ-စုစည်းသည်။

# ယခုကဲ့သို့ရေကြီးရေလျှံမှုမျိုး ထပ်မံမဖြစ်ပေါ်စေရန်နှင့် ဖြစ်ပေါ်လာပါက ဆုံးရှုံးမှုအနည်းဆုံးဖြစ်အောင် ဆွေးနွေးအဖြေရှာ ဆောင်ရွက်သွားရမည်



ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်း သံတွဲမြို့မှဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်း တောင်ကုတ်မြို့ ချောင်းကောက်ရပ်ကွက် ဦးဥတ္တမလမ်း ကမ်းပြိုမှုကို ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် ဇူလိုင် ၁၆**

ရခိုင်ပြည်နယ်အတွင်း ရေဘေးကြောင့် ပျက်စီးဆုံးရှုံးမှုများ ပြန်လည်တည်ဆောက်ရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ယနေ့နံနက်ပိုင်းတွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများနှင့်အတူ ဇွန်လအတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သော ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်များသို့ သွားရောက်၍ ပြန်လည်ထူထောင်ရေး လုပ်ငန်းများဆောင်ရွက်မှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

ရှေးဦးစွာ ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် တောင်ကုတ်မြို့သို့ ရောက်ရှိကြပြီး တောင်ကုတ်ချောင်း ရေကြီးရေလျှံမှုကြောင့် ကမ်းပါးပြိုပျက်စီးခဲ့သည့် ချောင်းကောက်ရပ်ကွက် ကမ်းနားလမ်းအား ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယသမ္မတသည် တောင်ကုတ်မြို့ မြို့နယ်ခန်းမတွင် ရခိုင်ပြည်နယ်အတွင်း ရေဘေးကြောင့် ပျက်စီးဆုံးရှုံးမှုများအတွက် လတ်တလော လိုအပ်သည့် ထောက်ပံ့ရေးပစ္စည်းများကို ရေဘေးသင့်ပြည်သူများအား ပေးအပ်သည်။

ယင်းနောက် ဒုတိယသမ္မတက ရခိုင်ပြည်နယ်တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် တောင်ကုတ်မြို့၌ ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့ရာ အိမ်များ၊ လမ်းများ၊ တံတားများ စာသင်ကျောင်းများနှင့် ဘုန်းကြီးကျောင်းများ ပျက်စီးခဲ့ပါကြောင်း၊ အဆိုပါ ပျက်စီးဆုံးရှုံးသွားမှုများကို အမြန်ပြန်လည်ပြင်ဆင်ပေးလျက်ရှိသကဲ့သို့ ရခိုင်ပြည်နယ်အတွင်း ရေဘေးကြောင့် ပျက်စီးဆုံးရှုံးမှုများ ပြန်လည်တည်ဆောက်ရေး ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများဖွဲ့စည်း၍ ရေတို၊ ရေရှည် စီမံကိန်းများချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ပြည်ထောင်စုအစိုးရတွင် လေဘေး၊ ရေဘေး၊ မီးဘေး၊ ငလျင်စသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်လာပါက ချက်ချင်းကူညီနိုင်ရန် နိုင်ငံတော်သမ္မတ၏ သီးသန့်ရန်ပုံငွေရှိသဖြင့် ၎င်းရန်ပုံငွေမှ ကူညီထောက်ပံ့ပေးသွားမည် ဖြစ်ပါကြောင်း။

ပျက်စီးသွားသည့် လမ်း၊ တံတားများကို ယာယီသွားလာနိုင်ရန် ပြည်နယ်အစိုးရနှင့် တာဝန်ရှိသူများ ဆောင်ရွက်ပေးထားပြီး ဖြစ်သော်လည်း ရေရှည်တည်တံ့ခိုင်မြဲအောင် စီမံကိန်းများဖြင့် စနစ်တကျ လုပ်ဆောင်သွားရန် လိုအပ်ပါကြောင်း၊ ရေဘေးကြောင့် ဒုက္ခရောက်နေသည့် မြို့နယ်များအပါအဝင် ရခိုင်ပြည်နယ်အတွင်းရှိ လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရေးအတွက် ဆွေးနွေးတင်ပြကြရန်နှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်းပြောကြားသည်။

ယင်းနောက် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးမောင်မောင်အုန်းက ရခိုင်ပြည်နယ်အတွင်း ရေဘေးကြောင့် ပျက်စီးဆုံးရှုံးမှုများအပေါ် ဆောင်ရွက်ပေးခဲ့မှုများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတနှင့် တာဝန်ရှိသူများက ကိုင်းရှည်၊ လမူး၊ သဒ္ဒန်၊ တရဘာ၊ ပလဝ၊ ကြက်ကိုင်းနှင့် လက်ပံကျေးရွာများအတွက် ဆန်၊ ဆီ၊ ပဲ၊ အဝတ်အထည်၊ ခြင်ထောင်၊ စောင်စသည့်ထောက်ပံ့ပစ္စည်းများနှင့်ဆိုလာမီးအိမ်များကို ထောက်ပံ့ပေးအပ်ကြရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ဆက်လက်၍ ဒုတိယသမ္မတက မြစ်၊ ချောင်းများအတွင်း ရေစီးရေလာကောင်းမွန်စေရန် သောင်တူးဖော်ခြင်း၊ ကျွန်းမြေတူးဖော်ခြင်းလုပ်ငန်းများကို ရေရှည်မျှော်တွေး၍ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှု ရှိ၊ မရှိကို ပညာရှင်များနှင့် လေ့လာဆန်းစစ်ရန် လိုအပ်ပါကြောင်းနှင့် ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို နိုင်ငံတော်အစိုးရအနေဖြင့် ဦးစားပေးအစီအစဉ်အလိုက် ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းမှာကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတသည် သံတွဲမြို့ ခရိုင်ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိရာ ဆေးရုံအုပ်ကြီးက သံတွဲခရိုင်ဆေးရုံနှင့် တိုက်နယ်ဆေးရုံများ ရေလွှမ်းမိုးခံရမှု၊ ဆေးပစ္စည်းများပျက်စီးဆုံးရှုံးမှုနှင့် ထိန်းသိမ်းသိုလှောင်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယသမ္မတက လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယသမ္မတသည် ဆေးရုံဝင်းအတွင်း ရေလွှမ်းမိုးမှုကင်းလွတ်စေရန် အောက်ခြေမြှင့်၍ တည်ဆောက်ထားသည့် လူနာဆောင်နှင့် ဆေးရုံအတွင်းရှိ ဆေးသိုလှောင်ခန်း၊ ခွဲစိတ်ဆောင်၊ ဓာတ်မှန်ခန်းနှင့် သွားဆေးကုဌာနတို့ကို လှည့်လည်ကြည့်ရှုပြီး လူနာများအား ကြည့်ရှုအားပေးသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် သံတွဲမြို့ မြို့နယ်ခန်းမ၌ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ အဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စု ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ဒုတိယသမ္မတက ဇွန်လအတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်များတွင် ရေကြီးရေလျှံမှု ဖြစ်ပေါ်ခဲ့သည့်အတွက် ပျက်စီးဆုံးရှုံးသွားသည့် လမ်း၊တံတား၊ ကျောင်း၊ ဆေးရုံများ ပြန်လည်တည်ဆောက်ရေး၊ ရေတို၊ ရေရှည်စီမံချက်များချမှတ်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ ရေကြီးရေလျှံမှုမျိုး ထပ်မံမဖြစ်ပေါ်စေရန်နှင့် ဖြစ်ပေါ်လာပါက ဆုံးရှုံးမှုအနည်းဆုံးဖြစ်အောင် ဆောင်ရွက်သင့်သည်များကို ဆွေးနွေးအဖြေရှာ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်းနှင့် ရခိုင်ပြည်နယ်တစ်ခုလုံးနှင့် သံတွဲမြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များအား ဝိုင်းဝန်းဆွေးနွေး တင်ပြကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ် ဦးမောင်မောင်အုန်းက ရေဘေးကြောင့် ပျက်စီးဆုံးရှုံးများအပေါ် ဆောင်ရွက်ပေးခဲ့မှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတနှင့် တာဝန်ရှိသူများက သံတွဲမြို့နယ်အတွင်းရှိ ရေဘေးသင့်ကျေးရွာများမှ ဒေသခံများအတွက် လတ်တလော လိုအပ်သည့် ထောက်ပံ့ပစ္စည်းများနှင့် ဆိုလာမီးအိမ်များကို တာဝန်ရှိသူများထံ ပေးအပ်သည်။

ယင်းနောက် သံတွဲမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဒေါက်တာစိုးမြင့်က ဒေသ၏လိုအပ်ချက်များကို တင်ပြရာ ဒုတိယသမ္မတက ပြန်လည်သုံးသပ်ဆွေးနွေးပြီး လတ်တလောလိုအပ်ချက်များကို ဦးစားပေးဆောင်ရွက်ရန်နှင့် ရေရှည်ဆောင်ရွက်ရမည့်ကိစ္စရပ်များကို နိုင်ငံတော်မှ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

အခမ်းအနားအပြီးတွင် ဒုတိယသမ္မတသည် တက်ရောက်လာကြသည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် သံတွဲမြို့ ဒွါရာဝတီတံတားသို့ရောက်ရှိပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးမောင်မောင်အုန်းက သံတွဲမြို့ ရေကြီးရေလျှံမှု လျှော့ချရေးအတွက် သံတွဲချောင်းရေစီးရေလာကောင်းမွန်ရေးနှင့် တူးမြောင်းဖောက်လုပ်ရန် လျာထားသည့် အစီအမံများကို ရှင်းလင်းတင်ပြရာ ဒုတိယသမ္မတက ပညာရှင်များနှင့် ဆွေးနွေးညှိနှိုင်းပြီး ရလဒ်ကောင်းများရရှိမှသာ ဆောင်ရွက်သွားရန် မှာကြားသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် သံတွဲချောင်း ရေကြီးရေလျှံမှု လျှော့ချနိုင်ရေးအတွက် တူးမြောင်းဖောက်လုပ်ရန် လျာထားသည့် စီမံကိန်းနေရာအား ကြည့်ရှုစစ်ဆေးသည်။ **(သတင်းစဉ်)**



# အရှေ့အလယ်ပိုင်းတွင် စစ်ပွဲများပိုမိုဖြစ်ပွားမှုကို ရှောင်ရှားရန် ကန်သမ္မတနျူကလီးယား အစီအစဉ်ကို ခုခံကာကွယ်



**ဝါရှင်တန် ဇူလိုင် ၁၆**

အီရန်နျူကလီးယား သဘောတူညီမှုသည် နျူကလီးယားလက်နက် ပြိုင်ဆိုင်မှုကို ရှောင်ရှားရန်အကောင်းဆုံး နည်းလမ်းဖြစ်သကဲ့သို့ အရှေ့အလယ်ပိုင်း စစ်ပွဲများ ပိုမိုဖြစ်ပွားနိုင်မှုကို ရှောင်ရှားရန် အကောင်းဆုံးနည်းလမ်းလည်းဖြစ်သောကြောင့် အီရန်နျူကလီးယား သဘောတူညီမှုကို အတည်ပြုရန် လွှတ်တော်သို့ တိုက်တွန်းခဲ့ကြောင်း အမေရိကန်သမ္မတ ဘားရက်အိုဘားမားက ဇူလိုင် ၁၅ ရက်တွင် ပြောခဲ့သည်။

အီရန်နျူကလီးယားသဘောတူညီမှုမရှိလျှင် အီရန်နျူကလီးယား အစီအစဉ်ကို ကန့်သတ်ထိန်းချုပ်ဖို့ လွယ်ကူမည် မဟုတ်ကြောင်း၊ ထိုအချိန်တွင် အီရန်သည် နျူကလီးယား ဗုံးကိုပြုလုပ်ရန် အခွင့်အလမ်း ပိုမိုရရှိမည်ဖြစ်ကြောင်း အိမ်ဖြူတော်တွင် ကျင်းပသော သတင်းစာရှင်းလင်းပွဲ၌ ပြောခဲ့သည်။

သဘောတူညီမှုမရှိလျှင် အရှေ့အလယ်ပိုင်းတွင် စစ်ပွဲများပိုမိုဖြစ်ပွားနိုင်ကြောင်း ၄င်းက ဆက်လက် ပြောကြားခဲ့သည်။

ယင်းဒေသရှိ အခြားနိုင်ငံများကလည်း ၄င်းတို့၏ကိုယ်ပိုင်နျူကလီးယားအစီအစဉ်ကို အကောင်အထည်ဖော်နိုင်ကြောင်း၊ ထို့ကြောင့် နျူကလီးယားအစီအစဉ်ကို ထောက်ခံကာကွယ်ပြောကြားခဲ့သည်။

ကာလရှည်ကြာ လိပ်ခဲတည်းလည်းဖြစ်နေသော အီရန်နျူကလီးယားအစီအစဉ်ကို အီရန်နှင့် ကမ္ဘာ့အင်အားကြီးနိုင်ငံများကြား သဘောတူညီမှုရရှိအောင် စွမ်းဆောင်နိုင်ခဲ့ခြင်းသည် အီရန်ကိုနျူကလီးယားလက်နက်ပိုင်ဆိုင်မှုမှ ကာကွယ်နိုင်ခဲ့ကာ အမေရိကန်ပြည်ထောင်စုနှင့် ကမ္ဘာကြီးကို ပိုမိုစိတ်ချလုံခြုံမှုများ ဆောင်ကြဉ်းနိုင်ခဲ့ပြီ ဖြစ်ကြောင်း၊ သမ္မတအိုဘားမားက ဇူလိုင် ၁၄ ရက်တွင် ပြောခဲ့သည်။

အဆိုပါ သဘောတူညီမှုရရှိခြင်းသည် အမေရိကန်သမ္မတအတွက် နိုင်ငံရေးအောင်ပွဲပင်ဖြစ်သည်။

အမေရိကန်သမ္မတ အိုဘားမားက အီရန်နျူကလီးယား သဘောတူညီမှုကို အတည်ပြုရန်၊ သဘောတူညီမှုကို ဆန့်ကျင်သည့်သူများကို ဗီတိုအာဏာသုံးရန် လွှတ်တော်ကို တိုက်တွန်းခဲ့သည်။

မည်မျှပင် ကိုင်တွယ်ဖြေရှင်းရခက်ခဲသော ကိစ္စရပ်ပင်ဖြစ်လင့်ကစား ရှောင်ဖယ်မှုပြုရန် မဖြစ်နိုင်ကြောင်း၊ အမေရိကန်ပြည်သူများနှင့် လွှတ်တော်အမတ်များက ယင်းသဘောတူညီမှုကို ပြန်လည်သုံးသပ်ရန် အခွင့်အလမ်းများရှိကြောင်း၊ ယခု သဘောတူညီမှုသည် အမေရိကန်ပြည်ထောင်စုနှင့်မဟာမိတ်နိုင်ငံများ၏ အကျိုးစီးပွားကို ဆောင်ကြဉ်းပေးလိမ့်မည်ဖြစ်ကြောင်း၊ သဘောတူညီမှု အောင်မြင်စွာ အကောင်အထည်ဖော်နေမှုကို နှောင့်ယှက်ဟန့်တားသူများအား ဗီတိုအာဏာသုံးမည်ဖြစ်ကြောင်း အမေရိကန်သမ္မတက ပြောခဲ့သည်။ **(ဆင်ဟွာ)**

## ဆယ်စုနှစ်အတွင်းနေတိုး၏ အကြီးဆုံးစစ်ရေးလေ့ကျင့်မှုစတင်

**ဘရပ်ဆဲလ် ဇူလိုင် ၁၆**

နေတိုးသည် မဟာမိတ်များနှင့် အကြီးမားဆုံးစစ်ရေးလေ့ကျင့်မှုတစ်ရပ်ကို ကျင်းပလိမ့်မည်ဖြစ်ကြောင်း ယင်းသည် ဆယ်စုနှစ်တစ်စုကျော်ကြာအတွင်း အကြီးမားဆုံး လေ့ကျင့်မှုပင်ဖြစ်ပြီး ယင်းစစ်ရေးလေ့ကျင့်မှုသည် ယခုနှစ်အတွက် အရေးကြီးသော လေ့ကျင့်မှုပင်ဖြစ်ကြောင်း နေတိုးပြောခွင့်ရပုဂ္ဂိုလ် အိုနာလန်ဂါကူက ပြောကြားသည်။

" Exercise Trident Juncture 2015 " အမည်ရ စစ်ရေးလေ့ကျင့်မှုသည် ၂၀၀၂ ခုနှစ်ကတည်းက မဟာမိတ်အဖွဲ့များနှင့် ပြုလုပ်ခဲ့သော စစ်ရေးလေ့ကျင့်မှုများနှင့် နှိုင်းယှဉ်လျှင် အကြီးမားဆုံး စစ်ရေးလေ့ကျင့်မှုပင်ဖြစ်သည်။ နေတိုးမဟာမိတ်တပ်ပေါင်းစုများမှ အဖွဲ့ဝင် ၃၆၀၀၀ ကျော် ပါဝင်လေ့ကျင့်မည်ဖြစ်ကြောင်း သိရသည်။ ၄င်းလေ့ကျင့်မှုကို ၂၀၁၅ ခုနှစ် အောက်တိုဘာ ၃ ရက်မှ နိုဝင်ဘာ ၆ ရက်အထိ အီတလီ၊ ပေါ်တူဂီနှင့်စပိန်တို့တွင် ပြုလုပ်လိမ့်မည်ဖြစ်သည်။ အဆိုပါ စစ်ရေးလေ့ကျင့်မှု ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်မှာ နေတိုးတန်ပြန်တပ်ဖွဲ့ကို လေ့ကျင့်ပေးရန်နှင့် စမ်းသပ်ရန်ဖြစ်ကြောင်း သိရသည်။ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်း ၁၂ ဖွဲ့ကျော်ပါဝင်မည်ဖြစ်ပြီး ကူညီ ထောက်ပံ့ရေးအေဂျင်စီများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများလည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။ **(ဆင်ဟွာ)**

## တရုတ်နိုင်ငံအတွက် ရတနာတစ်ပါးဆုံးရှုံး

**ပေကျင်း ဇူလိုင် ၁၆**

အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီဥက္ကဋ္ဌဟောင်း ဝမ်လိသည် အသက် ၉၉ နှစ်အရွယ်တွင် ပေကျင်း၌ ဇူလိုင် ၁၅ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီ ၅၅ မိနစ်တွင် ကွယ်လွန်ခဲ့ကြောင်း အုပ်ချုပ်မှုသတင်းရပ်ဝန်းအရ သိရသည်။

ဝမ်လိသည် အထူးချွန်ဆုံးပါတီအဖွဲ့ဝင်တစ်ဦးဖြစ်ကာ နိုင်ငံ့အကျိုးပြုခေါင်းဆောင်ကောင်းတစ်ဦးဖြစ်ကြောင်း သိရသည်။ ထို့အပြင် ဝမ်လိသည် တရုတ် ကွန်မြူနစ်ပါတီ ဗဟိုကော်မတီတွင် အတွင်းရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ကာ ဒုတိယဝန်ကြီးချုပ်အဖြစ်လည်း တာဝန်ထမ်းဆောင်ခဲ့သည်။

ဝမ်ကို တရုတ်နိုင်ငံ ရှန်ဒေါင်း၌ ၁၉၁၆ ခုနှစ်က မွေးဖွားခဲ့သည်။ ဝမ်သည် ပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီဥက္ကဋ္ဌ တာဝန်ကို ၁၉၈၈ ခုနှစ်တွင် ထမ်းဆောင်ခဲ့သည်။ ၄င်းဆုံးရှုံးမှုသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အတွက် နစ်နာမှုတစ်ရပ်ပင် ဖြစ်သည်။ **(ဆင်ဟွာ)**

# အစ္စရေးလေကြောင်းတိုက်ခိုက်မှု ဂါဇာကမ်းမြောင်ဒေသကိုထိမှန်



**ဂျေရုစလင် ဇူလိုင် ၁၆**

ကမ်းမြောင်ဒေသမှ ဒုံးကျည်တစ်စင်း အစ္စရေးနိုင်ငံ တောင်ဘက်သို့ ကျရောက်ပြီးနောက် အစ္စရေးလေယာဉ်များသည် ဟားမားစ်ထိန်းချုပ်ခံ ဂါဇာကမ်းမြောင်ဒေသရှိ စစ်သွေးကြွများကို ဇူလိုင် ၁၆ ရက်က ဦးတည်တိုက်ခိုက်ခဲ့ကြောင်း အစ္စရေးစစ်ဘက်မှ ပြောကြားခဲ့သည်။

ဒေသခံများ၏ အဆိုအရ ကမ်းမြောင်ဒေသတိုက်ခိုက်ခံရမှုကြောင့် လမ်းသွားလမ်းလာတစ်ဦး အနည်းငယ်ဒဏ်ရာရရှိခဲ့ပြီး ပျက်စီးမှုနှင့်သေဆုံးဒဏ်ရာအကြီးအကျယ် ရရှိမှုမရှိကြောင်း သိရသည်။

မကြာသေးမီက ကမ်းမြောင်ဒေသတွင် ဒုံးကျည်တိုက်ခိုက်မှုများ ရက်သတ္တပတ်နီးနီးဖြစ်ပွားခဲ့ကြောင်း သိရပြီး စစ်သွေးကြွများက ယင်းတိုက်ခိုက်မှုများကို ငြင်းဆိုခဲ့သည်။

အစ္စရေးတွင် ဒုံးကျည်လက်နက်များဖြင့် ထပ်ကာထပ်ကာ တိုက်ခိုက်ခြင်းသည် အရပ်သားများကို သိသာစွာ ဦးတည်တိုက်ခိုက်ခြင်းဖြစ်ကြောင်း၊ မည်သူတစ်ဦးတစ်ယောက်မျှ ခြိမ်းခြောက်မှုအရိပ်မည်းကြီးအောက်တွင် မနေလိုကြောင်း အစ္စရေးစစ်ဘက်ဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူ ဒုတိယဗိုလ်မှူးကြီး ပီတာလာနာက ပြောခဲ့သည်။

အစ္စရေးဂါဇာနယ်စပ်ဒေသသည် လွန်ခဲ့သောနှစ် ဇူလိုင်၊ဩဂုတ်စစ်ပွဲကတည်းက တိတ်ဆိတ်ငြိမ်သက်ခဲ့သည်။ ထိုအချိန်က ပါလက်စတိုင်းစစ်သွေးကြွများသည် အစ္စရေးကိုဒုံးကျည်များ လက်နက်ကြီးများဖြင့် တိုက်ခိုက်ခဲ့ကာ အစ္စရေးတို့ကလည်း လေကြောင်းတိုက်ခိုက်မှုများဖြင့် ပြန်လည်တိုက်ခိုက်ခဲ့ကြသည်။

ပါလက်စတိုင်း ၂၁၀၀ ကျော် သေဆုံးခဲ့ပြီး အများစုမှာ အရပ်သားများဖြစ်ကြသည်။ အစ္စရေးဘက်မှလည်း စစ်သည် ၆၇ ဦးကျဆုံးခဲ့ပြီး အရပ်သားခြောက်ဦး သေဆုံးခဲ့သည်။ **(ရိုက်တာ)**

# တိုကျိုအိုလံပစ် အားကစားရုံတည်ဆောက်ရေး အငြင်းပွားမှုများနှင့်ကြုံတွေ့

**တိုကျို ဇူလိုင် ၁၆**

တိုကျိုအမျိုးသားအားကစားရုံတည်ဆောက်ရန် ခန့်မှန်းတွက်ချက်မှုများသည် ၄င်း၏ အဆောက်အအုံပုံစံနှင့် ပတ်သက်ပြီး အငြင်းပွားဖွယ်ဖြစ်နေသည်။



ဂျပန်နိုင်ငံပညာရေးနှင့် အားကစားဝန်ကြီး ဟာဂူဘွန်ရှင် ပို့မူရာက ၂၀၂၀ တိုကျိုအိုလံပစ်အားကစားရုံကြီး တည်ဆောက်ရန် ဒေါ်လာနှစ်ဘီလီယံကုန်ကျမည်ဟု ပြီးခဲ့သောလကပြောခဲ့သည်။ ကနဦးတွက်ချက်မှုထက် ယခုအခါ ဒေါ်လာ သန်း ၇၀၀ ပိုမိုများနေသည့်အတွက် အတိုက်အခံပါတီအဖွဲ့ဝင်များနှင့် အစိုးရမဟာမိတ်အဖွဲ့များက အဆိုပါကိစ္စရပ်နှင့်ပတ်သက်ပြီး ကန့်ကွက်ဝေဖန်မှုများ ပြုလုပ်နေကြသည်။

အစိုးရသည် ပြည်သူလူထုကိုအဆောက်အအုံတည်ဆောက်မှုတွင် ကနဦးတွက်ချက်မှုထက် ပိုမိုကုန်ကျမှုများရှိနေခြင်းကို အသေအချာနားလည်အောင် ရှင်းပြရန်လိုကြောင်း လွှတ်တော်အတွင်းရေးမှူးချုပ်က ဇူလိုင် ၁၅ ရက်တွင် ပြောခဲ့သည်။

အစိုးရအရာရှိများကို အဆောက်အအုံတည်ဆောက်ရာ၌ ပြည်သူလူထု၏ ထောက်ခံမှုကို ပိုမိုရရှိရန် ကုန်ကျစရိတ်ကိုလျှော့ချဖို့ တိုက်တွန်းပြောကြားခဲ့သည်။

ယင်းအဆောက်အအုံသည် ၂၀၁၉ ခုနှစ်တွင် ဂျပန်နိုင်ငံ၌ကျင်းပမည့် ရက်ဘီကမ္ဘာ့ဖလားအမီ ပြီးစီးမည် မဟုတ်ကြောင်း၊ ထို့ကြောင့် ယင်းအဆောက်အအုံပုံစံကို ပြန်လည်ပြင်ဆင်ရန်လိုကြောင်း အစိုးရအရာရှိများကို တိုက်တွန်းပြောကြားခဲ့သည်။

အကယ်၍ ယင်းအဆောက်အအုံပုံစံကို ပြန်လည်ပြောင်းလဲပြင်ဆင်လျှင် နိုင်ငံတကာယှဉ်ပြိုင်မှုများကို ထည့်သွင်းစဉ်းစားရမည်ဖြစ်ကြောင်း အချို့အရာရှိများက စောဒကတက်ကြသည်။ အချိန်ဆွဲခြင်းသည် အဆောက်အအုံပြီးစီးရန် အနှောင့်အယှက်ဖြစ်ပေါ်နိုင်ကြောင်း အစိုးရအရာရှိများက ပြောခဲ့သည်။

**(အင်န်အိတ်ချ်ကေ)**

# ဘင်္ဂါလီဒုက္ခသည်များအတွက် ထောက်ပံ့ပေးသည့်ပစ္စည်းများ လိုအပ်သည့် အတိုင်းအတာထက် ပိုမိုများပြားနေမှုကြောင့် လမ်းဘေးဈေးဆိုင်များဖွင့်၍ တစ်ဆင့်ပြန်လည်ရောင်းချခြင်းများပြုလုပ်လျက်ရှိ



ဈေးဆိုင်များသို့ လာရောက်ရောင်းချသည့် UN လက်အောက်ခံ အဖွဲ့အစည်းနှင့်နိုင်ငံတကာ အဖွဲ့အစည်းများမှ ထောက်ပံ့သည့်ပစ္စည်းများကို တွေ့မြင်ရစဉ်။




ဈေးဆိုင်များတွင် ရောင်းချနေသည့် UN လက်အောက်ခံ အဖွဲ့အစည်းနှင့် နိုင်ငံတကာ အဖွဲ့အစည်းများမှ ထောက်ပံ့သည့် ပစ္စည်းများကို တွေ့ရစဉ်။

**ဘင်္ဂါလီ ဒုက္ခသည်စခန်းများ၏ မြေပြင်ရှိ လူဦးရေစာရင်းများအား သေချာစွာ စိစစ်ကြပ်မတ်နိုင်မှုအားနည်းခြင်း၊ စိစစ်ရန် ခက်ခဲခြင်း၊ ဒုက္ခသည်စခန်း ကော်မတီဝင်များ၏ တင်ပြသည့် လူဦးရေစာရင်းများကို အခြေခံ၍ နိုင်ငံတကာအဖွဲ့အစည်းများမှ ထောက်ပံ့ရေးပစ္စည်းများအား ပေးအပ်ခြင်း ပြုလုပ်နေမှုကြောင့် ဒုက္ခသည်စခန်း ကော်မတီဝင်များသည် လိုအပ်သောလူဦးရေထက် ထောက်ပံ့မှုများ ပိုမိုရရှိနေသဖြင့် ပိုလျှံသော အသုံးအဆောင်ပစ္စည်းများကို ပြင်ပသို့ရောင်းချနေ**

**စစ်တွေ ဇူလိုင် ၁၆**

ရခိုင်ပြည်နယ် စစ်တွေမြို့နယ်ရှိ ဘင်္ဂါလီ ဒုက္ခသည်စခန်းများတွင် စားဝတ်နေရေး၊ ကျန်းမာရေး၊ လူမှုရေး အခက်အခဲများရှိနေကြောင်း OIC အပါအဝင် နိုင်ငံတကာ အဖွဲ့အစည်းအချို့နှင့် နိုင်ငံတကာ မီဒီယာများက စွပ်စွဲပြောဆိုနေသော်လည်း နိုင်ငံတကာ အဖွဲ့အစည်းများ၊ ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းများ၊ ရခိုင်ပြည်နယ် အစိုးရအဖွဲ့တို့မှ လစဉ်ထောက်ပံ့ပေးသည့် ဆန်၊ ဆီ၊ ပဲနှင့် မီးဖိုချောင်သုံးပစ္စည်းများ၊ အဝတ်အထည်များ၊ အမျိုးသမီးအသုံးအဆောင်ပစ္စည်းများ၊ ကလေးအသုံးအဆောင်ပစ္စည်းများ၊ မိုးကာစများမှာ ဒုက္ခသည်များ သုံးစွဲနိုင်သည်ထက် ပိုလျှံနေသည့်အတွက် စစ်တွေမြို့နယ် ဘုမေကျေးရွာအုပ်စု ဒါးပိုင် (ဘင်္ဂါလီ) ကျေးရွာအနီး ကားလမ်းဘေးတွင် ဈေးဆိုင်ခန်းများ ဖွင့်လှစ်ရောင်းချလျက်ရှိသည်။

အဆိုပါ ဆိုင်များမှာ ၂၀၁၂ ခုနှစ် နောက်ပိုင်းတွင် ပေါ်ပေါက်လာခဲ့ခြင်းဖြစ်ပြီး ထိုဆိုင်များမှ ရောင်းချသည့်ဈေးနှုန်းမှာ အခြားဆိုင်ကြီးများတွင် ရောင်းချသည့် ဈေးနှုန်းများထက် တစ်ဝက်ခန့် သက်သာနေခြင်းကြောင့် လာရောက်ဝယ်ယူမှုများ ရှိနေသည်။

စစ်တွေမြို့နယ်အတွင်း ဘင်္ဂါလီ ဒုက္ခသည်စခန်းများ၏ မြေပြင်ရှိ လူဦးရေစာရင်းများအား သေချာစွာ စိစစ်ကြပ်မတ်နိုင်မှုအားနည်းခြင်း၊ စိစစ်ရန် ခက်ခဲခြင်း၊ ဒုက္ခသည်စခန်း ကော်မတီဝင်များ၏ တင်ပြသည့်လူဦးရေစာရင်းများကို အခြေခံ၍ နိုင်ငံတကာ အဖွဲ့အစည်းများမှ ထောက်ပံ့ရေးပစ္စည်းများအားပေးအပ်ခြင်း ပြုလုပ်နေမှုကြောင့် ဒုက္ခသည်စခန်း ကော်မတီဝင်များသည် လိုအပ်သော လူဦးရေထက် ထောက်ပံ့မှုများ ပိုမိုရရှိနေသဖြင့် ပိုလျှံသော အသုံးအဆောင်ပစ္စည်းများကို ပြင်ပသို့ ရောင်းချနေကြောင်း သတင်းများ ပေါ်ထွက်လျက်ရှိသည်။

**(သတင်းစဉ်)**




ဈေးဆိုင်များတွင် ရောင်းချနေသည့် UN လက်အောက်ခံ အဖွဲ့အစည်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ထောက်ပံ့သည့်ပစ္စည်းများကို တွေ့ရစဉ်။

# ဇူလိုင်မိုးစက်များရဲ့ အောက်ဝယ်

ထက်မင်း

ဇူလိုင်မိုးက တဖွဲဖွဲရွာနေပါသည်။

ညို့မှိုင်းနေသော မိုးကောင်းကင်က မြန်မာတို့၏ စိတ်သောက၊

ရွာချနေသော မိုးစက်များက မြန်မာတို့၏မျက်ရည်များ၊

သြော် . . . မြန်မာ့လွတ်လပ်ရေးဗိသုကာ အမျိုးသားခေါင်းဆောင်ကြီးနှင့် အပေါင်းအပါများ လုပ်ကြံခံခဲ့ရ၍ ကျဆုံးခဲ့သည်မှာ ယခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့တွင် (၆၈)နှစ် တိုင်ခဲ့ပါပြီကော။

**ရာဇဝင်ရိုင်းလှသည့် နိုင်ငံတော်လုပ်ကြံမှုကြီး**

အသားထဲက လောက်ထွက်၊ ဆန်ကောလောက်မှ ဇောက်မနက်သည့် အမျိုးသားသစ္စာဖောက်တို့၏ ကြိုတင်ကြံစည်မှုနှင့်အတူ ၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက် (စနေနေ့)တွင် ရန်ကုန်မြို့ အတွင်းဝန်များရုံး၌ ဝန်ကြီးများ အစည်းအဝေးတက်ရောက်နေကြသည့် ဗိုလ်ချုပ်နှင့်တကွ ဝန်ကြီးများ လုပ်ကြံခံခဲ့ရသည်။

အဆိုပါ နိုင်ငံရေးလုပ်ကြံမှု(ဝါ) နိုင်ငံတော်လုပ်ကြံမှုနှင့်အတူ နိုင်ငံ့လွတ်လပ်ရေးအတွက် ရှုံးပိတ်ရက်မထား၊ အနားမနေ အားကြိုးမာန်တက် ဆောင်ရွက်နေကြသည့် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၊ သခင်မြ(ဘဏ္ဍာရေးနှင့်အခွန်တော်)၊ မန်းဘခိုင်(အလုပ်သမားနှင့် စက်မှုလက်မှုဌာန)၊ ဦးရာဇတ်(ပညာရေးဌာန)၊ ဒီးဒုတ်ဦးဘချို(ပြန်ကြားရေးဌာန)၊ မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်း(အတိုင်ပင်ခံ၊ တောင်တန်းဒေသရေးရာဝန်ကြီးဌာန)၊ ဦးဘဝင်း(ဗိုလ်ချုပ်၏အစ်ကိုကြီး၊ ထောက်ပံ့ရေးနှင့် ကူးသန်းရောင်းဝယ်ရေးဌာန)၊ ဦးအုန်းမောင် (သယ်ယူပို့ဆောင်ရေးဌာန၊ ဝန်ကြီး၏ ဒုတိယအတွင်းဝန်)နှင့် ရဲဘော်ကိုထွေး (ပညာရေးဝန်ကြီး ဦးရာဇတ်၏ သက်တော်စောင့်)တို့ ကျဆုံးခဲ့ရမှုသည် သက်ဆိုင်ရာ မိသားစုများ၏ သောကအပူမီးဗျာပါဒအသီးသီးထက် မြန်မာပြည်သူတစ်ရပ်လုံး၏ ဝမ်းနည်းပူဆွေးရသည့် ပရိဒေဝမီးက ပိုမိုကြီးမားခဲ့သည်ဟု ဆိုရပါမည်။

အစားထိုးမရနိုင်သည့် အမျိုးသားတစ်ရပ်လုံး၏ ရင်နင့်ကြေကွဲဖွယ်ရာ ဆုံးရှုံးမှုကြီး။ မြန်မာ့သမိုင်းရိုင်းခဲ့လေပြီ။ နိုင်ငံရေးပြဿနာကို အကြမ်းဖက်နည်းဖြင့် ဖြေရှင်းခြင်း၏ သက်ရောက်မှုဆိုးကျိုးက နိုင်ငံနှင့်ချီ၍ ဆုံးရှုံးမှုပမာဏ ကြီးမားလွန်းလှသည်တကား။

တစ်နိုင်ငံလုံး မျက်ရည်ဖြိုင်လို့ ဘဝင်ညှိုးခဲ့ရသည့် ဆယ့်ကိုး ဇူလိုင်၏ အကျည်းတန်မြင်ကွင်း။ တွေးမိတိုင်း ယူကျုံးမရ တသသဖြစ်ရပါ၏။

**အာဇာနည်ဟူသည်**

မြန်မာအဘိဓာန်တွင် အာဇာနည်၏အဓိပ္ပာယ်ကို "အကြောင်းဟုတ်မဟုတ်ကို ကောင်းစွာသိသောသူ၊ သာမန်ထက်လက်ရုံးရည် နှလုံးရည် ထူးကဲသာလွန်၍ အများအကျိုးအတွက် သက်စွန့်ကြိုးပမ်းဆောင်ရွက်သူ"ဟု ဖော်ပြထားပါသည်။

သို့ဖြစ်ရာ နိုင်ငံနှင့်လူမျိုး အကျိုးစီးပွားကို သက်စွန့်ကြိုးပမ်း၍ ထမ်းဆောင်ခဲ့ကြသူများဖြစ်သည့် ဗိုလ်ချုပ်နှင့်တကွ မြန်မာ့ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့ရသည့် ဇူလိုင်လ ၁၉ ရက်နေ့ကို အထိမ်းအမှတ်ပြု၍ နှစ်စဉ် အာဇာနည်နေ့အဖြစ် သတ်မှတ်ကာ နိုင်ငံတစ်ဝန်း ကျင်းပခဲ့ကြပါသည်။

တစ်နည်းအားဖြင့်ဆိုလျှင် မြန်မာ့သမိုင်း အစဉ်အဆက်ဝယ် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ကို အရင်းတည်၍ မိမိအကျိုးစီးပွားနှင့် အသက်ကို မငဲ့ကွက်ဘဲ နိုင်ငံနှင့် လူမျိုးကောင်းစားရေးအတွက် သန့်စင်သောစေတနာဖြင့် ပေးဆပ်ခဲ့ကြသည့် အာဇာနည်အပေါင်းကို လေးမြတ်စွာဂုဏ်ပြုသည့် နေ့ထူးနေ့မြတ်လည်း ဖြစ်ပါသည်။

**ထူးထူးခြားခြား ၂၀၁၅**

၂၀၁၅ ခုနှစ်သည် ဗိုလ်ချုပ်၏ နှစ်(၁၀၀)ပြည့် မွေးနေ့ဖြစ်၏။ ဗိုလ်ချုပ်ကို ဂုဏ်ယူလေးစားစွာဖြင့် အဖွဲ့အစည်းအသီးသီးက သတိရအောက်မေ့သည့် အမှတ်တရအခမ်းအနားများ တစ်နိုင်ငံလုံးတွင် ဝှဲချီးကျင်းပကြသည်။ ထိုသို့ ဗိုလ်ချုပ်၏နှစ်(၁၀၀)ပြည့်မွေးနေ့နှင့် တိုက်ဆိုင်နေသည့်အပြင် ယခုနှစ်နှောင်းပိုင်းတွင် ကျင်းပမည့် ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးနှင့်လည်း ကြုံကြိုက်နေလေရာ ယခုနှစ်တွင် ကျရောက်သည့် အာဇာနည်နေ့သည် ပိုမိုထူးခြားလေးနက်သည့်အသွင်ကို ဆောင်နေသည်ဟု ခံစားမိပါသည်။

မိုးအေးအေးနှင့် အာဇာနည်ကြီးများနှင့် ပတ်သက်သော စာအုပ်စာတမ်းများကို လက်လှမ်းမီသရွေ့ ဖတ်ရှုမိသည်။

အာဇာနည်ခေါင်းဆောင်ကြီးများ၏ စွမ်းဆောင်ခဲ့မှုအစုစုက သီဖွဲ့၍မကုန်၊ စာစီရုံနှင့်မလုံလောက်၊ ဂုဏ်ယူလေးစား၍ မဆုံးနိုင်ဖြစ်ရပါ၏။ လုပ်ဆောင်မှုတိုင်းက ခေတ်၏သမိုင်းအဖြစ် ရာဇဝင်တွင် တင်ကျန်ရစ်ခဲ့ပေပြီ။

**ရာဇဝင်ကို ဖန်တီးသူများ**

ဆရာကြီးဒေါက်တာသန်းထွန်းက သမိုင်းသင်သည်မှာ မ "အ"အောင်ဟု ဆိုပါသည်။ အလားတူ စာပေပညာရှင်များက မြန်မာရာဇဝင်ကို သင်ကြားပေးနေခြင်းမှာ အမျိုးနှင့်နိုင်ငံကို ချစ်တတ်လာစေရန် ရည်ရွယ်ကြောင်း ဆိုပါသည်။

ကျွန်ုပ်တို့ လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကလည်း ထိုသို့ ရာဇဝင်များ သင်ယူရသည့်အပေါ် ထူးချွန်ထက်မြက်လှသည့် အတွေးအခေါ်ကောင်းတစ်ခုကို ဖော်ထုတ်ခဲ့ပါသေး၏။

"ရာဇဝင်သင်သူသည် ရာဇဝင်အကြောင်းကို သိနားလည်ရုံသာမက ဖန်တီးသူ(ဝါ)ရာဇဝင်ကို ပြုလုပ်သူအဖြစ်လည်း ရောက်စေရမယ်. . ."

သို့ဖြစ်ရာ မြန်မာ့သမိုင်းရာဇဝင်ကို ဆက်လက်ဖော်ဆောင်မည့် ကျွန်ုပ်တို့နောင်လာနောက်သား မျိုးဆက်များအနေဖြင့် အတိတ်ကိုသင်ခန်းစာယူ၊ ပစ္စုပ္ပန်တွင် အကောင်းဆုံးကြိုးစားခြင်းဖြင့် အနာဂတ်ကောင်းကို ပုံဖော်နိုင်မည်ဖြစ်ပြီး သို့မှသာ သမိုင်းကြောင်းလည်း ကောင်းမွန်မည် ဖြစ်ပါသည်။

**ဘာကြောင့်တသ ထာဝရ**

ပြည်ထောင်စုသားအားလုံးက ထာဝရမမေ့နိုင်အောင် အာဇာနည်ခေါင်းဆောင်ကြီးများ ဘာတွေကြိုးပမ်း၊ ဘာတွေစွမ်းဆောင်ပြီး နိုင်ငံတော်၏ အနာဂတ်ခရီးကို ပုံဖော်ရန် မည်သို့ဆောင်ရွက်ခဲ့သည်ကို စေ့ငုကြည့်နေမိပါသည်။

ကျွန်ုပ်တို့နိုင်ငံသည် လူမျိုးပေါင်းစုံနေထိုင်သော နိုင်ငံဖြစ်၏။ တိုင်းရင်းသားလူမျိုးပေါင်းစုံ စုပေါင်းနေထိုင်သည့် မြန်မာနိုင်ငံတွင် နိုင်ငံတည်ငြိမ်ရေး၊ အေးချမ်းရေးတို့အတွက် တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှု၊ စည်းလုံးညီညွတ်မှုသည် အသက်သွေးကြောပမာ အရေးကြီးလှပါသည်။

ဗိုလ်ချုပ်က တိုင်းရင်းသားစည်းလုံးညီညွတ်ရေး အရေးကြီးပုံကို ဂျပန်ခေတ် ၁၉၄၂ ခုနှစ် အောက်တိုဘာလ ၃၁ ရက်နေ့ မြို့တော်ခန်းမတွင် မိန့်ခွန်းပြောကြားခဲ့စဉ်က ထည့်သွင်းပြောကြားခဲ့ပါ၏။

"လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာကို အခွန့်ရှည်စွာ ထိန်းသိမ်းသွားနိုင်ဖို့အတွက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးဟာ အလွန်အရေးကြီးတယ်။ လိုအပ်တယ်"

ဗိုလ်ချုပ်ပြောခဲ့သည့်အချိန်က မြန်မာနိုင်ငံလွတ်လပ်ရေးရရှိရန် လုံးဝမျှော်လင့်ချက်မရှိသေးချိန်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၏ အမှတ်အသားဖြစ်သော "ပင်လုံစာချုပ်"ကို အိပ်မက်ပင် မမက်နိုင်သေးချိန်ဖြစ်ပါ၏။ အမျိုးသားခေါင်းဆောင်ကြီး၏ နိုင်ငံရေးအမြော်အမြင်ကြီးမားမှုက အံ့သြဖွယ်ကောင်းပေစွ။

ဗိုလ်ချုပ်တို့ အာဇာနည်ခေါင်းဆောင်ကြီးများက အပြောနှင့်မဟုတ်၊ အလုပ်နှင့်ပါ သက်သေပြခဲ့ပါ၏။

ဤခရီးနီး၊ မနီးမှာမူ မြန်မာပြည်ဖွား တိုင်းရင်းသားအားလုံးတို့၏ ပြည်ထောင်စုစိတ်ဓာတ် ထက်သန်ပြင်းပြမှုနှင့်အတူ အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်မှု ဦးစီးဦးရွက်ပြုသူတို့၏ သဘောထားကြီးမားမှုနှင့် နိုင်ငံနှင့်လူမျိုးတို့၏ အကျိုးစီးပွားကို ဆောင်ရွက်လိုစိတ် ခိုင်မာမြဲမြံမှုတို့အပေါ်တွင် မူတည်နေပေသည်။

**နည်းနဲ့လမ်းနဲ့ စည်းနဲ့ကမ်းနဲ့**

"စည်းကမ်းရှိမှ တိုးတက်မည်"၊ "စည်းကမ်းသည် လူ၏တန်ဖိုး"စသည်ဖြင့် စည်းကမ်းနှင့် ပတ်သက်သည့် လမ်းညွှန်ဆောင်ပုဒ်များစွာ ရှိပါသည်။ သို့သော် ဗိုလ်ချုပ်ကိုယ်တိုင် ဟောဟောဒိုင်းဒိုင်းပြောခဲ့သည့်စကားကို လူတိုင်းက ပိုမိုစွဲလမ်းနှစ်သက်ကြသည်။ ကြားတိုင်းပြုံး၍ ဖတ်မိတိုင်း သဘောကျကြသည်။

"လွတ်လပ်ရေးကိုလိုချင်ရင် လွတ်လပ်ရေးရတဲ့ စည်းကမ်းညီညွတ်မှုတွေကို ထိန်းထားပါ။ ထူထောင်မှုကိုလုပ်ကြပါ။ အဲဒီလို လုပ်ပြီးတဲ့နောက်ရှေ့ကို လွတ်လပ်ရေးအရသာကိစ္စအတွက် အလုပ်လုပ်တဲ့နေရာမှာ စည်းကမ်းရှိဖို့၊ ပြင်ဆင်သင့်တာတွေပြင်ဆင်ဖို့ ခင်ဗျားတို့ × × × ကျင့်တွေ ပြင်ဖို့လိုနေပြီလို့ ကျွန်တော်ပြောခဲ့မယ်"

ဖခင်ဗိုလ်ချုပ်အောင်ဆန်းက ဒီမိုကရေစီကို လိုလားတောင့်တပါသည်ဟူသည့် မြန်မာပြည်သူတစ်ရပ်လုံးကို ဒီမိုကရေစီနှင့် ထိုက်တန်သည့် စည်းကမ်းရှိရန် လိုအပ်ကြောင်း အခါမလပ် မီးမောင်းထိုးပြနေသည့်နှယ်။

**ပုံပေါ်သင့်ပြီ မြန်မာပြည်**

ကျွန်ုပ်တို့ မြန်မာလူမျိုးများသည် ကိုယ့်ရိုးရာ၊ ကိုယ့်ယဉ်ကျေးမှုနှင့် ရပ်တည်နိုင်ခဲ့ကြသူများဖြစ်၏။ ကိုယ့်အမျိုး၊ ကိုယ့်ဘာသာ၊ ကိုယ့်သာသနာကို ထိန်းသိမ်းစောင့်ရှောက်သည့် သန္တေကောင်းကို ပိုင်ဆိုင်ထားသူများလည်းဖြစ်၏။ အမျိုးကို ချစ်မြတ်နိုးစိတ်၊ တိုးတက်လိုစိတ်ရှိသော ဝံသာနုရက္ခိတတရားကိန်းအောင်းနေကြသူများလည်းဖြစ်၏။ ပင်ကိုပါရမီ ထူးချွန်ကြသူများလည်းဖြစ်၏။

ပြည်ထောင်စုတည်းဟူသော အိမ်ကြီးသာယာအေးချမ်းအောင်၊ တိုးတက်ဖွံ့ဖြိုးအောင် ဆောင်ရွက်ရန်မှာ အိမ်သူအိမ်သား ပြည်ထောင်စုတိုင်းရင်းသား နယ်ချဲ့နှင့်ဖက်ဆစ်အောက် နှစ်ပေါင်း(၁၀၀)ကျော် ကျရောက်စဉ်ကာလအတွင်း ၎င်းတို့၏သွေးခွဲအုပ်ချုပ်မှုများကြောင့် သားချင်းများအကြား သံသယပွား၊ ရန်စများကို ဖြေဖျောက်ပေးနိုင်ခဲ့ပြီး ညီနောင်သားချင်းများ၏ တစ်စိတ်တစ်ဝမ်းတည်းသော စည်းလုံးညီညွတ်မှုကို ပင်လုံဂုဏ်ပုဒ်ဖြင့် ဖော်ထုတ်ကာ တစ်မျိုးသားလုံး၏ ဘုံအရေးဖြစ်သည့် လွတ်လပ်ရေးကို အရယူပေးနိုင်ခဲ့ပါသည်။ အာဇာနည်ခေါင်းဆောင်ကြီးများ၏ စစ်မှန်သောမျိုးချစ်စိတ်ဖြင့် မဆုတ်မနစ် ကြိုးပမ်းဆောင်ရွက်မှုတို့၏ အသီးအပွင့်ပင်ဖြစ်ပါ၏။

**ထိုစဉ်က စိတ်ကူးခဲ့သော မြန်မာပြည်**

ဗိုလ်ချုပ်တို့ခေါင်းဆောင်ကြီးများ မျှော်မှန်းခဲ့သည်က **အမျိုးသားစည်းလုံးညီညွတ်မှုဖြင့် ပေါ်ထွန်းလာသည့် လွတ်လပ်သော မြန်မာနိုင်ငံသစ်တွင် ပျော်ရွှင်ခိုင်မာခေတ်မီသော နိုင်ငံတစ်နိုင်ငံအဖြစ် ဖန်တီးရန်**ဖြစ်၏။

လွန်ခဲ့သော နှစ်(၇၀)ကျော် တွေးခဲ့သော ခေတ်သစ်နိုင်ငံရေး အတွေးအခေါ်မှာ ယနေ့တိုင် သစ်လွင်တောက်ပနေဆဲ၊ အကောင်အထည်ဖော်နေရဆဲ. . ။

မျက်မှောက်ခေတ် အမျိုးသားသွေးစည်းညီညွတ်ရေး ကြိုးပမ်းလျက်ရှိရာတွင် အတိတ်ကပေးခဲ့သည့် သင်ခန်းစာကို သတိမူ၍ နိုင်ငံရေးပြဿနာအရပ်ရပ်ကို တွေ့ဆုံညှိနှိုင်းအဖြေရှာခြင်း၊ မတူတာတွေဘေးဖယ်ပြီး တူညီသောဘုံအကျိုးကို ရှေးရှုလုပ်ဆောင်ခြင်း စသည့် ငြိမ်းချမ်းစွာဖြေရှင်းနေမှုများကို မြင်တွေ့နေရပါသည်။

အလားတူ တိုင်းရင်းသားသွေးချင်းများအကြား ဆူကြုံနိမ့်မြင့် နည်းနိုင်သမျှနည်းရလေအောင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ မြန်ပြည်တစ်ဝန်းသွားလမ်းသာ၍ လာလမ်းဖြောင့်ရေး၊ ပြည်သူတို့၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားရေးတို့အတွက် ဆောင်ရွက်နေသည်များမှာ ဗိုလ်ချုပ်တို့ အာဇာနည်ခေါင်းဆောင်ကြီးများ မျှော်မှန်းခဲ့သည့် လမ်းစဉ်များကို အကောင်အထည်ဖော်ဆောင်နေခြင်းဖြစ်ကြောင်း လယ်ပြင်မှာ ဆင်သွားသလို ထင်ရှားနေပါသည်။

အားလုံး၏ မွေးရာပါတာဝန်ဖြစ်ပါ၏။

အာဇာနည်ခေါင်းဆောင်ကြီးများ မျှော်မှန်းခဲ့သည့်၊ စိတ်ကူးခဲ့သည့် မြန်မာပြည်ကို လက်တွေ့အကောင်အထည်ဖော်ရမည့်အချိန် ဖြစ်ပါသည်။ ကာလနှင့် တွက်စစ်ပါက များစွာပင်နောက်ကျနေပါပြီ။ နောင်မျိုးဆက်သစ်များအတွက် ကောင်းမွန်သောအနာဂတ်ကို လက်ဆင့်ကမ်းပေးသင့်နေပါပြီ။

**အာဇာနည်နေ့ဆုတောင်း**

ယနေ့ကာလလို ခေတ်ပြောင်းစနစ်ပြောင်းဖြင့် ပြည်သူကို ဗဟိုပြုသည့် နိုင်ငံတော်သစ် တည်ဆောက်ရေးတွင် မြန်မာတစ်မျိုးသားလုံးပါဝင်သော

အမျိုးသားသွေးစည်းညီညွတ်မှု. . . **ရကို ရရမည်**

စည်းကမ်းနှင့်အညီ ဒီမိုကရေစီထူထောင်မှု. . . **အောင်ကို အောင်မြင်ရမည်။**

ပြည်ထောင်စုစိတ်ဓာတ်အရင်းတည်၍ အမျိုးသားစည်းလုံးညီညွတ်မှုကို အမြန်တည်ဆောက်ကြပါစို့။

နိုင်ငံနှင့်လူမျိုးတို့၏ အမျိုးသားအကျိုးစီးပွားကို ဖြစ်ထွန်းတိုးတက်စေမည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကို ထူထောင်ကြပါစို့။

ပြည်သူတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် တစိုက်မတ်မတ် အကောင်အထည်ဖော်မည့်၊ ဒို့တာဝန်အရေးသုံးပါးကို မတိမ်းမစောင်း၊ သမိုင်းကောင်းအောင် ထိန်းကျောင်းပေးနိုင်မည့် အာဇာနည်ခေါင်းဆောင်ကောင်းများကို ပြည်သူများကိုယ်တိုင် စစ်မှန်သော မျိုးချစ်စိတ်ဖြင့်ရွေးချယ်ပြီး အနာဂတ်နိုင်ငံတော်ကို ပုံဖော်ဆောင်ရွက်ကြပါစို့။

သို့မှသာလျှင် အာဇာနည်ခေါင်းဆောင်ကြီးများ ချမှတ်ခဲ့သော လမ်းစဉ်ကို အကောင်အထည်ဖော်ရာရောက်မည့်အပြင် ၎င်းတို့၏ ဂုဏ်ကျေးဇူးအထူးထူးကို တုံ့ပြန်ကျေးဇူးဆပ်ရာလည်းရောက်ပြီး ဗိုလ်ချုပ်နှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများက ကောင်းမွန်ရာဘုံဘဝမှ ကြည်နူးကျေနပ်စွာ သာဓုခေါ်ဆိုနိုင်မည်ဖြစ်ပါ၏။

ဇူလိုင်မိုးကတော့ တဖွဲဖွဲနှင့် ရွာနေဆဲပါပေ။ ။

**ပြည်သူတစ်ရပ်လုံး၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် တစိုက်မတ်မတ် အကောင်အထည်ဖော်မည့်၊ ဒို့တာဝန်အရေးသုံးပါးကို မတိမ်းမစောင်း၊ သမိုင်းကောင်းအောင် ထိန်းကျောင်းပေးနိုင်မည့် အာဇာနည်ခေါင်းဆောင်ကောင်းများကို ပြည်သူများကိုယ်တိုင် စစ်မှန်သောမျိုးချစ်စိတ်ဖြင့်ရွေးချယ်ပြီး အနာဂတ်နိုင်ငံတော်ကို ပုံဖော်ဆောင်ရွက်**

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# ပြည်ထောင်စုလွှတ်တော်၌ ဥပဒေကြမ်းသုံးခု မှတ်တမ်းတင်၊ တစ်ခုဖတ်ကြား၊ ဥပဒေကြမ်းပူးပေါင်းကော်မတီ ပြင်ဆင်ဖွဲ့စည်း၊ ပြည်ထောင်စုအစိုးရအဖွဲ့မှပေးပို့သည့် အစီရင်ခံစာများ ဖတ်ကြားဆွေးနွေး

**နေပြည်တော် ဇူလိုင် ၁၆**

ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၇၂ ရက်မြောက်နေ့ကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် ကျင်းပရာ ဥပဒေကြမ်းသုံးခု မှတ်တမ်းတင်ခြင်း၊ ဥပဒေကြမ်းတစ်ခုဖတ်ကြားခြင်း၊ ဥပဒေကြမ်းပူးပေါင်းကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်းနှင့် ပြည်ထောင်စုအစိုးရအဖွဲ့မှပေးပို့သည့် အစီရင်ခံစာနှစ်ခု ဖတ်ကြားဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။



အစည်းအဝေး၌ **ပြည်ထောင်စုတရားစီရင်ရေး ဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**တို့ကို လွှတ်တော်က အတည်ပြုမှတ်တမ်းတင်ခဲ့သည်။

အလားတူ ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီအဖွဲ့ဝင် ပြင်ဆင်ဖွဲ့စည်းခြင်းနှင့် စပ်လျဉ်း၍ လွှတ်တော်က အတည်ပြုခဲ့သည်။

ဆက်လက်၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသည့် လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ အစီရင်ခံစာကိုဖတ်ကြားပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သည့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ဒုတိယ(၆)လပတ်အတွက် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာအစီရင်ခံစာကို ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ပြည်ထောင်စုဌာနအဖွဲ့အစည်းများ၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ဒုတိယ(၆)လပတ်အတွက် ယာယီအမှန်စာရင်းအရ စုစုပေါင်းရငွေလျာထားချက်၏ ၉၆ ဒသမ ၈၁ ရာခိုင်နှုန်းရှိခဲ့ပြီး ပထမ(၆)လ ရငွေစာရင်းနှင့် ပေါင်းပါက တစ်နှစ်အတွက် စုစုပေါင်းရငွေ လျာထားချက်၏ ၉၇ ဒသမ ၉၁ ရာခိုင်နှုန်းဖြစ်သည်ကို တွေ့ရှိရပါကြောင်း။

ပြည်ထောင်စုဌာနအဖွဲ့အစည်းများနှင့် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်းပြင်ပမှ ဆောင်ရွက်သော အဖွဲ့အစည်းများသည် ရငွေအပိုင်း၌ ပြင်ပအကူအညီရငွေများ၊ ချေးငွေများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းများတွင် ပြင်ပအကူအညီရငွေများ၊ ချေးငွေများ လျာထားသည့်အတိုင်း အပြည့်အဝမရရှိသေးခြင်း၊ ပြည်ပမှ ပစ္စည်းများအချိန်မီ ရောက်ရှိမှုမရှိခြင်းများကို တွေ့ရှိရသဖြင့် အမှန်တကယ်ရရှိနိုင်မည့်ငွေကိုသာ လျာထားရန်နှင့် လျာထားချက်အတိုင်းရရှိ၊ သုံးစွဲနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်လိုအပ်သည်ကို သုံးသပ်တွေ့ရှိရပါကြောင်း။

အသုံးစရိတ်အပိုင်း၌ ငွေလုံးငွေရင်းအသုံးစရိတ်များ သုံးစွဲရန် ခန့်မှန်းရာတွင် ပထမ(၆)လပတ်အတွင်း လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် အခြေအနေနှင့် ဒုတိယ(၆)လပတ်အတွင်း လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့်အခြေအနေတို့အား စနစ်တကျစိစစ်ခန့်မှန်းရန် လိုအပ်သည်ကို တွေ့ရှိရပါကြောင်း၊ ပထမ(၆)လပတ်အတွင်း အချို့ဝန်ကြီးဌာနများမှာ တင်ဒါခေါ်ယူဆဲဖြစ်ခြင်း၊ စက်ပစ္စည်းကြီးကြပ်မှုကော်မတီနှင့် တည်ဆောက်ရေးကော်မတီတို့၏ ခွင့်ပြုချက်များ ရယူဆောင်ရွက်ရခြင်းတို့ကြောင့် လျာထားချက်ပြည့်မီအောင် မဆောင်ရွက်နိုင်ပါက မူလလျာထားစဉ်ကပင် ဒုတိယ(၆)လပတ်တွင် ထည့်သွင်းလျာထားသင့်သည်များကို ထည့်သွင်းလျာထားရမည်ဖြစ်ပါကြောင်း။

ယခုတင်ပြခဲ့သည့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ဒုတိယ(၆)လပတ်အတွက် ပြည်ထောင်စုဘဏ္ဍာငွေ အရအသုံးဆိုင်ရာ အစီရင်ခံစာပါ ရငွေနှင့် အသုံးစရိတ်ကိန်းဂဏန်းများသည် ဘဏ္ဍာရေးနှစ်ကုန်ဆုံးပြီးစဉ်တွင် ကောက်ယူထားသည့် ယာယီအရအသုံးစာရင်းများသာဖြစ်ခြင်းကြောင့် စာရင်းစစ်အတည်ပြုပြီးသည့် အမှန်စာရင်းများရရှိသည့်အခါ အမှန်ကိန်းဂဏန်းများအပေါ် ထပ်မံသုံးသပ်တင်ပြသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

အဆိုပါအစီရင်ခံစာနှင့်စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာကိုဖတ်ကြားရာ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့အတူ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ ပေးပို့သည့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ဒုတိယ (၆)လနှင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပထမ(၆)လအတွက် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးစာရင်းများကို စစ်ဆေးရာတွင် တွေ့ရှိရသည့် စစ်ဆေးတွေ့ရှိချက်များ၊ စာရင်းစစ်ကန့်ကွက်ချက်များနှင့် အရေးယူဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့်စပ်လျဉ်းသည့် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်လေးဦးက ဆွေးနွေးခဲ့ကြသည်။

ဇမ္ဗူသီရိမဲဆန္ဒနယ်မှ ဒေါ်စန္ဒာမင်းက ၂၀၁၃-၂၀၁၄ မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပထမ(၆)လပတ်ကာလအတွင်း ရငွေနှင့်သုံးငွေပေါ်တွင် ၅၇ ဒသမ ၈၄ ရာခိုင်နှုန်း စစ်ဆေးနိုင်ခဲ့ပြီး နိုင်ငံတော်၏ ဆုံးရှုံးနစ်နာငွေကျပ် ၂၂ ဒသမ ၆၉၉ ဘီလီယံကို ဖော်ထုတ်စစ်ဆေးနိုင်ခဲ့ပါကြောင်း၊ ၎င်းဆုံးရှုံးမှုများအနက် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာနသည် နိုင်ငံတော်သို့ ပေးသွင်းရန်ကျန်ရှိသည့်ငွေမှ ငွေကျပ်သန်းပေါင်း ၃၁၇၉၃ သန်းဖြင့် အများဆုံးပေးသွင်းရန် ကျန်ရှိပါကြောင်း၊ ပညာရေးဝန်ကြီးဌာနသည် ဘဏ္ဍာရေးစည်းမျဉ်းလုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်မှုအားနည်းခြင်းများကို စာရင်းစစ်ချုပ်ရုံး၏ ကန့်ကွက်ချက်များ၌ တွေ့မြင်နေရသည့် အကြောင်းအခြင်းရာများကို ပြုပြင်ဆောင်ရွက်သွားရန် အကြိမ်ကြိမ်သတိပေးသော်လည်း လျော့နည်းသွားမှုနည်းပါကြောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် စစ်ဘေးရှောင် ဒုက္ခသည်များအတွက် ထုတ်ယူခဲ့သော ကျပ်သန်း ၁၀၀ ကို မည်သည့်ခေါင်းစဉ်များသို့ လွှဲပြောင်းသုံးစွဲခဲ့သည်ကို ပြည်ထောင်စုလွှတ်တော်သို့ ပြန်လည်တင်ပြပေးစေလိုပါကြောင်း ဆွေးနွေးသည်။

ထို့နောက် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအပေါ် ပြန်လည်ဖြေကြားခဲ့သည်။

**(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်အစည်းအဝေး

# နိုင်ငံသားအရည်အချင်း ပြည့်မီခြင်းမရှိသူတစ်ဦးအား နိုင်ငံသားအဖြစ်ခွင့်ပြုခဲ့ပါက နိုင်ငံတော်အတွက် ရေရှည်တွင် အန္တရာယ်များနိုင်

**နေပြည်တော် ဇူလိုင် ၁၆**

ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၇၇ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ မေးခွန်းသုံးခု မေးမြန်းဖြေကြားခြင်း၊ အစီရင်ခံစာတစ်ခု ဖတ်ကြားရှင်းလင်းခြင်းနှင့် ဥပဒေကြမ်းသုံးခုအား လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ကျောက်တံတား မဲဆန္ဒနယ်မှ ဦးစိုးဝင်း၏ **နိုင်ငံသားမိဘနှစ်ပါးမှ မွေးဖွားသော သားသမီးများကို နိုင်ငံသားကတ်ထုတ်ပေးရန် နှစ်ပေါင်းများစွာ ကြန့်ကြာနေပါသဖြင့် နိုင်ငံသားကတ် အလွယ်တကူထုတ်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမြင့်က နိုင်ငံသားစိစစ်ခြင်းကို တည်ဆဲဥပဒေဖြစ်သည့် ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေနှင့်အညီ စိစစ်ဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံသား ဥပဒေပုဒ်မ-၃ ၌ နိုင်ငံတော်တွင် ပါဝင်သော



ဒုတိယဝန်ကြီး ဦးဝင်းမြင့် ဖြေကြားစဉ်။

နယ်မြေတစ်ခုခု၌ မြန်မာသက္ကရာဇ် ၁၁၈၅ ခုနှစ်၊ ခရစ်နှစ် ၁၈၂၃ ခုနှစ် မတိုင်မီကာလမှစ၍ ပင်ရင်းနိုင်ငံအဖြစ် အမြဲနေထိုင်ခဲ့သော ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း စသည့်တိုင်းရင်းသားများနှင့် မျိုးနွယ်စုများသည် မြန်မာနိုင်ငံသားဖြစ်သည်ဟု လည်းကောင်း၊ ပုဒ်မ-၅ ၌ တိုင်းရင်းသားတိုင်းသည် လည်းကောင်း၊ တိုင်းရင်းသား မိဘနှစ်ပါးမှ မွေးဖွားသူတိုင်းသည် လည်းကောင်း၊ မွေးရာပါနိုင်ငံသားဖြစ်သည်ဟု ဖော်ပြထားသဖြင့် တိုင်းရင်းသားများသည် မွေးရာပါ နိုင်ငံသားများ ဖြစ်ကြပါကြောင်း။

ပုဒ်မ-၅ နှင့် အကျုံးဝင်သည့် တိုင်းရင်းသား မွေးရာပါနိုင်ငံသားများအား နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးရာတွင် မှားယွင်းမှုမရှိနိုင်သည့်အတွက် အစိုးရသစ်တာဝန်ယူချိန်ကာလမှစ၍ အသက်(၁၈) နှစ်ပြည့်ပြီး နိုင်ငံသားစိစစ်ရေးကတ်ရရှိခြင်းမရှိသေးသူ တစ်ဦးမှမကျန်ရှိအောင်ရည်မှန်းပြီး ကွက်ပြည့်ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ မွေးရာပါ နိုင်ငံသား (၆ ဒသမ ၄) သန်းအား နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးပြီး ဖြစ်ပါကြောင်း၊ နိုင်ငံသားဖြစ်ခြင်းသည် နိုင်ငံတော် အချုပ်အခြာအာဏာ၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်နှင့်အညီ နိုင်ငံတော်လုံခြုံရေးအတွက်လည်း အရေးကြီးသဖြင့် နိုင်ငံသားအရည်အချင်းပြည့်မီခြင်းမရှိသူတစ်ဦးအား နိုင်ငံသားအဖြစ် ခွင့်ပြုခဲ့ပါက နိုင်ငံတော်အတွက် ရေရှည်တွင် အန္တရာယ်များနိုင်ကြောင်း၊ တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားသူများကို အလွယ်တကူထုတ်ပေးနိုင်မည်ဖြစ်ပြီး ဥပဒေအရ နိုင်ငံသားများဖြစ်သော နိုင်ငံခြားသား သွေးနှောသူများအတွက် ဥပဒေနှင့်အညီသာ စိစစ်ရသဖြင့်



ကျောက်တံတား မဲဆန္ဒနယ်မှ ဦးစိုးဝင်း မေးမြန်းစဉ်။

ထိုက်သင့်သည့် အချိန်ကြာမြင့်နိုင်မည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းဖြေကြားသည်။

ဆားလင်းကြီး မဲဆန္ဒနယ်မှ ဦးသန်းမြင့်၏ **မျိုးဆက်သစ်လူငယ်များမူးယစ်ဆေးဝါး သုံးစွဲခြင်းမပြုနိုင်ရန်အတွက် အထူးစီမံချက်များဖြင့် ဆောင်ရွက်ခြင်း၊ မူးယစ်ဆေးဝါးများ တရားမဝင်သယ်ဆောင်ခြင်းနှင့် ပြစ်မှုကျူးလွန်သူများအား ထိရောက်သည့် ပြစ်ဒဏ်ချမှတ်ခြင်းကို တိတိကျကျ ဦးစားပေးဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိ မေးခွန်း** နှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ကျော်ထွန်းက မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်း အထူးစီမံချက်တစ်ရပ်အဖြစ် ယင်းမာစီမံချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါကြောင်း၊ စီမံချက်ကာလအတွင်း မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့၊ အစားထိုးဖွံ့ဖြိုးမှုအကောင်အထည်ဖော်ရေးအဖွဲ့၊ သီးနှံများ အစားထိုးစိုက်ပျိုးရေးအဖွဲ့၊ မွေးမြူရေးအဖွဲ့၊ ဆေးကုသရေးအဖွဲ့၊ ပြန်လည်ထူထောင်ရေးအဖွဲ့၊ ကျောင်းသားလူငယ်များအား အသိပညာပေးရေးအဖွဲ့၊ ပြည်သူများအား ပညာပေးလှုံ့ဆော်ရေးအဖွဲ့၊ ထိန်းချုပ်ဓာတုပစ္စည်းများ ကြီးကြပ်ရေးအဖွဲ့နှင့် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအဖွဲ့တို့က စီမံချက်ပါလုပ်ငန်းများကို သက်ဆိုင်ရာကဏ္ဍများအလိုက် ဆောင်ရွက်ခဲ့ပါကြောင်း။

မူးယစ်ဆေးဝါးဖမ်းဆီးရမိမှုများတွင် ကျူးလွန်သူများကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သကဲ့သို့ မူးယစ်ဆေးဝါးနှင့် ဆက်နွယ်သည့် ပစ္စည်းများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းလျက်ရှိပါကြောင်း၊ တရားစွဲတင်ရာတွင် တရားစွဲ အဖွဲ့အစည်းများ၏ သဘောအတိုင်း ဆောင်ရွက်ခြင်းမဟုတ်ဘဲ သက်ဆိုင်ရာ ဥပဒေရုံးများ၏ ဥပဒေအကြံပြုချက်နှင့်အညီ တရားစွဲတင်ခြင်းဖြစ်ပြီး ပြစ်ဒဏ်များချမှတ်ရာ၌ တရားသူကြီးများ၏ ဆင်ခြင်တုံတရားဖြင့် ချမှတ်ဆောင်ရွက်လျက် ရှိပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

ထို့နောက် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေနှင့်စပ်လျဉ်း၍ ပြင်ဆင်သည့်ဥပဒေကြမ်းကို ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိန်းက တင်သွင်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးသိန်းထွန်းဦးက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းကာ ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း လွှတ်တော်က ကြေညာသည်။

ယင်းနောက် အာမခံလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လွှတ်တော်က ပြင်ဆင်ချက်မရှိဘဲ အတည်ပြုပြီး ငွေစုဘဏ်လုပ်ငန်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြင်ဆင်ချက်ဖြင့် အတည်ပြုသည်။

**(သတင်းစဉ်)**

○ ရှေ့ဖုံးမှ

အခုငါးထပ်ကြီးဘုရားလမ်း၊ အမှတ် ၁၀ ပေါ့။ အန်ကယ်တို့က အပေါ်ထပ်မှာနေတာ။ အရင့်အရင်က ဒီအကြောင်းကို ဘယ်သူမှ မပြောခဲ့ဖူးဘူး။ ဟိုတစ်လောကမှ သတိရနေတာ။ ဒီတစ်ခါတော့ လာမေးရင် ဒီအကြောင်း ပြောပြမယ်လို့ပေါ့။ ဒီဟာကတော့ အတွေ့အကြုံပေါ့။ ဆုံးပြီးတဲ့ ကာလခြောက်လအတွင်းမှာ ထူးထူးခြားခြားဖြစ်ခဲ့တာပေါ့။


**မေး – ဟုတ်ကဲ့။ အန်ကယ့်အနေနဲ့ ခုနစ်နှစ်သားလောက်ကတည်းက ကြုံခဲ့ရတဲ့ အာဇာနည်နေ့အခမ်းအနားကို နှစ်စဉ်တက်ဖြစ်ပါသလား။ အရင်က အာဇာနည်နေ့အခမ်းအနားနဲ့ အခုနောက်ပိုင်း အခမ်းအနားကျင်းပပုံ မြင်ကွင်းတွေကို ပြောပြပေးပါ။**

ဖြေ - အာဇာနည်နေ့ကတော့ နှစ်စဉ်သွားနေကြတာပေါ့။ ငယ်ငယ်ကတည်းက အခုချိန်အထိပဲ။ နိုင်ငံခြားကို ရောက်နေတဲ့အချိန်ကလွဲရင် အမြဲတက်ဖြစ်ပါတယ်။ အာဇာနည်နေ့ကို အရင်တုန်းကတော့ နိုင်ငံ့ခေါင်းဆောင်တွေလာပြီးတော့ ပန်းခွေချတယ်။

၁၉၈၈ နောက်ပိုင်းမှာတော့ အန်ကယ်တို့အနေနဲ့ အာဇာနည်ကုန်းနားက ဇရပ်ပေါ်မှာ သွားနေရတာ။ မိုးရွာတော့ တော်တော်ချော်တာပေါ့လေ။ ဇရပ်ပေါ်သွားနေပြီးတော့မှ တစ်ယောက်စီ ကန်တော့ရ၊ ပန်းခွေချရတယ်။ အသက်ကြီးတဲ့သူတွေအတွက် အဆင်မပြေဘူးပေါ့။

အဲဒီတော့ တစ်ဦးချင်း ပန်းခွေချ၊ ကန်တော့ကြရပြီး အရင်နဲ့မတူတော့ဘူး။ အရင်လိုလုပ်ချင်လို့တော့ မဟုတ်ပါဘူး။ ဖြစ်ခဲ့တဲ့ မြင်ကွင်းလေးကိုပြန်ပြောတာပါ။ ဒါလေးတွေကို ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ကို တင်ပြလိုက်တော့ တော်တော်လေးဂရုစိုက်ပြီး လွန်ခဲ့တဲ့ နှစ်နှစ်လောက်ကစပြီး ဇရပ်မှာတော့ မနေရတော့ဘူး။ အာဇာနည်ကုန်းနဲ့ နီးတဲ့နေရာမှာ စီစဉ်ပေးပြီး ဒုတိယသမ္မတက လာနှုတ်ဆက်တယ်။ ပန်းခွေချတာကတော့ တစ်ဦးချင်းစီပဲ ဖြစ်နေပါတယ်။ တတ်နိုင်သလောက်လေးတော့ ပြောထားတာပေါ့။ သူတို့အနေနဲ့ မသိတာလည်း ရှိရင် ရှိမယ်။ သိပြီး လုပ်ရကောင်းမှန်း မသိတာဖြစ်ရင်ဖြစ်မယ်။

**မေး – အာဇာနည်ခေါင်းဆောင်ကြီးတွေ လုပ်ကြံခံရပြီး ကျဆုံးတော့ တစ်တိုင်းတစ်ပြည်လုံးက ရွှေတောင်ကြီးပြိုသလို ဝမ်းနည်းပူဆွေးကြရတယ်။ မိသားစုဝင်တွေရဲ့ ရင်ထဲက ခံစားချက်လေးသိပါရစေ။**



သခင်မြ



သခင်မြ၏မွေးစားသမီးကြီးဖြစ်သူ ဒေါ်ခင်ဆွေဝင်း

## ဒီလိုလုပ်ကြံခံရတာကို အချိန်ကြာလာတော့ ခံစားရတာက သူတို့တွေသာ လုပ်ကြံမခံရဘူးဆိုရင်ဆိုတဲ့ ဒီနေ့တိုင်းပြည်မှာ ဖြစ်ပျက်နေတဲ့ဟာတွေဟာ ဘယ်လိုဖြစ်မလဲဆိုပြီး တွေးတတ်လာတဲ့အခါမှာ ခံစားရတာပေါ့

ဖြေ - ဟုတ်ပါတယ်။ အဲဒီအချိန်က အန်ကယ်တို့က ရန်ကုန်ပြောင်းလာတာ မကြာသေးဘူး။ ငယ်လည်း ငယ်သေးတော့ ဝမ်းနည်းရကောင်းမှန်းတော့ မသိသေးပါဘူး။ မခံစားတတ်သေးဘူး။ ကိုယ့်အဖေ တစ်ယောက်တော့ ဆုံးသွားပြီဆိုတဲ့ ခံစားချက်လောက်ပဲ ရှိတာပေါ့။ နောက်ပိုင်း တဖြည်းဖြည်းအသက်ရလာတော့မှ တို့အဖေတွေဟာ ဒီလိုဖြစ်ခဲ့ရခြင်းဆိုပြီး ခံစားရတာပေါ့။ အဖေတို့အနေနဲ့လည်း စုစုရုံးရုံးနဲ့တိုင်းပြည်အတွက် လုပ်နေတဲ့အချိန်ဆိုတော့ ဒီလိုလုပ်ကြံခံရတာကို အချိန်ကြာလာတော့ ခံစားရတာက သူတို့တွေသာ လုပ်ကြံမခံရဘူးဆိုရင်ဆိုတဲ့ ဒီနေ့တိုင်းပြည်မှာ ဖြစ်ပျက်နေတဲ့ဟာတွေဟာ ဘယ်လိုဖြစ်မလဲဆိုပြီး တွေးတတ်လာတဲ့အခါမှာ ခံစားရတာပေါ့လေ။

**မေး – ဦးနေဝင်းလက်ထက်အထိက အာဇာနည်နေ့အခမ်းအနားကို နိုင်ငံတော်အဆင့် ကျင်းပပေးခဲ့တယ်။ နောက်ပိုင်းမှာ နိုင်ငံတော်အဆင့် ကျင်းပတဲ့ပုံစံမဟုတ်တော့တဲ့အပေါ် မိသားစုဝင်တစ်ဦးရဲ့အမြင်ကိုလည်း သိပါရစေ။**

ဖြေ - အဲဒါကတော့ သူတို့ရဲ့မသိတာပဲလား။ သိလျက်သားနဲ့ လုပ်တာပဲလား။ အမှန်တော့ အဲလိုမဖြစ်သင့်ဘူးပေါ့။ ခေါင်းဆောင်ကြီးတွေကို ဂုဏ်ပြုတယ်၊ လေးစားတယ်ဆိုရင် အရင်တုန်းက အတိုင်းပဲ လုပ်သင့်တာပေါ့လေ။ မိသားစုကိုလည်း ကောင်းကောင်းဆက်ဆံစေချင်တာပေါ့။ အရင်တုန်းက ခံစားခဲ့ရတာနဲ့ အခုအနေအထားနဲ့ဆိုတော့ မိသားစုတိုင်း ခံစားရမယ်ထင်ပါတယ်။ အားလုံးညီညီညွတ်ညွတ်နဲ့ အတူတူလုပ်ခဲ့တာဆိုတော့ အစိုးရအနေနဲ့လည်း စဉ်းစားမယ်ဆိုရင် လုပ်သင့်တာပေါ့။

နောက်တစ်ခုက အာဇာနည်ကုန်းရဲ့ဒီဇိုင်းပေါ့။ ဒီအာဇာနည်ကုန်းက အရင်တုန်းကတော့ အမိုးနဲ့အကာနဲ့ပေါ့။ နောက် မြောက်ကိုရီးယားကိစ္စကြောင့် ပြန်ပြင်တဲ့အခါကျတော့ အန်ကယ်တို့ကို မတိုင်ပင်ပါဘူး။ သူတို့ဘာသာသူတို့ လုပ်လိုက်တဲ့အခါကျတော့ ဒီပုံဖြစ်သွားပါလားပေါ့။ ဇူလိုင် ၁၉ ရက်ဆိုတာလည်း မိုးအကြီးဆုံးအချိန်။ အဲဒီအချိန်မှာ လဟာပြင်ကြီးနဲ့ ဂါရဝပြုဖို့ဆိုတာ နိုင်ငံ့ခေါင်းဆောင်တွေရော၊ ကျန်တဲ့သူတွေအတွက်ပါ အဆင်မပြေဘူးပေါ့။

မိုးတားတာတွေ လုပ်ရမှာပေါ့။ ဖြစ်နေတဲ့ ရာသီဥတုအချိန်နဲ့ အခမ်းအနားနဲ့ အမိုးအကာမရှိတဲ့ လဟာပြင်ကြီးဆိုတာက မသင့်တော်ဘူးထင်တယ်။ အဲဒါလည်း ပြောတော့ ပြဖူးပါတယ်။

**မေး – အာဇာနည်နေ့အထိမ်းအမှတ်နေ့တွေမှာ ခေါင်းဆောင်ကြီးတွေရဲ့ ပုံတွေကို ဂျာနယ်၊ သတင်းစာတွေမှာ ဖော်ပြခွင့်မရခဲ့တာ။ အာဇာနည်ခေါင်းဆောင်ကြီးတွေရဲ့ နာမည်တွေကို ကလေးတွေ မသိကြတော့တာ၊ အာဇာနည်နေ့ဆိုတာကို မသိတော့တာတွေနဲ့ပတ်သက်ပြီး အန်ကယ့်ခံစားချက်ကို သိပါရစေ။**

ဖြေ - အဲဒါကတော့ အရင်က အာဇာနည်နေ့ဆိုရင် အာဇာနည်ခေါင်းဆောင်ကြီးတွေရဲ့ အတ္ထုပ္ပတ္တိနဲ့ အာဇာနည်နေ့အကြောင်း စာအုပ်တွေကို ဝေပေးလေ့ရှိတယ်။ ၁၉ ဇူလိုင် မမေ့နိုင်ဆိုတဲ့ စာသားတွေကပ်တယ်။ သတင်းစာမှာ ဖော်ပြတယ်။ ခေါင်းဆောင်ကြီးတွေ မိန့်ခွန်းပြောခဲ့တာတွေကို ရေဒီယိုမှာ ပြောတယ်။

အထူးသဖြင့် ဗိုလ်ချုပ်အောင်ဆန်းရဲ့ မိန့်ခွန်းတွေဟာ တိုင်းပြည်ကို အကျိုးပြုခဲ့တဲ့အတွက် ထုတ်လွှင့်တယ်ဆိုတော့ လူတွေက သိတာပေါ့။ ဟိုတစ်နေ့ကပဲ အန်ကယ့်သမီးက သူ့ရုံးမှာ ဝန်ထမ်းတွေကို စာမေးပွဲစစ်မယ်ဆိုပြီးတော့ ဇူလိုင် ၁၉ ရက်တော့ နီးပြီ၊ အာဇာနည်ကိုးဦးရဲ့အမည်ကိုပြောပြဆိုတော့ ဘယ်သူမှ မသိကြတော့ဘူး။ ဦးနု ပါတယ်ဆိုတဲ့သူရှိတယ်။ သခင်ကိုယ်တော်မှိုင်း ပါတယ်ဆိုတဲ့သူတွေရှိတယ်။ ဒါက သမိုင်းကို ဖျောက်ဖို့ကြိုးစားခဲ့တာ။ အံ့သြစရာလည်း ကောင်းသလို ဝမ်းနည်းစရာလည်း ကောင်းတယ်။ အောင်မြင်သလားဆိုတော့ အောင်မြင်သင့်သလောက် အောင်မြင်တယ်ပြောလို့ ရပေမယ့်သမိုင်းကို ဖျောက်လို့တော့ မရပါဘူး။ အခုလို လာတွေ့ပြီး မေးတယ်၊ ထည့်မယ်ဆိုတော့ ကောင်းပါတယ်။

**မေး – လက်ရှိ သမ္မတကြီး ဦးသိန်းစိန်လက်ထက်မှာ ဒုတိယသမ္မတအဆင့်တက်ရောက်ပြီး နိုင်ငံတော်အဆင့် ပြန်လည်ကျင်းပပေးပုံအပေါ် အမြင်ပြောပြပေးပါ။**

ဖြေ - သမ္မတကြီးကိုယ်တိုင်လာတာကတော့ အကောင်းဆုံးပေါ့။ အရင်တုန်းက သမ္မတကြီး ဦးဝင်းမောင်လာတယ်။ နိုင်ငံတော်ကောင်စီဥက္ကဋ္ဌ ဦးနေဝင်းလာတယ်။ နောက်ပိုင်းကျတော့ ဦးနေဝင်းက ဇူလိုင်လဆိုတော့ ဘိလပ်သွား၊ မြင်းပွဲသွားတဲ့အခါကျတော့ မလာဖြစ်ဘူး။

ဒါပေမယ့် သူ့ကိုယ်စား နိုင်ငံတော်ကောင်စီဥက္ကဋ္ဌရဲ့ကိုယ်စား ဗိုလ်ချုပ်သောင်းဒန်၊ ဗိုလ်ချုပ် အောင်ကြီးတို့တက်တဲ့အခါကျတော့ အန်ကယ့်အမြင်ကတော့ ကိုယ်စားဆိုတဲ့သဘောမျိုးက သူလာတာပဲပေါ့။ အရင်တုန်းကဆိုရင် ရုံးတွေမှာဆိုရင် ကိုယ်စားဆိုပြီး လက်မှတ်ထိုးတာတွေရှိတော့ အဲလိုပုံစံလေး ဖြစ်စေချင်တာပေါ့။

အခုလည်း သမ္မတကြီးကိုယ်တိုင်လာရင်တော့ ကောင်းတာပေါ့လေ။ သမ္မတကြီးက သူ့ကိုယ်စား ဒုတိယသမ္မတလွှတ်တယ်ဆိုရင်တော့ အဲလိုစကားအသုံးအနှုန်းလေးတွေ ပါတယ်ဆိုရင်တော့ ကောင်းတာပေါ့။ အန်ကယ် လည်း အစိုးရရုံးမှာ နှစ်ပေါင်း ၃၀ လောက်လုပ်ခဲ့တယ်ဆို တော့ ရုံးရဲ့အစဉ်အလာလေးတွေသုံးရင် ကောင်းတာပေါ့။

**မေး – အန်ကယ့်အရှေ့မှာ ပြောသွားတဲ့စကားထဲကပေါ့။ နိုင်ငံ့ခေါင်းဆောင်ကြီးတွေသာ လုပ်ကြံမခံရဘူးဆိုရင် မြန်မာပြည်ရဲ့ ကံကြမ္မာနဲ့ မြန်မာနိုင်ငံသားတွေရဲ့ ကံကြမ္မာ ဘယ်လိုဖြစ်လာနိုင်သလဲဆိုတာလေး ပြောပေးပါဦး။**

ဖြေ - အင်မတန် တိုးတက်လာမယ်လို့ ထင်ပါတယ်။ သူတို့ သေဆုံးပြီးတာတောင်မှ သူတို့ရဲ့ အငွေ့အသက်လေးတွေ ကျန်နေခဲ့ပါတယ်။ မြန်မာပြည်ဟာ ဦးနုလက်ထက်၊ ဦးနုအလွန် လက်ထက်မှာဆိုရင် အလွန်တိုးတက်တယ်။ အရှေ့တောင်အာရှမှာ မြန်မာပြည်ကို ဘယ်သူမှ မယှဉ်နိုင်ခဲ့ဘူး။

စင်ကာပူဆိုတာ ကျွန်းသေးသေးလေ။ ထိုင်းဗန်ကောက်ဆိုရင် လေယာဉ်ကွင်းက သံပြားပေါက်နဲ့ ဂွမ်းဂွမ်းဖြစ်နေတဲ့အချိန်မှာ ဒီမှာက လေယာဉ်ကွင်းက အရှေ့တောင်အာရှမှာ အကောင်းဆုံးပဲ။ အိမ်ရာစီမံကိန်းမှာဆိုရင် စင်ကာပူကနေ ဒီမှာလာပြီး လေ့လာရတယ်။ ဒါကို ယုံချင်မှတောင် ယုံမယ်။

ရန်ကင်းတိုက်တွေ၊ ပြည်ထောင်စုရိပ်သာဆိုရင် စင်ကာပူကနေပြီး လာပြီးလေ့လာရတယ်။ အခုကလေးတွေ သိမှာမဟုတ်ဘူး။ အရင်တုန်းကဆိုရင် ရိုးလ်ကုန်တိုက်ဆိုရင် နိုင်ငံခြားဖြစ်ပစ္စည်းတွေ ကြိုက်တာဝယ်လို့ရတယ်။ အခုကလေးတွေ မသိတော့ဘူး။ ပညာရေးဆိုရင်လည်း စင်ကာပူတို့၊ ဗန်ကောက်တို့ကတောင် ဒီမှာလာသင်ရတယ်။ နောက်အာဖရိကန် လေးငါးခြောက်ယောက် မြန်မာပြည်မှာ စာလာသင်ခဲ့တယ်။ ပညာရေးအဆင့်အတန်း အင်မတန်မြင့်ခဲ့တယ်။

စီးပွားရေးအဆင့်အတန်းလည်း မြင့်တယ်။ မြန်မာပြည်ရဲ့ ငွေတန်ဖိုးကလည်း မြင့်တော့ မော်တော်ကားဆိုရင် စီးချင်တယ်ဆိုရင် အိမ်လာပြတယ်။ စီးကြည့်လိုက်ဦး။ သုံးရက်လောက်နေမှ ကြိုက်တယ်ဆိုရင် ဝယ်လို့ရတယ်။ လပေးစနစ်နဲ့ ဝယ်လို့ရတယ်။ အန်ကယ်တို့ နှစ်စီးလောက် အဲဒီလိုဝယ်စီးဖြစ်တယ်။

ကျန်းမာရေးအနေနဲ့ ဆေးရုံကြီး၊ ဒပ်ဖရင်တို့ဆိုရင် သွားကြည့်ကြည့်လိုက်။ အဲဒီတုန်းက ဆေးရုံအုပ်ကြီး ဒေါ်ရင်မေဆိုရင် သူကိုယ်တိုင် မနက်ဆိုရင် လိုက်ကြည့် တာ။ အိမ်သာကအစ ကြည့်တာ။ အဲဒီတော့ လူကြီးတွေရဲ့ စိတ်နေသဘောထား အင်မတန်မြင့်တယ်။ တကယ်လို့ ခေါင်းဆောင်ကြီးတွေသာ လုပ်ကြံမခံရဘူးဆိုရင် အန်ကယ်ယုံကြည်တယ်။ တိုင်းပြည်တိုးတက်ကောင်းမွန်မယ်။ ငြိမ်းချမ်းမယ်။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး အဲဒီတုန်းကလည်း ရရှိအောင် စည်းရုံးနိုင်ခဲ့သလို ပိုမိုခိုင်မာ စည်းရုံးမယ်လို့ မြင်မိပါတယ်။

**အလားတူ ဘဏ္ဍာရေးနှင့်အခွန်တော်ဌာနဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သော သခင်မြ၏မွေးစားသမီးကြီးဖြစ်သူ ဒေါ်ခင်ဆွေဝင်းကိုလည်း ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ချင်းတွင်းလမ်းရှိ မြဂေဟာတွင် တွေ့ဆုံမေးမြန်းခွင့်ရခဲ့သည်။**

**သခင်မြသည် သားသမီးမထွန်းကားခဲ့ဘဲ တူတူမ များကို သားသမီးကဲ့သို့ အထူးချစ်ခင်နှစ်သက်ခဲ့ပြီး မွေးစား ခဲ့ခြင်းဖြစ်သည်။ သခင်မြလုပ်ကြံခံရချိန်တွင် မွေးစားသမီး ကြီးဖြစ်သူ ဒေါ်ခင်ဆွေဝင်းသည် သုံးနှစ်ခန့်အရွယ်သာ ရှိသေးသည်။**

သခင်မြ၏ဇနီးဖြစ်သူ အမေညွှန့်က အမွေစား အမွေခံအဖြစ် မွေးစားခဲ့သော သား ဦးရဲမြင့်အောင် (ဒေါ်ခင်ဆွေဝင်း၏မောင်)မှာ သခင်မြကွယ်လွန်အပြီး တစ်ပတ်အကြာတွင် မွေးဖွားခဲ့ခြင်းဖြစ်သည်။

ဒေါ်ခင်ဆွေဝင်းတို့ မောင်နှမလေးယောက်ကို အမေညွှန့်က အင်မတန်ချစ်ခင်မြတ်နိုးပြီး ဒေါ်ခင်ဆွေဝင်း၏ မိဘများမှာ သခင်ခင်အောင်နှင့် ဒေါ်မာမာကြည်တို့ဖြစ်သည်။ နိုင်ငံရေးမျိုးဆက်ဖြစ်သော်လည်း နိုင်ငံရေး၏ အလှည့်အပြောင်းကံကြမ္မာများအတွင်း ကြံ့ကြံ့ခံရင်း ပညာများကို တတ်အောင်သင်ကြားကာ ပညာဖြင့်ပင် အသက်မွေးဝမ်းကျောင်းပြုခဲ့သူများဖြစ်သည်။

စာမျက်နှာ ၉ သို့

# ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ် ဖော်ဆောင်နေမှုအား ပြည်သူလူထုထံသို့ ပွင့်လင်းမြင်သာစွာ အသိပေးသွားရန်လိုအပ်





နေပြည်တော် ဇူလိုင် ၁၆

**အုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲမှု ညှိနှိုင်းရေးကော်မတီအစည်းအဝေး (၄/၂၀၁၅)ကို ယနေ့နံနက် ၉ နာရီခွဲတွင် နိုင်ငံတော်သမ္မတရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ ကော်မတီဥက္ကဋ္ဌ သမ္မတရုံးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း တက်ရောက်အမှာစကားပြောကြားသည်။**

အစည်းအဝေးသို့ ကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဇံမြင့်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးခင်မောင်အေး၊ ကော်မတီဝင် ဒုတိယဝန်ကြီးများ၊ ဒုတိယရှေ့နေချုပ်၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်၊ နိုင်ငံတော်သမ္မတ အကြံပေး ဒေါက်တာဇော်ဦး၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) မှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ကော်မတီဝင် တိုင်းဒေသကြီး/ပြည်နယ်များမှ ဝန်ကြီးများနှင့် နိုင်ငံတော်သမ္မတ အကြံပေး ဒေါက်တာ အောင်ထွန်းသက်တို့က Video Conferencing ဖြင့် ပါဝင်ဆွေးနွေးကြသည်။

အစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌက အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှု မူဘောင်ရေးဆွဲရေး အကြံပြုအလုပ်ရုံဆွေးနွေးပွဲအား မေ ၂၃ နှင့် ၂၄ ရက်တို့တွင် နေပြည်တော်၌ အောင်မြင်စွာ ကျင်းပခဲ့ပြီးဖြစ်ကြောင်း၊ အကြံပြုအလုပ်ရုံဆွေးနွေးပွဲမှရရှိလာသည့် ဖော်ထုတ်ချက်ရလဒ်များကို အခြေခံပြီး အမျိုးသားအဆင့် အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှု မူဘောင်ရေးဆွဲရေး ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ပြည်သူဗဟိုပြု ပြုပြင်ပြောင်းလဲရေးအတွက် ပြည်သူတို့၏ ဆန္ဒ၊ လိုအပ်ချက်နှင့် မျှော်လင့်ချက်များကို ဖြည့်ဆည်းဖော်ဆောင်နိုင်ရေး မူဘောင်တွင် ထည့်သွင်းရေးဆွဲရန် လိုအပ်ကြောင်း၊ အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှု မူဘောင်သည် လက်တွေ့နယ်ပယ်၌ အမှန်တကယ်ဟန်ချက်ညီညီ ဆောင်ရွက်နိုင်မည့် လုပ်ငန်းစဉ်များ ဖြစ်ရေးအတွက် အလေးထားရမည်ဖြစ်ပြီး ပြည်သူလူထုသို့ ပွင့်လင်းမြင်သာစွာ ရှင်းလင်းတင်ပြရမည်ဖြစ်ကြောင်း၊ သတင်းနည်းပညာ IT ကို ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲနိုင်အောင် ဆောင်ရွက်ပေးခြင်းဖြင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုမြန်ဆန်ထိရောက်စွာ ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း အုပ်ချုပ်မှု ပြုပြင်ပြောင်းလဲရာတွင် အစိုးရတစ်ဖွဲ့တည်းဖြင့် ဆောင်ရွက်၍ မရနိုင်ဘဲ ပြည်သူလူထုတစ်ရပ်လုံး ပူးပေါင်းပါဝင်နိုင်ရေးအတွက် အစိုးရအုပ်ချုပ်ရေး ယန္တရားအဆင့်ဆင့်မှ စနစ်တကျ တာဝန်ယူဖော်ဆောင်ရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ကော်မတီဒုတိယဥက္ကဋ္ဌများက အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှု မူဘောင်ပြုစုရေးဆွဲရေး စီစဉ်ဆောင်ရွက်ထားရှိမှုများကိုလည်းကောင်း၊ ကော်မတီဝင်များနှင့် နိုင်ငံတော်သမ္မတ အကြံပေး ဒေါက်တာဇော်ဦးတို့က လက်ရှိအခြေအနေများနှင့် မူဘောင်အား ဆက်စပ်နိုင်မှုအကြံပြုချက်များကိုလည်းကောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်ဝန်ကြီးများနှင့် နိုင်ငံတော်သမ္မတ အကြံပေး ဒေါက်တာ အောင်ထွန်းသက်တို့က Video Conferencing ဖြင့် လည်းကောင်း တင်ပြဆွေးနွေးကြရာ ကော်မတီဥက္ကဋ္ဌက ပေါင်းစပ်ညှိနှိုင်းပေးပြီး ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ် အဆင့်ဆင့်တွင် ပါဝင်ဆောင်ရွက်နေ သူများအနေဖြင့် မိမိတို့ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ရှင်းလင်းစွာသိရှိနားလည်ပြီး ဖော်ဆောင်သွားနိုင်ရန်သာမက ယင်းသို့ ဖော်ဆောင်နေမှုအခြေအနေများအား ပြည်သူလူထုထံသို့လည်း ပွင့်လင်းမြင်သာစွာ စဉ်ဆက်မပြတ်အသိပေးသွားရန် လိုအပ်ကြောင်း ပြောကြားသည်။ **(သတင်းစဉ်)**

*စာမျက်နှာ ၈ မှ*

အာဇာနည်ခေါင်းဆောင်ကြီးများ လုပ်ကြံခံလိုက်ရသည့်အတွက် အဖမဲ့သွားသော မိသားစုများ၏ အားကိုးရာသည် ပညာကို တတ်မြောက်အောင် သင်ကြားရင်း ပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုနိုင်အောင် ကြိုးစားခဲ့သည်ဟု အသက် ၇၁ အရွယ်ရှိပြီဖြစ်သည့် ဒေါ်ခင်ဆွေဝင်းက ပြောသည်။ အာဇာနည်ခေါင်းဆောင်ကြီး သခင်မြ၏ မျိုးဆက်အမွေဆက်ခံခဲ့သော ဒေါ်ခင်ဆွေဝင်းနှင့် တွေ့ဆုံမေးမြန်းဖြစ်ခဲ့သည်များကို ပြန်လည်ကောက်နုတ်ဖော်ပြလိုက်ပါသည်-

**မေး - အာဇာနည်ခေါင်းဆောင်ကြီး သခင်မြရဲ့မိသားစု အကြောင်း ပြောပြပေးပါ။**

ဖြေ - ဘဘ သခင်မြနဲ့ ကြီးကြီးဒေါ်ကြည်ညွန့်က သားသမီးမရှိပါဘူး။ ဒါပေမယ့် အန်တီတို့ မောင်နှမတွေကို မွေးစားထားတာပါ။ မောင်လေးကိုတော့ ကြီးကြီးက အမွေစားအမွေခံ မွေးစားလိုက်တယ်။ ဘဘဆုံးပြီး တစ်ပတ်အကြာမှာ မောင်လေးကိုမွေးတော့ ကြီးကြီးနဲ့ အန်တီတို့အမေနဲ့က ညီအစ်မဆိုတော့ သူ့ညီမလေးကိုလည်း အလွန်ချစ်တယ်။

အန်တီတို့အဖေက သခင်ခင်အောင်၊ ဘဘမြရဲ့ တိုင်ပင်ဖော်၊ တပည့်လည်း တပည့်ပေါ့။ သိပ်ချစ်တယ်။ ဖေဖေနဲ့ မေမေတို့ကို ဘဘတို့ကပဲ လက်ထပ်ပေးတာ။ လက်ထပ်ပြီးတော့လည်း မခွဲဘဲနဲ့ အတူတူနေခဲ့ကြတာ။ အန်တီတို့လည်း သူ့တို့လက်ထဲမှာပဲ ကြီးတယ်။ အန်တို့ မောင်လေး ကိုရဲမြင့်အောင်ကို ဘဘသခင်မြရက်လည်တဲ့နေ့မှာ မွေးတယ်။

မေမေညွန့်က အလွန်ဝမ်းသာသွားတာပေါ့။ သူခံစားနေရတဲ့အချိန်မှာ ဒီကလေးလေး မွေးလာတော့ ယောကျ်ားလေးလည်းဖြစ်တော့ သူအိပ်မက်တွေလည်း မက်တယ်။ စွဲလမ်းတာပေါ့။ သူ့ယောကျ်ားကို ဆုံးရှုံးလိုက်ရတဲ့အချိန်မှာ ဒီကလေးကို အစားရလိုက်သလိုဖြစ်တော့ မေမေ ဆေးရုံကဆင်းတော့ သူ့အစ်မနဲ့ပဲ အတူတူအိပ်တယ်။

ကိုရဲကို တစ်အားချစ်တာ။ အသက် ၂၀ ကျော်လောက် ကိုရဲအိမ်ထောင်ကျတော့မှ ခွဲရတာ။ ဒါပေမယ့် တစ်အိမ်တည်းနေခဲ့တယ်။ အန်တီတို့ မောင်နှမလေးယောက်ကို ဘဘမရှိကတည်းက မျက်စိအောက်က အပျောက်မခံခဲ့ဘူး။ အန်တီတို့အနေနဲ့ကလည်း ကျေးဇူးရှင်ကြီးတွေဖြစ်တဲ့အတွက် နှစ်တိုင်းပဲ ဘဘတို့ အမေတို့အတွက် ဆွမ်းကျွေးကြတယ်။

ဘဘတို့အတွက်ရည်စူးပြီး အမျှဝေကြတယ်။ အန်တီတို့က မွေးလာတဲ့ကလေးတွေကို ဒီကျေးဇူးရှင်ကြီးတွေကို ဘယ်တော့မှမမေ့ရဘူး။ နှစ်တိုင်း အာဇာနည်နေ့တိုင်းရောက်တိုင်း ဆွမ်းကျွေးရမယ်လို့ မှာထားပါတယ်။ မေမေညွန့်က ဘဘအကြောင်း အမြဲပြောပြလို့ နားရည်ဝနေပါတယ်။ ဘဘက အမြဲအေးချမ်းပြီး အမြဲပြုံးနေတတ်တယ်။ အောက်လက်ငယ်သားတွေ အပေါ်မှာ သိပ်ရည်မွန်တယ်။ ကျောသားရင်သား မခွဲခြားဘူး။ ထမင်းစားရင်တောင် ငါဝန်ကြီးဆိုပြီး မရှိဘူး။ အတူတူလာစားကြဆိုပြီး တပည့်တပန်းတွေနဲ့ ပျော်ပျော်နေတယ်။ သူ့မိန်းမလည်း ဒီအတိုင်းပဲ။ စိတ်တူကိုယ်တူ။ မေမေညွန့်က ဘဘကို ပါရမီဖြည့်တယ်။

ဘဘရွေးကောက်ပွဲတွေမှာ အရွေးခံပြီဆိုရင် ဟိုတုန်းက ဝန်ကြီးတွေဟာ ကိုယ်ကျိုးမရှိဘူး။ သူတို့ရဲ့ ပိုက်ဆံကို စိုက်ထုတ်ပြီး ရွေးကောက်ပွဲကို အမတ်တွေ၊ ဘာတွေ ဝင်အရွေးခံတယ်။ ပိုက်ဆံလိုတော့ မေမေညွန့်က သူ့ရဲ့ရတနာတွေရောင်းရောင်းပြီးတော့ ပါရမီဖြည့်တယ်။ မေမေညွန့်က နောက်တော့ ပြောတယ်။ သမီးတို့ကို ဘယ်တော့မှ နိုင်ငံရေးသမားနဲ့ မပေးစားတော့ဘူး။ နင့်တို့အဘဆို ဘယ်လောက်ပဲ တိုင်းပြည်အတွက် ကောင်းအောင်လုပ်လုပ် သူများသတ်တာ ခံသွားရတယ်လို့ဆိုတယ်။

**မေး - ၁၉၈၈ နောက်ပိုင်း အာဇာနည်နေ့ ကျင်းပခဲ့ပုံတွေနဲ့ ပတ်သက်ပြီး ခံစားချက်တွေ ပြောပြပေးပါအန်တီ။**

ဖြေ - ၁၉၈၈ နောက်ပိုင်းမှာ အာဇာနည်ခေါင်းဆောင်ကြီးတွေရဲ့ မိသားစုတွေဟာ ပစ်ပယ်ခံရသလိုဖြစ်သွားတယ်။ ပြည်ဖုံးကားချထားတယ်။ ဘယ်သူမှ အရေးမလုပ်ဘူး။ အာဇာနည်နေ့ဆိုတာ မကောင်းတတ်လို့ လုပ်တဲ့ပုံမျိုးပေါ့။ အာဇာနည်ခေါင်းဆောင်ကြီးတွေရဲ့ မိသားစုတွေအားလုံး ရင်ထဲမှာ အတူတူခံစားရတယ်။ ကျေးဇူးရှင်ခေါင်းဆောင်ကြီးတွေ တိုင်းပြည်အတွက် ဘယ်လောက်ပဲ အနစ်နာခံလုပ်သွားလုပ်သွား၊ အာဇာနည်နေ့ဆိုတာ စာတန်းလေးတောင် ပါမလာဘူး။ ဟိုတုန်းက မာမာအေးဆိုထားတဲ့ အာဇာနည်နေ့နဲ့ပတ်သက်တဲ့ သီချင်းတွေ၊ တင်တင်မြတို့ဆိုတာတွေ ပျောက်သွားတယ်။

ကြေးမုံသတင်းစာတို့၊ ဘာတို့ဆိုတာ ထည့်ခွင့်မရခဲ့ဘူးလေ။ အာဇာနည်နေ့ တို့မမေ့၊ အာဇာနည်နေ့ရောက်ဖို့ ဘယ်နှရက်လိုပါသေးတယ်ဆိုတဲ့ စာတမ်းတောင် မပါလာတော့ဘူး။ ထို့အတူပဲ အာဇာနည်နေ့ကျတော့လည်း အဖြစ်လုပ်တယ်။ အန်တီတို့မိသားစုတွေဆိုတာ အာဇာနည်နေ့ တစ်နေ့တည်းမှာပဲ မိသားစုချင်းတွေ ဆုံကြရတာပါ။

**မေး - အာဇာနည်ခေါင်းဆောင်ကြီး သခင်မြရဲ့ ဆိုဆုံးမခဲ့တာတွေကို လက်ဆင့်ကမ်းခဲ့တာမျိုး ရှိပါသလား။**

ဖြေ - မေမေညွန့်က အမြဲပြောတယ်။ သမီးတို့ ဘဘကို ချစ်ရင် ဘဘမြလိုစိတ်မျိုးကျင့်ကြံရမယ်။ ကိုယ်ကျိုးကို မကြည့်ရဘူး။ အဲဒါကို အမြဲရိုက်သွင်းခဲ့တော့ အန်တီတို့မောင်နှမတွေအားလုံးကို တော်ရုံတန်ရုံတင်းတိမ်ရမယ်။ ဘဘမြက လောဘမရှိရဘူး။ ကိုယ်ကျိုးမကြည့်ရဘူး။ အထက်ကို မကြည့်နဲ့၊ အောက်ကိုကြည့်။ ကိုယ့်ထက်ဒုက္ခရောက်တဲ့သူတွေ အများကြီး ရှိတယ်လို့ပြောတယ်။ အဲလိုပဲ နေခဲ့တဲ့အတွက်ကြောင့် တော်ရုံတန်ရုံ တင်းတိမ်ပါတယ်။

**မေး - အန်တီ သုံးနှစ်သမီးအရွယ်က ဘဘမြဆုံးတာဆိုတော့ ယနေ့အချိန်အထိ အန်တီ တက်ဖြစ်ခဲ့တဲ့ အာဇာနည်နေ့အခမ်းအနားမြင်ကွင်းတွေကို ပြောပြ ပေးပါ။**

ဖြေ - အာဇာနည်နေ့ကို အန်တီ အမြဲတက်တယ်။ မေမေညွန့်ရှိတုန်းက အန်တီက မေမေညွန့်နဲ့ အမြဲလိုက်ရတယ်။ မေမေညွန့်မရှိတော့ အန်တီတို့ မောင်နှမတွေ အမြဲတက်တယ်။ အထူးသဖြင့်တော့ အန်တီရယ်၊ ဦးရဲမြင့်အောင်ရယ်၊ ညီမလေး အေမီအောင်ရယ် တက်ကြတယ်။ ဒီနှစ်တော့ အန်တီက ကိုယ်လည်း အသက်ကြီးပြီ၊ ညီမတို့ မောင်နှမနှစ်ယောက် တက်ကြမယ်၊ မောင်အငယ်လေးက ကားမောင်းပြီး ပို့မယ်။

ဒီအခမ်းအနားတက်ရတာလည်း မလွယ်ပါဘူး။ အကုန်လုံးစစ်ဆေးတာ။ ဒီအစိုးရလက်ထက်မှာ အရင်ကလိုတော့ မစစ်တော့ဘူး။ ဟိုတုန်းကဆိုရင် ပန်းခွေကို ကြိုပို့ရတယ်။ သွားပေးရတယ်၊ သွားစစ်ရတယ်။ ပန်းခွေပေးတဲ့သူရဲ့ မှတ်ပုံတင်တွေဘာတွေ စစ်တယ်။ မိုင်းတွေဘာတွေရှာတယ်။ ပန်းခွေကို စစ်ပြီးတဲ့အခါမှာ ပြန်ပါတော့ဆိုမှ ပြန်ရတယ်။

နောက်တစ်နေ့မှာ သူတို့ပြောတဲ့အချိန်လာရတယ်။ မေမေညွန့်နဲ့အတူတူ တက်ခဲ့တဲ့အချိန်တုန်းက ဦးနုတို့၊ မန်းဝင်းမောင်တို့လက်ထက်ဆိုတော့ တော်တော်လည်း အရေးပေးပါတယ်။ ဦးနုတို့၊ မန်းဝင်းမောင်တို့ ကိုယ်တိုင်လာပြီးတော့ အလေးပြုတယ်။

အာဇာနည်ခေါင်းဆောင်ကြီးတွေရဲ့ မိသားစုတွေ ကလေးတွေ အကုန်လုံး လေးလေးစားစားနဲ့ လက်ဆွဲနှုတ်ဆက်တယ်။ သမ္မတကြီး မန်းဝင်းမောင်ဆိုရင် တစ်နှစ်တစ်ခါ စိတ်ပြေလက်ပျောက်ဖြစ်စေဖို့အတွက်ဆိုပြီး ရင်းနှီးအောင်ဆိုပြီးတော့ဆိုပြီး မိသားစုဝင်တွေ အကုန်လုံးကို သင်္ဘောကြီးနဲ့ ခေါ်သွားပြီး တစ်လမ်းလုံးကျွေးမွေးသွားတယ်။ သီတင်းကျွတ်တွေဘာတွေဆိုရင် ခေါင်းဆောင်ကြီးတွေရဲ့ ကတော်တွေကို လုံချည်တွေ ဘာတွေ ကောင်းကောင်းမွန်မွန်ကန်တော့တယ်။

ဦးနုအစိုးရဆိုလည်း ဒီမြေကြီးကို သူတို့ပေးထားတယ်။ ခာတ်ဆီဆိုင်တို့၊ ညွှန့်အေဂျင်စီဆိုင်တို့ နစ်နာကြေးအနေနဲ့ပေးခဲ့တယ်။ ဦးနေဝင်းလက်ထက်ကျတော့ ပြည်သူပိုင်သိမ်းသွားတယ်။ ဦးနေဝင်းက တစ်လကို တစ်ထောင်ပေးတယ်။ ထောက်ပံ့တယ်။

၁၉၈၈ ခုနှစ်နောက်ပိုင်းကျတော့ ဒီမိသားစုတွေဟာ ဘာမှလည်းမရှိတော့ဘူး။ အာဇာနည်နေ့ လုပ်ပေးရုံလေး လုပ်ပေးတယ်။ အန်တီတို့အိမ်မှာ ဝမ်းနည်းခြင်း အထိမ်းအမှတ်အလံကို တိုင်ဝက်ထူတာတောင် သူတို့က မကြိုက်ဘူး။ မထူစေချင်ဘူး။

အခုသမ္မတကြီး ဦးသိန်းစိန်ရဲ့ လက်ထက်မှာ ပြန်ပြီး အလံတိုင်ဝက်ထူခွင့်ရလာတယ်။ ပြန်ပြီး ဂရုစိုက်လာပါတယ်။ မမစု(ဒေါ်အောင်ဆန်းစုကြည်)နဲ့ဆိုလည်း နှစ်နှစ်ရှိပြီ အားလုံးနဲ့ တွေ့ကြရတယ်။ ကောင်းကောင်းမွန်မွန်တွေ့ရတယ်။ ဟိုတုန်းကဆိုလည်း မမစုနဲ့မတွေ့ရဘူး။ မမစုက သူ့ကားထဲမှာ စောင့်နေပြီး ပန်းခွေလာချရတယ်။ သူလာလား၊ မလာလားဆိုတာ မသိရဘူး။ သတင်းကြည့်လိုက်တော့မှ လာတာကို သိရတယ်။

ဦးရာဇတ်သား အစ်ကိုတင်မြင့်တို့နဲ့ အကုန်လုံးက ရင်းနှီးကြပါတယ်။ မမစုက သူ့အမေ နိုင်ငံခြားကို သံအမတ်အဖြစ် မပြောင်းခင်အထိ သွားတွေ့ကြ၊ စကားတွေပြောကြတယ်။ အခုပြန်လာကတည်းက မတွေ့ရတာ၊ အာဇာနည်နေ့ရောက်တော့လည်း တစ်ယောက်နဲ့တစ်ယောက် မတွေ့ရဘူး။ အခု ဒီသမ္မတကြီးလက်ထက်မှာ မိသားစုတွေ အာဇာနည်နေ့မှာ တွေ့ခွင့်ရကြတယ်။ မိသားစုတွေ စကားတွေပြောကြရတယ်။ နှုတ်ဆက်ကြတယ်။ ရင်းရင်းနှီးနှီးရှိကြပါတယ်။

**မေး - အန်တီအနေနဲ့ အာဇာနည်ခေါင်းဆောင်ကြီးရဲ့ မိသားစုတစ်ယောက်အနေနဲ့ မြန်မာတစ်နိုင်ငံလုံးမှာရှိတဲ့ ပြည်သူတွေကို ပြောချင်တာများ ရှိရင်လည်း ပြောပြပေးပါဦး။**

ဖြေ - အာဇာနည်ခေါင်းဆောင်ကြီး မိသားစုဝင်တွေကို မြန်မာပြည်သူလူထုက ကရုဏာလည်း ရှိကြတယ်။ သိပ်လည်းချစ်ကြတယ်ဆိုတာ ပေါ်လွင်ပါတယ်။ ဘယ်အချိန်မှာ ပေါ်လွင်သွားလဲဆိုတော့ ၁၉၈၈ ကာလတွေမှာပါ။

အာဇာနည်ခေါင်းဆောင်ကြီး မိသားစုတွေကို ချစ်ခင်ကြတယ်။ ကာကွယ်ကြတယ်။ ဒီအဘိုးတွေရဲ့ မေတ္တာစေတနာတွေကြောင့်သာ ပြည်သူတွေက ချစ်ကြတယ်။ ဘဘတို့ကို သတိရပြီး ဝမ်းသာ ဝမ်းနည်းဖြစ်ရတယ်။ ပြည်သူတွေက ရောက်ရာအရပ်မှာ ကာကွယ်ကြတယ်။ ဆေးခန်းတွေဘာတွေသွားပြရင် သိတာနဲ့ ဆေးစရိတ်မယူလို့ နောက်တစ်ခါထပ်မသွားရဲအောင်ကို ဖြစ်ရတယ်။

အာဇာနည်ကျေးဇူးရှင်ကြီးတွေဟာ ကိုယ်ကျိုးမဖက်ဘဲနဲ့ သူတို့အိတ်ကို စိုက်ထုတ်ပြီးတော့ တိုင်းပြည်အတွက် တကယ်လုပ်ခဲ့တဲ့ လူကြီးတွေပါ။ အခုခေတ်လို မဟုတ်ဘူး။

ဖေဖေ သခင်ခင်အောင်ကလည်း အဲလိုပဲ အမြဲပြောပါတယ်။ ကျုပ်တို့ ဆရာမြတို့ ဗိုလ်ချုပ်အောင်ဆန်းတို့ ရဲဘော်သုံးကျိပ်တို့ ပြည်သူတွေအပါအဝင် ဆောင်ရွက်ခဲ့လို့ ကျွန်ဘဝက လွတ်တာ။ အခု ကျုပ်တို့လုပ်နေတာ ဘာခံစားခွင့်မှမရှိဘူး။ အခု ကျုပ်နေနေတာ သားသမီးတွေ ထားနိုင်လို့ နေနေတာ။ ဟိုးတုန်းက ဦးနုက ဒီမြေနေရာပေးတယ်။ သားသမီးတွေက အိမ်ဆောက်လို့နေတယ်။ အခုလိုနေနိုင်တာ သားသမီးတွေ ပညာတတ်လို့ ကောင်းစားလို့ ပညာနဲ့ လုပ်ကိုင်ကျွေးမွေးလို့ ကျုပ်နေနိုင်တာလို့ ပြောခဲ့ပါတယ်။ ကျုပ်ပိုင်တာဆိုလို့ ပန်းအိုးထဲက မြေကြီးပဲရှိတယ်။ ကျုပ်တို့က အဲလိုလုပ်ခဲ့တာပါလို့ ပြောပါတယ်။

ဟိုတုန်းက နိုင်ငံရေးသမားကြီးတွေဟာ ကိုယ်ကျိုးကို မသုံးပါဘူးလို့ ဖေဖေအမြဲပြောခဲ့တယ်။ ဘဘမြက ဆုံးသာသွားတယ်။ ဘာမှမရှိခဲ့ဘူး။ ဗိုလ်ချုပ်အောင်ဆန်းဆိုလည်း ဘာမှမရှိခဲ့တာ။ မမစုကလည်း သူ့အဖေလို စိတ်ဓာတ်ရှိတယ်။ တစ်ခါတလေကျတော့ ဗိုလ်ချုပ်တို့၊ ဘဘတို့ ဆက်ရှိစေချင်လိုက်တာလို့။ တိုင်းပြည်လည်း တိုးတက်မယ်။ ဒီလိုလည်း ဖြစ်ချင်မှ ဖြစ်မယ်ပေါ့။

အခု သမ္မတကြီး ဦးသိန်းစိန်လက်ထက်မှာ တော်တော်လေး ကြည့်ပေးတာ ကျေးဇူးတင်ပါတယ်။ အာဇာနည်နေ့ကို ကြည့်ပေးတာကို ပြောတာပါ။ ဘာမှကို မတောင်းဆိုပါဘူး။ ကိုယ့်ပညာနဲ့ ကိုယ်ရပ်တည်ကြတာမို့ အာဇာနည်တွေရဲ့ သားသမီးတွေဟာ အဖေတွေမရှိတော့ ပညာတတ်မှ ဖြစ်မယ်ဆိုပြီး ကြိုးစားခဲ့ကြတာ အားလုံးပညာတတ်တွေချည်းပါပဲ။ ပျက်စီးတယ်လို့ကို မရှိဘူး။ အခုခေတ် ဘာတွေညာတွေ သားသမီးတွေလို ပျက်စီးတယ်မရှိဘူး။ မြန်မာဆန်တာကို ထိန်းသိမ်းရမယ်လို့ ထိန်းသိမ်းထားနိုင်ခဲ့ပါတယ်။

# စစ်ကိုင်းတိုင်းဒေသကြီး အလယ်ပိုင်းဒေသအချို့နှင့် အထက်ပိုင်း၌ မိုးသည်းထန် မုံရွာမြို့၌ ဇန်နဝါရီလမှ ယခုအထိ ပထမဦးဆုံး သဲကြီးမဲကြီးရွာသွန်း

**စစ်ကိုင်း ဇူလိုင် ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း ဟုမ္မလင်း၊ကလေး၊ ကလေးဝ စသည့်ဒေသများနှင့်အတူ တစ်ချိန်တည်း မိုးသည်းထန်စွာဖြင့် မုံရွာမြို့တွင် ရွာသွန်းခဲ့ခြင်းကြောင့် ဒေသခံများအနေဖြင့် ရာသီဥတုအေး၍ ကြိုက်နှစ်သက် လက်ခံကြသော်လည်း မုံရွာမြို့ တောင်ဘက်ချောင်းဦးမြို့နယ်နှင့် မြောင်မြို့နယ်အစပ်ရှိ ငရုတ်စိုက် တောင်သူများ၏ ပျိုးထောင်နေသော ကာလဖြစ်၍ မိုးလိုအပ်မှုမရှိသေးကြောင်း သိရသည်။

မိုးလိုအပ်မှုမရှိသော ချောင်းဦးနှင့် မြောင်မြို့နယ်အစပ် ငရုတ်စိုက်ဒေသများတွင် မိုးရွာသွန်းမှုမရှိသော်လည်း ၁၀ မိုင်ခန့်သာဝေးသော ချောင်းဦးမြို့နှင့် မုံရွာမြို့မှစ၍အထက်ပိုင်းဟုမ္မလင်းဒေသအထိ သည်းထန်စွာရွာသွန်းခဲ့သော မိုးကြောင့် ပဲစင်းငုံ စတင်စိုက်ပျိုးနေသော ဒေသများ ရေလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ခဲ့သည်။ ယခုတစ်ကြိမ်တည်း သည်းထန်စွာရွာသွန်းမှုကြောင့် စိုက်ပျိုးရေ ဖူလုံမှုရရှိနေပြီဖြစ်ကြောင်း မုံရွာမြို့နယ် ပဲစင်းငုံ အများအပြားစိုက်ရာ လယ်ဇင် ဒေသခံတစ်ဦးထံမှ သိရသည်။

ဇူလိုင် ၁၅ ရက်က နှစ်နာရီကြာ ရွာသွန်းခဲ့သောမိုးသည် မုံရွာမြို့တွင် ၂၀၁၅ ခုနှစ် ဇန်နဝါရီလမှ ဇူလိုင် ၁၅ ရက် ညနေအထိ ကာလအတွင်း ၃ ဒသမ ၁၅ လက်မဖြင့် အများဆုံး ရွာသွန်းခဲ့သော မုံရွာမြို့၏ ပထမဦးဆုံး သည်းထန်စွာရွာသော မိုးအဖြစ် မိုးဇလဌာနက မှတ်တမ်းတင်ထားသည်။ မုံရွာမြို့ပေါ်၌ မိုးစတင်ရွာသွန်းသည့် ညနေ ၇ နာရီဝန်းကျင်တွင် စတင်ဈေးရောင်းကောင်းသော ညဈေးတန်း ဈေးသည်များအနေဖြင့် ဈေးရောင်း ပျက်ခဲ့ရကြောင်း မုံရွာနာရီစင် အနီး နေ့စဉ်ဖွင့်လှစ်ရောင်းချသော ညဈေးတန်း ဈေးသည်များထံမှ သိရသည်။

မုံရွာဒေသ ချောင်းဦးနယ်အထိ မိုးသည်းထန်စွာ ရွာသွန်းခဲ့သော်လည်း ချောင်းဦး၏ အနောက်တောင်ဘက်ရှိ မြောင်မြို့နယ်အစပ်တွင် မိုးရွာသွန်းမှုလုံးဝမရှိခဲ့ကြောင်း ဒေသခံတောင်သူ တစ်ဦးဖြစ်သူ ဦးစိုးမြတ်နှင့် ဆက်သွယ်မေးမြန်းမှုအရ သိရသည်။

အဆိုပါ ဒေသတွင် ယခင်နှစ်ကထက် ငရုတ်စိုက်ပျိုးမှုကို သုံးဆခန့် မြှင့်တင်စိုက်ပျိုးကြမည်ဖြစ်ရာ ပျိုးထောင်စဉ်ကာလ ဖြစ်သောကြောင့် ရေလိုအပ်မှုမရှိသလို ဖရဲ၊ သခွားမွေး စိုက်သူများအနေဖြင့်လည်း စက်တင်ဘာလတွင် ရေလိုအပ်လာမည်ဖြစ်၍ စိုက်ပျိုးရေအတွက် လိုအပ်မှုမရှိသေးကြောင်း သိရသည်။

ရွာသွန်းခဲ့သောမိုးကြောင့် တစ်စုံတစ်ရာပြိုလဲပျက်စီးခြင်းများ မရှိခဲ့သကဲ့သို့ မီးရထားလမ်းတစ်လျှောက် ရေကျော်မှုနှင့် မော်တော်ကားလမ်းများလည်း မည်သည့်အခက်အခဲမျှ မရှိခဲ့ကြောင်း သက်ဆိုင်ရာဌာနများ၏ အတည်ပြုချက်အရ သိရသည်။

**မျိုးဝင်းထွန်း (မုံရွာ)**

# နှမ်း(မိုးကြိုနှမ်း)များ ရမည်းသင်း၌ရိတ်သိမ်းကြပြီ

**ရမည်းသင်း ဇူလိုင် ၁၆**

မန္တလေးတိုင်း ဒေသကြီး ရမည်းသင်းမြို့နယ် အတွင်းရှိ ကျေးလက်ဒေသများတွင် ယခုလ ရာသီနှမ်း(မိုးကြိုနှမ်း)များ ရိတ်သိမ်းနေကြသည်ကို တွေ့ရသည်။

ရမည်းသင်းမြို့နယ် အတွင်း၌ နှမ်းကို နေရာဒေသအနှံ့အပြား စိုက်ပျိုးကြပြီး မြို့နယ်၏အရှေ့ဘက်ခြမ်း ခရိုင်ချင်းဆက်လမ်း လမ်းဘေးဝဲ/ယာတို့တွင် ပို၍အစိုက်များသည်။ ယခင်နှစ်က မိုးလေဝသအနေအထားအရ ဖြစ်ထွန်းမှုမကောင်း၍ နှမ်းထွက်နှုန်းနည်းသော်လည်း ယခုနှစ်တွင် မိုးလေဝသညီမျှ၍ မိုးရွာသွန်းမှုစောသော ဒေသများတွင် ဖြစ်ထွန်းမှုကောင်း၍ နှမ်းထွက်နှုန်းသာသည်ဟု စည်ပင်သာရွာမှ နှမ်းစိုက်တောင်သူတစ်ဦးက ပြောသည်။

နှမ်းကို တစ်မျိုးတည်းသီးခြားစိုက်ပျိုးကြသကဲ့သို့ ပဲတီစိမ်းနှင့်လည်း တွဲ၍စိုက်ပျိုးကြသည်။ ယင်းသို့ တွဲ၍ စိုက်ရာတွင် စိုက်ပေါင်များ၌ ပဲတစ်တန်း၊ နှမ်းတစ်တန်း စိုက်ပျိုးကြခြင်းဖြစ်ကာ ပဲတီစိမ်းမှာ သက်ငယ်မျိုးဖြစ်ပြီး ဦးစွာပဲကောက်၍ရသည်။ ယင်းနောက် ပဲတီစိမ်းကုန်ချိန်တွင် နှမ်းများကိုရိတ်ယူကြသည်။ နှမ်းရိတ် အငှားလိုက်သူတစ်ဦးလျှင် စရိတ်ငြိမ်း ငွေကျပ် ၂၀၀၀ ပေး၍ ငှားရသည်။ အပင်ပြည့် စိုက်ထားသောအကွက်များတွင် တစ်ဧကလျှင် နှမ်းရိတ်သူ လေး၊ ငါး ဦး ငှားရသည်။

နှမ်းပင်များကို ရိတ်သိမ်းပြီးပါက အပင်လိုက်စုစည်းကာ လေး၊ ငါးရက်အခြောက်ပုပ်သည်အထိ ထောင်ထားပြီးမှ နှမ်းကို ခါယူကြရသည်။ ယင်းနောက် ကျန်သော နှမ်းစည်းကိုင်းခြောက်များကို မြေဩဇာအဖြစ် ပြန်လည်အသုံးပြုပြီး လောင်စာရှားသောဒေသများတွင် လောင်စာအဖြစ် အသုံးပြုကြသည်။ နှမ်းများ ရိတ်သိမ်းပြီးနောက်ပိုင်းတွင် ဝါကိုစိုက်ပျိုးကြသည်။

နှမ်းကိုကြိတ်၍ စားသုံးဆီအတွက်သာ အဓိကထားစိုက်ပျိုးကြပြီး ပိုလျှံမှသာ ရောင်းချကြကြောင်း သိရသည်။

**အတ်ကလေး(ရမည်းသင်း)**



## တိုင်းဒေသကြီး ပြည်နယ်အချို့ မိုးကြီးနိုင်

**နေပြည်တော် ဇူလိုင် ၁၆**

ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး (အထက်ပိုင်း)၊ တနင်္သာရီ တိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်သည်။

စစ်ကိုင်း တိုင်းဒေသကြီး (အောက်ပိုင်း)တွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်သည်။ ရခိုင်ပြည်နယ်တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဒေသအလိုက် မိုးကြီးနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ချက်အရ သိရသည်။ **(မြန်မာ့အလင်း)**

# ၂၀၁၅ ခုနှစ် ဇူလိုင် ၁၉ ရက်(၆၈)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကျင်းပစဉ် လမ်းကြောင်းပိတ်ဆို့ထားမှုနှင့် အာဇာနည်ဗိမာန်သို့ ဝင်ရောက်ရမည့်လမ်းကြောင်းသတ်မှတ်

**ရန်ကုန် ဇူလိုင် ၁၆**

(၆၈)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို ရန်ကုန်မြို့ အာဇာနည်ဗိမာန်၌ ၂၀၁၅ ခုနှစ် ဇူလိုင် ၁၉ ရက် နံနက် ၈ နာရီတွင် စတင်ကျင်းပမည်ဖြစ်ရာ ဇူလိုင် ၁၈ ရက် ညနေ ၆ နာရီ အချိန်မှ ဇူလိုင် ၁၉ ရက် ညနေ ၆ နာရီအထိ အောက်ဖော်ပြပါလမ်းကြောင်းများကို ဖြတ်သန်းသွားလာမှု ယာယီပိတ်ဆို့ထားမည်ဖြစ်ပါသည်-







(က) ဦးဝိစာရလမ်းနှင့်အနောက်ရွှေဂုံတိုင်လမ်းဆုံရာမှ အနောက်ရွှေဂုံတိုင်လမ်းအတိုင်း အနောက်ရွှေဂုံတိုင် (၁)လမ်းထိပ်ထိ၊

(ခ) အနောက်ရွှေဂုံတိုင်လမ်းမှ အာဇာနည်လမ်းအတိုင်း ရွှေတိဂုံဘုရားအရှေ့မုခ်စောင်းတန်းအထိ၊

(ဂ) အနောက်ရွှေဂုံတိုင်လမ်းမှအာဇာနည်ဗိမာန်သို့ တက်ရောက်ရာ အုတ်လှေကားလမ်းနှင့် ကျောက်ဆည်မမွာရုံဘေးလမ်းကြောင်းများ။

အာဇာနည်နေ့အခမ်းအနားသို့ တက်ရောက်ရန်ဖိတ်ကြားထားသော ဧည့်သည်တော်များသည် ရွှေတိဂုံတောင်ဘက်မုခ်မှ အာဇာနည်လမ်းအတိုင်း ရွှေတိဂုံအရှေ့ဘက်မုခ်မှတစ်ဆင့် ရွှေတိဂုံမြောက်ဘက်မုခ်ရှိ အာဇာနည်ဗိမာန်ဝင်ပေါက်ဂိတ်(၂)မှဝင်ရောက်ပြီး အနောက်ရွှေဂုံတိုင်လမ်းသို့ ဂိတ်(၃)မှ ပြန်လည်ထွက်ခွာရမည်ဖြစ်ပါသည်။

ဇူလိုင်လ ၁၉ ရက်နေ့ မွန်းတည့် ၁၂ နာရီမှ ညနေ ၅ နာရီအထိ အာဇာနည်ဗိမာန်သို့ အများပြည်သူလာရောက်ဂါရဝပြုနိုင်ရန် ဖွင့်လှစ်ထားမည်ဖြစ်ရာ လာရောက်ကြမည့် ပြည်သူများသည် အနောက် ရွှေဂုံတိုင်လမ်းမှတစ်ဆင့် အနောက်ရွှေဂုံတိုင်လမ်းနှင့် အာဇာနည်လမ်းဆုံရှိ ဂိတ်(၁)မှဝင်ရောက်၍ ဂိတ်(၂)မှတစ်ဆင့် အာဇာနည်လမ်းအတိုင်း ရွှေတိဂုံအရှေ့ဘက်မုခ် စောင်းတန်းသို့ ထွက်ခွာရမည်ဖြစ်ပါသည်။

အာဇာနည်ဗိမာန်နှင့် ဗိုလ်ချုပ်ပြတိုက်သို့ ဝင်ရောက်ဂါရဝပြုကြမည့်သူများသည် လက်ကိုင်အိတ်၊ လက်ဆွဲအိတ်၊ ကင်မရာ၊ လက်ကိုင်ဖုန်းနှင့် ကြိုတင်စစ်ဆေးခံယူမှုမရှိသော ပန်းခွေ၊ ပန်းခြင်းစသည့် လုံခြုံရေးကို ထိခိုက်စေနိုင်မည့်ပစ္စည်းတစ်စုံတစ်ရာ ယူဆောင်ခွင့်မပြုကြောင်း ကြိုတင်အသိပေးကြေညာအပ်ပါသည်။

အာဇာနည်ဗိမာန်နှင့်ဗိုလ်ချုပ်ပြတိုက်သို့ ဝင်/ထွက်ရာ လမ်းကြောင်းနှင့်ဂိတ်များ၌ လုံခြုံရေးအရ ရှာဖွေစစ်ဆေးမှုများကို ပူးပေါင်းကူညီသောအားဖြင့် ကြည်ဖြူစွာ အစစ်ဆေးခံပေးကြပါရန်နှင့် သတ်မှတ်လမ်းကြောင်းမှသာ စည်းကမ်းတကျဝင်ရောက်ထွက်ခွာကြပါရန် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ မေတ္တာရပ်ခံထားကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# မိတ္ထီလာ-ကျောက်ပန်းတောင်း ကားလမ်းမပေါ် မြောင်းရေလျှံတက်မှုကို ရှင်းလင်းဆောင်ရွက်



မိတ္ထီလာ ဇူလိုင် ၁၆

**မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် အောင်ဆန်းရပ်ကွက်နယ်မြေ မိတ္ထီလာတက္ကသိုလ်အနီး မိတ္ထီလာ-ကျောက်ပန်းတောင်း ကားလမ်းမပေါ်တွင် လွန်ခဲ့သည့် ခုနစ်ရက်ကျော်ခန့်မှစတင်ပြီး မြောင်းရေလျှံတက်မှုများဖြစ်ခဲ့ရာ ဖြတ်သန်းသွားလာသည့် ဒေသခံပြည်သူများနှင့် ခရီးသွားပြည်သူများသည် သွားလာရေးအတွက် များစွာအခက်အခဲတွေ့ခဲ့သည်။**

ဇူလိုင် ၁၅ ရက် ညနေပိုင်းနှင့် ဇူလိုင် ၁၆ ရက် နံနက်ပိုင်းကစတင်ပြီး ကားလမ်းမ ရေကျော်သည့် နေရာအနီးတွင် ရေစုကန်တူး၍ လျှံတက်သည့် မြောင်းရေများကို တာဝန်ရှိသူများက စက်ဖြင့် စုပ်ထုတ်ရှင်းလင်းဆောင်ရွက်ကြသည်။

"မိုးအဆက်မပြတ် ရွာသွန်းတာကြောင့် ကားလမ်းမပေါ်မြောင်းရေလျှံတက်တာပါ။ အရင်က မိုးရွာသွန်းချိန်ဆို ဒီရေတွေက မိတ္ထီလာတက္ကသိုလ်ထဲက ကန်ထဲကိုစီးဝင်တော့ လမ်းမပေါ် ရေမလျှံတက်ပါဘူး။ မိတ္ထီလာတက္ကသိုလ်ကန်ထဲမှတစ်ဆင့် ပညာရေးကောလိပ် ရေမြောင်းထဲကို စီးဝင်ပြီး အဲဒီကမှ ပေါက်ချောင်းရပ်ကွက် ဗေဒါကန်(ရေဆိုးကန်)ထဲကို စီးဝင်တာပါ။

"အခုတော့ မိတ္ထီလာတက္ကသိုလ်ကန်ထဲ ဒီရေတွေစီးဝင်ခွင့်မရှိအောင် လုပ်ထားတာမို့ လမ်းပေါ်ရေလျှံတာပါ။ လက်ရှိတော့ ပေ ၁၁၀၀ ကျော် လောက်ကွာဝေးတဲ့ မိတ္ထီလာပညာရေးကောလိပ်အနီး မြောင်းထဲကို ရေပိုက်သွယ်တန်းပြီး စုပ်ထုတ်ရှင်းလင်းနေတယ်။ ရေလျှံတဲ့လမ်းမဘေးမှာ ရေစုကန်ငယ်ကို စက်နဲ့တူးပြီး အဲဒီကနေတစ်ဆင့် စက်နဲ့စုပ်ထုတ်တာပါ။ မိုးနောက်ထပ်ရွာရင်တော့ မလွယ်သေးဘူး။ လက်ရှိအခြေအနေကိုလည်း မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီးအဆင့်ဆင့် တာဝန်ရှိသူတွေထံ တင်ပြထားပါတယ်"ဟု မြို့နယ်စည်ပင်သာယာရေး ကော်မတီဝင် သန့်ရှင်းရေးဌာနစိတ်မှ ဦးညီညီအောင်က ပြောသည်။

ယခင်က မိတ္ထီလာတက္ကသိုလ်အနီး မိတ္ထီလာ-ကျောက်ပန်းတောင်း ကားလမ်းတစ်ဖက်ရှိ အောင်ဆန်းနယ်မြေရပ်ကွက် လူနေအိမ်များမှ စွန့်ပစ်သည့်ရေဆိုးများသည် မိတ္ထီလာတက္ကသိုလ်ကန်အတွင်းသို့ စီးဝင်ခဲ့ပြီး ယင်းကန်ထဲတွင် ရေဆိုးများ ပြည့်လျှံများပြားလာချိန်တွင် အနံ့ဆိုးများထွက်၍ လမ်းသွားလမ်းလာများ နေ့စဉ်ရှူရှိုက်နေခဲ့ရသည်။ ထို့ကြောင့် မိတ္ထီလာတက္ကသိုလ်ကန်ထဲသို့ စွန့်ပစ်ရေဆိုးများ ထပ်မံဝင်ရောက်ခြင်းမရှိစေရန် ဆောင်ရွက်ထားခြင်းဖြစ်ကြောင်း တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာ ကိုကိုကျော်စိုးက ပြောသည်။

"မိတ္ထီလာတက္ကသိုလ် ရေကန်က ရေသေကန်ဖြစ်ပါတယ်။ ဒီကနေ ဘယ်မှမစီးဆင်းသွားဘူး။ တစ်လောက ကန်ထဲကို ရပ်ကွက်အတွင်းက စွန့်ပစ်ရေဆိုးတွေ ဝင်ရောက်စီးဆင်းတာ ပြည့်လျှံတော့ အနံ့ဆိုးတွေ ထွက်လာတယ်။ အဲဒါကို ပေ ၁၀၀၀ လောက်ကွာဝေးတဲ့ ကျောင်းဧရိယာ နေရာတစ်ခုဆီ ရေပိုက်သွယ်တန်းပြီး အင်ဂျင်စက်နဲ့ စုပ်ထုတ်ရှင်းလင်းပစ်ရတယ်။ ဒါကြောင့် ရပ်ကွက်ထဲက စွန့်ပစ်ရေဆိုးတွေ မိတ္ထီလာတက္ကသိုလ်ရေကန်ထဲ စီးဝင်မခံတော့တာပါ။ အမှန်က ကျောင်းရှေ့အနီးရပ်ကွက်ထဲမှာ စားသောက်ဆိုင်တွေ၊ လူနေအိမ်တွေ၊ ဘော်ဒါဆောင်တွေက စွန့်ပစ်တဲ့ရေဆိုးတွေကို စနစ်တကျ စွန့်ပစ်တဲ့ရေဆိုးထုတ်မြောင်း ပြုလုပ်ပေးရမှာဖြစ်ပါတယ်။ အဲဒီလို ရေဆိုးထုတ်မြောင်း အကောင်အထည်ဖော်မယ်ဆိုရင် ကျွန်တော့်အနေနဲ့လည်း လူအင်အားရော၊ အတတ်ပညာရှင်အားရော၊ လိုအပ်ရင်မော်တော်ယာဉ်ပါစိုက်ထုတ် ဝိုင်းဝန်းကူညီဖို့ အဆင်သင့်ပါ"ဟု မိတ္ထီလာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ ကိုကိုကျော်စိုးက ပြောသည်။

မိတ္ထီလာတက္ကသိုလ် ရေကန်အတွင်းမှ ရေဆိုးများ မိတ္ထီလာပညာရေးကောလိပ် ဧရိယာအတွင်း ဝင်ရောက်စီးဆင်းမှု မရှိကြောင်း ယင်းကောလိပ်မှ ကျောင်းအုပ်ဆရာကြီး ဦးဗိုလ်မြင့်က ပြောသည်။

မိတ္ထီလာတက္ကသိုလ် ရေကန်ဘက်က ရေဆိုးတွေပညာရေး ကောလိပ်အတွင်းကို ဝင်ရောက်စီးဆင်းသွားတာမျိုးမရှိပါဘူး။ ကျွန်တော်တို့ ပညာရေးကောလိပ်က စွန့်ပစ်ရေတွေကိုလည်း ကျောင်းရှေ့ ရေဆိုးထုတ်မြောင်းထဲက ပိုက်ကြီးကတစ်ဆင့် စွန့်ထုတ်တာပါ။ အဲဒီပိုက်ကြီးက ရေလျှံတက်ရင်တော့ လမ်းပေါ်ရေလျှံတက်တတ်တယ်။ ကျွန်တော်ကတော့ အဲဒါမျိုးရေလျှံတက်ရင် စည်ပင်ကို ချက်ချင်းအကြောင်းကြား ဆောင်ရွက်ပါတယ်"ဟု ၎င်းက ဆက်လက်ပြောပြသည်။

အဆိုပါ မိတ္ထီလာ-ကျောက်ပန်းတောင်း ကားလမ်းမပေါ်တွင် မြောင်းရေလျှံတက်နေမှုမှာ လွန်ခဲ့သည့် ခုနစ်ရက်ခန့်က မိုးနေ့စဉ်ရွာသွန်းချိန်ကစ၍ ဖြစ်ပေါ်နေခဲ့ပြီး ဖြတ်သန်းသွားလာသူများ နေ့စဉ်အခက်တွေ့လျက်ရှိကြောင်း မြောင်းရေလျှံသည့် လမ်းမအနီး ဈေးဆိုင်ဖွင့်လှစ်ရောင်းချနေထိုင်သူ အမျိုးသမီးတစ်ဦးက ပြောသည်။

"ခုနစ်ရက်လောက် ကြာသွားပြီ။ အရင်တုန်းက မိုးရွာလို့လမ်းပေါ်မှာ ရေလျှံရင် မိတ္ထီလာတက္ကသိုလ် ရေကန်ထဲ စီးဝင်သွားတာ အခုတော့ စီးဝင်မခံတော့ဘူး။ လမ်းဘေး ရေလျှံတက်တဲ့ဘေးနားမှာ လျှပ်စစ်ထရန်စဖော်မာတစ်လုံးလည်း ရှိတယ်။ ပြီးခဲ့တဲ့ရက်တွေက အဲဒီထရန်စဖော်မာ အုတ်ခုံတစ်ဝက်လောက် ရေတက်တယ်။ တချို့ကတော့ ရပ်ကွက်အတွင်း ကြားလမ်းတွေကဝင်ပြီး မော်တော်ဆိုင်ကယ်တွေ ရှောင်ကွင်း မောင်းနှင်ကြတယ်"ဟု ၎င်းက ဆက်လက်ပြောပြသည်။

မိတ္ထီလာ-ကျောက်ပန်းတောင်း ကားလမ်းမပေါ်တွင် အလျားပေ ၂၀၀ ခန့် ရှည်လျားသည့် မြောင်းရေလျှံတက်မှုကို မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဦးမျိုးလှိုင်၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြတ်နိုးသူ ဆောက်လုပ်ရေးကုမ္ပဏီနှင့် တာဝန်ရှိသူများပူးပေါင်း၍ ရှင်းလင်းဆောင်ရွက်လျက် ရှိကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

## စားသုံးသူအကာအကွယ်ပေးရေး ဥပဒေအကြောင်းဟောပြော

**မင်းလှ ဇူလိုင် ၁၆**

မြို့နယ် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ကော်မတီနှင့် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော စားသုံးသူအကာအကွယ်ပေးရေး ဥပဒေအကြောင်း ရှင်းလင်းဟောပြောပွဲကို သာယာဝတီခရိုင် မင်းလှမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ ဇူလိုင် ၁၅ ရက် နံနက် ၉ နာရီခွဲက ကျင်းပသည်။

ဟောပြောပွဲတွင်ခရိုင်ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနဦးစီးမှူး ဦးညွန့်သန်းက စားသုံးသူ၏အခွင့်အရေးနှင့် တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၏ အခွင့်အရေးနှင့် တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်များအတွက် တားမြစ်ချက်များ၊ စားသုံးရန်မသင့်သော မုန့်မျိုးစုံများအကြောင်းကို ရှင်းလင်းဟောပြောသည်။

ဟောပြောပွဲတွင် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများ၊ ကျန်းမာရေး၊ ပညာရေး၊ စည်ပင်သာယာရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက မြို့မဈေးရှိ မုန့်ဆိုင်ကြီးများနှင့် ကျောင်းမုန့်ဈေးတန်းဆိုင်များကို သွားရောက်စစ်ဆေးပြီး အန္တရာယ်ဖြစ်စေတတ်သော မုန့်များနှင့် ပတ်သက်၍ အသိပညာပေးလက်ကမ်းစာစောင်များ ဝေငှပေးခဲ့သည်။

**ပေါက်စ(ပြန်/ဆက်)**

## ဇူလိုင် ၁၆ ရက် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

၂၀၁၅ ခုနှစ်၊ ဇူလိုင် ၁၆ ရက်၊ ကြာသပတေးနေ့ ဈေးပိတ်ချိန် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

| စဉ် | အမျိုးအစား | ထွက်ရှိရာဒေသ | ယူနစ် | ဈေးကွက် | ဈေးနှုန်း(ကျပ်) ပျမ်းမျှ အနိမ့်ဆုံးမှ အမြင့်ဆုံး |
|---|---|---|---|---|---|
| ၁ | ပေါ်ဆန်း(ဆန်) | နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်၊ ရွှေဘို) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၃၃၅၀၀ မှ ၄၄၅၀၀ **မှတ်ချက် - ဆန်ဈေးနှုန်းငြိမ်နေပါသည်** |
| ၂ | ဇီရာ/ဧည့်မထ(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၇၀၀၀ မှ ၂၀၇၀၀ |
| ၃ | ငစိန်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၉၅၀၀ မှ ၂၁၅၀၀ |
| ၄ | မြီးတို(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၇၀၀၀ မှ ၂၈၅၀၀ |
| ၅ | ဆင်းသွယ်လတ်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၁၅၀၀ မှ ၂၂၀၀၀ |
| ၆ | ကောက်ညှင်း(ဆန်) | ဘိုကလေး | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၈၅၀၀ မှ ၂၃၀၀၀ |
| ၇ | မတ်ပဲ (FAQ)(ပဲ) | | တစ်တန် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၃၆၆၀၀၀ |
| ၈ | နှမ်းညို(နှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၈၄၀၀၀ မှ ၈၅၀၀၀ |
| ၉ | နှမ်းဖြူ(နှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၉၅၀၀၀ မှ ၁၀၀၀၀၀ |
| ၁၀ | နှမ်းနက်(နှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၁၁၀၀၀၀ မှ ၁၅၀၀၀၀ |
| ၁၁ | ကြက်သွန်နီ | ဆိပ်ဖြူ၊ မုံရွာ | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၅၀၀ မှ ၉၀၀ |
| ၁၂ | ကြက်သွန်ဖြူ | ကြူကုတ် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၉၆၀ မှ ၂၀၀၀ |
| ၁၃ | ကြက်သွန်ဖြူ | အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၉၀၀ မှ ၂၅၅၀ |
| ၁၄ | အာလူး | ဟဲဟိုး၊ အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၃၃၀ မှ ၈၆၀ |
| ၁၅ | ကျွဲကောသီး | မော်လမြိုင် | တစ်လုံး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၈၀၀ မှ ၂၈၀၀ |
| ၁၆ | သရက်သီး(ရင်ကွဲ) | | တစ်တောင်း | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၁၁၀၀၀ မှ ၁၈၀၀၀ |
| ၁၇ | သရက်သီး (စိန်တလုံး) | | တစ်ဖာ | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၁၂၀၀၀ မှ ၁၉၀၀၀ |
| ၁၈ | နဂါးမောက်သီး | | တစ်ခြင်း | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၁၂၀၀၀ မှ ၁၆၀၀၀ |
| လယ်ယာစိုက်ပျိုးရေးနှင့် ဈေးကွက်သတင်းအချက်အလက်အဖွဲ့ (AMIT) မှ ပေးပို့သည်။ | | | | | |

## ကန့်ဘလူမြို့နယ်တွင် မိုးသည်းထန်စွာရွာသွန်း ချောင်းရေမြင့်တက်မှုနှင့် ရေလျှံမှုများဖြစ်

**ကန့်ဘလူ ဇူလိုင် ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်၌ ဇူလိုင် ၁၅ ရက် ညပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပင့်သာတိုက်နယ် အင်းမကျေးရွာအုပ်စု ပင်းတဲကျေးရွာအနီးရှိ မင်းပြင်ဆည်၏ ရေသိုလှောင်ပမာဏမှာ ၆၇၇ ပေဖြစ်ပြီး ဇူလိုင် ၁၆ ရက် နံနက် ၁၁ နာရီခန့်တွင် ၆၇၈ ဒသမ ၈ ပေ မြင့်တက်လာကြောင်း သိရသည်။

ထို့အတူ ပေကုန်း(တ)ကျေးရွာအုပ်စု ချောင်းကြားကျေးရွာအနီး ချောင်းကြားချောင်းရေမှာလည်း ခြောက်ပေခန့်ရှိလာသဖြင့် ယာဉ်များဖြတ်သန်းသွားလာနိုင်မှုမရှိကြောင်း သိရသည်။

ကန့်ဘလူမြို့နယ် ဇော်ချောင်းဘူတာနှင့် ကံကြီးဘူတာကြား မိုင်တိုင်အမှတ် (၅၂၀/၁) နှင့်(၅၂၀/၁၁) ကြားတွင် ၁၄ လက်မခန့်၊ ချပ်သင်းဘူတာနှင့် ကံကြီးဘူတာကြား မိုင်တိုင်အမှတ် (၅၁၈/၁၃)နှင့် (၅၁၈/၁၇) ကြားတွင် သုံးလက်မခန့် မီးရထားသံလမ်းပေါ်တွင် ရေကျော်နေသောကြောင့် ကောလင်းဘက်မှလာသော အမှတ်(၄၆) အစုန်ကောလင်းရထားသည် ဇော်ချောင်းဘူတာ၌ ဇူလိုင် ၁၆ ရက် နံနက် ၇ နာရီတွင် လည်းကောင်း၊ မန္တလေးဘက်မှလာသော အမှတ် (၄၁) အဆန်အမြန်ရထားသည် ချပ်သင်းဘူတာ၌ ဇူလိုင် ၁၆ ရက် နံနက် ၇ နာရီခွဲတွင် လည်းကောင်း ရပ်တန့်ထား၍ ဇော်ချောင်းရဲကင်းနှင့်ချပ်သင်းရဲစခန်းတို့မှ ရဲအုပ်၊ တပ်ကြပ်ကြီးနှင့် တပ်ဖွဲ့ဝင်များက ခရီးသွားပြည်သူများအတွက် လုံခြုံရေး စောင့်ရှောက်ပေးလျက်ရှိသည်။

ချပ်သင်းကျေးရွာ မြို့မရပ်ကွက် အရှေ့ဘက်ကပ်လျက်ရှိ ဆိုင်ချောင်းရေလျှံ၍ ရပ်ကွက်အတွင်း သုံးပေခန့်ရေများဝင်ရောက်လျက်ရှိရာ ကန့်ဘလူမြို့မှ တာဝန်ရှိသူများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့နှင့် အရန်တပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ ချပ်သင်းကျေးရွာရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ ပူးပေါင်း၍ ကူညီစောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ ရေကြီးမှုကြောင့် လူနှင့် တိရစ္ဆာန်များ ထိခိုက်ပျက်စီးဆုံးရှုံးမှုမရှိကြောင်းနှင့် ယင်းနေ့ ကန့်ဘလူမြို့၏ မိုးရေချိန်သည် ၄ ဒသမ ၆၂ လက်မ ရှိကြောင်း မြို့နယ်မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနရုံးမှ သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# မြောက်ဥက္ကလာပဆေးရုံကြီးဝင်းအတွင်းရှိ ခုတင် ၄၀၀ ဆံ့ ငါးထပ်ဆောင်သစ်ကို စက်တင်ဘာလဆန်း၌ ဖွင့်လှစ်မည်

ရန်ကုန် ဇူလိုင် ၁၆

**မြောက်ဥက္ကလာပဆေးရုံကြီးဝင်းအတွင်းရှိ ငွေကျပ်သိန်း ၅၀၀၀၀ အကုန်အကျခံဆောက်လုပ်ထားသည့် ခုတင် ၄၀၀ ဆံ့ ငါးထပ်ဆောင်သစ် အဆောက်အအုံမှာ ၉၉ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သောကြောင့် လာမည့် စက်တင်ဘာလဆန်း၌ ဖွင့်လှစ်တော့မည်ဖြစ်သည်။**

အဆိုပါ ငါးထပ်ပင်မဆောင် အသစ်မှာ ပေ ၇၀၊ ပေ ၂၅၀ ရှိပြီး ဗဟိုလေအေးပေးစနစ် ပါဝင်ကာ အဆင့်မြင့် ခေတ်မီပုံစံဒီဇိုင်းဖြင့် ဆောက်လုပ်ထားသည်။ အဆောင်သစ်တွင် အဆင့်မြင့်ဓာတ်လှေကား သုံးစင်းပါဝင်ပြီး နိုင်ငံရပ်ခြားရှိ ဆေးရုံများမှ Guide line များကို လေ့လာကာ ဆောက်လုပ်ထားခြင်းဖြစ်ကြောင်း သိရသည်။

မြောက်ဥက္ကလာပ ဆေးရုံကြီး ဝင်းအတွင်းရှိ ငါးထပ်ဆောင်သစ် ဆောက်လုပ်လှူဒါန်းသော တော်ဝင်မိသားစုကုမ္ပဏီလီမိတက်မှ ဥက္ကဋ္ဌ ဦးကိုကိုထွေးက "မိတ်ဆွေဆရာဝန်များရဲ့ လိုအပ်ချက်ကြောင့် မြောက်ဥက္ကလာပဆေးရုံကြီးကို သွားရောက်လှူဒါန်းခဲ့တာ များပါပြီ။ အခု ဒီအဆောင်သစ်ကတော့ ယခင် သီတာဆောင်ဘေးက ကန်စွန်းခင်းကို မြေဖို့ပြီး ကျွန်တော့်ဘာသာ အဆောက်အအုံသစ် ဆောက်လုပ်လှူဒါန်းလိုက်တာပါ။ ဆရာဝန်တွေခမျာ ဆေးရုံအတွင်း တစ်နေရာကနေ တစ်နေရာကို ခက်ခက်ခဲခဲ သွားရောက်ကုသနေရတယ်။ အဆောင်သစ်အတွက် NGO GRAM နှလုံးသွေးကြောဓာတ်မှန်ကိုတော့ နိုင်ငံတော်က ပေးအပ်ထားပါတယ်။ အဆောင်သစ်အဆောက်အအုံနဲ့ ကျန်တဲ့ ကျန်းမာရေးပစ္စည်းများကတော့ လူနာများ ကောင်းမွန်စွာ ဆေးကုသနိုင်ရေးနဲ့ အကျိုးရှိစေရေးအတွက် ကျွန်တော်တို့ တော်ဝင်မိသားစုက လှူဒါန်းတာပါ" ဟု ပြောပြသည်။

ဆေးရုံအဆောင်သစ်တွင် ကျန်းမာရေး ကုသဆောင်ရွက်သွားမည့် အစီအစဉ်အရ မြေညီထပ်၌ အထူးကုပြင်ပလူနာဌာနနှင့် အရေးပေါ် ဆေးကုသမှုများအနေဖြင့် ကျောက်ကပ်ရောဂါ၊ အစာအိမ်နှင့် အူလမ်းကြောင်းရောဂါများအတွက် ကုသရန်စီစဉ်ထားပြီး ပထမထပ်၌ နှလုံးခွဲစိတ်ဆောင်နှင့် နှလုံးခွဲစိတ်ခန်းကို ထားရှိမည်ဖြစ်သည်။ ဒုတိယထပ်၌ CATHLAB (နှလုံးရောဂါနှင့်ပတ်သက်သည့် ဆေးကုသမှုများ)နှင့် CCU (နှလုံးအထူးကြပ်မတ်ဆောင်)များ ထားရှိမည်ဖြစ်ပြီး တတိယထပ်၌ နှလုံးဆေးကုသဆောင်နှင့် ရင်ခေါင်းဆေးကုသဆောင်ထားရှိမည်ဖြစ်ကာ အပေါ်ဆုံးထပ်၌ သွေးရောဂါကုဌာနနှင့် သွေးကင်ဆာရောဂါအတွက် ရိုးတွင်းခြင်ဆီ အစားထိုးရောဂါကုဌာန ထားရှိမည်ဖြစ်သည်။ ယခင် သီတာဆောင်မှ သွေးရောဂါကုဌာနနှင့် နှလုံးရောဂါကုဌာနတို့ကို အသစ်ဆောက်လုပ်ထားသည့် ငါးထပ်ဆောင်သစ်သို့ ပြောင်းရွှေ့သွားမည်ဖြစ်ပြီး သီတာဆောင်၌ အခြားရောဂါကုဌာနများကို ထားရှိမည်ဖြစ်သည်။



မြောက်ဥက္ကလာပဆေးရုံကြီးမှ ဆေးရုံအုပ် ဒေါက်တာဒေါ်သန်းလှက "လက်ရှိဆေးရုံမှာ အတွင်းလူနာကတော့ ဓာတ်ခွဲ၊ ဓာတ်မှန်အခြေခံ ရှစ်မျိုးကို အခမဲ့ဆောင်ရွက်ပေးနေပါတယ်။ ပြင်ပလူနာကတော့ မဆောင်ရွက်နိုင်သေးပါဘူး။ တော်ဝင်ဖွံ့ဖြိုးရေးဖောင်ဒေးရှင်းက လှူဒါန်းမယ့် ငါးထပ်ဆောင်ကတော့ လူနာများအတွက် အများကြီး အကျိုးကျေးဇူးရရှိစေမှာ ဖြစ်ပါတယ် " ဟု ပြောသည်။

မြောက်ဥက္ကလာပ ဆေးရုံကြီး အတွင်း ပင်မဆေးကုသဆောင် စုစုပေါင်း အဆောင်ရှစ်ဆောင်ရှိပြီး ရုံးခန်းအပါအဝင် အဆောင်ကိုးဆောင်ရှိနေကြောင်း သိရကာ သီတာဆောင်နှင့် အသစ်ဆောက်လုပ်ထားသည့် ငါးထပ်ဆောင်လည်း ပါဝင်လာမည် ဖြစ်သည်။

ဆေးရုံကြီး၌ နေ့စဉ် အတွင်းလူနာဦးရေ ၉၀၀ ကျော်ရှိနေပြီး ပြင်ပလူနာ ၆၀၀ ကျော်ရှိနေကြောင်း၊ ပြီးခဲ့သည့်နှစ်က နေ့စဉ် အတွင်းလူနာဦးရေ ၇၀၀ ကျော်ရှိခဲ့ကြောင်းနှင့် ပြင်ပလူနာ ၅၀၀ ဝန်းကျင်ရှိခဲ့သဖြင့် လာရောက်ကုသကြသည့် လူနာဦးရေ ပိုမိုများပြားလာကြောင်း၊ မြောက်ဥက္ကလာပဆေးရုံကြီးအတွင်းရှိ ငါးထပ်ပင်မဆောင်အသစ်ကို ၂၀၁၄ ခုနှစ် အောက်တိုဘာလက စတင်ဆောက်လုပ်ခဲ့ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-စိုးဝင်း(SP)**

# လေးမျက်နှာမြို့နယ်အတွင်း ကျောက်စရစ်ထုတ်ယူနေမှုများ တားဆီးပေးရန် ဒေသခံများလိုလား

**လေးမျက်နှာ ဇူလိုင် ၁၆**

ဧရာဝတီတိုင်း ဒေသကြီး ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ် အနောက်ခြမ်း ဘဲပြားကုန်းရှိ တောင်ကုန်းများနှင့် လဲခုံလေးချောင်းရိုးအတွင်း ကျောက်စရစ်များ ထုတ်ယူနေမှုကြောင့် တောင်ကုန်းများပျက်စီးသွားခြင်း၊ ချောင်းများ၊ ရိုးများအတွင်း ရေများ နောက်ကျိနေခြင်း၊ သဘာဝတောတောင်များ ပျက်စီးနေခြင်း၊ လမ်းများ ခြံစည်းရိုးခတ် ကာရံထားခြင်းများကြောင့် ဒေသခံများ သွားလာရေးခက်ခဲခြင်း၊ ရေများ သုံးမရအောင် နောက်ကျိနေခြင်း၊ တောတောင်များ ပျက်စီးခြင်း၊ ကျွဲနွားများ လွတ်ကျောင်းမရခြင်းများကြောင့် ဒေသခံများက အမြန် တားဆီးပေးစေလိုကြောင်း သိရသည်။

"ကျွန်တော်တို့ ဘဲပြားကုန်း အနောက်ဘက်က တောင်ကုန်းတွေကို ခြံစည်းရိုးခတ်ပြီး တောင်တွေကနေ ကျောက်စရစ် ထုတ်နေတာကြောင့် သစ်တောတွေ၊ တောင်တွေ ပျက်စီးတယ်၊ ခြံစည်းရိုးတွေ ခတ်ထားတာကြောင့် ကျွဲ၊ နွားတွေ လွတ်ဖို့တောင် ခက်နေပါတယ်" ဟု ဘဲပြားကုန်းရွာမှ ဦးဝင်းတင်က ပြောပြသည်။

"ကျွန်တော်တို့ လဲခုံလေးချောင်းရိုးအထက်မှာ ကျောက်စရစ်တွေ စက်တွေအများကြီးနဲ့ ထုတ်လုပ်နေတဲ့အတွက် အောက်ကရွာတွေ ရေတွေ နောက်နေပါတယ်။ နွားတွေရေတောင် သောက်လို့မရပါဘူး၊ ကျွန်တော်တို့ဒေသက ဒီချောင်းတွေကိုပဲ အားထားနေရပါတယ်။ အထက်မှာ ချောင်းကနက်နေပြီး အောက်မှာက သောင်ကုန်းကြီးတွေ ဖြစ်နေပါပြီ။ ဒါတွေကို သက်ဆိုင်ရာက အမြန်ဆုံးတားဆီးပေးစေချင်ပါတယ်။ ဆက်လက်လုပ်နေရင်တော့ ဒေသခံတွေ စုပေါင်းလက်မှတ်ထိုးပြီး ဝန်ကြီးချုပ်ထံ တင်ပြသွားမှာပါ" ဟု ဒေသခံများက ပြောပြပြီး သဘာဝတောတောင်များ မပျက်စီးရေးအတွက် သက်ဆိုင်ရာသို့ ဆက်လက်တင်ပြသွားမည်ဖြစ်ကြောင်း သိရသည်။ **(၀၇၅)**

# ကောလင်းမြို့နယ်၌ စိုက်ပျိုးစရိတ်ချေးငွေ ကျပ်သန်း ၇၀၀၀ ကျော် ထုတ်ချေးရန် လျာထား

**ကောလင်း ဇူလိုင် ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း တောင်သူများအား မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေ ကျပ်သန်း ၇၀၀၀ ကျော် ထုတ်ချေးရန်လျာထားပြီး ဇူလိုင် ၁၅ ရက်အထိ ငွေကျပ် ၄၂၃ သန်းကျော်ကို တောင်သူ ၇၈၁ ဦးအား ထုတ်ချေးပြီးဖြစ်သည်။

စပါးစိုက်တောင်သူများကိုလည်း ယာပုံစံ(၇)ရှိပါက စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးမည်ဖြစ်ပြီး တောင်သူများအနေဖြင့် စိုက်ပျိုးစရိတ်ချေးငွေများကို လယ်ယာလုပ်ငန်းများတွင်သာ စနစ်တကျသုံးစွဲသွားရန်နှင့် ချေးငွေများကို သတ်မှတ်ကာလအတွင်း ပြန်လည်ပေးဆပ်သွားရန် လိုအပ်မည်ဖြစ်ကြောင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တာဝန်ရှိသူတစ်ဦးက တောင်သူများအား ရှင်းလင်းပြောကြားခဲ့သည်။ **ကိုကိုမောင်(ကောလင်း)**

## ရွေးကောက်ပွဲဆိုင်ရာ ပညာပေးသင်တန်းဖွင့်

**သုံးခွ ဇူလိုင် ၁၆ -** ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၏ ရပ်ကွက်၊ ကျေးရွာအဖွဲ့ခွဲဝင်များ ရွေးကောက်ပွဲဆိုင်ရာ ပညာပေးသင်တန်းဖွင့်ပွဲကို ဇူလိုင် ၁၆ ရက် နံနက် ၉ နာရီခွဲက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တောင်ပိုင်းခရိုင် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဝင် ဦးဖြူညွန့်က အမှာစကားပြောကြားပြီး မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးဇော်ဝိတ်က ပညာပေးသင်တန်းအစီအစဉ်များနှင့် ဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ယင်းသင်တန်းကို ဇူလိုင် ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် မဲဆန္ဒနယ်မြေ(၁)၊ မဲဆန္ဒနယ်မြေ(၂)တို့မှ ရပ်ကွက်၊ ကျေးရွာကော်မရှင်အဖွဲ့ခွဲဝင်များအား အုပ်စုနှစ်စုခွဲ၍ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်များက ရှင်းလင်းဆွေးနွေးပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **(၀၂၈)**




## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် AA/3098 NISSAN AD VY 11 S/W(4x2)® ယာဉ်လက်ဝယ်ရှိသူ ဦးစိုးစိုး ၁၂/လမတ(နိုင်)၀၁၁ ၃၂၂၈ (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် ၂ဃ/၄၈၇၁၊ Toyota Crown S/L(4x2) ယာဉ်လက်ဝယ်ရှိသူ ဦးဟန်ဝင်းအောင် ၁၂/သဃက(နိုင်) ၁၆၂၃၆၀က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ကန့်ကွက်နိုင်ပါကြောင်း

ဗန်းမော်မြို့၊ (၃)မိုင်ရွှေပြည်သာရပ်ကွက်ရှိ မြေကွက်အမှတ် ၉၉၀၊ မြေကွက်ကို ဦးကျော်လွင် (ပီဂျီယူ-၀၆၁၅၅၀)အမည်ဖြင့် မြေပေးမိန့်ရရှိထားပါသည်။ ယင်းမြေကွက်ကို ဗန်းမော်မြို့၊ သာစည်ရပ်ကွက်နေ ဦးကျော်ဇေယျ ၁၂/ဗဟန(နိုင်)၀၀၃၈၀၈ က အရပ်ကတိစာချုပ်ဖြင့် တစ်ဆင့်ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ အဆိုပါမြေကွက်ကို ဦးကျော်ဇေယျအမည်သို့ တရားဝင်အမည်ပေါက်အောင် ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် စပ်လျဉ်း၍ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ပိုင်ရေးပိုင်ခွင့်ရှိသူမည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ဤကြော်ငြာပါသည့် ရက်မှ ၁၄ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက ဦးကျော်ဇေယျ ဝယ်ယူထားသော မြေကွက်အမှတ် ၉၉၀နှင့် ပတ်သက်၍ အမည်ပေါက်ဆောင်ရွက်ခြင်းကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဝင်းဇော်(LL.B)တရားလွှတ်တော်ရှေ့နေ(စဉ်-၅၆၆၅)**
**သာစည်ရပ်(၃၆၅)၊ ဗန်းမော်မြို့။ ဖုန်း-၀၉-၆၄၂၂၁၇၂**

# အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်းအား အင်ဒိုနီးရှားသံအမတ်ကြီး ဦးဆောင်သည့်အဖွဲ့ လာရောက်တွေ့ဆုံ



**နေပြည်တော် ဇူလိုင် ၁၆**

အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်းအား ယနေ့နံနက် ၁၀ နာရီတွင် အမျိုးသားလွှတ်တော်ရေးရာဆောင် (I-20) ၌ မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားသံအမတ်ကြီး H.E. Dr. Ito Sumardi ဦးဆောင်၍ Principat of Indonesia International School Yangon (IISY) မှ ကျောင်းအုပ်ကြီးနှင့်အဖွဲ့ လာရောက်တွေ့ဆုံသည်။ **(ယာပုံ)**

အဆိုပါ တွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့်အတူ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ ဦးခင်မောင်ရီ၊ နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်းချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီဥက္ကဋ္ဌ ဦးညွန့်တင်၊ ပြည်သူ့ငွေစာရင်းကော်မတီအဖွဲ့ဝင် ဦးနုနှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ပုဂ္ဂလိကပညာရေး ဥပဒေကြမ်းနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

# မစ္စတာ မက်ဝဲလ်ရန်ဂါအား ဇင်ဘာဘွေသံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်ရန် သဘောတူ

**နေပြည်တော် ဇူလိုင် ၁၇**

ဇင်ဘာဘွေသံအမတ်ကြီး မစ္စတာ မက်ဝဲလ်ရန်ဂါအား နယူးဒေလီမြို့တွင် အခြေစိုက်သည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ဇင်ဘာဘွေနိုင်ငံ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရမှ သဘောတူပြီး ဖြစ်သည်။

မစ္စတာ မက်ဝဲလ်ရန်ဂါကို ၁၉၆၁ ခုနှစ်တွင် မွေးဖွားသည်။ အင်္ဂလန်နိုင်ငံ မန်ချက်စတာတက္ကသိုလ်မှ ၁၉၉၆ ခုနှစ်တွင် လူ့စွမ်းအားအရင်းအမြစ်လေ့လာခြင်းဆိုင်ရာ ဒီပလိုမာဘွဲ့ကိုလည်းကောင်း၊ ၁၉၉၈ ခုနှစ်တွင် လူ့စွမ်းအားအရင်းအမြစ်လေ့လာခြင်းဆိုင်ရာ မဟာသိပ္ပံဘွဲ့ကိုလည်းကောင်း ရရှိခဲ့သည်။ တရားရေး၊ ဥပဒေရေးရာနှင့် လွှတ်တော်ရေးရာဝန်ကြီးဌာန၏ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာနတွင် ၂၀၀၁ ခုနှစ်မှ ၂၀၀၄ ခုနှစ်အထိ အတွင်းဝန်အဖြစ်လည်းကောင်း၊ ၂၀၀၄ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ ညွှန်ကြားရေးမှူးအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၁၂ ခုနှစ်မှ ၂၀၁၄ ခုနှစ် ဇူလိုင်လအထိ တရားရေးနှင့် ဥပဒေရေးရာဝန်ကြီးဌာနတွင် ခေတ္တအမြဲတမ်းအတွင်းဝန်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၁၄ ခုနှစ် ဩဂုတ်လမှ ယနေ့အထိ အိန္ဒိယနိုင်ငံဆိုင်ရာ ဇင်ဘာဘွေ သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်နေသူဖြစ်သည်။ ၎င်းသည် အိမ်ထောင်သည်တစ်ဦးဖြစ်ပြီး သားသုံးဦးရှိသည်။

သံအမတ်ကြီး မစ္စတာ မက်ဝဲလ်ရန်ဂါသည် နယူးဒေလီမြို့တွင် အခြေစိုက်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ဇင်ဘာဘွေသံအမတ်ကြီးအဖြစ် ပူးတွဲတာဝန်ထမ်းဆောင်မည်ဖြစ်သည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို ဩစတြေးလျသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၁၆**

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုသည် မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျနိုင်ငံသံအမတ်ကြီး H.E.Mr.Nicholas Coppel ဦးဆောင်သည့်အဖွဲ့အား ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် ပြည်ထဲရေးဝန်ကြီးဌာန ရုံးအမှတ်(၁၀)ရှိ ဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့လက်ခံတွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး ရွေးကောက်ပွဲတည်ငြိမ်အေးချမ်းစွာ ကျင်းပနိုင်ရေးနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များအား အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

# လမ်းဆုံတွင် ယာဉ်နှစ်စီးတိုက်မိ၊ မီးပွိုင့်တွင်ရပ်ထားသည့်ယာဉ်ပါငြိ



**ရန်ကုန် ဇူလိုင် ၁၆**

ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းမြို့နယ် လေးထောင့်ကန်လမ်းနှင့် ဝေဇယန္တာလမ်းဆုံ၌ ဇူလိုင် ၁၅ ရက် ညနေ ၃ နာရီခန့်က ယာဉ်နှစ်စီး ခေါင်းချင်းဆိုင်တိုက်မိပြီးနောက် တစ်ဖက်မီးပွိုင့်တွင် ရပ်တန့်ထားသော ယာဉ်၏ခေါင်းကိုပါ ထိမိခဲ့သည်။

ဖြစ်စဉ်မှာ သုဝဏ္ဏဘက်ခြမ်းမှ လေးထောင့်ကန်လမ်းမပေါ်သို့ ဘယ်ဘက်ယာဉ်ကြောမှ ကွေ့တက်လာသည့် တိုယိုတာဗစ်ယာဉ်အမှတ် 7D/---- ယာဉ်နှင့် ဝေဇယန္တာလမ်းအတိုင်း အနောက်မှအရှေ့သို့ မောင်းနှင်လာသည့် ဟွန်ဒါဖစ်ယာဉ်အမှတ် 1E/--- ယာဉ်တို့ အဆိုပါလမ်းဆုံတွင် တိုက်မိခဲ့သည်။ ထိုသို့ တိုက်မိခဲ့သည့်အရှိန်ကြောင့် တိုယိုတာဗစ်ယာဉ်သည် တာမွေဘက်မှ မောင်းနှင်၍ မီးပွိုင့်တွင် ရပ်တန့်ထားသော ဟိုက်ဂျက်ယာဉ်အမှတ် 5H/--- ယာဉ်၏ရှေ့ဘက်ကို ထိခိုက်မိသည်။

မီးပွိုင့်တွင် ရပ်တန့်ထားသော ယာဉ်မှာ အနည်းငယ်သာ ပိန်ချိုင့်ခဲ့ပြီး တိုယိုတာဗစ်မှာ ကားခေါင်းဘယ်ဘက်အခြမ်း ချိုင့်ဝင်ပျက်စီးခဲ့ကာ ဟွန်ဒါဖစ်သည် ရှေ့ခေါင်းပျက်စီးပြီး ရှေ့ကာဗာ ပြုတ်ထွက်သွားခဲ့သည်။

ထိုယာဉ်သုံးစီး တိုက်မှုဖြစ်စဉ်နှင့် ပတ်သက်၍ သက်ဆိုင်ရာက အမှုဖွင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **ရွှေတိုင်လွင်**

***ကျောဖုံးမှ***

သူရောင်းကျေးရွာမှ တောင်သူဦးမြင့်အောင်က ပြောသည်။

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မော်လူးမြို့နယ်အတွင်းရှိ မိုးစပါးစိုက်လယ်မြေများဖြစ်သော မော်လူးဒီပက်ရာဘုရားအနီးရှိ ကူးကာကျေးရွာမှ လယ်ကွင်းများနှင့် သူရောင်းကျေးရွာမှ လယ်ကွင်းတို့တွင် ရေလွှမ်းမိုးခဲ့ပြီး အနိမ့်ပိုင်း လယ်ယာမြေအချို့မှာ ဇူလိုင် ၁၃ ရက်မှ ယခုအချိန်အထိ ရေလွှမ်းမိုးခြင်းခံနေရဆဲဖြစ်ကြောင်း သိရသည်။

လယ်ယာမြေများ ရေလွှမ်းခြင်းကြောင့် စိုက်ပျိုးထားသော စပါးများ ပျက်စီးသည့်တိုင်အောင် စိုက်ပျိုးခါစဖြစ်သဖြင့် ပြန်လည်စိုက်ပျိုးရန် အချိန်ရှိသေးကြောင်း ဒေသခံ တောင်သူအချို့ထံမှ သိရသည်။

"စိုက်ပျိုးခါစဆိုတော့ သိပ်ကြောက်စရာမလိုဘူး။ ပျက်စီးသွားတာတွေရှိခဲ့ရင်လည်း ပြန်စိုက်ဖို့အချိန်ရပါသေးတယ်"ဟု မကျည်းကုန်းကျေးရွာမှ တောင်သူ ဦးသောင်းရွှေက ပြောသည်။

ရေကြီးရေလျှံခြင်းနှင့် ရေလွှမ်းမိုးခြင်းကြောင့် စိုက်ပျိုးထားသော စပါးများ အပျက်အစီးရှိမရှိကို အတိအကျမသိရသေးကြောင်း သိရသည်။

**သန်းမောင်လေး(ကချင်မြေ)**

# ဖောက်မော်တာကိုင်ရာမှ ဓာတ်လိုက်သေဆုံး

**တောင်သာ ဇူလိုင် ၁၆**

တောင်သာမြို့ အမှတ်(၅)ရပ်ကွက် ဘုရားကြီးဈေးလမ်းရှိ အိမ်ဆိုင်တစ်ဆိုင်၌ ဇူလိုင် ၁၄ရက် နံနက်ပိုင်းက အမျိုးသားတစ်ဦး ဓာတ်လိုက်သေဆုံးခဲ့သည်။

ဖြစ်စဉ်မှာ ဇရပ်ကြီးကျေးရွာမှ လက်သမားအဖွဲ့သည် အဆိုပါနေအိမ်၌ နောက်ဖေးအဖီဆွဲရန် ပြင်ဆင်နေစဉ် ကိုစိုးမြင့်(၃၈နှစ်)သည် ဖောက်မော်တာကို အသုံးပြုရန် လျှပ်စစ်ပလပ်မှ မီးသွယ်ယူခဲ့ကြောင်း၊ မော်တာစက်ကို ကိုင်လိုက်စဉ် ချက်ချင်းဓာတ်လိုက်ခံရ၍ ၎င်းကိုယ်တိုင်အော်ပြောခဲ့ရာ ပလပ်ခုံမှကြိုးအား ဝိုင်းဝန်းဖြုတ်ပေးခဲ့ကြောင်း၊ အခင်းဖြစ်နေရာ မြေကြီးမှာမိုးရွာထားမှုကြောင့် အစိုဓာတ်အနည်းငယ်ရှိနေပြီး ဖိနပ်စီးထားခြင်းလည်း မရှိ၍ သတိလစ်သွားခဲ့ရာ ဆေးရုံသို့ အမြန်ဆုံးပို့ပေးခဲ့ကြောင်း၊ ဆေးရုံအရောက်တွင် ကုသချိန်မရနိုင်တော့ဘဲ သေဆုံးသွားခြင်းဖြစ်သည်။

မြို့မရဲစခန်း၌ လျှပ်စစ်ကျွမ်းကျင်သူများ၏ စစ်ဆေးချက်အရ မော်တာခလုတ်ရှိ ကြိုးတစ်စမှာပြုတ်ထွက်နေပြီး ဘေးသံပေါင်နှင့် ထိတွေ့ကာ လျှပ်စီးသွားခြင်းဖြစ်ကြောင်း သိရ၍ သတိပြုဆင်ခြင်ကြရန် လိုကြောင်း သိရသည်။ အဆိုပါအမှုကို တောင်သာမြို့မ ရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**လင်းလက်ကြယ်(တောင်သာ)**

# ကောလင်းမြို့၌ မိုးသည်းထန်စွာရွာသွန်း စိုက်ကွင်းများရေလွှမ်းပြီး တံတားများပျက်စီး

**ကောလင်း ဇူလိုင် ၁၆**

ကောလင်းမြို့နယ်၌ ဇူလိုင် ၁၆ ရက်က မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး မိုးရေချိန် ၅ ဒသမ ၁၆ လက်မရှိကာ စိုက်ပျိုးပြီးလယ်ကွင်းများ ရေလွှမ်းခဲ့သည်။

ရေလွှမ်းသော စိုက်ဧကကွင်းပေါင်း ၁၁၃ ကွင်းရှိပြီး ရေလွှမ်းစိုက် ဧကမှာ ၉၃၂၇ ဧကဖြစ်သည်။ စပါးကွင်းများ ရေလွှမ်းသော ကျေးရွာအုပ်စု ၂၄ အုပ်စုရှိပြီး ငပွေးလေး၊ ညောင်ဝန်း၊ ဝါးရုံခုန်၊ နတ်ကြီးခုန်၊ ကြူတော၊ ဆည်တို၊ မြေနီ၊ တောင်မော်၊ ယွန်းအိုး၊ ပဒုမ္မာ၊ ညောင်ပင်သာ၊ ကျောက်တန်း၊ စွယ်ရဲ၊ ဆင်ကုန်း၊ မင်းကုန်း၊ ဖလဲ၊ ဝါးသီးကုန်း၊ ကျောက်ပြင်သာ၊ သပြေအိုင်၊ အင်ပင်လှ၊ အင်ပင်သာ၊ တောင်ဘို့လှ၊ ကုက္ကိုကုန်းအုပ်စုတို့ဖြစ်ကြသည်။

ထို့အပြင် ရေတိုက်စားမှုကြောင့် ကောလင်း-ဥမှင်ကုန်း-ကျောက်ပြင်သာ လမ်းပေါ်ရှိ တံတားငါးစင်း ပျက်စီးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# လျှပ်စစ်ဓာတ်အားပြတ်တောက်မည်ဖြစ်ကြောင်း သတိပေး

**ရန်ကုန် ဇူလိုင် ၁၆**

(၁၈-၇-၂၀၁၅)ရက်နေ့တွင် ဒေါပုံ၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ဒဂုံမြို့သစ်(အရှေ့ပိုင်း) ၊ ဗိုလ်တထောင်၊ တာမွေ၊ မင်္ဂလာတောင်ညွန့်၊ သင်္ဃန်းကျွန်း၊ ဗဟန်း၊ လှိုင်၊ ဒဂုံ၊ မရမ်းကုန်း၊ ကမာရွတ်၊ ကြည့်မြင်တိုင်၊ အလုံ၊ စမ်းချောင်း၊ လမ်းမတော်၊ ဒလ၊ ကော့မှူး၊ ကွမ်းခြံကုန်း၊ ကျောက်တန်း၊ သန်လျင်၊ ရွှေပြည်သာ၊ မှော်ဘီ၊ထောက်ကြန့်၊ ထန်းတပင်၊ လှိုင်သာယာမြို့နယ်များ၏ ရပ်ကွက်အချို့၊ CNG ဆိုင်အချို့နှင့် စက်မှုဇုန်အချို့တွင် နံနက် ၉ နာရီမှ ညနေ ၃ နာရီအတွင်း အချိန်ပိုင်းဓာတ်အားပြတ်တောက်မှုများ ရှိမည်ဖြစ်ကြောင်း ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ သတိပေးချက် ထုတ်ပြန်ထားသည်။

**(မြန်မာ့အလင်း)**

# မြန်မာ့ကမ်းရိုးတန်းနှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် မိုးသက်လေပြင်းများကျပြီး လှိုင်းကြီးနိုင်

**နေပြည်တော် ဇူလိုင် ၁၆**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ **(မိုး/ဇလ)**

## အစာအဆိပ်သင့်မှုဖြစ်ပွား

**ခန္တီး ဇူလိုင် ၁၆**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ခန္တီးမြို့ရှိ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးတိုးတက်ရေး သင်တန်းကျောင်း၌ ဇူလိုင် ၁၃ ရက်က နံနက်စာ ထမင်းကြော်နှင့် ပဲပြုတ်စားသောက်ကြပြီး နေ့လယ်စာအဖြစ် ကျောင်းသား ကျောင်းသူပေါင်း ၁၃၇ ဦးအတွက် ထမင်းချိုင့်၌ ကုလားပဲနှင့် ဝက်သားဟင်းထည့်ပေးခဲ့ရာ မွန်းလွဲ ၁၂ နာရီခွဲတွင် နေ့လယ်စာ စားသောက်ကြသည်ဟု သိရသည်။

အဆိုပါ ကျောင်းသား၊ကျောင်းသူများသည် နေ့လယ်စာ စားသောက်ကြပြီး စာသင်ခန်းသို့ရောက်ရှိချိန်တွင် အော့အန်သဖြင့် ကျောင်းသား ကျောင်းသူ ၃၅ ဦးကို ခန္တီးပြည်သူ့ဆေးရုံသို့ ပို့ဆောင်၍ ဆေးကုသမှုခံယူခဲ့ရကြောင်း နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များဖွံ့ဖြိုးတိုးတက်ရေး နည်းပြဆရာတစ်ဦးထံမှ သိရသည်။

**ချန်လော(pr)**

## မြစ်ကြီးနား-မန္တလေး အမှတ်(၄၈) အစုန်ရထား ဘုံချောင်းနှင့် မဲဇာဘူတာကြား ဘီးချော်မှု ဖြစ်ပွား

**ကသာ ဇူလိုင် ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဝန်းသိုမြို့နယ် ဘုံချောင်းဘူတာနှင့် မဲဇာဘူတာကြား၌ ဇူလိုင် ၁၅ ရက် ညနေ ၄ နာရီက ရထားစက်ခေါင်းမောင်း ဦးဝင်းချို၊ ဂါတ်ဗိုလ် ဦးကျော်စွာဦးတို့ မောင်းနှင်လာသော စက်ခေါင်း အမှတ် DD-1514 မြစ်ကြီးနား -မန္တလေး အမှတ်(၄၈) အစုန်ရထားသည် ဘုံချောင်းဘူတာနှင့် မဲဇာဘူတာအကြား မိုင်တိုင်အမှတ် ၅၆၈/ ၄ နှင့် ၃ အကြားတွင် ဇူလိုင် ၁၅ ရက် ညနေ ၄ နာရီက ရထားတွဲအမှတ် BBDDEZ 10685 ၏ ဘီးအမှတ် ၄ သည် သံလမ်း၏အတွင်းသို့ ကပ်ကျပြီး ဘီးအမှတ် ၅ သည် သံလမ်း၏အပြင်သို့ ကပ်ကျမှု ဖြစ်ပွားခဲ့ရာ ခရီးသည်နှင့် ဝန်ထမ်းများ ထိခိုက်ဒဏ်ရာရရှိမှုမရှိခဲ့ကြောင်း သိရသည်။ အဆိုပါ အခင်းဖြစ်နေရာသို့ နဘားနှင့် အင်းတော်မြို့တို့မှ တာဝန်ရှိသူများသွားရောက်ပြုပြင်ဆောင်ရွက်ခဲ့ရာ ဇူလိုင် ၁၅ ရက် ည ၈ နာရီ ၃၅ မိနစ်တွင် ရထားလမ်းပိုင်းပြင်ဆင်ပြီးစီးသွားသဖြင့် အစုန်အဆန် ရထားများ ပုံမှန်အတိုင်းပြန်လည် ပြေးဆွဲလျက်ရှိကြောင်း သိရသည်။

**ကိုနိုင်(အင်းတော်)**

# တိုင်းအားကစားကွင်း(ဟောင်း)အား ပြန်လည်ပြုပြင်တည်ဆောက်



**စစ်ကိုင်း ဇူလိုင် ၁၆**

စစ်ကိုင်းမြို့ ပါရမီရပ်ကွက်အတွင်းရှိ တိုင်းအားကစားကွင်းမှာ ၂၀၀၁/၂၀၀၂ ခုနှစ်တွင် တိုင်းဒေသကြီး မြို့တော်မုံရွာသို့ ပြောင်းရွှေ့သွားချိန်မှစ၍ တိုင်းအားကစားကွင်းအား အသုံးမပြုဘဲ ပျက်စီးနေသည်မှာ ၁၅ နှစ်ခန့်ရှိပြီ ဖြစ်သည်။

၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလတွင် စစ်ကိုင်းမြို့သို့ ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌအဖြစ် ရောက်ရှိလာသော ဦးကျော်မင်းညိုက တိုင်းအားကစားကွင်း(ဟောင်း)ကို အဆင့်မီအားကစားကွင်း ဖြစ်လာစေရေးအတွက် မြို့မိမြို့ဖအဖွဲ့ဥက္ကဋ္ဌ ဦးဇော်ဝင်း၊ ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းငွေကိုနှင့်အဖွဲ့ဝင်များ ဆွေးနွေး၍ စစ်ကိုင်းမြို့တည်နန်းတည် နှစ်(၇၀၀) ပြည့်ပွဲတော်ကြီးကို ပါရမီရပ်ကွက်ရှိ တိုင်းအားကစားကွင်း၌ ကျင်းပရန် မြို့မိမြို့ဖတို့နှင့် ညှိနှိုင်းအကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။

စစ်ကိုင်းမြို့မှ မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးစိုးနိုင်(အေးအေးခိုင်ကျောက်မျက်ကုမ္ပဏီ)က ပျက်စီးနေသော အားကစားကွင်းကြီးအား စက်ယန္တရားများ၊ လူအားငွေအားတို့ ရှင်းလင်းပေးခဲ့ပြီး တိုင်းဒေသကြီး အစိုးရအဖွဲ့ကလည်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ်သိန်း ၆၀၀ တန်အလေးမရုံ၊ အားကစားရုံနှင့် ငွေကျပ်သန်း ၁၀၀၀ တန် အထူးတန်း RC ပွဲကြည့်စင်တစ်စင် တည်ဆောက်လျက်ရှိသည်။

ထို့အပြင် ယခုလာမည့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် မီတာ ၄၀၀ ပြေးလမ်း RC ရိုးရိုးတန်း ပွဲကြည့်စင်တည်ဆောက်ခြင်း၊ ကပ်တိုးတည်ဆောက်ခြင်းနှင့် ရေရှိရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်ဟု ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးထံမှ သိရသည်။

၁၆-၁၀-၂၀၁၄ ခုနှစ်မှ စတင်တည်ဆောက်လျက်ရှိသော ကာယဗလ၊ ကာယအလှ အားကစားရုံ၏ အကျယ်အဝန်းမှာ အလျားပေ ၁၂၀၊ အနံပေ ၆၀၊ အမြင့် ၂၃ ပေခွဲ၊ RC တစ်ထပ်အဆောက်အအုံဖြစ်ပြီး ကုန်ကျငွေကျပ် သိန်း ၈၀၀ ဖြစ်၍ ဖုန်းမြင့်မိုရ်ဆောက်လုပ်ရေးကုမ္ပဏီကဆောက်လုပ်ခဲ့သည်။ ၃၀-၁၂-၂၀၁၄ ရက် တွင် စတင်တည်ဆောက်ခဲ့သော RC အထူးတန်းပွဲကြည့်စင်၏ အကျယ်အဝန်းမှာ အလျားပေ ၁၄၀၊ အနံ ၂၄ ပေ၊ အမြင့် ၂၄ ပေဖြစ်၍ ကုန်ကျငွေမှာ ၁၀၅ ဒသမ ၉ သန်းဖြစ်ပြီး ကေခိုင်ဦး ဆောက်လုပ်ရေးကုမ္ပဏီက ဆောက်လုပ်လျက်ရှိသည်။ ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာန (ရုံးကြီးလမ်း)၌ ဆောက်လုပ်လျက် ပြီးစီးသွားသော အလေးမအားကစားရုံ၏ အကျယ်အဝန်းမှာ အလျားပေ ၁၀၀၊ အနံပေ ၆၀၊ အမြင့် ၂၃ ပေခွဲဖြစ်ပြီး ကုန်ကျငွေမှာ သိန်း ၆၀၀ ဖြစ်၍ ဖုန်းမြင့်မိုရ် ဆောက်လုပ် ရေးကုမ္ပဏီက ဆောက်လုပ်ခဲ့ခြင်း ဖြစ်ပြီး အဆောက် အအုံပြီးစီးမှု ရာခိုင်နှုန်း ၁၀၀ ရာခိုင်နှုန်းပြီးစီးသွားပြီဖြစ်ကြောင်း သိရသည်။

သို့ဖြစ်၍ လွန်ခဲ့သော ၁၅ နှစ်ကတည်းက အသုံးမပြုဘဲ ပျက်စီးနေသော တိုင်းအားကစားကွင်းကြီးသည် ခေတ်မီ ခရိုင်အားကစားကွင်းကြီးဖြစ်ပေါ်လာတော့မည်ဖြစ်၍ အားကစားပြိုင်ပွဲများ စတင်ကျင်းပတော့မည်ဖြစ်သောကြောင့် အားကစား လူငယ်လူရွယ်များ ဝမ်းသာပီတိဖြစ်နေကြောင်း သိရသည်။

**ထွေးမြင့်နိုင်(စစ်ကိုင်း)**

## ဒေါသမထိန်းနိုင်၍ လူသတ်မှုဖြစ်

**မြိုင် ဇူလိုင် ၁၆**

မြိုင်မြို့ အမှတ်(၁)ရပ်ကွက် ချောင်းဆုံလမ်း၌ အောင်ချိုတူး (၄၉နှစ်) အမှတ်(၁)ရပ်ကွက်နေသူမှာ ဇူလိုင် ၁၅ ရက် ည ၁၀ နာရီက အရက်မူးလာ၍ တစ်ရပ်ကွက်တည်းနေ ဇော်မျိုးဌေး (၂၆နှစ်)နှင့် စကားများရန်ဖြစ်ရာ အောင်ချိုတူးက သတ်ပစ်မည်ဟု ဆဲဆိုကြိမ်းမောင်းကာ ဇော်မျိုးဌေး၏ အိမ်ရှေ့လာပြီး လေးခွနှင့်ပစ်သဖြင့် ဇော်မျိုးဌေးက နေအိမ်ထဲရှိ အရိုးအသွား တစ်ပေငါးလက်မခန့်ရှိ ဓားဦးချွန်ဖြင့်ထိုးရာ အခင်းဖြစ်နေရာတွင် သေဆုံးခဲ့သဖြင့် မြို့နယ် မြို့မရဲစခန်းကအမှုဖွင့်ထားကြောင်း သိရသည်။

**ကျော်ဇေယျ**



## မြန်မာ့မီးရထား မြို့ပြအင်ဂျင်နီယာ လမ်းပိုင်းများအဆင့်မြှင့်ဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၁၆**

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား မြို့ပြအင်ဂျင်နီယာဌာနမှ ရန်ကုန်-မန္တလေးလမ်းပိုင်း တိုင်း(၅)နယ်မြေအတွင်းရှိ အငယ်တန်းအင်ဂျင်နီယာ(၁)သံလမ်း၊ ပျဉ်းမနားနယ်မြေအတွင်းရှိ လမ်းပိုင်းများအား အန္တရာယ်ကင်းရှင်းစွာနှင့် လမ်းပိုင်းများကို ပိုမိုခိုင်မာစေရန်၊ ခရီးသည်များ လမ်းခရီး၌ လုံခြုံချောမွေ့စွာဖြင့် သက်သောင့်သက်သာ စီးနင်းလိုက်ပါနိုင်ရေးအတွက် ဇူလိုင် ၁၁ ရက်မှစ၍ တိုင်းအင်ဂျင်နီယာမှူး ဦးစီးပြီး ဝန်ထမ်းများက သာဝတ္ထိ-ဧလာ အစုန်၊ အဆန်လမ်းပိုင်းများဖြစ်သည့် မိုင်တိုင်အမှတ် ၂၁၄/၂၁ မှ ၂၁၅/ ၂၁ ထိ EdALL Tm 02 စက်ယန္တရားများဖြင့် လမ်းလုပ်ငန်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုကြီးကျော်(ပျဉ်းမနား)**


### ပေကျယ်တိုက်ခန်းရောင်းမည်(စမ်းချောင်းမြို့နယ်)

၁။ သရက်တောလမ်း၊ **ပေ(၂၅×၅၀)၊ 4F**၊ ကျွန်းပါကေး၊ ကြွေပြားပြည့်၊ သံပန်း၊ MBR(1)၊ BR(1)၊ ဘိုထိုင်(2)၊ မျက်နှာကြက် အထူးပြင်ဆင်ပြီးတိုက်ခန်းအသစ်၊ **သိန်း၉၈၀**

၂။ စမ်းချောင်းလမ်း၊ **ပေ(၂၇×၄၅ခန့်)၊ 4F**၊ ကျွန်းပါကေး၊ ကြွေပြားပြည့်၊ သံပန်း၊ ဆန်းရှိတ်၊ MBR(1)၊ BR(1)၊ ဘိုထိုင်(2)၊ ကောနစ်၊ ပြင်ပြီးနေရာကောင်း တိုက်သန့်၊ သိန်း ၉၈၀ **(ဈေးနှုန်းအလျှော့အတင်းရှိ/ပွဲစားမလို) ဖုန်း-၀၉-၅၀၇၁၁၄၄၊ ၀၉-၇၃၁၅၆၄၉၄**

### စမ်းချောင်းမြို့နယ် ပြင်ပြီးတိုက်ခန်းရောင်းမည်

၁။ ငှက်ပျောတောလမ်း၊ **ပေ(၁၂½×၅၀)၊ ဒုတိယထပ်**၊ ပါကေး၊ ကြွေပြားပြည့်၊ သံပန်း၊ ဆန်းရှိတ်ပြည့်၊ အိပ်ခန်း(၁)၊ ဘိုထိုင်(၁)၊ မျက်နှာကြက်ကောနစ်၊ တိုက်(သန့်)၊ **သိန်း ၅၅၀**

၂။ ကျွန်းတောလမ်း၊ **ပေ(၁၄×၆၀) ဆဋ္ဌမထပ်**၊ ပါကေး၊ ကြွေပြားပြည့်၊ သံပန်း၊ ဆန်းရှိတ်ပြည့်၊ အိပ်ခန်း နှစ်ခန်း၊ ဘိုထိုင် (၁)၊ဂျတ်ဆင်ဘုတ်အလှ၊ တိုက်(သစ်)၊ **သိန်း ၅၅၀**
**(ဈေးနှုန်းအလျှော့အတင်းရှိ/ပွဲစားမလို) ဖုန်း-၀၉-၄၂၀၁၂၈၈၇၅၊ ၀၉-၄၄၉၀၀၂၈၆၅**

### ဆောက်လုပ်ရေးဝန်ကြီးဌာန
### အဆောက်အအုံဦးစီးဌာန
### ရေ/သန့်ဌာနခွဲ
### (အိတ်ဖွင့်တင်ဒါခေါ်ယူရက်တိုးမြှင့်သတ်မှတ်ခြင်း)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အအုံဦးစီးဌာန၊ ရေ/သန့်ဌာနခွဲတွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်၊ နေပြည်တော်ကောင်စီ ရန်ပုံငွေဖြင့် တည်ဆောက်ရမည်ဖြစ်သော ဝန်ထမ်းအိမ်ရာများ ပြင်ပရေရရှိရေးလုပ်ငန်းအား ဘဏ္ဍာရေးနှစ်အတွင်း ပြီးစီးအောင်ဆောင်ရွက်နိုင်ရေးအတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းမည့်ရက်ကို တိုးမြှင့်သတ်မှတ်လိုက်ပါသည်။

၂။ **တင်ဒါပုံစံတင်သွင်းရမည့်နောက်ဆုံးရက်** - ၂၀-၇-၂၀၁၅ရက်
**(ကုမ္ပဏီဆိုင်ရာ အချက်အလက်များနှင့် စံချိန်စံညွှန်းများ)**

၃။ Technical အောင်မြင်သည့်လုပ်ငန်းရှင်များ၏ Financial Proposal များသာ ဖွင့်ဖောက်ရွေးချယ်သွားမည်ဖြစ်သည်။

၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ၄င်းဌာနသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**ဆောက်လုပ်ရေးဝန်ကြီးဌာန**
**အဆောက်အအုံ ဦးစီးဌာန၊ ရေ/သန့်ဌာနခွဲ**
**ရုံးအမှတ် (၄၀)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၇၁၇၂၊ ၀၆၇-၄၀၇၁၇၅**

### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲသည် မွေးကင်းစနှင့် ကလေးကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွင် အသုံးပြုရန်အတွက် ဆေးနှင့် ဆေးပစ္စည်းများ ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

တင်ဒါစည်းမျဉ်း၊ စည်းကမ်းများကို ညွှန်ကြားရေးမှူး (ဝယ်ယူဖြန့်ဖြူးရေး)၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ရုံးအမှတ် (၄၇) နေပြည်တော်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဈေးနှုန်းတင်သွင်းလွှာပုံစံများစတင်ရောင်းချမည့်ရက်** - ၂၂-၇-၂၀၁၅ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၁-၈-၂၀၁၅ရက် မွန်းလွဲ ၀၂:၀၀ နာရီ

**ဆက်သွယ်ရန် ဖုန်း-၀၆၇-၄၃၁၀၈၅၊ ၀၆၇-၄၃၁၀၇၇**

**ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**

### သမဝါယမဝန်ကြီးဌာန
### ရုံးသုံးစက်ကိရိယာဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သမဝါယမဝန်ကြီးဌာန၊ သမဝါယမတက္ကသိုလ်(စစ်ကိုင်း)၊ ဘွဲ့နှင်းသဘင်ခန်းမတွင် တပ်ဆင်အသုံးပြုမည့် Sound System Complete Set တစ်စုံကို မြန်မာကျပ်ငွေဖြင့် အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါခေါ်ဆိုဆောင်ရွက်လိုပါသည်-

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၀-၇-၂၀၁၅ ရက်မှ ၂၄-၇-၂၀၁၅ ရက်အထိ နံနက် ၉:၃၀နာရီမှ ညနေ ၁၆:၃၀နာရီအတွင်း

၂။ အိတ်ဖွင့်တင်ဒါများကို ၁၀-၈-၂၀၁၅ရက် ၁၂:၀၀နာရီမှ ၁၃:၀၀နာရီအတွင်း သမဝါယမဝန်ကြီးဌာန၊ ရုံးအမှတ် ၁၆၊ နေပြည်တော်တွင် တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပြီး ၁၃:၀၀နာရီတွင် တင်သွင်းသူများရှေ့မှောက်၌ တစ်ပါတည်းဖွင့်ဖောက်စစ်ဆေးမည်ဖြစ်၍ သတ်မှတ်ရက်၊ အချိန်ထက်ကျော်လွန်တင်သွင်းသော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**သမဝါယမဝန်ကြီးဌာန**
**တင်ဒါကြီးကြပ်ရေးအဖွဲ့**
**ရုံးအမှတ် ၁၆၊ နေပြည်တော်၊**
**ဖုန်း-၀၆၇-၄၁၀၃၃၇**

### CLAIMS DAY NOTICE
### M.V GOLDEN FAN VOY:NO(28)

Consignees of cargo carried by M.V GOLDEN FAN VOY:NO(28) are here by notified that the vessel will arrive on about 19-7-15 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 04:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက်လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့်တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

**ဖုန်း-၂၃၀၁၁၉၁၊၂၃၀၁၁၇၈**

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

### အောင်ပြည့်စုံ

ဒဂုံမြို့သစ်မြောက်ပိုင်း၊ အရှေ့ပိုင်း၊ တောင်ပိုင်း ဆိပ်ကမ်းမြို့နယ်များ ဈေးကောင်းပေးဝယ်သည်။

09-5232770
09-5134770

### တွေ့ရှိပါကအကြောင်းကြားပေးပါ

နောင်ချိုမြို့၊ ဈေးရပ်ကွက်၊ နယ်မြေ(၉) တွင်နေထိုင်သူ ဒေါ်ခင်မာစိန်၏သမီး မသိမ့်သန္တာဇော်(ခ)မသွိသွိ ၁၃/နခတ(နိုင်)၀၈၁၀၄၃ သည် နေအိမ်မှ ၂၈-၅-၂၀၁၅ ရက်တွင် ပျောက်ဆုံးသွားပါသည်။ သမီးအပြစ်များကို ခွင့်လွှတ်ပေးပါမည်။ သမီးဖြစ်ချင်တာ ကိစ္စအရပ်ရပ်ကို လိုက်လျောပေးပါမည်။ သိရှိတွေ့ရှိပါက အကြောင်းကြားပေးစေလိုပါသည်။ ကျေးဇူးဆပ်ပါမည်။လက်ခံထားသူအား ဥပဒေအရအရေးယူဆောင်ရွက်သွားမည်ဟု အသိပေးအပ်ပါသည်။

**ဆက်သွယ်ရန် ဖုန်း-၀၉-၆၇၀၈၃၂၂၊ ၀၉-၉၇၃၅၂၇၀၇၈၊ ၀၈၂-၈၅၀၃၆**

**ဒေါ်ခင်မာစိန်**
**ဈေးရပ်ကွက်၊ နောင်ချိုမြို့**

# မြန်မာနိုင်ငံ တမံကြီးများဆိုင်ရာ အမျိုးသားကော်မတီဥပဒေပြဋ္ဌာန်း

**မြန်မာနိုင်ငံတမံကြီးများဆိုင်ရာ အမျိုးသားကော်မတီဥပဒေ**
**( ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၄၁။)**
**၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၃ ရက်**
**( ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက် )**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**
**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို မြန်မာနိုင်ငံ တမံကြီးများဆိုင်ရာ အမျိုးသားကော်မတီဥပဒေ ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါ အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ကော်မတီ** ဆိုသည်မှာ မြန်မာနိုင်ငံတမံကြီးများဆိုင်ရာ အမျိုးသား ကော်မတီကိုဆိုသည်။

( ခ ) **တမံကြီးများ** ဆိုသည်မှာ အမြင့် ၁၅ မီတာနှင့်အထက် သို့မဟုတ် အမြင့် ၅ မီတာမှ ၁၅ မီတာအထိရှိ၍ ရေထုထည်ပမာဏ ၃ သန်း ကုဗမီတာနှင့်အထက် သိုလှောင်နိုင်သော မြေသားတမံ၊ ကျောက်ဖြည့်တမံ၊ ကွန်ကရစ်တမံများကို ဆိုသည်။

( ဂ ) **အပြည်ပြည်ဆိုင်ရာ တမံကြီးများကော်မရှင်** ဆိုသည်မှာ ၁၉၂၈ ခုနှစ်၊ ဇူလိုင်လတွင် ပြင်သစ်နိုင်ငံ ပဲရစ်မြို့၌ ဌာနချုပ်ရုံးကို ဖွဲ့စည်းတည်ထောင်၍ ရေလှောင်တမံများနှင့် ဆက်စပ်ရေအား အဆောက်အအုံများ လုံခြုံစိတ်ချရမှု၊ စီးပွားရေး တွက်ခြေကိုက်မှုရှိစေရန် တည်ဆောက်ရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ လူမှုဘဝ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဖြစ်တည် ပေါ်ပေါက်စေနိုင်မည့် အင်ဂျင်နီယာပညာရပ်ပိုင်းဆိုင်ရာ အတွေ့အကြုံများ နှီးနှောဖလှယ်ရေးနှင့် စံနှုန်းများသတ်မှတ် ရာတွင် ကျွမ်းကျင်မှုပေးသော အဖွဲ့အစည်းကို ဆိုသည်။

(ဃ) **ဒေသတွင်းအဖွဲ့ခွဲများ** ဆိုသည်မှာ မြန်မာနိုင်ငံတွင် အနည်းဆုံး ကော်မတီအဖွဲ့ဝင် ၁၅ ဦး ရှိသောဒေသများတွင် ဖွဲ့စည်းထား သည့် အဖွဲ့ခွဲများကို ဆိုသည်။

( င ) **နည်းပညာဆိုင်ရာအဖွဲ့ခွဲများ** ဆိုသည်မှာ အပြည်ပြည်ဆိုင်ရာ တမံကြီးများကော်မရှင်၏ နည်းပညာဆိုင်ရာ အဖွဲ့ခွဲများကို အခြေခံ၍ ဘာသာရပ်အလိုက်စုစည်းကာ လိုအပ်ချက်နှင့်အညီ ကော်မတီကဖွဲ့စည်းထားသော အဖွဲ့ခွဲများကို ဆိုသည်။

( စ ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ လယ်ယာစိုက်ပျိုး ရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကို ဆိုသည်။

(ဆ) **ဥက္ကဋ္ဌ** ဆိုသည်မှာ ကော်မတီဝင်များကရွေးချယ်တာဝန် ပေးအပ် သော အလုပ်အမှုဆောင် ကော်မတီ၏ဥက္ကဋ္ဌကို ဆိုသည်။

( ဇ ) **အတွင်းရေးမှူးများအဖွဲ့** ဆိုသည်မှာ သတင်းအချက်အလက်များ ရယူစိစစ်ခြင်းလုပ်ငန်းနှင့် ကော်မတီရုံးလုပ်ငန်းကို ဦးစီး ဆောင်ရွက်သော အမြဲတမ်းအဖွဲ့အစည်းကို ဆိုသည်။

**အခန်း(၂)**
**ဖွဲ့စည်းခြင်းဆိုင်ရာအခြေခံမူများနှင့် ရည်ရွယ်ချက်များ**

၃။ ကော်မတီ၏ ဖွဲ့စည်းခြင်းဆိုင်ရာ အခြေခံမူများမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) မြန်မာနိုင်ငံတမံကြီးများဆိုင်ရာ အမျိုးသားကော်မတီသည် တမံကြီးများ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့်ဆက်စပ်သည့် လုပ်ငန်း နယ်ပယ်များတွင် စိတ်ပါဝင်စား၍ တက်ကြွစွာ ပါဝင်ဆောင် ရွက်လိုသော လူပုဂ္ဂိုလ်တစ်ဦးချင်း သို့မဟုတ် အဖွဲ့အစည်းများ စသည်တို့ကို စုစည်းထားသော ပညာရပ်ဆိုင်ရာ အဖွဲ့အစည်း ဖြစ်သည်။

( ခ ) တမံကြီးများတည်ဆောက်ခြင်းလုပ်ငန်းနှင့် စပ်လျဉ်း၍ လေ့လာ ခြင်း၊ စီမံခြင်း၊ စူးစမ်းခြင်း၊ ဒီဇိုင်းပုံစံရေးဆွဲခြင်း၊ တည်ဆောက် ခြင်း၊ တည်ဆောက်ပြီးတမံကြီးများ ထိန်းသိမ်းလည်ပတ်ခြင်း နှင့် စီမံခန့်ခွဲခြင်း၊ စက်ယန္တရား၊ ယာဉ်နှင့် စက်ပစ္စည်းကိရိယာ များထုတ်လုပ်ခြင်း၊ တည်ဆောက်ရေးပစ္စည်းများ ထုတ်လုပ်ခြင်း၊ နည်းပညာအချက်အလက်များဖလှယ်ခြင်းနှင့် ပစ္စည်းကိရိယာ များ ထုတ်လုပ်ခြင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့် ရှောက်ခြင်းနှင့် တမံကြီးများနှင့်သက်ဆိုင်သည့် စီးပွားရေး လုပ်ငန်းအပါအဝင် အခြားလုပ်ငန်းတစ်ခုခုတွင် သတ်မှတ်ချက် များနှင့်အညီ ပါဝင်ဆောင်ရွက်နေသည့် လူပုဂ္ဂိုလ်တစ်ဦးချင်း သို့မဟုတ် အဖွဲ့အစည်းများကို ကော်မတီအဖွဲ့ဝင်များဖြင့် အခြေခံ၍ ဖွဲ့စည်းရမည်။

( ဂ ) ကော်မတီကို လွတ်လပ်၍ ကိုယ်ပိုင်ရပ်တည်နိုင်သော အခြေခံ မူများနှင့်အညီ တည်ထောင်ရမည်။

၄။ ကော်မတီ၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ကော်မတီအဖွဲ့ဝင်များသည် တမံကြီးများ၏ လုပ်ငန်းဆိုင်ရာ တာဝန်ဝတ္တရားများကို သိရှိနားလည်စေရန်၊

( ခ ) ကော်မတီအဖွဲ့ဝင်များ၏ စိတ်အားထက်သန်မှုနှင့် ခံယူချက်ကို မြှင့်တင်ပေးရန်၊

( ဂ ) ကော်မတီအဖွဲ့ဝင်များအချင်းချင်း တမံကြီးများဆိုင်ရာ သတင်း အချက်အလက်များနှင့် မိမိတို့၏ လုပ်ငန်းအတွေ့အကြုံများ ကိုဖလှယ်ပြီး ပညာရပ်ဆိုင်ရာ ကျွမ်းကျင်မှုကို မြှင့်တင်ပေးရန်၊

(ဃ) တမံကြီးများဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးအကျိုးတရားများကို စိစစ်သုံးသပ်ရာတွင် အတိုင်ပင်ခံပညာရှင်များအဖြစ် ဆောင်ရွက် ပေးနိုင်ရန်၊

( င ) မြန်မာနိုင်ငံအတွင်းရှိ တည်ဆောက်ပြီး၊ တည်ဆောက်ဆဲနှင့် တည်ဆောက်ရန်ရှိသည့် တမံကြီးများ၏ လုံခြုံစိတ်ချရမှု၊ ခိုင်ခံ့ တည်မြဲမှု၊ သဘာဝပတ်ဝန်းကျင်၊ စီးပွားရေးနှင့် လူမှုရေး ပတ်ဝန်းကျင်တို့အပေါ် အကျိုးသက်ရောက်မှု၊ စွမ်းရည်မြင့်မား တိုးတက်မှု၊ သိပ္ပံနှင့်နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များအတွက် ကျယ်ပြန့်စွာ ဆွေးနွေး ညှိနှိုင်းဆောင်ရွက်ရန်၊

( စ ) တည်ဆဲဥပဒေ၊ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့် နိုင်ငံ တကာဥပဒေများနှင့်အညီ နိုင်ငံတွင်း၊ ဒေသတွင်းအပါအဝင် အပြည်ပြည်ဆိုင်ရာ သိပ္ပံနှင့်နည်းပညာကော်မရှင်များနှင့် ပူးပေါင်း ဆက်သွယ်ဆောင်ရွက်ရန်။

**အခန်း (၃)**
**ကော်မတီဖွဲ့စည်းခြင်း**

၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ခုနစ်ဦးထက်မပိုသော ကော်မတီ၏နာယက အဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

(က) ပြည်ထောင်စုဝန်ကြီး
လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊

( ခ ) ဒုတိယဝန်ကြီး
လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊

( ဂ ) ဒုတိယဝန်ကြီး
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊

(ဃ) ဝါရင့်ပညာရှင်များ။

၆။ နာယကအဖွဲ့သည် -

(က) ကော်မတီ၏ ပထမအကြိမ် အထွေထွေညီလာခံကို သတ်မှတ်ချက် များနှင့်အညီ ကျင်းပရမည်။

( ခ ) ပုဒ်မခွဲ (က)အရ ကျင်းပသည့် အထွေထွေညီလာခံတွင် စုစုပေါင်း အဖွဲ့ဝင် ၄၅ ဦး ထက်မပိုသော ဦးရေဖြင့် ကော်မတီကို ဖွဲ့စည်း ရမည်။

၇။ ကော်မတီဝင်များသည် မိမိတို့ကော်မတီဝင်များထဲမှ နိုင်ငံ့ဝန်ထမ်းများ အပါ အဝင် အလုပ်အမှုဆောင်ကော်မတီကို စုစုပေါင်း အဖွဲ့ဝင် ၁၅ ဦးဖြင့် အောက်ပါ အတိုင်း ရွေးကောက်တင်မြှောက်ရမည် -

| | | |
|---|---|---|
| (က) | ဥက္ကဋ္ဌ | ၁ ဦး |
| ( ခ ) | ဒုတိယဥက္ကဋ္ဌ | ၂ ဦး |
| ( ဂ ) | အတွင်းရေးမှူး | ၁ ဦး |
| (ဃ) | တွဲဖက်အတွင်းရေးမှူး | ၂ ဦး |
| ( င ) | ဘဏ္ဍာရေးမှူး | ၁ ဦး |
| ( စ ) | စာရင်းစစ် | ၁ ဦး |
| (ဆ) | အလုပ်အမှုဆောင်အဖွဲ့ဝင် | ၇ ဦး။ |

၈။ နာယကအဖွဲ့သည် ကော်မတီနှင့်အလုပ်အမှုဆောင်ကော်မတီတို့ကို လိုအပ် သော လမ်းညွှန်မှုများ ပြုလုပ်ဆောင်ရွက်ခွင့်ရှိသည်။

၉။ ကော်မတီသည် ကော်မတီ၏ဖွဲ့စည်းပုံကို အထွေထွေညီလာခံ၏ အတည်ပြု ချက်ဖြင့် ပြင်ဆင်ဖြည့်စွက်ခွင့်ရှိသည်။

၁၀။ ကော်မတီ၏ အထွေထွေညီလာခံကို နှစ်နှစ်လျှင်တစ်ကြိမ် ကျင်းပ၍ ကော်မတီ အသစ်ကို ဖွဲ့စည်းရမည်။

၁၁။ ကော်မတီသည် အောက်ပါလုပ်ငန်းများအပေါ် တာဝန်ခံရမည် -

(က) အထွေထွေညီလာခံအစည်းအဝေး၏ ဆုံးဖြတ်ချက်များကို ကော်မတီ၏ ဖွဲ့စည်းပုံ စည်းမျဉ်းများနှင့်အညီ အကောင်အထည် ဖော်ခြင်း၊

( ခ ) လုပ်ငန်းအစီအစဉ်၊ ရသုံးမှန်းခြေငွေစာရင်း၊ ကော်မတီ၏ဖွဲ့စည်း ပုံတို့ကို အဆုံးအဖြတ်ပြုခြင်း၊

( ဂ ) အလုပ်အမှုဆောင်ကော်မတီဝင် ၁၅ ဦးကို ရွေးချယ်ခြင်း။

၁၂။ ကော်မတီရုံးမှ ထုတ်ပြန်ဖြန့်ဝေသည့် အင်ဂျင်နီယာပညာရပ်ပိုင်းဆိုင်ရာ ဖြန့်ဝေစာများနှင့် မဂ္ဂဇင်းများသည် ကော်မတီ၏ တရားဝင်ထုတ်ပြန်ချက်ဟု မှတ်ယူ ရမည်။ ကော်မတီသည် မိမိ၏ ကိုယ်ပိုင်အမှတ်တံဆိပ်နှင့် တံဆိပ်တုံးတို့ကို သုံးစွဲခွင့်ရှိ ပြီး ပုံသေပိုင်ပစ္စည်းများ၊ ပြည်တွင်းသုံးငွေနှင့် နိုင်ငံခြားငွေဘဏ်စာရင်းများ ထူထောင် ထားရှိနိုင်သည်။

**အခန်း (၄)**
**အဖွဲ့ခွဲများ ဖွဲ့စည်းခြင်း**

၁၃။ အလုပ်အမှုဆောင်ကော်မတီသည် အောက်ပါအဖွဲ့ခွဲများကို ဖွဲ့စည်းပေး ရမည်-

(က) ဒေသတွင်းအဖွဲ့ခွဲများ၊

( ခ ) နည်းပညာဆိုင်ရာအဖွဲ့ခွဲများ။

၁၄။ ဒေသတွင်းအဖွဲ့ခွဲများကို အနည်းဆုံး တင်းပြည့်အဖွဲ့ဝင် ၁၅ ဦး ရှိသော ဒေသများတွင် ဖွဲ့စည်းနိုင်သည်။ အဖွဲ့ခွဲ၏အစည်းအဝေးကို တစ်နှစ်လျှင် အနည်းဆုံး တစ်ကြိမ်ကျင်းပပြီး အောက်ပါတို့ကို ဆောင်ရွက်ရမည် -

(က) အဖွဲ့ခွဲ၏ ဆောင်ရွက်မည့်လုပ်ငန်းများ သတ်မှတ်ခြင်းနှင့် လုပ်ငန်း အစီရင်ခံစာကို ဆွေးနွေးအတည်ပြုခြင်း၊

( ခ ) ကော်မတီ၏ အစီရင်ခံစာများကို ဆွေးနွေးခြင်းနှင့် ကော်မတီသို့ အစီရင်ခံစာတင်သွင်းခြင်း၊

( ဂ ) အထွေထွေညီလာခံ အစည်းအဝေးတွင်ပါဝင်ရန် ကိုယ်စားလှယ် များ သတ်မှတ်ရွေးချယ်ခြင်းနှင့် အဖွဲ့ခွဲအမှုဆောင်အဖွဲ့ဝင်များကို ရွေးချယ်တာဝန်ပေးအပ်ခြင်း၊

(ဃ) အဖွဲ့ခွဲအမှုဆောင်အဖွဲ့ဝင် အရေအတွက်ကို သတ်မှတ်ဆုံးဖြတ် ခြင်း။

၁၅။ နည်းပညာဆိုင်ရာအဖွဲ့ခွဲများကို အပြည်ပြည်ဆိုင်ရာ တမံကြီးများ ကော်မရှင် ၏ နည်းပညာဆိုင်ရာ အဖွဲ့များကိုအခြေခံ၍ ဘာသာရပ်အလိုက်စုစည်းကာ လိုအပ် ချက်နှင့်အညီ ဖွဲ့စည်းနိုင်သည်။ အဖွဲ့ခွဲများသည် မိမိတို့ဆက်စပ်ရာ ဘာသာရပ် အလိုက် အဖွဲ့ခွဲဝင်များကိုစုစည်း၍ မိမိတို့အဖွဲ့ခွဲအလိုက် ဆောင်ရွက်မည့်လုပ်ငန်း များ သတ်မှတ်ခြင်း၊ အစည်းအဝေးကျင်းပခြင်း၊ ဆောင်ရွက်ချက်၊ ဆွေးနွေးချက်များ နှင့် စပ်လျဉ်း၍ ကော်မတီသို့ တင်ပြဆောင်ရွက်ရမည်။

၁၆။ အလုပ်အမှုဆောင်ကော်မတီသည် ကော်မတီလုပ်ငန်းများကို အထောက် အကူပြုရန် -

(က) အလုပ်အမှုဆောင်ကော်မတီ အတွင်းရေးမှူး၊ တွဲဖက်အတွင်း ရေးမှူးနှင့် အလုပ်အမှုဆောင် ကော်မတီက တာဝန်ပေးအပ် သောအဖွဲ့များမှ အဖွဲ့ဝင်များပါဝင်စေလျက် အတွင်းရေးမှူးများ အဖွဲ့ကို ဖွဲ့စည်းရမည်။

( ခ ) တမံကြီးများနှင့်သက်ဆိုင်သည့် လိုအပ်သော အထူးအဖွဲ့များကို သတ်မှတ်ချက်များနှင့်အညီ ဖွဲ့စည်းနိုင်သည်။

**အခန်း (၅)**
**ကော်မတီ၏တာဝန်နှင့် လုပ်ပိုင်ခွင့်များ**

၁၇။ ကော်မတီ၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) တမံကြီးများ တည်ဆောက်၍ အသုံးချရာတွင် သဘာဝ ပတ်ဝန်းကျင် ရေရှည်တည်တံ့ရေး၊ ဘေးကင်းလုံခြုံ စိတ်ချ စေရေးနှင့် စွမ်းဆောင်ရည်မြင့်မားသော ရင်းနှီးမြှုပ်နှံမှု ဖြစ်စေရေးအတွက် အဖွဲ့ဝင်များ၏ အသိအမြင်များကို မြှင့်တင်ပေးခြင်း၊ ဖန်တီးနိုင်စွမ်းနှင့် စိတ်အားထက်သန်မှုတို့ကို တိုက်တွန်းအားပေးခြင်း၊

( ခ ) အရည်အသွေးမြင့်မားသော တမံကြီးများ ဖွံ့ဖြိုးတိုးတက် လာစေရေးအတွက် ပါဝင်ကြသော လူ့စွမ်းအားအရင်းအမြစ် များကို လေ့ကျင့်ပညာပေးခြင်းနှင့် လုပ်ငန်းစွမ်းရည်အဆင့် တိုးတက်မြင့်မားစေရန် ကူညီဆောင်ရွက်ပေးခြင်း၊ တိုက်တွန်း အားပေးခြင်း၊

( ဂ ) နိုင်ငံတော်က တည်ဆောက်ဆဲ၊ တည်ဆောက်မည့် တမံကြီး စီမံကိန်းများကို ကော်မတီ၏တာဝန်နှင့် လုပ်ပိုင်ခွင့်အရ စူးစမ်းလေ့လာမှုအပိုင်း၊ ဒီဇိုင်းစနစ်ချမှတ်မှုအပိုင်း၊ အသေး စိတ် ဒီဇိုင်းပုံစံထုတ်လုပ်မှုအပိုင်း၊ တည်ဆောက်အကောင် အထည်ဖော်မှုအပိုင်းတို့ကို စိစစ်ခြင်း၊ ထောက်ခံအကြံပြု ချက်ပေးခြင်း၊

(ဃ) နိုင်ငံတော်၏ တည်ဆောက်ပြီး တမံကြီးစီမံကိန်းများကို ကော်မတီက ကြံ့ခိုင်မှုစစ်ဆေးခြင်း ဆက်စပ်လုပ်ငန်းများနှင့် ရေအားအဆောက်အအုံများအား လည်ပတ်အသုံးချမှု၊ ထိန်းသိမ်းထားရှိမှုတို့ကို စစ်ဆေးခြင်း၊ အကြံပြု ထောက်ခံ ချက်ပေးခြင်း၊

( င ) တမံကြီးများ၏ ဖွံ့ဖြိုးမှုနှင့်ဆက်နွှယ်သော သိပ္ပံနှင့် နည်းပညာ ဘာသာရပ်ဆိုင်ရာ အသိပညာဗဟုသုတများ အသိပေးဖြန့်ဖြူး ခြင်း၊

( စ ) လုပ်ထုံးလုပ်နည်းပြဋ္ဌာန်းချက်များ၊ ပညာရပ်ပိုင်းဆိုင်ရာကျင့် ဝတ်များ၊ စံချိန်စံညွှန်းများနှင့်အညီ တမံကြီးများကို လေ့လာ စိစစ်ခြင်း၊ တည်ဆောက်ခြင်း၊ နည်းဗျူဟာများ ချမှတ်ခြင်း၊ ဆက်စပ်စီမံခန့်ခွဲခြင်းနှင့် အသုံးပြုခြင်းတို့ ဆောင်ရွက်ရာတွင် လိုအပ်သည့် အထောက်အပံ့များပေးခြင်း၊ တမံကြီးများ ဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နေသည့်ဌာန၊ အဖွဲ့အစည်း အသီးသီးသို့ သဘောထားမှတ်ချက်များ ဖြန့်ဝေပေးခြင်း၊ ကော်မတီ၏ လေ့လာသုံးသပ်ချက်များနှင့်စပ်လျဉ်း၍ ညှိနှိုင်း တိုင်ပင် အကြံပြုဆောင်ရွက်ခြင်း၊

(ဆ) ကော်မတီသည် ရေအရင်းအမြစ်များ ထုတ်နုတ်အသုံးချမှု ဆိုင်ရာ အခြားဆက်စပ်အဖွဲ့အစည်းများနှင့် ပေါင်းစည်း ညှိနှိုင်း၍ တမံကြီးများကို တည်ဆောက် အကောင်အထည် ဖော်ဆောင်ရွက်ရာတွင် ပူးပေါင်းတာဝန်ယူဆောင်ရွက်ခြင်း၊

( ဇ ) သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းမှတစ်ဆင့် အပြည် ပြည်ဆိုင်ရာ တမံကြီးများကော်မရှင် နိုင်ငံတကာ အဖွဲ့အစည်း များနှင့် ဆက်ဆံဆောင်ရွက်မှုများကို တိုးမြှင့် ဆောင်ရွက်ခြင်း၊

( ဈ ) ကော်မတီအဖွဲ့ဝင်ဖြစ်သည့် လူပုဂ္ဂိုလ်တစ်ဦးချင်းနှင့် အဖွဲ့ အစည်းများ၏ ပညာရပ်ပိုင်း ကျွမ်းကျင်မှုဆိုင်ရာ အခွင့် အရေးများကို ဥပဒေနှင့်အညီ အကာအကွယ်ပေးခြင်း။

၁၈။ ကော်မတီ၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) နိုင်ငံတော်မှ တမံကြီးများဖွံ့ဖြိုးတိုးတက်မှုအတွက် မူဝါဒများ၊ လုပ်ငန်းအစီအစဉ်များ၊ စီမံကိန်းများ ချမှတ်ဆောင်ရွက်ရာ တွင် လိုအပ်သည့်ရှင်းလင်းချက်နှင့် သဘောထားမှတ်ချက် တို့ကို သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ တစ်ဆင့် တင်ပြခြင်းဖြင့် နိုင်ငံတော်၏ လူမှုစီးပွားရေးဖွံ့ဖြိုး တိုးတက်မှုဆိုင်ရာရည်မှန်းချက်များ ပေါက်မြောက်အောင်မြင် ရန် ပံ့ပိုးဆောင်ရွက်ပေးခြင်း၊

( ခ ) နိုင်ငံတော်အတွင်း တည်ဆောက်ဆဲ၊ တည်ဆောက်မည့်တမံကြီး စီမံကိန်းများကို ကော်မတီ၏ တာဝန်အရလည်းကောင်း၊ အထူး လိုအပ်ချက် အခြေအနေအရ လည်းကောင်း အတိုင်ပင်ခံ အဖြစ် ဆောင်ရွက်ခြင်း၊ ဆန်းစစ်ဝေဖန်ခြင်း၊ ပြန်လည်သုံးသပ် ခြင်း၊ နည်းပညာဆိုင်ရာ ကြီးကြပ်အကြံပြုခြင်းတို့တွင် ပါဝင် ဆောင်ရွက်ခြင်း၊

( ဂ ) တမံကြီးများဖွံ့ဖြိုးမှုဆိုင်ရာ သတင်းအချက်အလက်များ ဖလှယ်ခြင်း၊ သုတေသနပြုလုပ်ခြင်း၊ ရင်းနှီးမြှုပ်နှံခြင်းတို့ကို ဆောင်ရွက်ရန် ပြည်တွင်း ပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်း ပါဝင်ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဃ) တမံကြီးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ထုံးလုပ်နည်း စည်းမျဉ်းများနှင့်အညီ အကြံပေးခြင်း၊ သတင်းပေးခြင်းစသည် တို့ကို ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း၊ တမံကြီးများဆိုင်ရာ စီမံ ခန့်ခွဲမှုလုပ်ငန်းများဖြစ်သည့် ဒီဇိုင်းပုံထုတ်လုပ်ခြင်း၊ အသုံး ပြုခြင်း၊ အဆင့်မြင့်နည်းပညာများ သုံးစွဲခြင်း၊ စီမံခန့်ခွဲခြင်း စသည်တို့အတွက် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ခြင်း၊

( င ) မိမိ၏ လက်အောက်ခံအဖွဲ့အစည်းများကို ဖွဲ့စည်းထူထောင် ခြင်း၊

( စ ) ညီလာခံများ၊စာတမ်းဖတ်ပွဲများ၊ ဆွေးနွေးနှီးနှောဖလှယ်ပွဲများ ခေါ်ယူကျင်းပခြင်း၊

(ဆ) တမံကြီးများ ဖွံ့ဖြိုးတိုးတက်မှုအတွက် အတွေ့အကြုံများ ဖလှယ် ဖြန့်ဝေခြင်း၊ လေ့ကျင့်မှု၊ ပို့ချမှုများပြုလုပ်ခြင်း၊ သုတေသန တွေ့ရှိချက်များဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်း၊

*စာမျက်နှာ ၁၆ သို့*

*စာမျက်နှာ ၁၅ မှ*

(ဈ) အဖွဲ့ဝင်များနှင့် တမံကြီးများဖွံ့ဖြိုးမှုဆိုင်ရာ လုပ်ငန်းအသီးသီးတွင် ပါဝင်ဆောင်ရွက်နေသူများကို လုပ်ငန်းဆိုင်ရာ သင်တန်းများပို့ချခြင်း၊

(ည) သုတေသနဖော်ထုတ်ချက်များ၊ လေ့လာပြီးလုပ်ငန်းများ၊ သုတေသနတွေ့ရှိချက်များနှင့် ပညာရပ်ဆိုင်ရာ စာစောင်များကို ထုတ်ဝေခြင်း၊ ကြေညာခြင်းနှင့် လုပ်ငန်းဆိုင်ရာ အသိပညာများကို ဖြန့်ဖြူးပေးခြင်း၊

(ဋ) ရရှိသော ငွေကြေးအရင်းအမြစ်များကို ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့်အညီ သုံးစွဲခြင်း၊

(ဌ) အဖွဲ့ဝင်များအတွက် ပညာရပ်ပိုင်းဆိုင်ရာ အသိအမှတ်ပြုလက်မှတ်များ၊ စိစစ်ရေးကတ်ပြားများ ထုတ်ဝေပေးခြင်း၊

(ဍ) အဖွဲ့ဝင်လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများအတွက် အရည်အသွေးနှင့် စည်းကမ်းလိုက်နာမှုဆိုင်ရာ အသိအမှတ်ပြုလက်မှတ်များ၊ ဂုဏ်ပြုမှတ်တမ်းများ ချီးမြှင့်ပေးအပ်ခြင်း။

## အခန်း (၆)
## ကော်မတီအဖွဲ့ဝင်များ၏ တာဝန်နှင့်အခွင့်အရေးများ

၁၉။ ကော်မတီအဖွဲ့ဝင်များ၏တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ကော်မတီ၏ ဖွဲ့စည်းပုံစည်းမျဉ်းများကို အကောင်အထည်ဖော်ခြင်း၊ ကော်မတီ၏ညွှန်ကြားချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ မိမိ၏စွမ်းဆောင်ရည်အလိုက် ကော်မတီလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်း၊

(ခ) မိမိတို့၏ လုပ်ငန်းစွမ်းဆောင်ရည်ကို စဉ်ဆက်မပြတ်တိုးတက်စေရန် ဆောင်ရွက်ခြင်းဖြင့် လုပ်ငန်းဆိုင်ရာ အရည်အသွေးကို ထိန်းသိမ်းခြင်း၊

(ဂ) ကော်မတီ၏အကျိုးစီးပွားကို ကာကွယ်ခြင်း၊ ကော်မတီ၏ဆောင်ရွက်ချက်များကို အများပြည်သူ သဘောပေါက်နားလည်စေရန် ရှင်းလင်းဖြန့်ဝေခြင်း၊ အဖွဲ့ဝင်သစ်များ တိုးပွားစေရန် စည်းရုံးခြင်း၊

(ဃ) အဖွဲ့ဝင်များသည် ကော်မတီ၏ ရည်ရွယ်ချက်များကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ကော်မတီ၏လုပ်ငန်းရပ်များကို အခကြေးငွေရယူခြင်းမရှိဘဲ အစဉ်တစိုက်ပါဝင်ဆောင်ရွက်ခြင်း၊

(င) ကော်မတီသို့ သတ်မှတ်ထားသည့် အခကြေးငွေများ ပေးသွင်းခြင်း။

၂၀။ ကော်မတီအဖွဲ့ဝင်များ၏ အခွင့်အရေးများမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ကော်မတီ၏ဆောင်ရွက်မှုများ၊ ဆွေးနွေးမှုများတွင် ပါဝင်ဆောင်ရွက်ခွင့်ရှိခြင်း၊

(ခ) တွဲဖက်အဖွဲ့ဝင်များနှင့် ဂုဏ်ထူးဆောင်အဖွဲ့ဝင်များမှအပ ကျန်အဖွဲ့ဝင်များသည် မဲပေးရွေးချယ်မှုနှင့် ဖွဲ့စည်းတာဝန်ပေးမှုတို့တွင် ပါဝင်ဆောင်ရွက်ခွင့်ရှိခြင်း၊

(ဂ) တမံကြီးများဆိုင်ရာ သတင်းအချက်အလက်များ ရရှိနိုင်ခြင်းနှင့် တမံကြီးများ ဖွံ့ဖြိုးမှုဆိုင်ရာ ပညာရပ်ပိုင်း အဆင့်အတန်းတိုးတက်စေရန် ကော်မတီ၏အကူအညီများ ရယူခွင့်ရှိခြင်း၊

(ဃ) အဆိုပြုချက်များ၊ တီထွင်မှုများ၊ သုတေသနပြုချက်များအတွက် ကော်မတီ၏ ကူညီထောက်ပံ့မှုများ ရယူခွင့်ရှိခြင်း၊

(င) ပညာရပ်ပိုင်းဆိုင်ရာ ဆောင်ရွက်မှုများအတွက် ကော်မတီ၏ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ အကာအကွယ်ပေးမှုကို ရယူခွင့်ရှိခြင်း၊

(စ) ပညာရပ်ပိုင်းဆိုင်ရာ ဆောင်ရွက်မှုများနှင့် တမံကြီးများဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများအတွက် ကော်မတီ၏အသိအမှတ်ပြုထောက်ခံချက် ရယူဆောင်ရွက်ခွင့်ရှိခြင်း။

၂၁။ ကော်မတီသည် မြန်မာနိုင်ငံ၏ တမံကြီးများနှင့် ဆက်စပ်လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသော သို့မဟုတ် စိတ်ပါဝင်စားသော နိုင်ငံ့ဝန်ထမ်းများအပါအဝင် မြန်မာနိုင်ငံသား လူပုဂ္ဂိုလ်တစ်ဦးချင်းနှင့် မြန်မာနိုင်ငံအတွင်း တရားဝင်ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများက ကော်မတီ၏ဖွဲ့စည်းပုံ စည်းမျဉ်းများကို သဘောတူပြီး ကော်မတီနှင့်ပူးပေါင်းဆောင်ရွက်ရန် အဆိုပြုလာလျှင် ကော်မတီ၏ အဖွဲ့ဝင်အဖြစ် သတ်မှတ်ချက်များနှင့်အညီ ခွင့်ပြုနိုင်သည်။

၂၂။ (က) ကော်မတီအဖွဲ့ဝင် အမျိုးအစားများမှာ အောက်ပါအတိုင်း ဖြစ်သည်-

(၁) အစုအဖွဲ့ဝင်များဆိုရာတွင် ဆန်းစစ်လေ့လာမှုအဖွဲ့များ၊ စီးပွားရေးဆိုင်ရာ အစုအဖွဲ့များ၊ လေ့ကျင့်ရေး၊ တည်ဆောက်ရေး၊ ပစ္စည်းကိရိယာ ထုတ်လုပ်ရေး၊ စီမံခန့်ခွဲမှုလုပ်ငန်းများနှင့် ဆက်စပ်သည့်အဖွဲ့များစသည်တို့ ပါဝင်သည်။

(၂) ပုဂ္ဂိုလ်တစ်ဦးချင်းအဖွဲ့ဝင်များဆိုရာတွင် မန်နေဂျာများ၊ ပညာရှင်များ၊ နည်းပညာပါရဂူများ၊ ကျွမ်းကျင်ပညာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ လူမှုရေး ဆောင်ရွက်သူများနှင့် တမံကြီးများဆိုင်ရာ လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသူများစသည်တို့ ပါဝင်သည်။

(၃) တင်းပြည့်အဖွဲ့ဝင်များဆိုသည်မှာ ကော်မတီလုပ်ငန်းများနှင့် ဆုံးဖြတ်ချက်များတွင် အပြည့်အဝ ပါဝင်ဆောင်ရွက်ရန် အခြေအနေရှိသော ပြည်တွင်းအဖွဲ့ဝင်များဖြစ်သည်။

(၄) တွဲဖက်အဖွဲ့ဝင်များဆိုသည်မှာ ကော်မတီတွင် ပူးပေါင်းပါဝင်ရန် ဆန္ဒရှိသော်လည်း ကော်မတီလုပ်ငန်းများတွင် အပြည့်အဝ ဆောင်ရွက်ရန် အခြေအနေမရှိသောသူများ ဖြစ်သည်။

(၅) ဂုဏ်ထူးဆောင်အဖွဲ့ဝင်များဆိုသည်မှာ တမံကြီးများဆိုင်ရာ မြင့်မားသော လုပ်ငန်းစွမ်းဆောင်ရည်၊ ပညာအရည်အချင်းနှင့် အတွေ့အကြုံရှိသူများဖြစ်ကြသော်လည်း ကော်မတီ၏လုပ်ငန်းများတွင် တိုက်ရိုက်ပါဝင်ဆောင်ရွက်ရန် အခြေအနေမပေးသည့်အတွက် ဂုဏ်ထူးဆောင်အဖွဲ့ဝင်များအဖြစ် အသိအမှတ်ပြုထားသူများ ဖြစ်သည်။

(ခ) ကော်မတီအဖွဲ့ဝင် အမျိုးအစားများ၏ ပါဝင်ဆောင်ရွက်ပိုင်ခွင့်တို့မှာ အောက်ပါအတိုင်းဖြစ်သည်-

(၁) မြန်မာနိုင်ငံအတွင်း တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းများ၊ အခြားကော်မတီတစ်ခုခု၏ အစုအဖွဲ့ဝင်များနှင့်အဖွဲ့ဝင်များသည် ကော်မတီသို့ ပူးပေါင်းရန် စာဖြင့်ဆက်သွယ်ပြီး ကော်မတီ၏ ဖွဲ့စည်းပုံစည်းမျဉ်းများကို လက်ခံလျှင် ကော်မတီအဖွဲ့ဝင်အဖြစ် အသိအမှတ်ပြုခံနိုင်ခွင့်ရှိသည်။

(၂) တွဲဖက်အဖွဲ့ဝင်များနှင့် ဂုဏ်ထူးဆောင်အဖွဲ့ဝင်များသည် ကော်မတီ၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီတို့တွင် ရွေးချယ်ခံခွင့်၊ မဲပေးခွင့်တို့မှအပ ကော်မတီက ခွင့်ပြုသည့်ကိစ္စများကို ပါဝင်ဆောင်ရွက်ခွင့်ရှိသည်။

## အခန်း (၇)
## အထွေထွေညီလာခံနှင့် အစည်းအဝေးများကျင်းပခြင်း

၂၃။ ကော်မတီ၏ အထွေထွေညီလာခံအစည်းအဝေးကို နှစ်နှစ်လျှင်တစ်ကြိမ် ကော်မတီက ခေါ်ယူကျင်းပရမည်။

၂၄။ အထူးညီလာခံကို ကော်မတီဝင် သုံးပုံနှစ်ပုံနှင့်အထက်သို့မဟုတ် တရားဝင်အသိအမှတ်ပြုအဖွဲ့ဝင် စုစုပေါင်း၏ သုံးပုံတစ်ပုံနှင့် အထက်ကတောင်းဆိုလျှင် အလုပ်အမှုဆောင်ကော်မတီက ခေါ်ယူပေးရမည်။

၂၅။ ကော်မတီ၏ အထွေထွေညီလာခံသည် ပြီးခဲ့သည့် သက်တမ်းအတွင်း ဆောင်ရွက်ခဲ့သည့် အလုပ်အမှုဆောင်ကော်မတီ၏ အစီရင်ခံစာကို ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊ မှတ်တမ်းတင်ခြင်း၊ ဖွဲ့စည်းပုံစည်းမျဉ်းများ ပြင်ဆင်ခြင်း၊ ကော်မတီရုံးအတွက် ဝန်ထမ်းများကို ခန့်ထားရန်ဆုံးဖြတ်ခြင်းတို့ကို ဆွေးနွေးအတည်ပြုဆောင်ရွက်ခွင့်ရှိသည်။

၂၆။ ကော်မတီ၏ ပုံမှန်အစည်းအဝေးများကို အနည်းဆုံးတစ်နှစ်လျှင် နှစ်ကြိမ်ကျင်းပရမည်။ အလုပ်အမှုဆောင်ကော်မတီသည် လိုအပ်ပါက ကော်မတီအထူးအစည်းအဝေးကို ခေါ်ယူနိုင်သည်။

၂၇။ အလုပ်အမှုဆောင်ကော်မတီသည် ကော်မတီ၏ အထွေထွေညီလာခံနှင့် ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ရန် တာဝန်ရှိသည်။ အလုပ်အမှုဆောင်ကော်မတီ အစည်းအဝေးကို နှစ်လလျှင် အနည်းဆုံးတစ်ကြိမ်ကျင်းပပြီး ဥက္ကဋ္ဌကသော်လည်းကောင်း၊ အလုပ်အမှုဆောင်ကော်မတီဝင်ဦးရေ ထက်ဝက်ကျော်က သော်လည်းကောင်း အဆိုပြုလျှင် အထူးအစည်းအဝေးခေါ်ယူနိုင်သည်။

## အခန်း (၈)
## နုတ်ထွက်ခြင်းနှင့် တာဝန်မှရပ်စဲခြင်း

၂၈။ အဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်ခြင်းနှင့် တာဝန်မှရပ်စဲခြင်းတို့ကို အောက်ပါနည်းလမ်းများအတိုင်း ဆောင်ရွက်ရမည်-

(က) အဖွဲ့ဝင်တစ်ဦး သို့မဟုတ် အဖွဲ့ဝင်အဖွဲ့အစည်းတစ်ခုသည် ကော်မတီမှ နုတ်ထွက်လိုလျှင် အလုပ်အမှုဆောင်ကော်မတီသို့ စာဖြင့်တင်ပြ၍ နုတ်ထွက်ရမည်။

(ခ) အဖွဲ့ဝင်တစ်ဦး သို့မဟုတ် အဖွဲ့ဝင် အဖွဲ့အစည်းတစ်ခုတွင် အောက်ဖော်ပြပါ အကြောင်းတစ်ရပ်ရပ် ပေါ်ပေါက်ကြောင်း စစ်ဆေးတွေ့ရှိခဲ့လျှင် အလုပ်အမှုဆောင်ကော်မတီသည် အဆိုပါ အဖွဲ့ဝင်အား အဖွဲ့ဝင်အဖြစ်မှ ရပ်စဲရမည် -

(၁) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုက ကော်မတီတွင် ပါဝင်ဆောင်ရွက်မှုကို ဥပဒေနှင့်အညီ တားမြစ်ခြင်း၊

(၂) ကော်မတီ၏ဖွဲ့စည်းပုံစည်းမျဉ်းကို ချိုးဖောက်ခြင်း၊

(၃) တည်ဆဲဥပဒေတစ်ရပ်ရပ်ကို ချိုးဖောက်ခြင်း၊

(၄) လူမွဲအဖြစ် သက်ဆိုင်ရာတရားရုံး၏ ကြေညာခံရခြင်း၊

(၅) စိတ်ပေါ့သွပ်သည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းသည့်အတိုင်း သတ်မှတ်ခံရခြင်း၊

(၆) ကွယ်လွန်ခြင်း။

## အခန်း (၉)
## ရန်ပုံငွေရှာဖွေခြင်းနှင့် သုံးစွဲခြင်း

၂၉။ ကော်မတီ၏ရန်ပုံငွေကို အဖွဲ့ဝင်များနှင့် အစုအဖွဲ့ဝင်များ၏ အသင်းဝင်ကြေးနှင့် ထည့်ဝင်ငွေများ၊ တမံကြီးများနှင့်သက်ဆိုင်သည့် ပညာရပ်ဆိုင်ရာ ဆောင်ရွက်မှုလုပ်ငန်းများမှ ရရှိသည့်ဝင်ငွေများ၊ ပြင်ပပုဂ္ဂိုလ်တစ်ဦးချင်းနှင့် အဖွဲ့အစည်းများ၏ ထောက်ပံ့ငွေများနှင့် အခြားတရားဝင်ရငွေများဖြင့် ထူထောင်ထားရှိရမည်။

၃၀။ ကော်မတီသည် -

(က) မိမိရန်ပုံငွေဖြင့် သီးခြားရပ်တည်နိုင်ရန် ကြိုးပမ်းအားထုတ်ရမည်။

(ခ) မိမိရန်ပုံငွေဖြင့် ရပ်တည်ရာတွင် လုံလောက်မှုမရှိပါက ဝန်ကြီးဌာနမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ကျခံသုံးစွဲနိုင်ရန် တင်ပြတောင်းခံနိုင်သည်။

(ဂ) ဘဏ္ဍာရေးဆိုင်ရာ ဆောင်ရွက်ချက်များကို တည်ဆဲဘဏ္ဍာရေး စည်းမျဉ်း၊ စည်းကမ်း၊ ညွှန်ကြားချက်များနှင့်အညီ စနစ်တကျ ဆောင်ရွက်ရမည်။

၃၁။ အတွင်းရေးမှူးများအဖွဲ့သည် ရန်ပုံငွေကို အောက်ပါကိစ္စရပ်များအတွက် သုံးစွဲခွင့်ရှိပြီး ရန်ပုံငွေသုံးစွဲမှုများကို အနီးဆုံးကျင်းပသော အလုပ်အမှုဆောင်ကော်မတီအစည်းအဝေးသို့တင်ပြ၍ အတည်ပြုချက်ရယူရမည် -

(က) စီမံခန့်ခွဲမှုနှင့် သတင်းအချက်အလက်ရယူခြင်း၊ သင်တန်းပေးခြင်းစသည့်လုပ်ငန်းများအတွက် သုံးစွဲခြင်း၊

(ခ) ကော်မတီရုံးဝန်ထမ်းများ၏ လစာ၊ ထောက်ပံ့ကြေး၊ ဝန်ထမ်းရေးရာကိစ္စများအတွက် သုံးစွဲခြင်း၊

(ဂ) ကော်မတီက အဖွဲ့ဝင်အဖြစ် ဝင်ရောက်ထားသော အဖွဲ့အစည်းများသို့ နှစ်စဉ်ကြေးပေးသွင်းခြင်း၊

(ဃ) အထွေထွေကုန်ကျစရိတ်များအတွက် သုံးစွဲခြင်း။

၃၂။ (က) အဖွဲ့ခွဲများသည် ကော်မတီက သတ်မှတ်အတည်ပြုထားသည့် ဘဏ္ဍာရေးနှင့် ငွေစာရင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဘဏ္ဍာရေးနှင့် ငွေစာရင်းကို စီမံခန့်ခွဲရမည်။

(ခ) အဖွဲ့ခွဲတစ်ခုခုကို ဖျက်သိမ်းလျှင် သို့မဟုတ် ဖျက်သိမ်းရန်ရှိလျှင် ၎င်း၏ ပုံသေပိုင်ပစ္စည်းများနှင့် ဘဏ္ဍာရေးစာရင်းရှင်းတမ်းကို တည်ဆဲဘဏ္ဍာရေးဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဆောင်ရွက်ရမည်။

၃၃။ လုပ်ငန်းစစ်ဆေးရေးအဖွဲ့ကို အလုပ်အမှုဆောင်ကော်မတီ၏ ဒုတိယဥက္ကဋ္ဌတစ်ဦးကို ဦးဆောင်စေလျက် အဖွဲ့ဝင်သုံးဦးဖြင့် ကော်မတီက ရွေးချယ်ခန့်ထားရမည်။ လုပ်ငန်းစစ်ဆေးရေးအဖွဲ့သည် ကော်မတီ၊ အဖွဲ့ခွဲများနှင့် အဖွဲ့ဝင်များ၏ လုပ်ငန်းဆောင်ရွက်ခြင်းများသည် လုပ်ထုံးလုပ်နည်း စည်းမျဉ်းများနှင့်အညီ ဆောင်ရွက်ခြင်း ရှိ မရှိ စစ်ဆေးခြင်း၊ ကော်မတီ၏ ရန်ပုံငွေသုံးစွဲမှု စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ပြီး စစ်ဆေးတွေ့ရှိချက်များကို ကော်မတီအထွေထွေညီလာခံ၊ ကော်မတီနှင့် အလုပ်အမှုဆောင်ကော်မတီ အစည်းအဝေးများသို့ တင်ပြရမည်။

## အခန်း (၁၀)
## ထူးချွန်ဆုချီးမြှင့်ခြင်း၊ အသိအမှတ်ပြုထောက်ခံခြင်းနှင့် အရေးယူဆောင်ရွက်ခြင်း

၃၄။ ကော်မတီသည် ကော်မတီ၏လုပ်ငန်းများနှင့် တမံကြီးများဆိုင်ရာလုပ်ငန်းနယ်ပယ်များတွင် ထူးချွန်စွာဆောင်ရွက်သူ အဖွဲ့ဝင်များနှင့် အဖွဲ့အစည်းများကို ထူးချွန်ဆုများ ချီးမြှင့်ခြင်းကိုသော်လည်းကောင်း၊ နိုင်ငံတော်ကအသိအမှတ်ပြုသည့် အဖွဲ့အစည်းအဖြစ် သတ်မှတ်ခံရရေးအတွက် အသိအမှတ်ပြု ထောက်ခံပေးခြင်းကိုသော်လည်းကောင်း ဆောင်ရွက်ခွင့်ရှိသည်။

၃၅။ ကော်မတီသည် ကော်မတီ၏ ရပ်တည်မှု၊ ဂုဏ်သိက္ခာ၊ ကော်မတီ၏ စည်းမျဉ်းများနှင့် ကိုက်ညီခြင်းမရှိသော မည်သည့်အဖွဲ့ဝင် သို့မဟုတ် အဖွဲ့အစည်းကိုမဆို သတ်မှတ်ချက်များနှင့်အညီ စည်းကမ်းပိုင်းဆိုင်ရာ အရေးယူဆောင်ရွက်မှုများ ပြုလုပ်နိုင်သည်။

## အခန်း (၁၁)
## အထွေထွေ

၃၆။ အလုပ်အမှုဆောင်ကော်မတီသည် ကော်မတီရုံး၏ ဝန်ထမ်းများကို သတ်မှတ်ချက်နှင့်အညီ ခန့်ထားရမည်။ ကော်မတီရုံးသည် အတွင်းရေးမှူးများအဖွဲ့၏ လုပ်ငန်းများကို တာဝန်ခံဆောင်ရွက်ရမည်။

၃၇။ ဝန်ကြီးဌာနသည် ဤဥပဒေပါ လုပ်ငန်းတာဝန်များကို ကော်မတီက ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ထောက်ပံ့ကူညီပေးရမည်။

၃၈။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော နာယကအဖွဲ့ဝင်များ၊ ကော်မတီဝင်များနှင့် အလုပ်အမှုဆောင်ကော်မတီဝင်များသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဝန်ကြီးဌာနက သတ်မှတ်ထားသည့် ချီးမြှင့်ငွေနှင့် စရိတ်များကို ခံစားခွင့်ရှိသည်။

၃၉။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ကော်မတီနှင့် ဝန်ကြီးဌာနတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

---

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။**

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## အခြေခံသမဝါယမအသင်းများသို့ ချေးငွေကျပ်သိန်း ၈၆၀၀ ကျော်ထုတ်ပေး

**ကနီ ဇူလိုင် ၁၆**

ကနီမြို့နယ်အတွင်းရှိ အခြေခံသမဝါယမအသင်းများသို့ EXIM Bank မှ ချေးငွေများကို မြို့နယ်သမဝါယမဦးစီးဌာနရုံး၌ ဇူလိုင် ၁၃ ရက်က ထုတ်ချေးပေးရာ ကနီမြို့နယ်အတွင်းရှိ အခြေခံသမဝါယမအသင်း ၁၈၅ သင်းမှ အသင်းသား ၈၆၂၈ ဦးအတွက် ချေးငွေကျပ် ၈၆၂၈ သိန်းကို ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ အဆိုပါ ချေးငွေပေးအပ်ပွဲတွင် ယခင်နှစ်က မြို့နယ်အလိုက် EXIM Bank မှ ချေးငွေ ကျပ်သိန်းငါးထောင်နှင့် တစ်သောင်းအကြား ထုတ်ချေးမှုတွင် ပြန်လည်ပေးဆပ်နိုင်ခဲ့သည့် မြို့နယ်များအနက် ကနီမြို့နယ်က ပထမရရှိခဲ့သည့်အတွက် ဂုဏ်ပြုမှတ်တမ်းလွှာကိုလည်း တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးရှိန်က မြို့နယ်သမဝါယမအသင်းသို့ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သန်းဌွေးအောင်(ကနီ)**



**ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်အတွင်းရှိ စာသင်ကျောင်းများ၌ ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး သစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၁၂ ရက်က ကျင်းပရာ အထက(၂)ကျောင်း၌ ကျောင်းသားကျောင်းသူများက ပန်းပင်၊ အရိပ်ရပင်များ စိုက်ပျိုးနေမှုကို လှိုင်သာယာမြို့နယ်ပညာရေးမှူး ဦးတင်လှိုင် လှည့်လည်ကြည့်ရှုအားပေးစဉ်။**

သန်းထိုက်(လှိုင်သာယာ)

# အထည်အလိပ်ဆိုင်ရာ စမ်းသပ်စစ်ဆေးသည့် စက်ကိရိယာများ လွှဲပြောင်းပေးအပ်

**နေပြည်တော် ဇူလိုင် ၁၆**

အထည်အလိပ်ဆိုင်ရာ စမ်းသပ်စစ်ဆေးသည့် စက်ကိရိယာများ လွှဲပြောင်းပေးအပ်ပွဲကို ဇူလိုင် ၁၄ ရက် နံနက် ၁၀ နာရီက နေပြည်တော်ရှိ Grand Amara ဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားသို့ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းအောင်၊ ကိုရီးယားအထည်အလိပ် စမ်းသပ်စစ်ဆေးရေးနှင့် သုတေသနဌာန ဥက္ကဋ္ဌ Mr.Leem Seungyeon နှင့် ကိုရီးယားသမ္မတနိုင်ငံ ကောင်စစ်ဝန် Mr. Choi Won Young တို့ တက်ရောက်၍ မြန်မာနိုင်ငံ၏ အထည်အလိပ်ကဏ္ဍ စမ်းသပ်ခြင်းနှင့်စစ်ဆေးခြင်း နည်းစနစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာ-ကိုရီးယားနှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြသည်။

ထို့နောက် ကိုရီးယားအထည်အလိပ်စမ်းသပ် စစ်ဆေးရေးနှင့် သုတေသနဌာန ဥက္ကဋ္ဌက အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးထံ အမေရိကန်ဒေါ်လာ ကိုးသောင်းကျော်တန်ဖိုးရှိ အထည်အလိပ်စမ်းသပ်စက် ၁၂ လုံးကို လွှဲပြောင်းပေးအပ်သည်။

အဆိုပါအထည်အလိပ် စမ်းသပ်စက်များရရှိခြင်းဖြင့် မြန်မာနိုင်ငံ၏ အဝတ်အထည်ဆိုင်ရာ ထုတ်ကုန်ပစ္စည်းများ၏ အရည်အသွေးကို နိုင်ငံတကာစံနှုန်းနှင့်အညီ စမ်းသပ်စစ်ဆေးနိုင်မည်ဖြစ်ပြီး ပြည်တွင်း၌ ထုတ်လုပ်သည့် အထည်အလိပ်နှင့် အဝတ်အထည်များ၏ အရည်အသွေး တိုးတက်ကောင်းမွန်စေရန် အထောက်အကူပြုနိုင်ခြင်း၊ နည်းပညာရရှိခြင်းနှင့် အထည်အလိပ်ဆိုင်ရာ ထုတ်ကုန်ပစ္စည်းများ နိုင်ငံတကာဈေးကွက်သို့ ဝင်ရောက်နိုင်ခြင်း စသည့်အခွင့်အလမ်းများလည်း ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

အထည်အလိပ်နှင့် အဝတ်အထည်ကဏ္ဍ စမ်းသပ်ခြင်းနှင့် စစ်ဆေးခြင်းဆိုင်ရာ နည်းစနစ်များ ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးပွဲကို ဇူလိုင် ၁၄ ရက်နှင့် ၁၅ ရက်တွင် နေပြည်တော် Garnd Amara ဟိုတယ်၌ ကျင်းပမည်ဖြစ်ပြီး လွှဲပြောင်းပေးအပ်ထားသော စမ်းသပ်စက်များနှင့်ပတ်သက်၍ လက်တွေ့သရုပ်ပြခြင်းကို ဇူလိုင် ၁၆ ရက်တွင် ရန်ကုန်မြို့ စက်မှုဝန်ကြီးဌာန အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်းလက်အောက်ရှိ ချည်မျှင်နှင့်အထည်ထုတ်လုပ်မှုနည်းပညာ ဖွံ့ဖြိုးရေးဌာနတွင် ဆက်လက်ပြုလုပ်သွားမည်ဖြစ်သည်။ **(သတင်းစဉ်)**



## ပိုက်ကျော်ခြင်း၊ ဘတ်စကက်ဘောပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကျင်းပ

**ဖျာပုံ ဇူလိုင် ၁၆**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့တွင် အားကစားဝန်ကြီးဌာန၏ (TSDP) မြို့နယ်အားကစား ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်အရ မြို့နယ်အုပ်ချုပ်ရေးမှူးဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲနှင့် ဘတ်စကက်ဘောပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကို ဇူလိုင် ၁၄ ရက်က မိုးလုံလေလုံအားကစားခန်းမကြီး၌ ကျင်းပရာ ဆုရရှိသည့်အသင်းများကို ဆုတံဆိပ်နှင့် ငွေသားဆုများချီးမြှင့်ခဲ့သည်။ ဘတ်စကက်ဘောပထမဆုရရှိသည့် လူထုအသင်း၊ ဒုတိယဆုရရှိသည့် ဖျာပုံအသင်း၊ တတိယဆုရရှိသည့် ဂျိုးကြာအသင်း၊ ပိုက်ကျော်ခြင်း တတိယဆုရရှိသည့် star အသင်း၊ ဒုတိယဆုရရှိသည့် ရွှေညာအသင်းနှင့်ပထမဆုရရှိသည့် ဖျာပုံအသင်းတို့ကို ဆုတံဆိပ်နှင့် ငွေသားဆုများ ချီးမြှင့်ခဲ့ကြသည်။ **ချမ်းသာ(ဖျာပုံ)**

## ဒီပဲယင်းမြို့နယ်၌ အခြေခံပညာ မူလတန်းကျောင်းဖွင့်

**ဒီပဲယင်း ဇူလိုင် ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ် အောင်သာယာကျေးရွာ၌ ဇူလိုင်လဒုတိယပတ်က အခြေခံပညာမူလတန်းကျောင်းဖွင့်ပွဲအခမ်းအနား ကျင်းပသည်။

အဆိုပါ အခြေခံပညာမူလန်းကျောင်းဆိုင်းဘုတ်သစ်ကို မြို့နယ်လက်ထောက်ပညာရေးမှူး ဦးအုန်းသန်း၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးပေါက်စနှင့် တာဝန်ရှိသူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးမျိုးအောင်က ကျောင်းဆိုင်းဘုတ်သစ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။ **အောင်လင်း(ပြန်/ဆက်)**

# သဘာဝဘေးအန္တရာယ် ထိခိုက်မှုလျော့နည်းစေရေး သရုပ်ပြလေ့ကျင့်



**တောင်ငူ ဇူလိုင် ၁၆**

သဘာဝဘေးအန္တရာယ်ဖြစ်ပွားလာပါက ထိခိုက်မှုလျော့နည်းနိုင်စေရန်နှင့် မဖြစ်ပွားမီ၊ ဖြစ်ပွားစဉ်နှင့် ဖြစ်ပွားပြီးနောက် လုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ရေကြီးခြင်းဘေးအန္တရာယ်လျော့ပေါ့ရေး သဏ္ဌာန်တူသရုပ်ပြလေ့ကျင့်ခြင်းကို ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ စစ်တောင်းမြစ်အရှေ့ဘက်ကမ်းရွာဖြစ်သော မိုးကောင်းကျေးရွာ၌ ဇူလိုင် ၁၄ ရက် နံနက် ၉ နာရီက ပြုလုပ်ခဲ့သည်။

ရေဘေးကြုံတွေ့ချိန်တွင် ကယ်ဆယ်ရေး သရုပ်ပြလေ့ကျင့်မှုကို Asian Disaster Preparedness Center (ADPC)နှင့်အတူ တောင်ငူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မီးသတ်ဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့၊ ကြက်ခြေနီအသင်း၊ မေတ္တာအဓိကပရဟိတအဖွဲ့၊ စေတနာ့ဝန်ထမ်းများနှင့် ပြည်သူများပူးပေါင်း၍ သရုပ်ပြခဲ့ကြသည်။

သရုပ်ပြလေ့ကျင့်မှုတွင် ရေဘေးဖြစ်ပွားလာပါက ရေဘေးသင့်အိမ်ထောင်စုများအား ရေဘေးကယ်ဆယ်ရေးစခန်းသို့ ပြောင်းရွှေ့နေရာချထားခြင်း၊ ရေစီးတွင် မျောပါသူများအား ရှာဖွေကယ်ဆယ်ခြင်း၊ ကျန်းမာရေး စောင့်ရှောက်မှုများ ဆောင်ရွက်ပေးခြင်း၊ ရှေးဦးသူနာပြုစုနည်းများဖြင့် သရုပ်ပြလေ့ကျင့်ခြင်းများ ပြုလုပ်ခဲ့ကြပြီး သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ် အသိပညာပေး ဟောပြောခြင်းကိုလည်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မောင်ရွှေဝင်း(ပြည်)**

## လိုင်စင်မဲ့ယာဉ်များ ဖမ်းဆီးရမိ

**သထုံ ဇူလိုင် ၁၆**

မွန်ပြည်နယ် သထုံမြို့နယ်တွင် နယ်မြေလုံခြုံရေးအတွက် ယာဉ်များကို ရပ်တန့်စစ်ဆေးစဉ် လိုင်စင်မဲ့မော်တော်ယာဉ်များကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ သထုံခရိုင် မှုခင်းနှိမ်နင်းရေးဌာနစုနှင့် အမှတ်(၇၈)ယာဉ်ထိန်းတပ်ဖွဲ့စုရုံးတို့မှ ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၁၃ ရက်က သထုံမြို့နယ် ဒူးရင်းဆိပ်ကျေးရွာအုပ်စု နို့မော်ဦးကျေးရွာအနီး ရန်ကုန်-ဘားအံ ကားလမ်းမပေါ်တွင် နယ်မြေလုံခြုံရေးအတွက် ယာဉ်များကို ရပ်တန့်စစ်ဆေးစဉ် ဘားအံဘက်မှ သထုံဘက်သို့ မြဝတီမြို့ ဝါးတောရပ်နေ သက်ဝေမောင်းနှင်လာသည့် Caldina အမျိုးအစား မော်တော်ယာဉ်၊ လှိုင်ကော်မြို့နယ် ပန်းကန်ကျေးရွာနေ ထွန်းထွန်းအေး မောင်းနှင်လာသည့် Aimwave အမျိုးအစား မော်တော်ယာဉ်နှင့် လှိုင်ကော်မြို့ မှိုင်းလုံရပ်ကွက်နေ စိုးမင်းသူ မောင်းနှင်လာသည့် CRVအမျိုးအစားမော်တော်ယာဉ်တို့ကို စစ်ဆေးရာ ယာဉ်နှင့်ပတ်သက်သည့် အထောက်အထားတစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိသဖြင့် လိုင်စင်မဲ့မော်တော်ယာဉ်များအဖြစ် ရှာဖွေပုံစံများဖြင့် သိမ်းဆည်းခဲ့ကြောင်းသိရသည်။

လိုင်စင်မဲ့မော်တော်ယာဉ် တရားမဝင်တင်သွင်းမောင်းနှင်လာသည့် သက်ဝေ၊ ထွန်းထွန်းအေးနှင့် စိုးမင်းသူတို့ကို သထုံမြို့နယ် သုဓမ္မဝတီ နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **သက်ဦး(သထုံ)**

## ကျွန်းစုမြို့နယ် စိုက်ပျိုးရေးနှင့် မွေးမြူရေးသင်တန်းဖွင့်ပွဲကျင်းပ

**မြိတ် ဇူလိုင် ၁၆**

ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူး၍ ဒေသခံပြည်သူများအား ကျေးရွာများအရောက် သက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ ဇူလိုင် ၁၄ ရက်က တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် မောင်းလှော်ကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ စိုက်ပျိုးရေးနှင့်မွေးမြူရေး သင်တန်းဖွင့်ပွဲ ကျင်းပခဲ့ကြောင်း သိရသည်။

သင်တန်းတွင် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာ အောင်ဝင်းမြင့်က မွေးမြူရေးနှင့် ကာကွယ်ကုသရေးလုပ်ငန်းများ အကြောင်းကိုလည်းကောင်း၊ မြိတ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးသန္တာစိုးက စိုက်ပျိုးရေးလုပ်ငန်းများတွင် သိပ္ပံနည်းကျ ၁၄ ချက်ဖြင့် စိုက်ပျိုးနည်း၊ မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးနည်း၊ ဓာတ်မြေဩဇာစနစ်တကျ သုံးစွဲနည်း၊ ပိုးသတ်ဆေး စနစ်တကျသုံးစွဲနည်း၊ သဘာဝမြေဩဇာများ ပြုလုပ်သုံးစွဲနည်းများကို ပညာပေးဆွေးနွေးပို့ချခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းသို့ ဒေသခံ အမျိုးသား ၁၅ ဦး၊ အမျိုးသမီး ၄၀ စုစုပေါင်း သင်တန်းသား သင်တန်းသူ ၅၅ ဦးတို့ကို လေးရက်ကြာ ဆွေးနွေးပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **မြင့်ဦး(မြိတ်)**

## ညောင်တုန်းမြို့နယ်၌ ဗိုလ်မြတ်ထွန်းမြို့ပြအိမ်ရာ အကောင်အထည်ဖော်

**ညောင်တုန်း ဇူလိုင် ၁၆**

ညောင်တုန်းမြို့နယ် တာကွေ့ကျေးရွာအနီး ရန်ကုန်-ပုသိမ်အဝေးပြေးလမ်းဘေးတွင် ကေခိုင်ဦးဆောက်လုပ်ရေးကုမ္ပဏီက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ဗိုလ်မြတ်ထွန်းမြို့ပြစီမံကိန်း နှစ်ထပ်လူနေအိမ်ဆိုင်ခန်းငါးခန်းတွဲ ခြောက်လုံး (နှစ်ထပ်လူနေအိမ် ဆိုင်ခန်းပေါင်း၃၀)ကို အလျင်အမြန်အကောင်အထည်ဖော် တည်ဆောက်လျက်ရှိရာ ယခုနှစ် ဒီဇင်ဘာလကုန်ပြီးစီးမည်ဟု ကေခိုင်ဦးကုမ္ပဏီအုပ်ချုပ်မှုဒါရိုက်တာဦးမြင့်လွင်ထံမှ သိရသည်။

ဗိုလ်မြတ်ထွန်း မြို့ပြအိမ်ရာစီမံကိန်းမှာ ရန်ကုန်-ပုသိမ်အဝေးပြေးလမ်းဘေး ညောင်တုန်းမြို့နယ် တာကွေ့ကျေးရွာအနီးတွင် အကောင်အထည်ဖော် တည်ဆောက်လျက်ရှိရာ ယခုအခါ မြေတွင်းဖောင်ဒေးရှင်းချပြီး မြေပေါ်အုတ်စီလုပ်ငန်းများ၊ အောက်ထပ်အတွင်း သဲဖြည့်လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီဆောင်လျက်ရှိကြောင်း သိရသည်။

ဗိုလ်မြတ်ထွန်းအိမ်ရာစီမံကိန်းတွင် နှစ်ထပ်လူနေအိမ်ဆိုင်ခန်း ၃၀ အပြင် အတွင်းဘက်၌ လူနေအိမ်လုံးချင်းအိမ်ရာများ၊ စားသောက်ဆိုင်များနှင့် ယာဉ်ရပ်နားစခန်းများ၊ ကုမ္ပဏီပိုင်ကုန်မာဆိုင်၊ စတိုးဆိုင်၊ နာရေးကူညီမှုရုံး၊ သန့်စင်ခန်း၊ ကွန်ကရစ်လမ်းများ၊ နှစ်လက်မအဝီစိတွင်းနှင့် ငါးမူးကွန်ဘိုင်မော်တာရေမီးလာလုပ်ငန်းများ၊ ကိုယ်ပိုင်မီတာနှင့် လျှပ်စစ်မီးသွယ်တန်းခြင်းများကို စနစ်တကျတည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **နေလင်း(ညောင်တုန်း)**



# မြင်းခြံခရိုင်အတွင်း ကျေးရွာများ၌ မြေငှားဂရန်များ ထုတ်ပေးမည်



**မြင်းခြံ ဇူလိုင် ၁၆**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင်အတွင်းရှိ မြို့နယ်လေးမြို့နယ်မှ ကျေးရွာအချို့တွင် ကျေးရွာမြေငှားဂရန်များကို ထုတ်ပေးရန် စတင်ရွေးချယ် သတ်မှတ်ထားပြီဖြစ်ကြောင်း မြင်းခြံခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇူလိုင် ၁၃ ရက်က ပြုလုပ်သည့် ကျေးရွာမြေများ မြေငှားဂရန်ထုတ်ပေးနိုင်ရေး တွေ့ဆုံဆွေးနွေးပွဲမှ သိရသည်။

ကျေးရွာမြေများ မြေငှားဂရန်ထုတ်ပေးနိုင်ရေးအတွက် မြင်းခြံမြို့နယ်တွင် နတ်ထားကျေးရွာ၊ တောင်သာမြို့နယ်တွင် တမံကြီးကျေးရွာ၊ နွားထိုးကြီးမြို့နယ်တွင် ကံရွာကျေးရွာ၊ ငါန်းဇွန်မြို့နယ်တွင် သောင်ပြင်ကျေးရွာတို့ကို ရွေးချယ်သတ်မှတ်ထားကြောင်း သိရသည်။

နိုင်ငံတော်အစိုးရက စီမံခန့်ခွဲပိုင်ဆိုင်ခွင့်ရှိသော မြေများကို လူနေထိုင်ရန်၊ အဆောက်အအုံ ဆောက်လုပ်ရန်နှင့် စက်မှုလက်မှုလုပ်ငန်းများတွင် အသုံးပြုရန်အတွက် မြေငှားဂရန် လျှောက်ထားခြင်း၊ ထုတ်ပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း၊ ကျေးရွာများတွင် နိုင်ငံတော်အစိုးရက စီမံခန့်ခွဲပိုင်ခွင့်ရှိသောမြေကို မြေငှားဂရန်လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း အနည်းငယ်သာရှိကြောင်း၊ ကျေးရွာအတွင်း ပိုင်ဆိုင်မှု အထောက်အထားကင်းမဲ့စွာ နေထိုင်လျက်ရှိကြကြောင်း၊ ခိုင်မာသည့် တရားဝင်အထောက်အထားအဖြစ် မြေငှားဂရန်ရရှိခြင်းအားဖြင့် ကျေးရွာနေပြည်သူများ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ လုံခြုံမှုကိုရရှိကာ နိုင်ငံတော်အနေဖြင့်လည်း ရသင့်ရထိုက်သော အခွန်ငွေများ ရရှိလာမည်ဖြစ်ကြောင်း၊ ကျေးရွာနေပြည်သူများ ပိုင်ဆိုင်နေထိုင်ကြသည့် အိမ်၊ ခြံ၊ မြေကွက်များကို မြေငှားဂရန် (မြေငှားစာချုပ်) ထုတ်ပေးမည့် စီမံချက်ဖြစ်ကြောင်း မြင်းခြံခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်သင်းအောင်က ဆွေးနွေးပွဲတွင် ပြောကြားသည်။

ဆွေးနွေးပွဲသို့ မြင်းခြံခရိုင်အုပ်ချုပ်ရေးမှူးနှင့် မြင်းခြံ၊ တောင်သာ၊ နွားထိုးကြီး၊ ငါန်းဇွန်မြို့နယ်များမှ အုပ်ချုပ်ရေးမှူးများ၊ ခရိုင်နှင့်မြို့နယ်ရှိ ကျေးရွာမြေများ မြေငှားဂရန်ထုတ်ပေးရေးကော်မတီဝင်များ တက်ရောက်ခဲ့ကြပြီး မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက မြေငှားဂရန်များထုတ်ပေးရေးနှင့်ပတ်သက်၍ လိုအပ်သည်များကို ဆွေးနွေးခဲ့ကြသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

# ကွန်ကရစ်လမ်းသစ်ဖွင့်

**ရန်ကုန် ဇူလိုင် ၁၆**

ရန်ကုန် အနောက်ပိုင်းခရိုင် လှိုင်မြို့နယ် အမှတ်(၁၃)ရပ်ကွက် သီရိမြိုင်(၄)လမ်းကွန်ကရစ်လမ်းသစ်ဖွင့်လှစ်ပွဲအခမ်းအနားကို ဇူလိုင် ၁၄ ရက်ကကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းနိုင်နှင့် ဦးမင်းလွင်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးသိန်းစိုးနှင့် အတွင်းရေးမှူး ဦးမြင့်ဝင်းတို့က ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါလမ်းမသည် တောင်နှင့်မြောက် အရှည်ပေ ၁၀၂၀ ၊ အကျယ် ၁၂ ပေ၊ ထု ခြောက်လက်မဖြစ်ကြောင်း သိရသည်။ **မီးမီး(လှိုင်)**

# ကိုယ့်အားကိုယ်ကိုး ထရန်စဖော်မာတပ်ဆင်

**ကျောက်တံခါး ဇူလိုင် ၁၆**

ကျောက်တံခါးမြို့နယ် ရင်းတိုက်ကုန်းကျေးရွာအုပ်စုတွင် ကိုယ့်အားကိုယ်ကိုး စုပေါင်း၍ ၂၀၀ ကေဗွီ ထရန်စဖော်မာတပ်ဆင်ရာ လုပ်ငန်းပြီးစီး၍ ဇူလိုင် ၁၆ရက်တွင် လျှပ်စစ်မီးရရှိကြောင်း သိရသည်။

ကျောက်တံခါးမြို့နယ် ရင်းတိုက်ကုန်းကျေးရွာအုပ်စုအတွင်း ကျေးရွာခုနစ်ရွာရှိသည်။ ခင်တို၊ အလယ်ကျွန်း၊ ကျွန်းကုန်း၊ ရင်းတိုက်ကုန်း၊ ခြောက်တရား၊ ဆင်ရိုးခင်း၊ ညောင်ပင်သာယာကျေးရွာများတွင် ကိုယ့်အားကိုယ်ကိုး ကျေးရွာလျှပ်စစ်မီးများ ရရှိနေပြီဖြစ်သည်။

ယခုအခါ ကျောက်တံခါးမြို့နှင့် သုံးမိုင်ခန့်သာဝေးသော ရန်ကုန်-မန္တလေး ကားလမ်း(လမ်းဟောင်း)ဘေးတွင်တည်ရှိသော ရင်းတိုက်ကုန်းကျေးရွာတွင် အိမ်ခြေ ၂၀၀ ခန့်ရှိပြီး လူဦးရေ ၁၀၀၀ နီးပါးရှိသည်။

**မျိုးဦး(ကျောက်တံခါး)**

# ပလတ်စတစ်ယပ်တောင်များ အသုံးတွင်ကျယ်လာသဖြင့် အိမ်တွင်းမှုရိုးရာ စက္ကူဝါးယပ်တောင်လုပ်ငန်း လုပ်ကိုင်သူများလျော့နည်းလာ

**မကွေး ဇူလိုင် ၁၆**

မကွေးမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာများတွင် အလှူမင်္ဂလာဆောင်များ၌ ရှေးရိုးရာဝါးယပ်တောင်များအစား ပလတ်စတစ်ယပ်တောင်များကိုသာ တွင်ကျယ်စွာ အသုံးပြုလာသည့်အတွက် တစ်ပိုင်တစ်နိုင် အိမ်တွင်းမှုယပ်တောင်လုပ်ငန်းလုပ်ကိုင်မှုများနှင့် ရိုးရာယပ်တောင်လက်မှုပညာရှင်များ လျော့နည်းသွားပြီးအချို့မှာ အခြားလုပ်ငန်းပြောင်း၍ လုပ်ကိုင်ကြကြောင်း သိရသည်။

ရှေးယခင်က အလှူမင်္ဂလာဆောင်များကျင်းပသည့်အခါ စက္ကူချပ်ပေါ်တွင် ပုံနှိပ်စာစီ၍ ရွှေရောင်၊ ငွေရောင်စက္ကူများ၊ ဝါးနှင့်ဝါးနှီးများဖြင့် ပြုလုပ်သော ရိုးရာစက္ကူဝါးယပ်တောင်များကို တွင်ကျယ်စွာအသုံးပြုကြပြီး ယပ်တောင်လုပ်ငန်းလုပ်ကိုင်သူများလည်း တွက်ခြေကိုက်၍ အဆင်ပြေခဲ့ကြသည်။

“အရင်က သီးနှံပေါ်ချိန် ပြာသို၊ တပို့တွဲလတွေမှာ အလှူယပ်တောင်တွေလုပ်ရတယ်။ ပြီးတော့ သီတင်းကျွတ်တာနဲ့ မင်္ဂလာဆောင်ယပ်တောင်တွေကလည်း လက်မလည်အောင်လုပ်ရတယ်။ တစ်ခါတစ်လေ ဝါဆိုလပြည့်အထိလုပ်ရတယ်။ အခုတော့ တစ်နှစ်နေလို့ တစ်ပွဲအပ်သူတောင်မရှိဘူး။ နာရေးယပ်တောင်ကိုတောင် ပလတ်စတစ်ယပ်တောင်နဲ့ အစားထိုးသုံးနေကြပြီ” ဟု ယခင်က စက္ကူဝါးယပ်တောင်လုပ်ငန်း လုပ်ကိုင်ခဲ့သူတစ်ဦးက ပြောပြသည်။

ရှေးရိုးရာစက္ကူဝါးယပ်တောင်များသည် ရေစိုမခံ၊ အကြမ်းမခံသော်လည်း ဒေသတွင်းသဘာဝကုန်ကြမ်းများကိုသာ အသုံးပြုရခြင်းကြောင့် တန်ဖိုးနည်းပါးပြီး သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းရာရောက်ကြောင်း၊ ပလတ်စတစ်အသုံးအဆောင်ပစ္စည်းများမှာ ဘေးထွက်ဆိုးကျိုးများရှိနိုင်သဖြင့် အလွန်အကျွံသုံးစွဲခြင်းကို ရှောင်ကြဉ်သင့်ကြောင်း အစိမ်းရောင်ကမ္ဘာမြေချစ်သူတစ်ဦးက သုံးသပ်ပြောပြသည်။

**ဖူးပွင့်နေခြည်(မကွေး)**

# စင်ကာပူနိုင်ငံ၌ကျင်းပမည့် အာရှ၏ထိပ်တန်းဖြစ်သော Green Building အခမ်းအနားအတွက် မြန်မာနိုင်ငံအား ဖိတ်ခေါ်ထားရှိ

**ရန်ကုန် ဇူလိုင် ၁၆**

စင်ကာပူနိုင်ငံတွင် အာရှ၏ထိပ်တန်းဖြစ်သော (၇)ကြိမ်မြောက် Green Building ရက်သတ္တပတ် (SGBW) ၂၀၁၅ အခမ်းအနားကို ဩဂုတ် ၃၁ ရက်မှ စက်တင်ဘာ ၆ ရက်အထိ ကျင်းပမည်ဖြစ်ရာ မြန်မာနိုင်ငံမှ ဗိသုကာပညာရှင်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ ဆောက်လုပ်ရေးလုပ်ငန်းရှင်များ၊ စိတ်ဝင်စားသည့်အခြားလုပ်ငန်းရှင်များနှင့် ကျောင်းသား ကျောင်းသူများကို ဖိတ်ခေါ်ထားကြောင်း သိရသည်။

မြန်မာနိုင်ငံသည် ကမ္ဘာ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအမြန်ဆုံးနိုင်ငံများအတွင်း တစ်ခုအပါအဝင်ဖြစ်ပြီး စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှု ယခင်နှစ်များကထက် ပိုမိုမြန်ဆန်လာသောကြောင့် ယခုကဲ့သို့ ဖိတ်ခေါ်လိုက်ခြင်းလည်းဖြစ်ပြီး ရက်သတ္တပတ် ပြုလုပ်သွားမည့် အစီအစဉ်များအတွင်း မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၅၅ နိုင်ငံမှ ပါဝင်သူပေါင်း သုံးသောင်းကျော်တက်ရောက်မည်ဟု မျှော်မှန်းထားကြောင်း သိရသည်။

BEX Asia နှင့်MCE Asia ၂၀၁၅ ၏ လက်ထောက်စီမံကိန်းမန်နေဂျာ Ms. Michelle Goh က “မြန်မာနိုင်ငံမှ ဆောက်လုပ်ရေးလုပ်ငန်းရှင်များကို ဖိတ်ခေါ်ချင်ပါတယ်။ အဆောက်အအုံတည်ဆောက်ရာမှာ သဘာဝပတ်ဝန်းကျင်မထိခိုက်စေရန်အတွက် အပူ၊ အအေးစနစ်များဘယ်လို လုပ်ဆောင်မလဲဆိုတာ ဗဟုသုတမျှ ဝေချင်လို့ပါ။ အခုဆိုရင် မြန်မာနိုင်ငံဟာ မြို့ပြတည်ဆောက်မှုများ တိုးတက်လာတာ တွေ့ရပါတယ်။ အဆောက်အအုံများ ဆောက်လုပ်မှုအပိုင်းမှာလည်း မြန်မာနိုင်ငံဟာ တိုးတက်လာတဲ့အတွက် မြန်မာနိုင်ငံက လုပ်ငန်းရှင်များကို ပြပွဲက တာဝန်ရှိသူများနဲ့ မိတ်ဆက်ပေးပြီးဆွေးနွေးမျှဝေချင်တာပါ”ဟု ဆိုသည်။

စင်ကာပူနိုင်ငံ Building and Construction Authority မှ နည်းပညာဖွံ့ဖြိုးတိုးတက်မှုဌာန၏အကြီးအကဲမန်နေဂျာ Ms. Ho-Chan Vun Ching ကလည်း “စိတ်ဝင်စားစရာအပိုင်းကတော့ စင်ကာပူနိုင်ငံက တိုက်တာအဆောက်အအုံတွေ ဘယ်လိုပုံစံဒီဇိုင်းဆွဲပြီး ဆောက်လုပ်ထားတာကို မြန်မာနိုင်ငံက ဝင်ရောက်လေ့လာလို့ ရပါတယ်။ ဒီပြပွဲမှာ ကျောင်းသား ကျောင်းသူများအတွက် ငယ်ရွယ်စဉ်ကတည်းက အသိပညာဗဟုသုတပေးချင်လို့ သူတို့အတွက်လည်း စီစဉ်ထားပါတယ်။ အသိပညာလည်း မြှင့်တင်ပေးချင်ပါတယ်”ဟု ပြောကြားသည်။

ထို့အပြင် စိမ်းလန်းသော အဆောက်အအုံများနှင့် ၎င်းတို့အားအသုံးပြုသူများ၏ခေတ်မီထက်မြက်မှုကို ကိုယ်စားပြုသည့် International Green Building Conference (IGBC) ၂၀၁၅ အား စက်တင်ဘာ ၂ ရက်မှ ၄ ရက်အထိ (၇)ကြိမ်မြောက် Green Building ရက်သတ္တပတ် (SGBW) ၂၀၁၅ နှင့်အတူ ပူးတွဲကျင်းပရန် စီစဉ်ထားကြောင်းသိရသည်။

**စိုးဝင်း-SP**

# နယ်မြေလှည့်ကင်းဆောင်ရွက် ဆိုင်ကယ်များခိုးယူမှု မသင်္ကာသူများအား ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့

**ဒလ ဇူလိုင် ၁၆**

ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့မရဲစခန်းမှ တာဝန်ရှိသူများသည် ဇူလိုင် ၁၄ ရက်က နယ်မြေအတွင်း မှုခင်းကျဆင်းရေးအတွက် လှည့်ကင်းတာဝန်ဆောင်ရွက်ခဲ့စဉ် ဆိုင်ကယ်များခိုးယူမှု မသင်္ကာသူများအား ဖမ်းဆီးဖော်ထုတ်အရေးယူနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါအဖွဲ့သည် ထိုနေ့ မွန်းတည့် ၁၂ နာရီက ဆိုင်ကယ်များခိုးယူ၍ ငွေကြေးများသုံးစွဲနေကြောင်း သတင်းအရ စိမ်းလန်း၊ ကျန်စစ်သားရပ်ကွက်နေ အောင်ကိုကို(၂၃ နှစ်)ကျပန်းနှင့် မစုသက်မွန် (၂၃ နှစ်) ကျပန်း၊ ဗိုလ်တေဇလမ်း၊ တပင်ရွှေထီးရပ်ကွက်နေ ဝေယံထွန်း(ခ)နေခ(၂၄ နှစ်) ကယ်ရီမောင်းတို့ သုံးဦးကို ရဲစခန်းသို့ ခေါ်ယူစစ်ဆေးရာ လွန်ခဲ့သည့် ခုနစ်ရက်ခန့်က ဒလမြို့ နာရီစင်အနီးရပ်ထားသော JOHNSON-125 အနီရောင် ဆိုင်ကယ်တစ်စီးနှင့် တပင်ရွှေထီးရပ်ကွက် ဦးအောင်ဇေယျ (၄)လမ်းမှ အိမ်ရှေ့တွင် ရပ်ထားသော KENBO-125 အနက်ရောင် ဆိုင်ကယ်တစ်စီးတို့ကို ခိုးယူပြီး လှိုင်သာယာမြို့နယ်တွင် သွားရောက်ရောင်းချထားကြောင်း ပေါ်ပေါက်သဖြင့် ထိုနေရာသို့ သက်သေများနှင့်အတူ သွားရောက်သိမ်းဆည်းဖမ်းဆီးနိုင်ခဲ့သည်။

ထိုကဲ့သို့ သက်သေဦးစောနိုင်တို့နှင့်အတူ ထိုနေ့ ညနေ ၃ နာရီခွဲက ဆောင်ရွက်စဉ်တွင်လည်း ကျန်စစ်သားရပ်ကွက် မြဝတီမင်းကြီးလမ်းအရောက်တွင် ယခင်က ခိုးမှုဖြင့် ပြစ်ဒဏ်ကျခဲ့ဖူးသူ လှမင်း (၁၈ နှစ်) ဆိုင်ကယ်ကယ်ရီမောင်း တာဝကျေးရွာ တွံတေးမြို့နယ်နေသူအား KENBO-125 အနက်ရောင် ဆိုင်ကယ်တစ်စီးနှင့် HUAWEI အဖြူရောင် G-610 ဆင်းကတ်ပါ ဖုန်းတစ်လုံးတို့ကို မသင်္ကာဖွယ်တွေ့ရှိပြီး စစ်ဆေးမေးမြန်းရာ ၎င်းပိုင်ဆိုင်ကြောင်း အထောက်အထား တစ်စုံတစ်ရာ ပြောဆိုနိုင်ခြင်းမရှိသဖြင့် ရှာဖွေပုံစံဖြင့် သိမ်းဆည်းဖမ်းဆီးခဲ့သည်။

ထို့ကြောင့် ဒလမြို့မရဲစခန်းက အဆိုပါ ဆိုင်ကယ်များနှင့် ဖုန်းများခိုးယူမှုမသင်္ကာသူများကို အမှုဖွင့်အရေးယူနိုင်ရန် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သန်းဌေး(ဒလ)**

# ပီဒရိုရဲ့ အနာဂတ်

မိုးမြင့်လင်းလက်

ဘာစီလိုနာအသင်းမှာ ခြေစွမ်းပြနေတဲ့ ကွင်းလယ်ကစားသမား ပီဒရိုကို ချယ်လ်ဆီးနည်းပြ မော်ရင်ဟိုက ခေါ်ယူဖို့ကြိုးစားနေပြီး သဘောတူညီမှုရရှိနေပြီလို့ သတင်းတွေထွက်ပေါ်နေပါတယ်။ ဘာစီလိုနာကတော့ အသင်းရဲ့ ကွင်းလယ် ကစားအားကျဆင်းစေမယ့် အပြောင်းအရွှေ့မျိုးကို ပြုလုပ်မှာ မဟုတ်ဘူးလို့ ဆိုထားပေမယ့် မော်ရင်ဟိုကတော့ အပြောင်းအရွှေ့အတွက် တွန်းအားပေးဆောင်ရွက်နေပါတယ်။

ချယ်လ်ဆီးဟာ ပီဒရိုပြောင်းရွှေ့ဖို့အတွက် ပြောင်းရွှေ့ကြေးပေါင်သန်း ၂၀ ပေးမှာဖြစ်ပြီး လေးနှစ် စာချုပ်ချုပ်ဆိုနိုင်ဖို့ ကြိုးစားနေတယ်လို့ ဆိုပါတယ်။ ဒါ့အပြင် ပီဒရိုကို ချယ်လ်ဆီးမှာ လုပ်ခလစာအများဆုံးကစားသမားတွေရဲ့ လစာပေးမယ်လို့ ဆိုထားတာမို့ ဘာစီလိုနာကွင်းလယ်ကစားသမား ပီဒရိုရဲ့ ပုံရိပ်က အပြောင်းအရွှေ့ကာလမှာ ထင်ရှားလာပါတယ်။

လက်ရှိအချိန်မှာ ဘာစီလိုနာအသင်းနဲ့အတူ လေ့ကျင့်ခန်းဆင်းနေတဲ့ ပီဒရိုကတော့ "ချယ်လ်ဆီးကအပြောင်းအရွှေ့အတွက် ခေါ်ယူထားတာမှန်ပါတယ်။ ဒါနဲ့ပတ်သက်ပြီးဘာမှ မပြောလိုပါဘူး" လို့ ဆိုနေပါတယ်။ ဒါပေမယ့် ပီဒရိုအနေနဲ့ ဘာစီလိုနာမှာ ပွဲတိုင်းပုံမှန်ကစားခွင့်ရဖို့ခက်ခဲတဲ့ အနေအထားရှိနေတာမို့ ပုံမှန်ပွဲထွက်ခွင့်ရနိုင်တဲ့ ချယ်လ်ဆီးကို ပြောင်းရွှေ့လိုတဲ့ ဆန္ဒလည်း ပီဒရိုမှာ ရှိနေတယ်လို့ မီဒီယာတွေက ဖော်ပြနေပါတယ်။

အသက် ၂၈ နှစ်အရွယ်ရှိပြီဖြစ်တဲ့ပီဒရိုဟာ စပိန်နိုင်ငံသားဖြစ်ပြီး ကွင်းလယ်တိုက်စစ်အားသန်တဲ့ ကစားသမားဖြစ်ပါတယ်။ ၂၀၀၄-၂၀၀၅ ဘောလုံးရာသီမှာ ဘာစီလိုနာအသင်းကို စတင်ရောက်ရှိခဲ့ပြီး ၂၀၀၅-၂၀၀၇ အထိ ဘာစီလိုနာအသင်းမှာ ပွဲပေါင်း ၇၀ ကစားခဲ့တာမှ ၁၀ ဂိုး သွင်းယူပေးနိုင်ခဲ့ပါတယ်။ ၂၀၀၇ မှ ၂၀၀၉ အထိ ဘာစီလိုနာအသင်းအတွက် စုစုပေါင်း



၅၅ ပွဲကစားကာ ၁၇ ဂိုး သွင်းယူပေးနိုင်ခဲ့ပါတယ်။ ၂၀၀၉ မှ လက်ရှိအချိန်အထိ ဘာစီလိုနာအသင်းမှာ ပါဝင်ကစားခဲ့ပြီး စုစုပေါင်း ၂၀၄ ပွဲကစားခဲ့ရာမှ ၅၈ ဂိုးသွင်းယူပေးနိုင်ခဲ့တာမို့ ပီဒရိုဟာ ကွင်းလယ်မှာ ဘောလုံးဖြန့်ဝေပေးနိုင်ရုံသာမက တိုက်စစ်ကိုလိုက်ပါပြီး ဂိုးတွေရအောင် သွင်းယူနိုင်တဲ့ ကစားသမားတစ်ဦးလည်း ဖြစ်ပါတယ်။

ဒါ့အပြင် စပိန်လက်ရွေးစင်အသင်းမှာလည်း ၂၀၁၀ ခုနှစ်က စတင်ကစားခဲ့ပြီး ပွဲပေါင်း ၅၁ ပွဲကစားခဲ့ရာမှာ စုစုပေါင်း ၁၆ ဂိုးသွင်းယူပေးနိုင်ခဲ့သူလည်း ဖြစ်ပါတယ်။ စပိန်ယူ ၂၁ အသင်းမှာ ၂၀၀၈ ခုနှစ်ကတည်းက ပါဝင်ကစားပေးခဲ့တာမို့ နိုင်ငံလက်ရွေးစင်အသင်းအတွက်ရော ဘာစီလိုနာအသင်းအတွက်ပါ ခြေစွမ်းပြနိုင်တဲ့ ကစားသမားတစ်ဦးဖြစ်ပါတယ်။ ဒါကြောင့် ပီဒရိုရဲ့ဘောလုံးသမားဘဝပွဲပေါင်း ၃၁၈ ပွဲ ကစားခဲ့ရာမှာ စုစုပေါင်း ၉၈ ဂိုး သွင်းယူနိုင်ခဲ့တာကြောင့် ချယ်လ်ဆီးနည်းပြ မော်ရင်ဟိုသဘောကျပြီး ခေါ်ယူနိုင်ရေး ကြိုးစားနေခဲ့တာဖြစ်ပါတယ်။

ပီဒရိုဟာ ဘာစီလိုနာအသင်းနဲ့အတူ လာလီဂါဖလားငါးကြိမ်၊ ကိုပါဒယ်ရေးဖလား သုံးကြိမ်၊ စူပါကိုပါဖလားလေးကြိမ်၊ ချန်ပီယံလိဂ်ဖလား သုံးကြိမ်၊ ယူအီးအက်ဖ်အေစူပါဖလား နှစ်ကြိမ်၊ ဖီဖာကလပ်ကမ္ဘာ့ဖလား နှစ်ကြိမ် ရရှိခဲ့တာမို့ ဘာစီလိုနာအသင်းနဲ့အတူ ပီဒရိုရဲ့အောင်မြင်မှုတွေက ကြီးမားခဲ့ပါတယ်။

ပီဒရိုဟာ ၂၀၁၄ ကမ္ဘာ့ဖလားပွဲမှာ ဘီလာရုပ်စ်အသင်းကို စပိန်က လေးဂိုးပြတ်နဲ့ နိုင်တဲ့ပွဲမှာ သုံးဂိုးသွင်းပြီး ဟက်ထရစ်ရယူနိုင်ခဲ့ခြင်းက ဘောလုံးသမားဘဝရဲ့ အမှတ်တရအရှိဆုံးလို့ ဆိုနေပါတယ်။ ဒါကြောင့် ပီဒရိုဟာ ချယ်လ်ဆီးရဲ့ ကွင်းလယ်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မယ့် အထိုက်တန်ဆုံးကစားသမားအဖြစ် မော်ရင်ဟိုက သတ်မှတ်နေတာမို့ ပီဒရိုရဲ့ အနာဂတ်က စောင့်ကြည့်ချင်စရာကောင်းနေတာတော့ အမှန်ပါပဲ။ ။

## ဘာစီလိုနာ လူငယ်တောင်ပံတိုက်စစ်မှူး စတုတ်ရောက်ပြီ

တိုက်စစ်မှူးလိုအပ်နေတဲ့ စတုတ်စီးတီးအသင်းဟာ ဘာစီလိုနာလူငယ်တောင်ပံတိုက်စစ်မှူး မိုဟာအီးလ် အူရီယာချီကို ခေါ်ယူလိုက်ပြီဖြစ်ပါတယ်။ အသက် ၁၉ နှစ် အရွယ်သာရှိသေးတဲ့ တောင်ပံတိုက်စစ်မှူး အူရီယာချီအနေနဲ့ နူးကမ့်မှ စာချုပ်သစ်ကမ်းလှမ်းမှုကို ပယ်ချခဲ့ပါတယ်။ တိုက်စစ်မှူးအူရီယာချီအနေနဲ့ စတုတ်စီးတီးအသင်း စင်ကာပူမှာ သွားရောက်ကစားမယ့် အာရှဖလားပြိုင်ပွဲမှာသွားရောက်ကစားမှာ ဖြစ်ပါတယ်။




သူဟာ ဘာစီလိုနာကစားသမားဟောင်းတွေဖြစ်ကြတဲ့ ဘိုဂျန်၊ မူနီဆာတို့နဲ့အတူ စပိန်လူငယ်အသင်းမှာ ကစားခဲ့တာဖြစ်ပါတယ်။ အူရီယာချီ ပရီမီယာလိဂ်ကလပ်ကို ရောက်လာတဲ့အတွက် စိတ်လှုပ်ရှားမိပါတယ်လို့ စတုတ်အသင်း အမှုဆောင်အရာရှိချုပ် တိုနီစကိုးလ်က ဆိုပါတယ်။

သို့ပေမယ့် အူရီယာချီရဲ့ ပြောင်းရွှေ့ကြေးကိစ္စနဲ့ပတ်သက်လို့ စတုတ်က ထုတ်ဖော်ပြောဆိုခြင်း မရှိပါဘူး။ စတုတ်အသင်းဟာ ပြီးခဲ့တဲ့ရာသီက ပရီမီယာလိဂ်မှာ နံပါတ် ၉ အဆင့်သာ တက်ရောက်နိုင်ခဲ့ပါတယ်။ အူရီယာချီဟာ တိုက်စစ်မှူးဂျိုးလူ၊ ဂိုးသမားရှေးဂစ်ဗင်း၊ နောက်တန်းကစားသမားတွေဖြစ်တဲ့ ဂရင်းဂျွန်ဆင်နဲ့ ဖီးလစ်ဝေါရို၊ ကွင်းလယ်ကစားသမား ဂျင်ကဲလ်တို့နဲ့အတူ စတုတ်အသင်းမှာ ကစားကြမှာဖြစ်ပါတယ်။

## ပီအက်စ်ဂျီကိုရောက်ဖို့ သေချာနေတဲ့ ဒီမာရီယာ

မန်ယူတိုက်စစ်မှူး ဒီမာရီယာကို ပြင်သစ်ကလပ် ပီအက်စ်ဂျီက ပေါင် ၄၂ ဒသမ ၈ သန်းနဲ့ ခေါ်ယူလိုက်ပြီလို့ သတင်းတွေ ထွက်ပေါ်နေပါတယ်။ တောင်ပံတိုက်စစ်မှူး ဒီမာရီယာကို ငါးနှစ်စာချုပ်နဲ့ ခေါ်ယူလိုက်ပြီလို့ ဆိုပါတယ်။ ပီအက်စ်ဂျီက ဒီမာရီယာကို နွေရာသီကတည်းကခေါ်ယူဖို့ အဆက်အသွယ်ပြုလုပ်ခဲ့ရာမှာ စာချုပ်ဖို့ သဘောတူညီမှုရသွားပြီလို့ ဆိုပါတယ်။

ဒီမာရီယာဟာ ကိုပါအမေရိကဖလားမှာ အာဂျင်တီးနားနဲ့အတူ သွားရောက်ကစားရာမှာ အနားယူနေတဲ့အတွက် မန်ယူရဲ့ အမေရိကန်ကို သွားရောက်ကစားတဲ့ရာသီအကြိုပွဲတွေမှာ ပါဝင်မှာမဟုတ်တော့ဘူးလို့ ဆိုပါတယ်။ ဒီအတိုင်းဆိုရင် ဒီမာရီယာဟာ ပီအက်စ်ဂျီရဲ့ အမေရိကန်သို့ သွားရောက်ကစားမယ့်ပွဲတွေမှာ ပါဝင်လာနိုင်တယ်လို့ ပြင်သစ်သတင်းများက ဆိုပါတယ်။ ပြင်သစ်ချန်ပီယံ ပီအက်စ်ဂျီနဲ့ မန်ယူတို့ လာမယ့် ဇူလိုင် ၂၉ ရက်မှာ ချစ်ကြည်ရေးပြိုင်ပွဲမတိုင်မီ ဒီမာရီယာကို အပြီးသတ်စာချုပ်လိမ့်မယ်လို့ ဆိုပါတယ်။ ပီအက်စ်ဂျီနည်းပြ လော့ရင့်ဘလန့်ကတော့ အာဂျင်တီးနားကစားသမား ဒီမာရီယာကို စာချုပ်ဖို့ အတည်ပြုပြောကြားလိုက်ပြီဖြစ်ပါတယ်။




## ရာသီအစပြိုင်ပွဲများနဲ့ လွဲချော်နိုင်တဲ့ ဆန်ချက်ဇ်

ချီလီအသင်းကို ကိုပါအမေရိကဖလား ဆွတ်ခူးပေးနိုင်ခဲ့တဲ့ တိုက်စစ်မှူး ဆန်ချက်ဇ်ဟာ ရာသီအစပြိုင်ပွဲတွေနဲ့ လွဲချော်သွားနိုင်တယ်လို့ ဆိုပါတယ်။ အသက် ၂၆ နှစ်အရွယ်ရှိတဲ့ တိုက်စစ်မှူး ဆန်ချက်ဇ်ဟာ ပြီးခဲ့တဲ့ရာသီက ၂၅ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့ကာ အာဆင်နယ်အသင်းကို အမှတ်ပေးဇယား တတိယနေရာအထိ ပို့ပေးနိုင်ခဲ့ပါတယ်။ အဲလက်ဆန်ချက်ဇ်ဟာ ဩဂုတ် ၃ ရက်မှာ အာဆင်နယ်သို့ ပြန်လာနိုင်ပေမယ့် သုံးပတ်လောက်ကြာမှ ကစားနိုင်ပါလိမ့်မယ်လို့ နည်းပြအာစင်ဝင်းဂါးကဆိုပါတယ်။ ဒဏ်ရာရထားတဲ့ ဆန်ချက်ဇ်ဟာ ဩဂုတ် ၂ ရက်မှာ ချယ်လ်ဆီးနဲ့ကစားမယ့် ကွန်မြူနတီဒိုင်းလုပွဲမှာ လွဲချော်နိုင်ပါတယ်။ ဒါ့အပြင် ပရီမီယာလိဂ် ပထမပွဲစဉ်မှာလည်း လွဲချော်နိုင်ပါတယ်။

အာဆင်နယ်အသင်းဟာ အဖွင့်ပွဲစဉ်အဖြစ် ဩဂုတ် ၉ ရက်မှာ ဝက်စ်ဟမ်းအသင်းနဲ့ ကစားရမှာဖြစ်ပါတယ်။ ဆန်ချက်ဇ်ဒဏ်ရာ သက်သာလာတဲ့အထိ စောင့်မယ်ဆိုရင် ခရစ္စတယ်ပဲလေ့စ်နဲ့ လီဗာပူးတို့ရဲ့ ပြိုင်ပွဲတွေနဲ့လည်း လွဲချော်နိုင်ပါတယ်။ ဆန်ချက်ဇ်ဟာ ဇူလိုင် ၄ ရက်က အာဂျင်တီးနားနဲ့ ကစားတဲ့ ကိုပါအမေရိကဖလားပွဲမှာ ပယ်နယ်တီနဲ့ အနိုင်ဂိုးသွင်းပြီး ချီလီအသင်းအတွက် ပထမဆုံး ကိုပါအမေရိကဖလားဆွတ်ခူးပေးနိုင်ခဲ့ပါတယ်။

ကောင်းမြတ်သူ-စုစည်းသည်။


# အသည်းရောင်အသားဝါဘီရောဂါ ကုလို့ရပါပြီ အပိုင်း (၁)

ပါမောက္ခ ဦးခင်မောင်ဝင်း
(အသည်း)

အသည်းရောင်အသားဝါဘီရောဂါလို့ပြောရင် ကုလို့မရတဲ့ ရောဂါပါလို့ ပြည်သူလူထုကရော ဆေးလောကကပါ ယူဆထားကြပါတယ်။ ဘီပိုးဆိုတာ ဘယ်တော့မှ မပျောက်ဘူးလို့ ပြောကြပါတယ်။အခုခေတ်မှာတော့ ဘီပိုးဆိုတာ ပျောက်အောင်ကုလို့ရနေပါပြီလို့ ပြောချင်ပါတယ်။ ဒါကြောင့် ဘီပိုးပျောက်အောင် ဘယ်လိုကုရမယ်ဆိုတာကို အခန်းဆက်ပြောသွားပါမယ်။

အဲလို ဘီပိုးပျောက်အောင် ကုနည်းတွေကို မပြောခင်မှာ ဘီပိုးနဲ့ပတ်သက်တဲ့ သိသင့်တဲ့အကြောင်းတွေကို နည်းနည်းပြောပြချင်ပါတယ်။


ဒီလို ဘီပိုးရောဂါ ပျောက်အောင်ကုသနည်း ဆောင်းပါးတွေရေးတဲ့အခါမှာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရဲ့ ၂၀၁၅ ခုနှစ် မတ်လထုတ် ဘီပိုးကာကွယ်စောင့်ရှောက်ရေးနဲ့ ဘီပိုးနာတာရှည်ပိုး သယ်ဆောင်သူများအား ကုသရေးလမ်းညွှန်စာအုပ်ကို မှီငြမ်းပြီး စာရေးသူရဲ့ ကိုယ်တွေ့၊ အတွေ့အကြုံ၊ မြန်မာပြည်ရဲ့ အသည်းရောင်အသားဝါဘီရောဂါ အခြေအနေတွေနဲ့ ပေါင်းစည်းရေးသား တင်ပြသွားမှာဖြစ်ပါတယ်။




ဘီပိုးကာကွယ်စောင့်ရှောက်ရေးနှင့်ဘီပိုးနာတာရှည်ပိုး သယ်ဆောင်သူများအား ကုသရေးလမ်းညွှန်စာအုပ်

**အသည်းရောင်အသားဝါ ဘီရောဂါ**

အသည်းရောင်အသားဝါပိုးတွေဖြစ်တဲ့ အေ၊ ဘီ၊ စီ၊ ဒီ၊ အီး၊ ဂျီ ထဲက ဘီလို့သတ်မှတ်ထားတဲ့ အသည်းရောင်အသားဝါပိုးတစ်မျိုး ဖြစ်ပါတယ်။



အသည်းရောင်အသားဝါ ဘီရောဂါ ဗိုင်းရပ်စ်ပိုးပုံ

ဒီအသည်းရောင်အသားဝါ ရောဂါပိုးတွေဟာ ထူးထူးခြားခြား အသည်းတစ်ခုတည်းကိုပဲ တိုက်ခိုက်ထိခိုက်စေပြီး အဝါဓာတ်တွေ များနေတယ်။ အသည်းရောင်တဲ့ လက္ခဏာတွေ ဖြစ်ပေါ်စေတာပါ။ ဒီဗိုင်းရပ်စ်တွေဟာ အသည်းအပြင် တခြားကိုယ်ခန္ဓာအစိတ်အပိုင်းတွေကို မထိခိုက်တတ်ပါဘူး။

အသည်းရောင်အသားဝါဘီရောဂါပိုးကို ပထမဦးစွာ ဒေါက်တာဘလင်ဘဒ် (Blunberg)က စတင်တွေ့ရှိခဲ့တယ်လို့ တစ်ကမ္ဘာလုံးက သိကြပါတယ်။



ဒေါက်တာဘလင်ဘဒ် (Blunberg) ပုံ

တကယ်တော့ အသည်းရောင်အသားဝါ ရောဂါပိုးကို ဒေါက်တာ ဘလင်ဘဒ်နဲ့ ဒေါက်တာ ပရင့်စ် (Alfred Prince) တို့ ပူးတွဲတွေ့ရှိခဲ့တာ ဖြစ်ပါတယ်။ အဲဒီလို ဘီပိုးကိုစတင်တွေ့ရှိခဲ့တဲ့အတွက် နိုဗယ်လ်ဆုချီးမြှင့်ဖို့ ကမ်းလှမ်းလာတဲ့အခါမှာ ဒေါက်တာပရင့်စ်က နိုဗယ်လ်ဆုကို မယူလိုဘူးလို့ ငြင်းဆန်လိုက်ပါတယ်။

အဲဒီအတွက် ဒေါက်တာဘလင်ဘဒ် တစ်ယောက်တည်းကပဲ အသည်းရောင်အသားဝါဘီပိုးကို စတင်တွေ့ရှိခဲ့သူအဖြစ် သတ်မှတ်ခံရပြီး နိုဗယ်လ်ဆုရရှိခဲ့ပါတယ်။ ဒါကြောင့် ယနေ့အထိ အသည်းရောင်အသားဝါဘီရောဂါပိုးကို စတင်တွေ့ရှိခဲ့ပြီး နိုဗယ်လ်ဆုရတဲ့သူလို့ ဒေါက်တာဘလင်ဘဒ်ကိုပဲ တစ်ကမ္ဘာလုံးက သိရှိခဲ့ပါတယ်။

အဲလို အသည်းရောင်အသားဝါ ဘီရောဂါပိုးကို ဒေါက်တာ ဘလင်ဘဒ်နဲ့အတူတွဲပြီး တွေ့ရှိခဲ့ပြီး နိုဗယ်ဆုမရရှိခဲ့တဲ့ ဒေါက်တာပရင့်စ်နဲ့ စာရေးသူဟာ အထူးရင်းနှီးပါတယ်။ ဒေါက်တာပရင့်စ်ဟာ မြန်မာပြည်ကို လေးခေါက်လာရောက်ခဲ့ဖူးပါတယ်။

**ကမ္ဘာတစ်ဝန်းဖြစ်နှုန်းများ**

အသည်းရောင်အသားဝါဘီရောဂါပိုး ဝင်ထားတဲ့သူ၊ ဖြစ်ဖူးတဲ့သူတွေဟာ ကမ္ဘာပေါ်မှာ ဘီလီယံ ၂၀ လောက်ရှိပါတယ်။ အဲဒီလို ဘီပိုးဝင်ခဲ့ဖူးတဲ့သူတွေ ဘီလီယံ ၂၀ ထဲက သန်း ၂၄၀ လောက်ဟာ ဘီပိုးနာတာရှည် သယ်ဆောင်တဲ့သူတွေ ဖြစ်သွားပါတယ်။ (ကမ္ဘာ့ကျန်းမာရေးအဖွဲ့ WHO ရဲ့ ၂၀၁၅ နှစ် ခန့်မှန်း)

အဲဒီလို ဘီပိုးနာတာရှည် သယ်ဆောင်ထားသူတွေရဲ့ ၂၀ ရာခိုင်နှုန်းနဲ့ ၃၀ရာခိုင်နှုန်းလောက်ဟာ အသည်းခြောက်၊ အသည်းကင်ဆာဖြစ်သွားကြပါတယ်။ ဒါကြောင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရဲ့ ခန့်မှန်းချက်ကို ပြောရမယ်ဆိုရင် တစ်နှစ်မှာ လူပေါင်းခြောက်သိန်းငါးသောင်း(၆၅၀၀၀၀) လောက်ဟာ အသည်းရောင်အသားဝါဘီရောဂါပိုးရဲ့ နာတာရှည် အကျိုးဆက်တွေကြောင့် အသည်းခြောက် အသည်းကင်ဆာတွေဖြစ်ပြီး သေကုန်ကြတယ်လို့ ယူဆရပါတယ်။

ဒီလို သေဆုံးကြတဲ့ လူနာအများစုဟာ သူတို့ကိုယ်သူတို့ ဘီပိုးရှိတယ်ဆိုတာကို မသိကြဘဲ နာတာရှည်အသည်းရောဂါလက္ခဏာတွေပြပြီဆိုမှပဲ ဘီပိုးရှိမှန်း သိကြပါတယ်။




ကမ္ဘာ့အသည်းရောင်အသားဝါဘီပိုး ဖြစ်နှုန်းပြ မြေပုံ

အဲဒီလို နာတာရှည်ဘီပိုး သယ်ဆောင်ထားသူတွေဟာ ကမ္ဘာအဝန်း ဖြစ်နှုန်းတွေ ကွဲပြားခြားနားမှု ရှိပါတယ်။ ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ ဘီပိုးဖြစ်နှုန်းဟာ များပြီးတော့ ဖွံ့ဖြိုးပြီးနိုင်ငံတွေမှာတော့ ဘီပိုးဖြစ်နှုန်းဟာ နည်းပါတယ်။

ဘီပိုးရောဂါဖြစ်နှုန်းတွေပေါ်မှာ မူတည်ပြီးတော့ ဘီပိုးနာတာရှည်သယ်ဆောင်သူဦးရေ အနည်းအများအလိုက် ဒေသ လေးမျိုးခွဲထားပါတယ်။

(က) အများဆုံးနိုင်ငံတွေ (၈ ရာခိုင်နှုန်းထက်များ)
(ခ) အသင့်အတင့်များ (၅ မှ ၇ ရာခိုင်နှုန်း)
(ဂ) အသင့်အတင့်နည်း (၂ မှ ၄ ရာခိုင်နှုန်း)
(ဃ) နည်း (၂ ရာခိုင်နှုန်းအောက်)

**ဘီပိုး ရောဂါကူးစက်ပုံ**

ဘီပိုးရောဂါကူးစက်မှုနှုန်းဟာ အသည်းရောင်အသားဝါ စီပိုးရောဂါ ကူးစက်မှုနှုန်းထက် အဆတစ်ရာပိုများပါတယ်။

**ဥပမာ ပြောရမယ်ဆိုရင်–**

အသည်းရောင်အသားဝါ စီရောဂါပိုး ကူးစက်ဖို့ဆိုရင် ပုံမှန်အိုလံပစ်ဆိုဒ် ရေကူးကန်တစ်ခုထဲကို စီပိုးပါတဲ့သွေး တစ်ဂါလန်လောက် ထည့်ဖို့လိုပါတယ်။

ဒါပေမယ့် အသည်းရောင်အသားဝါ ဘီပိုးရောဂါ ကူးစက်ဖို့အတွက်တော့ ဘီပိုးပါတဲ့သွေး ထမင်းစားဇွန်းကြီး တစ်ဇွန်းလောက်ထည့်တာနဲ့ အားလုံးကို ကူးစက်နိုင်ပါတယ်။

**ဘီပိုး ရောဂါကူးစက်ပုံနည်း နှစ်နည်း**

အသည်းရောင်အသားဝါဘီပိုး ကူးစက်ပုံကို အဓိကအားဖြင့် နည်း နှစ်နည်းရှိတယ်လို့ သတ်မှတ်ပြောဆိုနိုင်ပါတယ်။

**(က) မိခင်မှ ကလေး ကူးစက်ခြင်း**

ဘီပိုးရှိတဲ့ မိခင်ကနေ မွေးလာတဲ့ ကလေးတွေကို ကူးစက်တာကတော့ ဘီပိုးကူးစက်မှုရဲ့ ၈၅ ရာခိုင်နှုန်းအထိရှိတဲ့ အဓိကကူးစက်မှုနည်းတစ်နည်း ဖြစ်ပါတယ်။

**(ခ) ဘီပိုးရှိတဲ့သူကနေ တခြားလူတွေကို ကူးစက်ခြင်း**

ဘီပိုးရှိတဲ့သူတွေ ဆိုလိုတာက ဘီပိုးကို နာတာရှည်သယ်ဆောင်ထားတဲ့သူတွေနဲ့အတူတူ နီးနီးစပ်စပ်အကြာကြီး နေတဲ့သူတွေကို ဘီပိုး ကူးစက်နိုင်ပါတယ်။

ဒါမှမဟုတ် ဘီပိုးရှိတဲ့သူတွေနဲ့လိင်ဆက်ဆံရင်လည်း ဘီပိုး ကူးစက်နိုင်ပါတယ်။ ဒါကြောင့်မို့လို့ ဘီပိုးကို လိင်ဆက်ဆံတာကနေ ကူးစက်နိုင်တဲ့ ရောဂါ (Sexually Transmitted Disease STD) ရောဂါတစ်ခုလို့ သတ်မှတ်နိုင်ပါတယ်။

ဒီလို ဘီပိုးရှိတဲ့သူကနေ တခြားသူတွေကို ကူးစက်နိုင်တာဟာ အဓိကကူးစက်နိုင်တဲ့ နည်းလမ်းတစ်ခု မဟုတ်ပါ။ မိခင်ကနေ ကလေးကို ကူးစက်တဲ့နည်းလမ်းကသာ အသည်းရောင်အသားဝါဘီရောဂါ အဓိကကူးစက်တဲ့ နည်းလမ်းတစ်ခု ဖြစ်ပါတယ်။

**မြန်မာနိုင်ငံနဲ့ ဘီပိုးရောဂါ**

မြန်မာပြည်မှာ ဘီပိုးရောဂါဖြစ်နှုန်းဟာ ၁၀ ရာခိုင်နှုန်းလောက်ရှိပါတယ်။ ဒါကြောင့် မြန်မာပြည်ရဲ့ လူဦးရေကို ၅၅ သန်းလို့ခန့်မှန်းရမယ်ဆိုရင် မြန်မာပြည်မှာ ဘီပိုးရောဂါ နာတာရှည်သယ်ဆောင်ထားတဲ့သူ ၅ ဒသမ ၅ သန်းလောက်ရှိပါမယ်။

ဒါကြောင့် မြန်မာနိုင်ငံဟာ ကမ္ဘာပေါ်မှာ ဘီပိုးအဖြစ်များဆုံးနိုင်ငံတွေထဲမှာပါဝင်တဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ အဲဒီလို ဘီပိုးအဖြစ်များတဲ့အတွက် မြန်မာနိုင်ငံဟာ ဘီပိုးရဲ့ အကျိုးဆက်တစ်ခုဖြစ်တဲ့ အသည်းကင်ဆာအဖြစ်အများဆုံး နိုင်ငံတစ်တစ်နိုင်ငံထဲမှာ အပါအဝင်ဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ အဓိက အသည်းရောင်အသားဝါ ဘီရောဂါပိုးကူးစက်မှုဟာ ဘီပိုးရှိတဲ့မိခင်ကနေ မွေးလာတဲ့ ကလေးကိုကူးစက်တဲ့ နည်းလမ်းဖြစ်ပါတယ်။

**(နောက်အပတ်မှာ အသည်းရောင်အသားဝါ ဘီပိုး အကြောင်းကို ဆက်လက်ရေးသွားပါဦးမယ်။)**

မြန်မာပြည်ရဲ့ လူဦးရေကို ၅၅ သန်းလို့ ခန့်မှန်းရမယ်ဆိုရင် မြန်မာပြည်မှာ ဘီပိုးရောဂါ နာတာရှည် သယ်ဆောင်ထားတဲ့သူ ၅ ဒသမ ၅ သန်းလောက်ရှိပါမယ်။ ဒါကြောင့် မြန်မာနိုင်ငံဟာ ကမ္ဘာပေါ်မှာ ဘီပိုးအဖြစ်များဆုံးနိုင်ငံတွေထဲမှာပါဝင်တဲ့ နိုင်ငံတစ်နိုင်ငံ ဖြစ်ပါတယ်။ အဲဒီလို ဘီပိုးအဖြစ်များတဲ့အတွက် မြန်မာနိုင်ငံဟာ ဘီပိုးရဲ့ အကျိုးဆက်တစ်ခု ဖြစ်တဲ့ အသည်းကင်ဆာအဖြစ်အများဆုံး နိုင်ငံတစ်နိုင်ငံထဲမှာ အပါအဝင်ဖြစ်ပါတယ်။

# တီဘီရောဂါတိုက်ဖျက်ရေးလုပ်ငန်း စီမံခန့်ခွဲမှုသင်တန်းဖွင့်

**နေပြည်တော် ဇူလိုင် ၁၆**

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ ခုတင်(၂၀၀) ပြည်သူ့ဆေးရုံကြီး၌ တီဘီရောဂါတိုက်ဖျက်ရေးလုပ်ငန်း စီမံခန့်ခွဲမှုသင်တန်း (Tra-nining for BHS on Management of TB forhealth Facilit Staff) ကို ဇူလိုင် ၁၅ရက်က ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲသို့ နေပြည်တော်ကောင်စီနယ်မြေ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဒေါက်တာလှလှကြည်၊ မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာထွန်းထွန်း၊ တီဘီအဖွဲ့ခေါင်းဆောင်ဆရာဝန် ဒေါက်တာ ထွန်းကျော်စိုးနှင့် လယ်ဝေး၊ တပ်ကုန်းမြို့နယ်များမှ သင်တန်းသား သင်တန်းသူ ၇၀ တက်ရောက်ခဲ့သည်။ သင်တန်းဖွင့်ပွဲတွင် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူးက ပြည်သူများအနေဖြင့် တီဘီရောဂါ၏ လက္ခဏာများကို မသိရှိကြခြင်း၊ တီဘီရောဂါကို ဆေးဝါးများ အခမဲ့ကုသပေးနေကြောင်းကို မသိကြခြင်း၊ ရောဂါသက်သာသွားလျှင် ဆေးကုသမှု ရပ်ပစ်ပြီး ပြီးဆုံးအောင် ကုသမှုမခံယူခြင်း၊ တီဘီနှင့် အိပ်ချ်အိုင်ဗွီယှဉ်တွဲဖြစ်ပွားခြင်း၊ ကုသရန်ခဲယဉ်းသော ဆေးယဉ်ပါးသော တီဘီရောဂါများ တွေ့ရှိလာခြင်းနှင့် တီဘီရောဂါမဖြစ်ပွားစေရန် (ဘီစီဂျီ) ကာကွယ်ဆေးထိုးခြင်းစသည့် အချက်များကို ရှင်းလင်းသင်ကြားသည်။ အဆိုပါ သင်တန်းကို ဇူလိုင် ၁၅ မှ ၁၇ ရက်အထိ ဖွင့်လှစ်သွားမည် ဖြစ်ကြောင်း သိရသည်။

**ကာရန်ခ**



# တောင်သူအကျိုးပြု သီးနှံသစ်တောရောနှောစိုက်ခင်းစနစ်ကို မကွေးတိုင်းဒေသကြီး၌ တွင်ကျယ်စွာဆောင်ရွက်မည်

**မကွေး ဇူလိုင် ၁၆**

ရာသီဥတုညီညွတ်မျှတမှုမရှိခြင်း၊ အဖျက်ပိုးနှင့် ဆေးကြွင်းအာနိသင်အန္တရာယ် ကြုံတွေ့ခြင်းများကြောင့် သီးနှံအထွက်နှုန်းနည်းခြင်း၊ သီးနှံပျက်စီးခြင်းစသည့် တောင်သူအကျိုးစီးပွား နစ်နာဆုံးရှုံးမှုများ လျှော့ချနိုင်ရေးအတွက် မကွေးတိုင်းဒေသကြီး၌ လယ်ယာစိုက်ခင်းများအတွင်း သီးနှံသစ်တောရောနှောစိုက်ခင်း (Agro-Forestry) စနစ်ကို တွင်ကျယ်စွာဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မြို့နယ်အချို့တွင် မြေယာပြုပြင်ခြင်းလုပ်ငန်းများ စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မကွေးတိုင်းဒေသကြီးအတွင်းရှိ မကွေး၊ နတ်မောက်၊ မြို့သစ်၊ ရေနံချောင်း၊ စလင်း၊ ငဖဲ၊ စေတုတ္တရာမြို့များတွင် ဒေသနှင့် လိုက်လျောညီထွေမှုရှိသည့် ဇီးပင်၊ သရက်ပင်၊ လျှော်ဖြူပင်များကို သီးနှံစိုက်ခင်းများအတွင်း ပင်ခြား၊ တန်းခြား နည်းစနစ်မှန်ကန်စွာဖြင့် စိုက်ပျိုးနိုင်ရန် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ မြေယာရှင်းပြုပြင်ခြင်းနှင့် ပျိုးပင်များ စတင်စိုက်ပျိုးခြင်းများကို ဇူလိုင်လ စတုတ္ထပတ် နောက်ဆုံးထား၍ ဆောင်ရွက်သွားမည်ဖြစ်ပြီး တောင်တွင်းကြီးမြို့နယ်နှင့် ပခုက္ကူမြို့နယ်များ၌လည်း ယင်းစနစ်ကို ဆက်လက်ကျင့်သုံးသွားမည် ဖြစ်ကြောင်း သိရသည်။

"သစ်တောဖြစ်လွယ်မယ်၊ ဒီသစ်တောကလည်း တောင်သူကို တိုက်ရိုက်အကျိုးပြုရမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ရောနှောစိုက်ခင်းတွေတည်ထောင်ဖို့ စည်းရုံးပညာပေးတာတွေ လုပ်ခဲ့ပါတယ်။ ဌာနအနေနဲ့ စိတ်ဝင်စားတဲ့ လယ်ယာအကွက်အကွင်းပေးတဲ့ စွန့်ဦးတီထွင်လိုသူ အကျိုးဆောင်တောင်သူတွေနဲ့ပေါင်းပြီး Demonstration လုပ်ပြမယ်။ နည်းပညာပေးမယ်။ ပျိုးပင်ကိုတော့ ငွေကြေးချမ်းသာသူကို တစ်စိတ်တစ်ပိုင်းနဲ့ ဆင်းရဲတဲ့တောင်သူတွေကိုတော့ အပြည့်အဝထောက်ပံ့ပေးသွားမယ်။ သစ်တောသစ်ပင် သစ်သီးပင်တွေရဲ့အကွာအဝေးကို အပင်ဖြစ်ထွန်းမှုနဲ့ ကြားထဲကလယ်ယာသီးနှံ စိုက်ပျိုးနိုင်တဲ့ အကွာအဝေးထားပြီး စိုက်မယ်။ အဲဒီကြားထဲမှာ ပဲစင်းငုံ၊နှမ်း၊ မြေပဲစတဲ့ သီးနှံနဲ့ သစ်တောသီးပင် ရောနှောပြီးစိုက်တဲ့ သဘောပါပဲ။ ယာကန်သင်းရိုးတွေမှာ တင်မဟုတ်ဘဲ အကွက်ထဲတွေမှာစိုက်တဲ့စနစ် ဖြစ်ပါတယ်။ အတွေ့အကြုံအရ မနှစ်က စေတုတ္တရာ၊ စလင်းနဲ့ မြို့သစ်မြို့နယ်တွေမှာ မိုးခေါင်တော့ ယာသီးနှံ သိပ်မရကြဘူး။ ဒါပေမယ့် ယာခင်းဘေးမှာ ဆီးပင်စိုက်တဲ့သူတွေ ဆီးပင်က အကျိုးအမြတ်တွေ အများကြီးရကြတယ်။ ဆီးတစ်ပင် ဆီးသီးတင်း ၄၀ အနည်းဆုံးထွက်ရင် ၁၀ ပင်လောက်စိုက်ထားတဲ့သူတွေဆို ရှုံးထားတဲ့သီးနှံကို ကာမိသွားကြတယ်။ အဲဒီအတွေ့အကြုံအပေါ် တောင်သူက ဒီနှစ်ကျတော့သဘောကျတယ်။ သစ်တောလည်းထိန်းပြီးသားဖြစ်လို့ တိုင်းဒေသကြီးအတွင်း တွင်တွင်ကျယ်ကျယ်လုပ်နိုင်မယ်ဆိုရင် တောင်သူလည်းအကျိုးရှိမယ်။ မိုးလေဝသအတွက်၊ ရာသီဥတုအတွက် ထိန်းပြီးသားလည်းဖြစ်မယ်။ လယ်ယာသီးနှံပေါ်ကရော၊ သစ်တောသီးနှံပေါ်ကရော ဝင်ငွေနှစ်မျိုးရမယ်။ မိုးလေဝသအခြေအနေကြောင့် ဝင်ငွေနည်းမှုဖြစ်ရင်တောင် မကွေးတိုင်းဒေသကြီးနဲ့ကိုက်ညီတဲ့ စိန်တစ်လုံး သရက်၊ လျှော်ဖြူ ဆီးပင်စတဲ့ သစ်တောသီးနှံတွေကနေ ဝင်ငွေတွေရရှိ နိုင်ပါလိမ့်မယ်"ဟု တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးခင်မောင်ဝင်းက ပြောသည်။

အဆိုပါ သီးနှံသစ်တော ရောနှောစိုက်ခင်းများ၌ နှစ်စဉ်ဝင်ငွေရသော ဆီးပင်နှင့် စိုက်ပျိုးပြီးနှစ်နှစ်ခန့်တွင် အသီးစတင်စားသုံးနိုင်သော ကိုင်းဆက်မျိုး စိန်တစ်လုံး သရက်ပင်များကို တန်းခြားပင်ကြား ပေ ၃၀ နှင့် ထွန်နှစ်ပြန် သုံးပြန်ဝင်၍ရရန်လိုအပ်သော လျှော်ဖြူပင်ကို တန်းခြား၊ ပင်ခြား ၁၅ပေမှ ပေ၂၀ ကြားထား၍ စိုက်ပျိုးရန်လိုအပ်ပြီး စိုက်ပျိုးရာ၌ လောင်းရိပ်မမိရန်၊ လေဝင်လေထွက်ကောင်းရန်၊ နေရောင်ခြည်လုံလောက်စွာရရန်တို့အတွက် လိုအပ်ချက်များကို စိုက်ပျိုးရေးဦးစီးဌာနက ပညာပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

တောင်ယာစိုက်ခင်းများတွင်မူ သစ်ထုတ်နိုင်သော (တစ်လုံးတစ်ခဲတည်းဝင်ငွေပင်) ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက် အပင်များကြား၌ တောင်ယာစပါး၊ ပဲစင်းငုံ၊ ပြောင်းဖူးစသည်တို့ကိုစိုက်မှ အဆင်ပြေမည်ဖြစ်သည်။ မြေပြန့်များတွင်မူ နှစ်စဉ်ဝင်ငွေရ သစ်တောသစ်သီးပင်များ စိုက်ပျိုးသင့်ကြောင်း၊ ရခိုင်ဒေသ အမ်းဘက်တွင် သစ်တောဦးစီးဌာန ကျွန်းစိုက်ခင်းများ၌ လုပ်ခစားကျွန်းစိုက်လုပ်သားများဘဝ ပိုမိုအဆင်ပြေစေရန် ကျွန်းပင်များ မကြီးထွားမီ တောင်ယာများ စိုက်ခွင့်ပေးတတ်ကြပြီး အပင်များကြီးမှ အခြားကျွန်းစိုက်ခင်းသစ်များသို့ ရွှေ့ပြောင်း လုပ်ကိုင်ကြသည်ကို တွေ့ရကြောင်း၊ တရုတ်စိုက်နည်းတွင်မူ ပင်ကြား ပေ၂၀ နေရာတွင် ၁၀ပေခြားစိုက်ပျိုးပြီး ကိုင်းဆက်သရက်အပင်များမှာ လေးနှစ်၊ ငါးနှစ်အထိ အသီးရယူကာ အပင်များကိုင်းယုက်လာမှ အလယ်တန်းဖြုတ်သည်ကို တွေ့ရှိရကြောင်း တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန မှူးက ပြောသည်။

အလယ်ပိုင်းဒေသ သီးနှံများစိုက်ပျိုးရာတွင် ကန်သင်းရိုးများပေါ်တွင်သာမက လယ်ယာအကွက်များအတွင်း ဝင်ငွေနှစ်မျိုး ရရှိနိုင်သော Agro-Forestry စနစ် ကျင့်သုံးခြင်းဖြင့် အရိပ်ရ၊ လေကာ၊ လူမပူ၊ နွားမပမ်း၊ ဝင်ငွေလမ်းဖြောင့်သော အကျိုးရလဒ်ကောင်းများ ရရှိနိုင်မည်ဖြစ်ကြောင်း၊ သဘာဝပတ်ဝန်းကျင်ကိုလည်းထိန်းသိမ်းပေးရာရောက်ကြောင်း သိရသည်။ **ဇေယျာတု(မကွေး)**



# မိုးစပါးစိုက်ပျိုးရန် စတင်ပြင်ဆင်လျက်ရှိ

**ကျောက်ဆည် ဇူလိုင် ၁၆**

ကျောက်ဆည်မြို့နယ်တွင် ဇော်ဂျီမြစ်မှ တစ်ဆင့်မြောင်းမ၊ လက်တံမြောင်းများမှ ရေရရှိမှု ကောင်းမွန်သောကြောင့် ယခုနှစ်မိုးရာသီ ကောက်ကြီး(မိုးစပါး)စိုက်ပျိုးရန်အတွက် ထယ်ရေးများ ပြင်ဆင်ခြင်း၊ ထွန်မွှေခြင်း၊ ပျိုးထောင်ခြင်းများကို ဇူလိုင်လဆန်းမှ စတင်ပြုလုပ်ကာ စိုက်ပျိုးရန်ပြင်ဆင်နေကြကြောင်း သိရသည်။

ယခုနှစ်တွင် ဆည်မြောင်းရေ ပုံမှန်ရရှိသောကြောင့် တောင်သူများ တစ်ပြိုင်နက်တည်း စပါးစိုက်ပျိုးရန်အတွက် ပြင်ဆင်နေကြခြင်းဖြစ်ပြီး စိုက်ပျိုးမြေကို နွားဖြင့်ထွန်ယက်ရန် အခက်အခဲရှိခြင်းကြောင့် ထွန်စက်၊ လက်တွန်းထွန်စက်များကို အသုံးပြု၍ ထွန်ယက်ခြင်း၊ ပျိုးထောင်ခြင်းများ ပြုလုပ်လျက်ရှိသည်။

စပါးပျိုးသက်(၂၅)ရက်သား မနုမရင့်အချိန်တွင် စိုက်ပျိုးခြင်းသည် အပင်ပွားမှု အားကောင်းခြင်း၊ စပါးအထွက်နှုန်းကောင်းမွန်ခြင်းနှင့် အတန်းလိုက်စိုက်ပါက ပေါင်းမြက်များနုတ်ရန်လွယ်ကူခြင်း၊ လေဝင်လေထွက်ကောင်းမွန်ခြင်း၊ လက်တွန်းထွန်စက်ငယ်များဖြင့် တမန်းဆွခြင်းများ ပြုလုပ်ပါက စပါးပင်သန်မာထွားကြိုင်းမှု မြန်ဆန်ခြင်းတို့ကြောင့် ပြင်ဆင်မှုများ စတင်ပြုလုပ်နေခြင်းဖြစ်ကြောင်း ကုလကျေးရွာမှ တောင်သူဦးပြည့်က ပြောသည်။

စပါးစိုက်ပျိုးရာတွင် တစ်ဧကစိုက်ပျိုးမှုအတွက် ကုန်ကျစရိတ်အနေဖြင့် ထွန်ယက်ခ၊ ပျိုးနုတ်ခ၊ ပျိုးစိုက်ခ၊ ရိတ်သိမ်းခြွေလှေ့ခများအပါအဝင် ကျပ်တစ်သိန်းနှစ်သောင်းကျော်ရှိကြောင်း၊ တစ်ဧကစပါးထွက်နှုန်းမှာတင်း ၈၀ ခန့်ရှိကာ လက်ရှိစပါးပေါက်ဈေးမှာ တစ်တင်းလျှင် ငွေကျပ် ၉၅၀၀ ခန့်ရှိသည့်အတွက် တောင်သူများ အဆင်ပြေနိုင်ကြောင်းနှင့် စပါးအပြင် ငှက်ပျောနှင့် အခြားသီးနှံများ စိုက်ပျိုးခြင်းဖြင့်လည်း တောင်သူများအနေဖြင့် ဝင်ငွေကောင်းမွန်မည်ဖြစ်ကြောင်း၎င်းက ဆက်ပြောသည်။

**ခင်မောင်လွင်**

# ဗုဒ္ဓရုပ်ပွားတော် အဆူ ၇၀၀ ပေးအပ်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပ

**ယင်းမာပင် ဇူလိုင် ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ယင်းမာပင်မြို့နယ် ဆင်တဲကျေးရွာအုပ်စု ဆင်တဲကျေးရွာ ရွှေဆံနွယ်ကျောင်း၌ ပထမအကြိမ် ဗုဒ္ဓရုပ်ပွားတော်အဆူ ၇၀၀ ပေးအပ်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ဇူလိုင် ၁၂ ရက်က ကျင်းပသည်။



ရွှေဆံနွယ်ကျောင်းဆရာတော် ဦးဝါယမာနန္ဒဦးစီး၍ မြို့နယ်သံဃနာယက ဥက္ကဋ္ဌဆရာတော် ဦးအာဒိစ္စနှင့် သံဃာများ၊ ဗုဒ္ဓရုပ်ပွားတော်အလှူရှင်များ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဗိုလ်မြင့်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးစိုးဝင်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး ဆရာတော်များက ဒေသခံပြည်သူများအား ကြေးဆင်းတုတော် ၃၀၀ နှင့် ပန်းပေါင်းစုံ ရုပ်ပွားတော် ၄၀၀ ကို ပေးအပ်ချီးမြှင့်ခဲ့သည်။

ရွှေဆံနွယ်ကျောင်း ဆရာတော်အား အမှူးပြု၍ ဇူလိုင် ၉ ရက်မှ ၁၂ ရက်အထိ လေးရက်ကြာကျင်းပသည့် နဂါးရုံဗုဒ္ဓရုပ်ပွားတော် ပူဇော်ခြင်း တစ်နှစ်ပြည့် မဟာပဋ္ဌာန်းအောင်ပွဲ အထိမ်းအမှတ်အဖြစ် ဗုဒ္ဓရုပ်ပွားတော်များ ပေးအပ်ပွဲကိုကျင်းပခြင်း ဖြစ်ကြောင်း သိရသည်။ **ထွန်းကိုကို**

# ဟားခါးမြို့နယ်၌ ကျေးရွာအိမ်ခြံမြေဂရန်များ ထုတ်ပေးနိုင်ရေး ကွင်းဆင်းတိုင်းတာ



**ဟားခါး ဇူလိုင် ၁၆**

ကျေးလက်နေဒေသခံတိုင်းရင်းသားပြည်သူများ အိမ်ခြံမြေဂရန်ရရှိခြင်းဖြင့် စိတ်ပိုင်းဆိုင်ရာ လုံခြုံမှု၊ ရုပ်ပိုင်းဆိုင်ရာလုံခြုံမှုများ ရရှိစေရန် ရည်ရွယ်၍ အိမ်ခြံမြေဂရန်များ ထုတ်ပေးနိုင်ရန် နိုင်ငံတော်အစိုးရက စီမံချက်ချမှတ် အကောင်အထည်ဖော်လျက်ရှိရာ ဟားခါးမြို့နယ် နီ့ရ်လောန်းကျေးရွာ၌ အိမ်ခြံမြေဂရန်များ ထုတ်ပေးနိုင်ရေး ကွင်းဆင်းတိုင်းတာမှုများကို ဇူလိုင် ၁၄ ရက်က ဆောင်ရွက်ခဲ့သည်။

ကွင်းဆင်းဆောင်ရွက်ရာ၌ဟားခါးခရိုင်အုပ်ချုပ်ရေးမှူးဦးစိုးနိုင်၊ မြို့နယ် အုပ်ချုပ်ရေးမှူးဦးသိန်းဇော်ဦး၊ မြို့နယ်အထောက်အကူပြုကော်မတီ ဥက္ကဋ္ဌဦးရှန်မန်းနှင့် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ တာဝန်ရှိသူများက ကျေးရွာရှိ အိမ်ခြေ ၁၇၀၊ မြေ ၇၅ ဧကကို အသေးစိတ် ကွင်းဆင်းတိုင်းတာ၍ တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# စံပြကျေးရွာ၌ ကတ္တရာလမ်းခင်း

**မိတ္ထီလာ ဇူလိုင် ၁၆**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ရှမ်းတဲစံပြကျေးရွာထိပ်မှ ရန်ကုန်-မန္တလေးကားလမ်းမအထိ လမ်းကို တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ ကျပ် ၅၈၀ သိန်းဖြင့် ကတ္တရာလမ်းခင်းလျက်ရှိသည်။

ရှမ်းတဲကျေးရွာ ရွာအဝင်လမ်းမကြီး အရှည် ပေ ၇၀၀၀၊ အကျယ် ၁၂ ပေကိုမြေသားလမ်းအဖြစ် ၁၉၉၆ ခုနှစ်က ဖောက်လုပ်ခဲ့ပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ၁၉၉၈ ခုနှစ်တွင် ကျောက်ချောခင်းပေးခဲ့ကြောင်း၊ ၂၀၀၅ ခုနှစ်နှင့် ၂၀၁၄ ခုနှစ်တွင် ကိုယ့်အားကိုယ်ကိုး လမ်းပြုပြင်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း၊ ထို့နောက် လမ်းမကြီးကို ကတ္တရာခင်းပေးရန် တိုင်းဒေသကြီးလွှတ်တော်မှတစ်ဆင့် တင်ပြတောင်းခံခဲ့သည့်အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ကတ္တရာခင်းပေးခြင်းဖြစ်ကြောင်း မိတ္ထီလာ အမှတ်(၁) မဲဆန္ဒနယ်မြေမှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစောငွေးက ပြောသည်။

ရှမ်းတဲကျေးရွာလမ်းမကြီးမှတစ်ဆင့် ရှမ်းတဲကျေးရွာနှင့် သာစည်မြို့နယ် ဘုရားကုန်းအုပ်စု၊ ညောင်အိုင်အုပ်စုများမှ ကျေးရွာထွက်ကုန်များကို မိတ္ထီလာမြို့ပေါ်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်းသိရသည်။ **ချမ်းသာ(မိတ္ထီလာ)**



ကတ္တရာခင်းရန်လမ်းပြင်ဆင်ထားစဉ်

## သတင်းတိုများ

### အခြေခံပညာအလယ်တန်းကျောင်းအဆင့်တိုးမြှင့်ဖွင့်

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့နယ် အိုရင်းစံပြကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်းခွဲကို အခြေခံပညာအလယ်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်ပွဲကို ဇူလိုင် ၁၂ ရက်က ကျင်းပခဲ့ရာ မြို့နယ်အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထွန်း၊ ခရိုင်ပညာရေးမှူး ဦးမိုးဆွေ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲလင်းအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသားကျောင်းသူများကိုလည်း ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်ခဲ့သည်။

**အောင်ကျော်မြင့်**

### တောင်သူပညာပေးစိုက်ပျိုးရေးနည်းပညာဆွေးနွေးပွဲကျင်းပ

ပခုက္ကူခရိုင် ရေစကြိုမြို့နယ် ပညင်းကျေးရွာမှတောင်သူများအား စိုက်ပျိုးရေးပညာပေးဆွေးနွေးပွဲကို ကျေးရွာဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ဇူလိုင် ၁၄ ရက်က ကျင်းပရာ မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ မြေအသုံးချရေးတာဝန်ခံ၊မျိုးစေ့တာဝန်ခံ၊ သီးနှံကာကွယ်ရေးတာဝန်ခံနှင့် ပိုးမွှားရောဂါတာဝန်ခံများက စိုက်ပျိုးရေးဆိုင်ရာများကို အသိပညာပေး ရှင်းလင်းပြောကြားကြပြီး တောင်သူများက သိရှိလိုသည်များကို ပြန်လည်မေးမြန်းခဲ့ကာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူးဦးစိန်မောင်နှင့် ခရိုင်စိုက်ပျိုးရေးဦးစီးဌာနတာဝန်ခံများက ဖြေကြားခဲ့ပြီး လက်ကမ်းစာစောင်များလည်း ဖြန့်ဝေပေးခဲ့သည်။

**အိမွန်ဆွေ(ရေစကြို)**

### သွေးလွန်တုပ်ကွေးကြိုတင်ကာကွယ်ရေးဆောင်ရွက်

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့ပေါ်ရှိ အခြေခံပညာကျောင်းများ၌ သွေးလွန်တုပ်ကွေးကြိုတင်ကာကွယ်ရေးအတွက် ခြင်းဆေးဖျန်းခြင်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းနိုင်နှင့် ဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်း၍ ဇူလိုင် ၁၃ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(၁၂၇)**

## ကိုယ့်အားကိုယ်ကိုးမီးလင်းရေးလုပ်ငန်းများ မကြာမီပြီးစီးမည်

**ပန်းတောင်း ဇူလိုင် ၁၆**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် တလုပ်ပင်ကျေးရွာအုပ်စုရှိ ရှားဖြူကွင်းကျေးရွာ၊ ခြံစုကျေးရွာ၊ တလုပ်ပင်ကျေးရွာနှင့် ကျွဲရဲကျေးရွာများ၌ ဆောင်ရွက်လျက်ရှိသော ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေးလုပ်ငန်းများ မကြာမီပြီးစီးမည်ဟု သိရသည်။

ကျေးရွာများတွင် လျှပ်စစ်မီးရရှိရေးအတွက် ကျေးရွာမှတာဝန်ရှိသူများက မီးလင်းရေးကော်မတီများဖွဲ့စည်းကာ ဇွန် ၁ ရက်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ မီးလင်းရေးကော်မတီများ ဦးဆောင်၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသို့ လျှောက်ထားခဲ့ပြီး အိမ်ထောင်စုတစ်ခုလျှင် ကျပ်ငါးသောင်းမှ ကျပ်လေးသိန်းနှုန်းဖြင့် ကောက်ခံကာ အိမ်ထောင်စု ၁၅၀ ခန့်က စုပေါင်းမတည်ထည့်ဝင်ငွေ ကျပ်သိန်း ၆၀၀ ဖြင့် စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ဥသျှစ်ပင်မြို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းက ၂၀၀ ကေဗွီ ထရန်စဖော်မာတစ်လုံးတပ်ဆင်ပေးပြီး ၄၀၀ ဗို့ဓာတ်အားလိုင်းနှင့် အခြားပစ္စည်းများတပ်ဆင်ခြင်းကို ဆောင်ရွက်ခဲ့ရာ လုပ်ငန်းများ ပြီးစီးတော့မည်ဖြစ်ကြောင်း၊ လျှပ်စစ်မီးရရှိပါက ကျေးရွာများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ကျေးရွာမီးလင်းရေးကော်မတီဝင်တစ်ဦးက ပြောသည်။

**(၀၀၈)**



## သောက်ရေသုံးရေ စနစ်တကျရရှိရေး တနင်္သာရီမြို့၌ ရေပိုက်လိုင်းများသွယ်တန်းပေးလျက်ရှိ

**တနင်္သာရီ ဇူလိုင် ၁၆**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် တနင်္သာရီမြို့၏မြေအောက်ရေကြောသည် သတ္တုကြောများရှိနေ၍ လက်တူးတွင်းနှင့်စက်ရေတွင်းများ၏ ၈၀ ရာခိုင်နှုန်းသည် သတ္တုဓာတ်များပါဝင်သောရေများပါဝင်နေပြီး ဒေသခံပြည်သူများကလည်းချောင်းကြီး၊ ချောင်းငယ်၊ မြစ်နှစ်သွယ်မှ သဘာဝမြစ်ရေကို သောက်ရေ/သုံးရေ/ချိုးရေအဖြစ် ယခုအချိန်အထိ သုံးစွဲလျက်ရှိနေဆဲဖြစ်သည်။

သို့ပါ၍ သန့်ရှင်းသည့် သောက်ရေ/သုံးရေ စနစ်တကျရရှိစေရေးအတွက် ဓားသွေးချောင်းရေတံခွန်မှတစ်ဆင့် မြို့တွင်း ရပ်ကွက်နှစ်ရပ်ကွက်အတွင်းရှိ ဒေသခံပြည်သူ အိမ်ထောင်စု ၁၀၀၀ ကျော်တို့အတွက် သောက်ရေ/သုံးရေ စနစ်တကျပေးဝေရေးဆောင်ရွက်လိုကြောင်း တင်ပြတောင်းခံမှုအရ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၁၅-၂၀၁၆ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေကျပ်သိန်း ၂၂၉ ဒသမ ၄၅ ဖြင့်မြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးအင်ကိုနှင့်ကော်မတီဝင်များကကြီးကြပ်၍ ရပ်ကွက်နှစ်ခုအတွင်း လမ်းများအတိုင်း ရေမြောင်းများအတွင်း ရေပိုက်လိုင်းများသွယ်တန်းပေးလျက်ရှိရာ ၈၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ဓားသွေးချောင်းရေတံခွန်သည် အလောင်းမင်းတရားကြီးကိုယ်တိုင် မြန်မာသက္ကရာဇ် ၁၁၂၂ ခုနှစ် တပို့တွဲလဆန်း ၁၃ ရက်နေ့ အယုဒ္ဓယမြို့သို့ စစ်ချီစဉ်က အောင်မြေနင်းခဲ့၍ တနင်္သာရီမင်းတို့၏ မြို့စောင့် စစ်သည်တော်များ ကင်းစောင့်ရင်း ဓား/လှံများသွေးခဲ့သည့် ဓားသွေးအရာများ ယနေ့အထိ ထင်ထင်ရှားရှား ရှိနေသေးသဖြင့် ဓားသွေးချောင်းဟု အမည်တွင်ခဲ့ခြင်းဖြစ်သည်။

၎င်းဓားသွေးချောင်းမှတစ်ဆင့် ဂါလန် ၅၀၀၀၀ ဆံ့နှင့် ဂါလန် ၁၀၀၀၀ ဆံ့ ရေသိုလှောင်ကန်နှစ်ခုအတွင်း ရေများသိုလှောင်ထားရှိပြီး ယင်းမှတစ်ဆင့် မြို့တွင်းသို့ ရေပိုက်လိုင်းများဖြင့်တောက်လျှောက်သွယ်တန်းပေးလျက်ရှိသည်။ ယင်းသို့ သွယ်တန်းပေးလျက်ရှိသော ပိုက်လိုင်းအရွယ်အစားများမှာ သုံးလက်မအရွယ် ပေ ၅၀၀၀၊ နှစ်လက်မ အရွယ် ပေ ၉၀၀၀နှင့် ၁ ဒသမ ၅ လက်မအရွယ် ပေ ၂၂၄၀၀ ရှိပြီး ရေပိုက်လိုင်းများသွယ်တန်းပြီးစီးပါက တနင်္သာရီမြို့ချောင်းကြီးရပ်ကွက်နှင့် ချောင်းငယ်ရပ်ကွက်တို့မှ ဒေသခံပြည်သူများအနေဖြင့် သန့်ရှင်းသော သောက်ရေ/သုံးရေကို လုံလောက်စွာရရှိနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**နန်းသာရီ-ထိန်ဝင်း**

## ပိုင်ရှင်မဲ့မူးယစ်ဆေးဝါးကျပ်သိန်း ၁၆၀ ကျော်ဖိုးနှင့် ဆိုင်ကယ်တစ်စီးဖမ်းဆီးရမိ

**မိုးညှင်း ဇူလိုင် ၁၆**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် မိုးညှင်းရဲစခန်းပိုင်နယ်မြေအတွင်း ခန့်မှန်းတန်ဖိုး ကျပ်သိန်း ၁၆၀ ကျော်ရှိ မူးယစ်ဆေးဝါးများနှင့် ပိုင်ရှင်မဲ့ဆိုင်ကယ်တစ်စီးကို ဇူလိုင် ၁၃ ရက်က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဇူလိုင်၁၃ရက် မွန်းတည့် ၁၂ နာရီခန့်တွင် မိုးညှင်းမြို့အုပ်ကျင်းရပ်ကွက် ရှမ်းသင်္ချိုင်းအနီး၌ မူးယစ်ဆေးဝါးသုံးစွဲနေကြောင်းသတင်းအရ မိုးညှင်းမြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်ခိုင်လွင်နှင့် တပ်ဖွဲ့ဝင်များက သက်သေများဖြစ်သော အုပ်ကျင်းရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ဆွေအဖွဲ့နှင့်အတူ သွားရောက်ရှာဖွေစဉ် ကာဒူရွာဘက်မှ မိုးညှင်းဘက်သို့ ဆိုင်ကယ်စီးလာသော အမျိုးသားတစ်ဦး ပြန်လှည့်ပြေးသည်ကိုတွေ့ရသဖြင့် လိုက်လံဖမ်းဆီးရာ ၎င်းထံမှ ကျောပိုးအိတ်တစ်လုံးကျကျန်ခဲ့ပြီး ဆိုင်ကယ်မောင်းနှင်သူမှာ သင်္ချိုင်းနှင့် တစ်မိုင်ခန့်အကွာ လယ်တောတဲတွင် စီးလာသည့် MIKKO 125 ဆိုင်ကယ်ကို ရပ်ထားကာ တောထဲသို့ ထွက်ပြေးလွတ်မြောက်သွားခဲ့ကြောင်းသိရသည်။

ကျကျန်ခဲ့သောကျောပိုးအိတ်ကို သက်သေများရှေ့တွင်ရှာဖွေရာ ရောင်စုံဆပ်ပြာခွက် ၂၂ ခွက်အတွင်းမှ ဘိန်းဖြူဟုယူဆရသော အဝါရောင်အမှုန့် အလေးချိန် ၂၇၁ ဂရမ်ခန့်၊ ခန့်မှန်းကာလတန်ဖိုးငွေကျပ် ၁၆၂၆၀၀၀၀ ကို စစ်ဆေးတွေ့ရှိရသဖြင့် ဒုရဲအုပ်ခိုင်လွင်က ရှာဖွေပုံစံဖြင့် သိမ်းဆည်းခဲ့ပြီး မိုးညှင်းမြို့မရဲစခန်း၌ အမှုဖွင့်ထားကာ ပြစ်မှုကျူးလွန်သူကို ဖမ်းဆီးရမိရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(၁၄၉)**



## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီးကုသရေးဦးစီးဌာန
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကုသရေးဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး ကုသရေးဦးစီးဌာနအောက်ရှိ ခုတင်(၁၀၀)ဆေးရုံ၊ ခုတင်(၅၀)ဆေးရုံ၊ (၂၅)ခုတင်ဆံ့ဆေးရုံ၊ (၁၆)ခုတင်ဆံ့ဆေးရုံနှင့် တိုက်နယ်ဆေးရုံများတွင် တက်ရောက်ကုသနေသော လူနာများအတွက် လိုအပ်သော FDA အသိအမှတ်ပြုဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါသဖြင့် အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၃-၇-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၂-၈-၂၀၁၅ ရက် ညနေ ၄း၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ဆေးဝါးများစာရင်းအသေးစိတ်ကို သိရှိလိုပါက နေ့စဉ် ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ပဲခူးတိုင်းဒေသကြီး ကုသရေးဦးစီးဌာနမှူးရုံး၊**
**ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ဖုန်း-၀၅၂-၂၂၂၅၁၁၊ ၂၂၂၁၀၂၈**

---

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## စက်မှုနည်းပညာမြှင့်တင်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန
## နည်းပညာတက္ကသိုလ်(လှိုင်ကော်)
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုနည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာနလက်အောက်ရှိ နည်းပညာတက္ကသိုလ်(လှိုင်ကော်)အတွက် အောက်ဖော်ပြပါ ရုံးသုံးစက်ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါကြောင်း ကြေညာအပ်ပါသည်။

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| ၁။ | Laptop Computer Dell (Memory 4GB, HDD 500 GB, Processor Intel Core i7) | ၉ စုံ |
| ၂။ | UPS (Power Tree) (650 VA) | ၉ လုံး |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြေညာသည့်ရက်မှစ၍ ရုံးချိန်အတွင်း နည်းပညာတက္ကသိုလ်(လှိုင်ကော်)တွင် လာရောက်ဝယ်ယူနိုင်ပြီး ၃၀-၇-၂၀၁၅ ရက် ၁၆း၀၀ နာရီ နောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို နည်းပညာတက္ကသိုလ်(လှိုင်ကော်) ဖုန်း-၀၉-၅၆၀၀၄၈၆ နှင့် ၀၈၃-၂၁၄၇၅ တို့တွင် စုံစမ်းနိုင်ပါသည်။

**နည်းပညာတက္ကသိုလ်(လှိုင်ကော်)**

---

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## လမ်းဦးစီးဌာန
# (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ဆင်းရဲမှုလျှော့ချရေးအပိုင်း(၁) (MY-P1) အတွက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း စီမံကိန်းများ ဆောင်ရွက်လျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း တည်ဆောက်လျက်ရှိသော သမရိုးတံတား၏အပေါ်ထည် (Steel Plate Girder) နှင့် ဆက်စပ်ပစ္စည်းများအားဝယ်ယူရန် တင်ဒါခေါ်ယူလိုပါသည်။

**တင်ဒါတင်သွင်းသူသည်-**

- မြန်မာနိုင်ငံအတွင်းတွင် Steel Plate Girder ထုတ်လုပ်သည့်ကုမ္ပဏီ/စက်ရုံ ရှိရမည်။ တပ်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်သည့် အတွေ့အကြုံရှိရမည်။

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၀-၇-၂၀၁၅ ရက်မှ ၂၇-၇-၂၀၁၅ ရက်အထိ
၃။ **တင်ဒါတင်သွင်းရမည့်နောက်ဆုံးရက်** - ၂၆-၈-၂၀၁၅ ရက်၊ ၁၆း၃၀ နာရီ
၄။ **တင်ဒါဖွင့်မည့်ရက်** - ၃၁-၈-၂၀၁၅ ရက်
၅။ တင်ဒါပုံစံများကို တစ်စောင်လျှင် ကျပ်တစ်သောင်းငါးထောင်နှုန်းဖြင့် အောက်ဖော်ပြပါဌာနတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိလိုပါက ၎င်းဌာနသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့၊ ဆောက်လုပ်ရေးဝန်ကြီးဌာန**
**လမ်းဦးစီးဌာန၊ ရုံးအမှတ်(၁၁)၊ နေပြည်တော်၊**
**ဖုန်း-၀၆၇-၄၀၇၄၆၈**

---

# (အဋ္ဌမအကြိမ်) အမျိုးသားအဆင့်မသန်စွမ်းလူငယ်များ ခေါင်းဆောင်မှုမြှင့်တင်ရေးသင်တန်းသားများ
# ဖိတ်ခေါ်ခြင်း

မြန်မာနိုင်ငံမသန်စွမ်းသူများရှေ့ဆောင်အဖွဲ့၏ ဦးဆောင်စီစဉ်မှုဖြင့် အမျိုးသားအဆင့် မသန်စွမ်းလူငယ်များ ခေါင်းဆောင်မှုမြှင့်တင်ရေးသင်တန်းကို ၂၀၁၅ စက်တင်ဘာ ၇ ရက်မှစတင်၍ ဖွင့်လှစ်ပို့ချမည်ဖြစ်ပါသဖြင့် အောက်ပါအချက်အလက်များနှင့် အကျုံးဝင်သူ မသန်စွမ်းလူငယ်များ မည်သူမဆို ဆက်သွယ်လျှောက်ထားနိုင်ပါသည်။

**သင်တန်းလျှောက်ထားခြင်းဆိုင်ရာ အချက်အလက်များ**

- အသက် ၁၈နှစ်မှ ၃၅နှစ်အတွင်း ဖြစ်ရမည်။
- အခြေခံပညာအလယ်တန်းအဆင့် အောင်မြင်ပြီးသူဖြစ်ရမည်။
- ဘဝတူမသန်စွမ်းသူများအရေး တက်ကြွစွာသယ်ပိုးဆောင်ရွက်နိုင်သူ ဖြစ်ရမည်။
- ကူးစက်ရောဂါကင်းရှင်းသူဖြစ်ရမည်။ (ဥပမာ-တီဘီ)
- မိမိ၏ နိစ္စဒူဝကိစ္စများကို ကိုယ်တိုင်ဆောင်နိုင်သူဖြစ်ရမည်။
- သင်တန်းကာလမှာ (၃)ပတ်ကြာမြင့်မည်ဖြစ်ပါသည်။

**သင်တန်းမှ ပံ့ပိုးပေးမည့်အစီအစဉ်များ**

- အသွားအပြန်ခရီးစရိတ် (အနည်းဆုံးသတ်မှတ်ထားသည့် ပမာဏ)၊ စားသောက်စရိတ်၊ နေထိုင်စရိတ်နှင့် သင်တန်းစရိတ်များကို အဖွဲ့မှ အကုန်ကျခံပေးမည်။

သင်တန်းသားဦးရေ(၂၀)ဦးသာ လက်ခံမည်ဖြစ်ပါသည်။
မသန်စွမ်းသူ မည်သူမဆိုလျှောက်ထားနိုင်သည်။

(**မှတ်ချက်။** ။သင်တန်းလျှောက်လွှာများအား နှစ်ပတ်လည်လက်ခံပေးနေပါသည်။ ယခုအဋ္ဌမအကြိမ် (၈ကြိမ်)မြောက်အတွက် လျှောက်လွှာနောက်ဆုံးလက်ခံမည့်ရက်မှာ ၂၀၁၅ ဩဂုတ်လ ၁၆ရက် ညနေ ၇း၀၀ နာရီဖြစ်သည်။ထိုအချိန်ရက်ထက်ကျော်လွန်၍ရောက်ရှိလာသော သင်တန်းလျှောက်လွှာများအား ယခုအဋ္ဌမအကြိမ် သင်တန်းအတွက်လက်ခံမည်မဟုတ်ပါ။)

**သင်တန်းလျှောက်လွှာရယူရန်နှင့် အသေးစိတ်အချက်အလက်များစုံစမ်းရန် အမှတ်(၁၇/၁၉)၊ သာယာအေးလမ်း၊ အမှတ်(၃)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရဲရန်အောင်မှတ်တိုင်အနီး၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၅၀၀၆၇၂၄၇၊ ၀၉-၄၅၀၀၄၈၀၈၅**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သတ္တုတွင်းဝန်ကြီးဌာန
## ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီ
# ကျောက်မျက်ရတနာဖော်ထုတ်လုပ်ကွက် (အသစ်) လျှောက်လွှာများတင်သွင်းရန်
## ကြေညာချက် (၇/၂၀၁၅)
## ၁၃၇၇ ခုနှစ် ပထမဝါဆိုလပြည့်ကျော် ၈ ရက်
## (၂၀၁၅ ခုနှစ် ဇူလိုင် ၉ ရက်)

၁။ သတ္တုတွင်းဝန်ကြီးဌာန၊ ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီသည် အောက်ဖော်ပြပါ ရတနာနယ်မြေများနှင့် ရတနာနယ်မြေပြင်ပတွင် နိုင်ငံသားပုဂ္ဂလိက၊ ကုမ္ပဏီ၊ အသင်းများအနေဖြင့် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းများ လုပ်ကိုင်နိုင်ရန် ဖော်ထုတ်လုပ်ကွက် (အသစ်) လျှောက်လွှာများကိုလက်ခံ၍ သတ်မှတ်ချက်များနှင့်အညီ ကွင်းဆင်းစစ်ဆေးတိုင်းတာပြီး ခွင့်ပြုမိန့်ထုတ်ပေးရေး ဆောင်ရွက်မည်ဖြစ်ပါသည်-

(က) မိုင်းရှူးရတနာနယ်မြေ။
(ခ) နန့်ယားဆိပ်ရတနာနယ်မြေ။
(ဂ) ခန္တီးရတနာနယ်မြေ။
(ဃ) မိုးညှင်းဒေသ၊ မော်လူး၊ မော်ဟန်ဒေသ။

၂။ ပုဂ္ဂလိက၊ ကုမ္ပဏီ အသင်းများသည် အထက်ဖော်ပြပါရတနာနယ်မြေများနှင့် ရတနာနယ်မြေ ပြင်ပတွင် **တည်ဆဲဥပဒေအရ စိုက်ပျိုးလုပ်ကိုင်ခွင့်၊ လက်ဝယ်ထားခွင့်၊ အသုံးပြုခွင့်၊ အကျိုးခံစားခွင့်၊ ဆက်ခံခွင့် သို့မဟုတ် လွှဲပြောင်းပိုင်ခွင့်ရှိသည့်မြေ**ကို ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်း လုပ်ငန်းလုပ်ကိုင်လိုပါက ဖော်ထုတ်လုပ်ကွက်အဖြစ် ခွင့်ပြုမိန့်ထုတ်ပေးရန် သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားနိုင်သည်။

၃။ ပုဂ္ဂလိက၊ ကုမ္ပဏီ၊ အသင်းများသည် ဖော်ထုတ်လုပ်ကွက်(အသစ်)လျှောက်လွှာများ ထုတ်ယူခြင်းနှင့် လျှောက်လွှာများပြန်လည်တင်သွင်းခြင်းများကို မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်) နေပြည်တော်နှင့်ဆက်သွယ်၍ အောက်ပါအတိုင်းဆောင်ရွက်ရန် ဖြစ်ပါသည်-

(က) **ဖော်ထုတ်လုပ်ကွက်(အသစ်)လျှောက်လွှာထုတ်ယူခြင်း။** ဖော်ထုတ်လုပ်ကွက် (အသစ်) လျှောက်လွှာတင်သွင်းလိုသည့် ပုဂ္ဂလိက၊ ကုမ္ပဏီ၊ အသင်းများသည် ၂၀၁၅ ခုနှစ် ဇူလိုင် ၁၃ ရက်မှ အောက်တိုဘာ ၁၉ ရက်အထိ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်) နေပြည်တော်တွင် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ မှတ်ပုံတင်ကြေးငွေများပေးသွင်း၍ မှတ်ပုံတင်ပြီး လျှောက်လွှာများထုတ်ယူနိုင်ပါသည်။ ဖော်ထုတ်လုပ်ကွက်(အသစ်) လျှောက်ထားလိုသော ကုမ္ပဏီ၊ အသင်းများသည် သက်တမ်းရှိ ကုမ္ပဏီ/အသင်းများဖြစ်ရပါမည်။

(ခ) **ဖော်ထုတ်လုပ်ကွက် (အသစ်) လျှောက်လွှာများတင်သွင်းခြင်း။** ဖော်ထုတ်လုပ်ကွက် (အသစ်) လျှောက်လွှာပုံစံ (မကလ-၅)တွင် လိုအပ်သည်များကို ပြည့်စုံစွာရေးသွင်းပြီး ၂၀၁၅ ခုနှစ် ဇူလိုင် ၁၃ ရက်မှ နိုဝင်ဘာ ၁၆ ရက်အထိ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်)၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက် (နေပြည်တော်)တွင် သတ်မှတ်ချက်များနှင့်အညီတင်သွင်းရပါမည်။ လျှောက်လွှာတင်သွင်းရာတွင် အောက်ပါအတိုင်း ဆောင်ရွက်ရန်ဖြစ်ပါသည်-

(၁) ဖော်ထုတ်လုပ်ကွက်(အသစ်) တစ်ကွက်အတွက် လျှောက်လွှာတစ်စောင် တင်သွင်းရပါမည်။
(၂) လျှောက်လွှာနှင့်အတူလျှောက်ထားလိုသည့် ဖော်ထုတ်လုပ်ကွက်(အသစ်)၏ တည်နေရာပြ မြေပုံကြမ်းကိုပူးတွဲ၍ စာအိတ်တွင်ထည့်ပြီး ချိပ်ပိတ်တင်သွင်းရပါမည်။
(၃) လျှောက်ထားလိုသည့် ဖော်ထုတ်လုပ်ကွက်(အသစ်)၏ တည်နေရာပြ မြေပုံကြမ်းတွင် လျှောက်ထားသူက လက်မှတ်ရေးထိုးပေးရပါမည်။

၄။ ကျောက်မျက်ရတနာဖော်ထုတ်လုပ်ကွက်(အသစ်)များ လျှောက်လွှာတင်သွင်းရာတွင် အဆိုပြုလွှာတစ်စောင် (လုပ်ကွက်တစ်ကွက်)အတွက် အာမခံစပေါ်ငွေ (DEPOSIT) ၁၀၀၀၀၀၀ိ/- (ကျပ်တစ်ဆယ်သိန်း) နှင့် ကွင်းဆင်းစစ်ဆေးစရိတ် ၅၀၀၀၀ိ/-(ကျပ်ငါးသောင်း) ပေးသွင်းရပါမည်။

၅။ ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီသည် ဖော်ထုတ်လုပ်ကွက်(အသစ်) လျှောက်ထားသည့်နေရာအား အောက်ပါကန့်သတ်ချက်များနှင့် လွတ်ကင်းမှုရှိ/မရှိ စစ်ဆေး၍ လုပ်ကိုင်ခွင့်ချထားပေးသွားပါမည်-

(၁) လယ်မြေ
(၂) ဘေးမဲ့တော/ကာကွယ်တောများ
(၃) ကျေးရွာ
(၄) သာသနာ့နယ်မြေ
(၅) စေတီဘုရား၊ သာသနိကကျောင်းများနှင့်အဆောက်အအုံများ
(၆) မြို့စည်ပင်သာယာရေးနယ်နိမိတ်၊
(၇) အများသုံးလမ်းမကြီးများ၊
(၈) ရေဦးရေထွက်နှင့် အများသုံးရေကန်ကြီးများ၊
(၉) သဘာဝပတ်ဝန်းကျင် ထိခိုက်နိုင်သော မြေနေရာများ
(၁၀) စီမံကိန်းနယ်မြေ/ဇရိယာများ
(၁၁) လုပ်ကိုင်ခွင့်ပြုထားပြီးသောလုပ်ကွက်များနှင့် လွတ်ကင်းမှုရှိ/မရှိ

၆။ ဖော်ထုတ်လုပ်ကွက်(အသစ်)များအတွက် လုပ်ကိုင်ခွင့်ပြုသက်တမ်းကာလမှာ (၃)နှစ်ဖြစ်ပြီး လုပ်ကွက်တစ်ကွက်အတွက် အနည်းဆုံးပေးသွင်းရမည့် အဆိုပြုငွေမှာ ၁၀ သိန်းဖြစ်ပါသည်။

၇။ လုပ်ကိုင်ခွင့်ရလုပ်ကွက်၏ ပေးသွင်းရမည့်အဆိုပြုငွေအတွက် ကြိုတင်ပေးသွင်းထားသည့် အာမခံစပေါ်ငွေများကို ခုနှိမ်ပေးသွင်းနိုင်ပါသည်။ လုပ်ကိုင်ခွင့်မရရှိသူများ၏ ကြိုတင်ပေးသွင်းထားသည့် အာမခံစပေါ်ငွေများကို ပြန်လည်ထုတ်ပေးသွားမည်ဖြစ်ပါသည်။

၈။ ဖော်ထုတ်လုပ်ကွက်(အသစ်)များကို လုပ်ကိုင်ခွင့်ရရှိသည့် ပုဂ္ဂလိက၊ ကုမ္ပဏီအသင်းများအနေဖြင့် ခွင့်ပြုမိန့်ရရှိသည့် ကျောက်မျက်ရတနာလုပ်ကွက်များကို တရားမဝင်လွှဲပြောင်းခြင်း မပြုရန် သတ္တုတွင်းဝန်ကြီးဌာနက ၁၉၉၉ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ထုတ်ပြန်ကြေညာသည့်အမိန့်ကြော်ငြာစာအမှတ် ၁၂၃/၉၉ အတိုင်း လိုက်နာဆောင်ရွက်ရမည့်အပြင် ကျောက်မျက်ရတနာထုတ်လုပ်ရာတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ထိခိုက်ပျက်စီးစေမှုမရှိစေရေးအတွက် သတ္တုတွင်းဝန်ကြီးဌာနက ၂၀၀၄ ခုနှစ် မေ ၁ ရက်တွင် ထုတ်ပြန်ကြေညာသည့် အမိန့်ကြော်ငြာစာအမှတ် ၈၅/၂၀၀၄ အတိုင်း လိုက်နာဆောင်ရွက်ရမည်ဖြစ်ပါသည်။

၉။ အသေးစိတ်သိလိုသည်များကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်)နေပြည်တော်တွင်လည်းကောင်း၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (ရုံးခွဲ) ရန်ကုန်မြို့တွင်လည်းကောင်း၊ မိုးကုတ်နှင့်လုံးခင်းတွင်အခြေပြုသည့် ကျောက်မျက်၊ ကျောက်စိမ်းတူးဖော်ရေးဌာနများ၊ မန္တလေး၊ မြစ်ကြီးနား၊ ခန္တီး၊ နန့်ယားဆိပ်၊ မိုးညှင်းနှင့် မိုင်းရှူး (လှိုင်ဆောင်ထောက်)တွင် အခြေပြုသည့် ကျောက်မျက်၊ ကျောက်စိမ်းစခန်းရုံးများတွင်လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ကျောက်မျက်ရတနာလုပ်ကွက်များခွင့်ပြုမိန့်ချထားပေးရေး၊**
**စစ်ဆေးရေးနှင့်ကြီးကြပ်ရေးလုပ်ငန်းကော်မတီ**

---

# ဖယောင်းပျက်နှင့်လင်းနို့ချေးရောင်းချရန်ကြော်ငြာ

၁။ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့တွင် ဖယောင်းပျက် ပိဿာ(၁၄၀၀၀)ခန့်နှင့် လင်းနို့ချေး ပိဿာ(၅၀၀၀)ခန့်အား ဈေးပြိုင်စနစ်ဖြင့် ရောင်းချရန်ရှိပါသည်။ ဝယ်ယူလိုသူများသည် ဈေးနှုန်းအဆိုပြုလွှာပုံစံနှင့် စည်းကမ်းချက်တစ်စုံလျှင် ကျပ်(၅၀၀၀ိ/-)နှုန်းဖြင့် ဂေါပကအဖွဲ့ရုံး ဗဟိုသိုလှောင်ရေးဌာန၌ ဝယ်ယူပြီး ၂၉-၇-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁၃း၀၀ နာရီ နောက်ဆုံးထား၍ အဆိုပြုလွှာတင်သွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

၂။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း ဂေါပကအဖွဲ့ရုံး ဗဟိုသိုလှောင်ဌာနတွင် စုံစမ်းနိုင်ပါသည်။

**ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## စက်မှုနည်းပညာမြှင့်တင်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန
## ကွန်ပျူတာတက္ကသိုလ်(ဘားအံ)
# စက်ပစ္စည်းနှင့်ပရိဘောဂများဝယ်ယူရန်အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ကွန်ပျူတာတက္ကသိုလ်(ဘားအံ)အတွက် လိုအပ်လျက်ရှိသော အောက်ဖော်ပြပါစက်ပစ္စည်း(၁၀)မျိုးနှင့် ပရိဘောဂပစ္စည်း (၁)မျိုးကို ဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါများတင်သွင်းကြရန် ဖိတ်ခေါ်အပ်ပါသည်။

| စဉ် | ပစ္စည်းအမျိုးအမည် |
|---|---|
| (၁) | ရေသန့်စက် (Reverse Osmosis Drinking Water System) |
| (၂) | Crimping Tools |
| (၃) | DC Power Supply (OV to 30) (Adjustable 5AMP) |
| (၄) | RAM DDR 3-2GB |
| (၅) | UBIQUITI Nano Station LOCO M2 Acesspoint |
| (၆) | Unmanaged Switch 16 Ports Giga Bits |
| (၇) | UPS (Power Tree) (650VA) |
| (၈) | Desktop Computer Dell (Memory 4GB, HDD 500GB, processor Intel Core i7) |
| (၉) | Digital Oscilloscope (200MHz) (20.4Analog Channel) |
| (၁၀) | Digital White Board |
| (၁၁) | Computer Table မလေးရှားကြိတ်သား |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း ကွန်ပျူတာတက္ကသိုလ်(ဘားအံ)တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၃၁-၇-၂၀၁၅ရက် မွန်းလွဲ ၂း၀၀နာရီတွင် နောက်ဆုံးထား၍ ကွန်ပျူတာတက္ကသိုလ်(ဘားအံ)သို့ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

**ပစ္စည်းဝယ်ယူရေးအဖွဲ့**
**ကွန်ပျူတာတက္ကသိုလ်(ဘားအံ)**
**ဖုန်း-၀၉-၅၆၆၁၁၀၈**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## စက်မှုနည်းပညာမြှင့်တင်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန
## ကွန်ပျူတာတက္ကသိုလ်(သထုံ)
# စက်ပစ္စည်းနှင့်ပရိဘောဂများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ကွန်ပျူတာတက္ကသိုလ်(သထုံ)အတွက် လိုအပ်လျက်ရှိသော အောက်ဖော်ပြပါစက်ပစ္စည်း(၁၀)မျိုးနှင့် ပရိဘောဂပစ္စည်း(၁)မျိုးကို ဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါများတင်သွင်းကြရန် ဖိတ်ခေါ်အပ်ပါသည်။

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (၁) | ရေသန့်စက် (Reverse Osmosis Drinking Water System) | 1 |
| (၂) | Crimping Tools | 5 |
| (၃) | DC Power Supply | 2 |
| (၄) | RAM DDR 3-2 GP | 51 |
| (၅) | UBIQUITI Nano Station LOCO M2 Acesspoint | 6 |
| (၆) | Unmanaged Switch 16 Ports Giga Bits | 1 |
| (၇) | UPS(Power Tree)(650 VA) | 40 |
| (၈) | Desktop Computer Dell(Memory 4GB,HDD 500GB, Processor Intel Coer i7) | 50 |
| (၉) | Digital Oscilloscope(200 MHz)(20.4 Analog Channel) | 4 |
| (၁၀) | Digital White Board | 2 |
| (၁၁) | Computer Table မလေးရှားကြိတ်သား | 40 |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း ကွန်ပျူတာတက္ကသိုလ်(သထုံ)တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၃၁-၇-၂၀၁၅ရက် မွန်းလွဲ ၂း၀၀နာရီတွင် နောက်ဆုံးထား၍ ကွန်ပျူတာတက္ကသိုလ်(သထုံ)သို့ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

**ပစ္စည်းဝယ်ယူရေးအဖွဲ့**
**ကွန်ပျူတာတက္ကသိုလ်(သထုံ)**
**ဖုန်း-၀၉-၅၃၂၂၅၈၄**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## စက်မှုနည်းပညာမြှင့်တင်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန
## ကွန်ပျူတာတက္ကသိုလ်(မုံရွာ)
# စက်ပစ္စည်းနှင့်ပရိဘောဂများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ကွန်ပျူတာတက္ကသိုလ်(မုံရွာ)အတွက် လိုအပ်လျက်ရှိသော အောက်ဖော်ပြပါစက်ပစ္စည်း(၈)မျိုးနှင့် ပရိဘောဂပစ္စည်း(၂)မျိုးကို ဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါများတင်သွင်းကြရန် ဖိတ်ခေါ်အပ်ပါသည်။

| စဉ် | ပစ္စည်းအမျိုးအမည် |
|---|---|
| (၁) | ရေသန့်စက် (Reverse Osmosis Drinking Water System) |
| (၂) | Crimping Tools |
| (၃) | RAM DDR 3-2GB |
| (၄) | UBIQUITI Nano Station LOCO M2 Acesspoint |
| (၅) | Desktop Computer (Dell, Core i7) |
| (၆) | Digital Oscilloscope (200 MHz) |
| (၇) | Digital White Board |
| (၈) | UPS (650)VA |
| (၉) | Locker |
| (၁၀) | Hotel Chair |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း ကွန်ပျူတာတက္ကသိုလ်(မုံရွာ)တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၃၁-၇-၂၀၁၅ရက် မွန်းလွဲ ၂း၀၀နာရီတွင် နောက်ဆုံးထား၍ ကွန်ပျူတာတက္ကသိုလ်(မုံရွာ)သို့ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

**ပစ္စည်းဝယ်ယူရေးအဖွဲ့**
**ကွန်ပျူတာတက္ကသိုလ်(မုံရွာ)**
**ဖုန်း-၀၇၁-၂၃၆၂၈**

## မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ အောင်ချမ်းသာရွာ၊ ဓမ္မသဟာယစင်တာ
## Institute of Dhamma Education (IDE)
## ပါမောက္ခချုပ်ဆရာတော် ဒေါက်တာနန္ဒမာလာဘိဝံသ၏ ၂၀၁၅ ခုနှစ် ဝိသုဒ္ဓိမဂ်ဆိုင်ရာ အထူးသင်တန်းများဖွင့်လှစ်မည်
## ဝိသုဒ္ဓိမဂ်(ဉာဏဒဿနနှင့် ပညာဘာဝနာနိသံသပိုင်း)
## (စုစုပေါင်း ၄ ကြိမ်၊ တစ်ကြိမ်လျှင် ၁၀ ရက်)

| စဉ် | ပို့ချမည့်ရက်စွဲ | ပို့ချမည့်ဘာသာရပ် |
|---|---|---|
| ၁။ | ဩဂုတ်လ (၂၁ ရက်မှ ၃၀ ရက်) | ဉာဏဒဿန အပိုင်း(၁) |
| ၂။ | စက်တင်ဘာလ (၈ ရက်မှ ၁၇ ရက်) | ဉာဏဒဿန အပိုင်း(၂) |
| ၃။ | စက်တင်ဘာလ(၂၅ ရက်)မှ အောက်တိုဘာလ ၄ရက် | ဉာဏဒဿန အပိုင်း(၃) |
| ၄။ | အောက်တိုဘာလ (၁၂ ရက်မှ ၂၁ ရက်) | ပညာဘာဝနာနိသံသပိုင်း |

ဝိသုဒ္ဓိမဂ်သင်ကြားဖူးသူများအတွက်သာ အထူးအစီအစဉ်နှင့် ဖွင့်လှစ်ပေးမည်ဖြစ်ပါသဖြင့် သင်တန်းတက်ရောက်နိုင်ရန်နှင့် အသေးစိတ်သိရှိနိုင်ရန် အောက်ဖော်ပြပါနေရာများ၌ လျှောက်လွှာများရယူ၍ ၅-၈-၂၀၁၅ရက် နောက်ဆုံးထားပြီး ပြန်လည်ပေးပို့ရမည်ဖြစ်ပါသည်။

(၁) မြန်မာပြည်အထက်ပိုင်း
Institute of Dhamma Education (IDE)
မဟာသုဗောဓာရုံကျောင်းတိုက်၊
အောင်ချမ်းသာရွာ၊ ပြင်ဦးလွင်မြို့နယ်၊
မန္တလေးတိုင်းဒေသကြီး
(ဦးဇဝန ဖုန်း-၀၉-၇၉၈၈၂၆၈၂၇၊ ၀၉-၂၅၉၆၉၄၇၄၆)
(ရုံးဖုန်း- ၀၉-၇၉၈၁၂၁၂၁၄)

(၂) မြန်မာပြည်အောက်ပိုင်း
ဓမ္မဇျှောတ လူပုဂ္ဂိုလ်များဆိုင်ရာ ဓမ္မစာပေသင်တန်းကျောင်း
အမှတ်-၆၊ ကြားတောရလမ်း (မြေပဒေသာနှင့် ဗဟန်းဈေးကြား)
ရွှေတိဂုံစေတီတော်အရှေ့ဘက်မုခ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့
(ဖုန်း-၀၉-၂၀၀၄၂၉၇၊ ၀၉-၇၃၉၀၃၉၇၀၊ ၀၉-၄၉၂၁၁၇၂၈)

---

## ကန့်ကွက်နိုင်ပါကြောင်း

မိတ္ထီလာမြို့၊ ဝန်ဇင်းရပ်ကွက်၊ အကွက်အမှတ်(၂၀-ဃ/ပြည်ထောင်စု)၊ မြေကွက်အမှတ်(၁၆၁၅)၊ ဧရိယာ ၀ဒသမ၀၈၀ဇကေရှိ မြေကွက်သည် ပြည်ထောင်စုတိုးချဲ့ရပ်ကွက်၊ တိုးချဲ့မြို့သစ်များ အကောင်ထည်ဖော်ရေးဦးစီးကော်မတီ၊ မိတ္ထီလာမြို့၏ ၂၉-၁၁-၂၀၁၂ရက်စွဲပါစာအမှတ်၊ ၄/၄၃-၅၅/ဦး ၁ အရ ဒေါ်ခင်လှမွန် အမည်ဖြင့် မြေနေရာချထားပေးခဲ့သော မြေပေးမိန့်ဖြင့် မြေငှားဂရန်အသစ်လျှောက်ထား တင်ပြလာပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားများနှင့်အတူ ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း ဤရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေလုပ်ထုံးလုပ်နည်းများနှင့် အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မိတ္ထီလာမြို့နယ်**

---

## ကန့်ကွက်နိုင်ပါကြောင်း

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် တိုးချဲ့ပေါက်တော၊ မြေကွက်အမှတ် ၃၃၊ မြေကွက်တည်နေရာအမှတ် ၃၃၊ ပေါက်တောတိုးချဲ့လမ်း၊ တိုးချဲ့ပေါက်တောရပ်ကွက်၊ အင်းစိန်(ဦးဝင်းထိန်) အမည်ပေါက် လိုင်စင်မြေအား အမည်ပေါက် ဦးဝင်းထိန် ၁၂/ဗဟန(နိုင်)၀၇၅၅၁၅ ထံမှ နှစ်ဦးသဘောတူအရပ်ကတိ အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူထားသူ ဒေါ်စုစုဝင်း ၁၂/ဗဟန(နိုင်)၀၈၈၉၅၉ မှ ၂၀-၆-၁၉၉၀ ရက်တွင် ဦးဝင်းထိန် အမည်ဖြင့် ထုတ်ပေးထားသော လိုင်စင်မူရင်း၊ အရပ်ကတိစာချုပ်တို့ တင်ပြ၍ နှစ်၆၀မြေငှားစာချုပ်ဂရန် လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄-B၊ မြေကွက်အမှတ် ၂၉၄၊ မြေကွက်တည်နေရာအမှတ် ၆၁၊ မြို့ပတ် (၈) လမ်း၊ ပုသိမ်ညွန့်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ် (ဦးအောင်မြင့်) ၁၂/မဂတ(နိုင်)၀၆၁၆၂၆ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးအောင်မြင့် (ဖခင်)နှင့် ဒေါ်ငွေတင် (မိခင်)တို့ ကွယ်လွန်သဖြင့် ဦးမျိုးခိုင် ၁၂/မဂတ (နိုင်)၀၆၁၂၃၇၊ ဦးကျော်ကျော်စိုး ၁၂/မဂတ(နိုင်)၀၆၁၆၃၂တို့မှ သားများတော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့် သေစာရင်းတို့ တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## စက်မှုနည်းပညာမြှင့်တင်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန
## ကွန်ပျူတာတက္ကသိုလ် (ပုသိမ်)
## စက်ပစ္စည်းနှင့်ပရိဘောဂပစ္စည်းများဝယ်ယူရန်အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုနည်းပညာမြှင့်တင်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၊ ကွန်ပျူတာတက္ကသိုလ်(ပုသိမ်)တွင် အောက်ဖော်ပြပါ ပစ္စည်းများ ဝယ်ယူရန်အတွက် အိတ်ဖွင့် တင်ဒါများ တင်သွင်းရန် ခေါ်ယူအပ်ပါသည်-

**စက်ပစ္စည်း**

| | | |
|---|---|---|
| (1) | Crimping Tools | 5 nos |
| (2) | UBIQUITI Nano Station LOCO m2 Access point | 6 nos |
| (3) | Unmanaged Switch 16 ports Giga Bits | 1 nos |
| (4) | UPS (Power Tree 650 VA) | 35 nos |
| (5) | Desktop Computer Dell (Memory 4GB, HDD500GB. Intel Core i7) | 40 nos |
| (6) | Digital Oscilloscope (200 MHz) (20.4 Analog Channel) | 4 nos |
| (7) | Digital White Board | 2 nos |
| (8) | 8085/8086 Micro Processor Trainer kits | 5 nos |
| (9) | Digital Multimeter DT-9205A | 8 nos |
| (10) | Analog and Digital Trainer kits (DTK 01A) | 3 nos |
| (11) | Water Cooler | 15 nos |
| (12) | Air Conditioner (Mitsubishi) Model: MSF-13 VC (1.5HP) | 10 nos |
| (13) | Copy Printer Duplo (AP-J 450) 60-120 sheets/min 300 x 3602 dpi loading Capacity 500 sheets Book shadow Easter. | 1 nos |

**ပရိဘောဂပစ္စည်း**

| | | |
|---|---|---|
| (1) | Computer Table (မလေးရှားကြိတ်သား) | 35 nos |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို ကြော်ငြာပါသည့်ရက်မှစ၍ရုံးချိန်အတွင်း ကွန်ပျူတာတက္ကသိုလ်(ပုသိမ်)၊ ဘဏ္ဍာရေးဌာနတွင် လာရောက်ဝယ်ယူနိုင်ပါသည်။
၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို (၂၇.၇.၂၀၁၅) ရက်နေ့ (၁၃:၀၀) နာရီတွင် နောက်ဆုံးထား၍ ကွန်ပျူတာတက္ကသိုလ်(ပုသိမ်)သို့ လာရောက် တင်သွင်းရန် ဖြစ်ပါသည်။

**တင်ဒါခေါ်ယူရေးအဖွဲ့ ဖုန်း- ၀၉-၅၂၀၂၈၃၈၊ ၀၉-၂၅၁၁၂၄၈၉၃**
**ကွန်ပျူတာတက္ကသိုလ် (ပုသိမ်)**

---

## ကြော်ငြာစာ
**(အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**
**၂၀၁၅ခုနှစ် တရားမထွေထွေမှုအမှတ် -၁၀၆**

**ဦးကျော်မြ** **လျှောက်ထားသူ**

ကွယ်လွန်သူ ဒေါ်တင်မေ၏ ကျန်ရှိရစ်သောပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု။

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ကောလိယ(၂၄) လမ်း၊ အမှတ် ၅၂၅(က)၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဒေါ်တင်မေ၏ကျန်ရှိရစ်သော ပစ္စည်းများအပေါ် အမွေထိန်းလက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့် ဦးကျော်မြက အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားချက်ရှိသဖြင့် ဤအမှုကို ၂၀၁၅ ခုနှစ် ဇူလိုင် ၂၉ရက် (၁၃၇၇ခုနှစ် ဒုတိယဝါဆိုလဆန်း ၁၃ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည် ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဒေါ်တင်မေ၌ ကျန်ရှိရစ်သောပစ္စည်းများတွင် အကျိုးစီးပွားတစ်ခုခုသက်ဝင်သည်ဟု အဆိုရှိသူ ခပ်သိမ်းတို့အား အဆိုပါအမှုတွင် ၎င်းတို့(လာရောက်လျှောက်ထားဆိုင်ဆိုရန်သင့်လျော်မည်ဟုအထင်ရှိလျှင်) ဆိုခဲ့သော ၂၀၁၅ခုနှစ် ဇူလိုင် ၂၉ရက် (၁၃၇၇ခုနှစ် ဒုတိယဝါဆိုလဆန်း ၁၃ရက်) နံနက် ၁၀နာရီတွင် မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့က နေရာတကျ အမိန့်ပေးထားသူ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်မထုတ်ပေးမီ မှုခင်းမှတ်တမ်းများကိုကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃နှင့်အညီ ယခုမိန့်ကြားဆင့်ဆိုလိုက်သည်။ ၎င်းကဲ့သို့ လာရောက်ခြင်းတစ်ခုခုမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်ကဆိုခဲ့သော ဦးကျော်မြ၏လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်မည်ဖြစ်သည်။

၂၀၁၅ခုနှစ် ဇူလိုင် ၈ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ငြိမ်းမြင့်)**
**တွဲဖက်ခရိုင်တရားသူကြီး(၄)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

---

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့၊ ဇဝနသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ဥတ္တရသီရိမြောက်ရပ် ဦးစိုးတင့် ၁၂/သကတ(နိုင်)၀၃၆၈၈၀ အမည်ပေါက် မြေကွက်အမှတ်(ဥ-၅၂၁၂) ပါမစ်မြေအတွက်ထုတ်ပေးထားသည့် မြေပေးမိန့်မူရင်း ပျောက်ဆုံးသွားသဖြင့် တရားရုံးကျမ်းကျိန်လွှာ၊ ရပ်ကွက်၊ ရဲစခန်းထောက်ခံချက်တို့တင်ပြ၍ မြေပေးမိန့်မိတ္တူမှန် လျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဦးစိုးတင့် ၁၂/သကတ(နိုင်)၀၃၆၈၈၀ အမည်ပေါက် မြေပေးမိန့်မူရင်းအား ပယ်ဖျက်၍ မြေပေးမိန့်မိတ္တူမှန် ထုတ်ပေးနိုင်ရေးဌာနမှ လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့၊ ဇဝနသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ဥတ္တရသီရိမြောက်ရပ် ဒေါ်ချိုချိုထက် ၁၀/ဘလန(နိုင်)၀၄၇၄၇၈ အမည်ပေါက် မြေကွက်အမှတ် (ဥ-၅၂၁၃)ပါမစ်မြေအတွက် ထုတ်ပေးထားသည့် မြေပေးမိန့်မူရင်းပျောက်ဆုံးသွားသဖြင့် တရားရုံးကျမ်းကျိန်လွှာ၊ ရပ်ကွက်၊ ရဲစခန်းထောက်ခံချက်တို့တင်ပြ၍ မြေပေးမိန့်မိတ္တူမှန် လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဒေါ်ချိုချိုထက် ၁၀/ဘလန(နိုင်)၀၄၇၄၇၈ အမည်ပေါက် မြေပေးမိန့်မူရင်း အားပယ်ဖျက်၍ မြေပေးမိန့်မိတ္တူမှန်ထုတ်ပေးနိုင်ရေးဌာနမှ လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

## နှစ်ဦးသဘောတူလက်ထပ်ပြီးစီးကြောင်းကြေညာခြင်း

ကျွန်တော် မောင်ဝင်းထွန်းသိဏ်း (ဘ) ဦးအေးသိဏ်း ၁၂/ဥကတ(နိုင်)၁၄၃၂၂၃ နှင့် မနော်ချိုနွယ်လင်း(ဘ) ဦးနေလင်း ၃/ကကရ(နိုင်)၁၄၈၃၃၉ တို့သည် ၇-၇-၂၀၁၅ ရက်တွင် ပျဉ်းမနားမြို့နယ်၊ တွဲဖက်တရားသူကြီး ဒေါ်သန္တာညွန့်၏ ရှေ့မှောက်၌ နှစ်ဦးသဘောတူ လက်ထပ်ပြီးစီးပါကြောင်း။

**မောင်ဝင်းထွန်းသိဏ်း ၁၂/ဥကတ(နိုင်)၁၄၃၂၂၃**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1J/5469 Nissan AD VA412 S/W (4×2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်သဇင်မိုး ၁၂/ဒလန(နိုင်)၀၆၄၉၅၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄ဃ/၇၈၅၂ Nissan AD S/W(4×2)R ယာဉ်လက်ဝယ်ရှိသူ ဦးကိုကိုနိုင် ၁၂/သဃက(နိုင်)၀၂၄၅၅၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

---

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ချမ်းမြသာစည်တောင်ရပ်ကွက်၊ အကွက်အမှတ် (၈၇၁)၊ ဦးပိုင်အမှတ် ၂၂-ခ(ခဲစင်း)၊ ရန်/မန်းလမ်းနှင့် ဦးပွားလမ်းထောင့်ရှိ မောင်ပိုးဖြူ အမည်ပေါက် ဘိုးဘမြေကွက်အား ဖခင်ဦးပိုးဖြူ၊ မိခင်ဒေါ်ပု၊ သားဦးပွား၊ သမီးဒေါ်အေးခင်၊ သမက်ဦးမြင့်တို့ အသီးသီးကွယ်လွန်သဖြင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် (၃၀၀၉/၂၀၁၄)ဖြင့် အမွေဆက်ခံခဲ့သော ဒေါ်မမကြီး၊ ဒေါ်တင်ဌေး၊ ဒေါ်ခွေး၊ ဦးကျော်အေးတို့(၄)ဦးအနက် ဒေါ်တင်ဌေး ပါ(၃)ဦးထံမှ ဦးပိုင် ၂၂-ခ (ခဲစင်း) တောင်ဘက်ခြမ်းအား မှတ်ပုံတင်စွန့်လွှတ်စာချုပ်အမှတ် (၄၁၃/၂၀၁၅)ဖြင့် စွန့်လွှတ်ခြင်းကို လက်ခံသူ ဒေါ်မမကြီး ၉/မရတ(နိုင်)၀၀၈၆၉၄ မှ အမှုတွဲအမှတ် ၀၁၃၁/ဘ(ခွဲ/ပြောင်း)၊ ၂၀၁၅-၂၀၁၆ ဖြင့် (ဘ/ခွဲ၊ ပြောင်း) လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ကန့်ကွက်နိုင်ပါသည်

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မေဃဂီရိရပ်၊ အကွက် (၁၄၃)၊ အိမ်အမှတ် (၁၈)၊ ၈၃လမ်း၊ ၁၈×၁၉ လမ်းကြားတည်နေရာတွင် မောင့်ကျက်သရေအမှတ်တံဆိပ် ပြည်လုံးချမ်းသာတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး လုပ်ငန်းအား ယခင်က ဦးဉာဏ်ထွန်း၊ ဦးဇော်လင်း နှစ်ဦးပူးတွဲအမည်ဖြင့် ထုတ်လုပ်ခဲ့ရာ ယခုအခါ ဖခင်ဦးဉာဏ်ထွန်း ကွယ်လွန်သွားပါသဖြင့် သားကျွန်တော်ဦးဇော်လင်းအမည်ဖြင့် ဆက်လက်လုပ်ကိုင်မည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၀ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက အထက်ပါလုပ်ငန်းကို ဆက်လက်လုပ်ကိုင်ဆောင်ရွက်သွားပါမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးဇော်လင်း ၉/မနမ(နိုင်)၀၀၅၉၇၃**

---

## အများသိစေရန်ကြေညာချက်

ကျွန်မ မယမင်းရွှေစင် ၇/ပခန(နိုင်)၀၀၃၉၂၇ နှင့် ကိုအောင်ကိုကိုလှိုင် ၇/ပခန(နိုင်)၁၈၈၁၉၄ (ဘ)ဦးစိန်လှိုင် တို့သည် ၂၅-၅-၂၀၁၅ရက်တွင် မြို့နယ်တရားသူကြီး (မန္တလေးတိုင်းဒေသကြီး)ရှေ့မှောက်တွင် မှတ်ပုံတင်အမှတ်စဉ်(၅၁/၂၀၁၅)ဖြင့် နှစ်ဦးသဘောတူ လင်မယားကွာရှင်းပြတ်စဲစာချုပ်ဖြင့် ကွာရှင်းခဲ့ပြီးဖြစ်ပါသောကြောင့် ထိုရက်မှစ၍ ကျွန်မ မယမင်းရွှေစင်နှင့်ကိုအောင်ကိုကိုလှိုင်တို့သည် တစ်ဦးနှင့်တစ်ဦး မည်သို့မျှပတ်သက်ခြင်း မရှိတော့ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းနိုင်ပါသည်။)**

**မယမင်းရွှေစင်**
**၇/ပခန(နိုင်)၀၀၃၉၂၇**
**အမှတ် ၅၀၁၊ လိပ်ပြာကန်(၁)လမ်း၊ ပဲခူးမြို့**

## ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနမှ တာဝန်ယူ ဆောင်ရွက်နေသည့် လမ်းမကြီးများ၏ လမ်းနယ်နိမိတ်သတ်မှတ်ချက်အား အသိပေးကြေညာခြင်း

မြန်မာနိုင်ငံသည် World Road Association အဖွဲ့ဝင်နိုင်ငံဖြစ်ပြီး အာဆီယံနိုင်ငံများနည်းတူ လမ်းအဆင့်အတန်းများ ပြည့်မီအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့်အတွက် လမ်းနယ်နိမိတ်များအား ASIAN , ASEAN & GMS Road Standard and Class များနှင့်အညီ အောက်ပါအတိုင်း သတ်မှတ်ဆောင်ရွက်သွားမည်ဖြစ်ပါသည် -

| စဉ် | လမ်းအဆင့်အတန်း | လမ်းနယ်နိမိတ် အကျယ် | မှတ်ချက် |
|---|---|---|---|
| 1 | အမြန်လမ်းမကြီး(Expressway) | 122 m (400') | 4 or more Lanes |
| 2 | အထူးသတ်မှတ်လမ်းများဥပမာ-Special Ring Roads | 91.44 m (300') | 4 or more Lanes |
| 3 | နိုင်ငံတကာဆက်သွယ်ရေးလမ်းမကြီး(International Highway) (i.e. ASIAN Highway, ASEAN Highway,GMS Highway) | 70 m (230') | 4 or more Lanes |
| 4 | ပြည်ထောင်စုလမ်းမကြီး(National Highway) | 45.75 m (150') | Up To 4 Lanes |
| 5 | တိုင်းဒေသကြီး/ပြည်နယ်များ ဆက်သွယ်သည့်လမ်း (Regions/States Collector Road) | 45.75 m (150') | From 2 Lanes To 4Lanes |
| 6 | ခရိုင်/မြို့နယ်များဆက်သွယ်သည့်လမ်း (Districts/Townships Collector Road) | 45.75 m (150') | 2 Lanes |
| 7 | မြို့နယ်-ကျေးရွာများ ဆက်သွယ်သည့်လမ်း (Townships-Villages Collector Road) | 30.5 m (100') | 1 Lane |

အထက်ပါသတ်မှတ်ထားသော လမ်းနယ်နိမိတ်များအတွင်း ဆောက်လုပ်ရေးဝန်ကြီးဌာန၏ခွင့်ပြုချက်မရရှိဘဲ ကျူးကျော် ဆောင်ရွက်မှုတစ်ရပ်ရပ်ကို ကျူးလွန်ပါက အမြန်လမ်းမကြီးဥပဒေနှင့်လမ်းမကြီးများဥပဒေအရ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း အသိပေး ကြေငြာအပ်ပါသည်။

**လမ်းဦးစီးဌာန**
**ဆောက်လုပ်ရေးဝန်ကြီးဌာန**

မှတ်ချက်။ အဆိုပါ သတ်မှတ်ချက်သည် မူလ(၁၀၀)ပေအကျယ်ရှိသည့် မြို့တွင်း၊ ရွာတွင်းလမ်းများအတွက် ယခင်ရှိပြီးဖြစ်သော မြို့/ရွာ လမ်းမဘေး နေအိမ်ဝန်းခြံများနှင့် သက်ဆိုင်ခြင်းမရှိပါ။ လမ်းမကြီးများ ဥပဒေအသစ် ပြင်ဆင်ထုတ်ပြန်ခဲ့သည့် ( ၂၄. ၇. ၂၀၁၄ ) ရက်နေ့နောက်ပိုင်း ကျူးကျော်ဆောက်လုပ်မှုများနှင့်သာသက်ဆိုင်ပါသည်။

## ပစ္စည်းအိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ ကယားပြည်နယ်ရှိ ခရိုင်များမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့်ဆောင်ရွက်မည့် လမ်း၊ တံတားလုပ်ငန်းများအတွက် ကတ္တရာ၊ ဘိလပ်မြေ၊ သံချောင်းလုံးရှယ်စုံတို့အား မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ ပစ္စည်းတင်ဒါတင်သွင်းလိုသူများ ပစ္စည်းအမျိုးအစား၊အရေအတွက်၊ အသေးစိတ်အချက်အလက်များနှင့် တင်ဒါလျှောက်လွှာပုံစံများကို အောက်ပါဌာနတွင် ၁၇-၇-၂၀၁၅ ရက်မှစ၍ ရုံးချိန်အတွင်း စုံစမ်းရယူနိုင်ပါသည်။

- ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ ကယားပြည်နယ် ဖုန်း-၀၈၃-၂၁၄၉၄
- **လျှောက်လွှာပိတ်မည့်ရက်၊ အချိန်** - ၃၁-၇-၂၀၁၅ ရက် ၄း၃၀ နာရီ
- **တင်ဒါဖွင့်ဖောက်ရွေးချယ်မည့်ရက်၊ အချိန်** - ၅-၈-၂၀၁၅ ရက် ၉း၃၀ နာရီ

**ပစ္စည်းတင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန အုပ်ချုပ်မှုအောက်ရှိ ရေအားလျှပ်စစ်စီမံကိန်းများတွင် ဆောင်ရွက်မည့် အောက်ဖော်ပြပါလုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်-

**စဉ် လုပ်ငန်းအမည် လုပ်ငန်းပမာဏ**

(၁) 09/DHPI(P&W)/2015-2016
အထက်ရဲရွာရေအားလျှပ်စစ်စီမံကိန်း လျှပ်စစ်နှင့်စက်ပစ္စည်း သိုလှောင်ရုံ(Steel Structure)(၁၂၀'×၆၀')ဆောက်လုပ်ခြင်း — ၁လုံး

(၂) 10/DHPI(P&W)/2015-2016
သူ့ငွေးရေအားလျှပ်စစ်စီမံကိန်းကျောက်သားနံရံခိုင်ခံ့မှု လုပ်ငန်းများ(Shotcreting, Shear Resisting Piling, Rock Bolting,Triple Long Rock Bolting) — လုပ်ငန်းတစ်ရပ်

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်၊ အချိန်** - ၁၁-၇-၂၀၁၅ ရက်၊ ၀၉း၃၀နာရီ
**တင်ဒါပုံစံအရောင်းပိတ်မည့်ရက်၊အချိန်** - ၁၇-၇-၂၀၁၅ ရက်၊ ၁၅း၀၀နာရီ
**Technical Proposal နှင့် Price Proposal** - ၃၀-၇-၂၀၁၅ ရက်၊ ၁၅း၃၀နာရီ
**နောက်ဆုံးထား၍ တင်သွင်းရမည့်ရက်၊အချိန်**

၃။ အိတ်ဖွင့်တင်ဒါပုံစံများကို ရုံးချိန်အတွင်း အောက်ပါဌာနတွင် တင်ဒါပုံစံတစ်စောင်လျှင် (၁၀၀၀၀)ကျပ်နှုန်းထားဖြင့် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန**
**ရုံးအမှတ် ၂၇၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၀၄၃၁၊ ၄၁၀၂၅၇၊ ဖက်စ်-၀၆၇-၄၁၀၄၃၁**

## အမည်ပြောင်း

မြစ်ကြီးနားမြို့၊ အထက(၃)ပဥ္စမတန်း(D)မှ (ဘ) ဦးဝင်းကိုကို၏သား ဟိန်းမြတ်ချာန်အား မြတ်ကောင်းထက်ဟု ပြောင်းလဲခေါ်ပါရန်။

## ဖခင်အမည်မှန်

ကန့်ဘလူမြို့နယ်၊ အထက ဇီးကုန်း တက္ကသိုလ်ဝင်တန်း(F)မှ မမိုးစန္ဒာအေး၊ ဆဋ္ဌမတန်း(D)မှ မအေးနန္ဒာတို့၏ ဖခင်အမည်မှန်မှာ ဦးဇော်မင်းနောင် ၅/ကဘလ(နိုင်)၁၂၂၆၆၈ ဖြစ်ပါကြောင်း။

**ဦးဇော်မင်းနောင်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဦးကျော်သန်း၏သား ဦးကျော်ဆန်း(ခ) ဦးဝင်းသိန်း ၉/ကဆန(နိုင်)၁၃၇၆၈၅ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးကျော်ဆန်း(ခ)ဦးဝင်းသိန်း**

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ဖောင်းပြင်မြို့ အထက တက္ကသိုလ်ဝင်တန်း (A-1)မှ မောင်အောင်မြင့်ဌေး၏ ဖခင်အမည်မှန်မှာ ဦးအောင်ပန် ၅/ဖပန(နိုင်)၀၀၉၁၁၁ ဖြစ်ပါကြောင်း။

**ဦးအောင်ပန် ၅/ဖပန(နိုင်)၀၀၉၁၁၁**

## အမည်ပြောင်းလဲခြင်း

ဦးစိုးမြင့်ခိုင် ၁၂/ဥကတ(နိုင်) ၀၀၅၉၄၁ ၏ ပညာရေးတက္ကသိုလ် လေ့ကျင့်ရေး အထက်တန်းကျောင်း ပြည်လမ်း၊ကမာရွတ်မြို့နယ် အဋ္ဌမတန်း (B)မှ မကြာဖြူလင်းလက်အား မခိုင်စုရတီလင်းဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မခိုင်စုရတီလင်း**

## ဖခင်အမည်မှန်

မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) ကော့ခပုံမှ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်း ခုံအမှတ် ညဒ-၃၉၆ဖြင့် အောင်မြင်ခဲ့သော မစန္ဒာမိုး ၁၀/မဒန(နိုင်)၂၃၁၅၂၈ ၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးမိုးမြင့်အောင်မိုး ဖြစ်ပါကြောင်း။

**ဦးမိုးမြင့်အောင်မိုး ၇/ပခန(နိုင်)၂၀၁၈၃၇**

## ဖခင်အမည်မှန်

နန်းဖယ်ခုံအထက တက္ကသိုလ်ဝင်တန်းမှ မမေဒါ၊ ဆဋ္ဌမတန်းမှ မရီစီလင်း၊ စတုတ္ထတန်းမှ မမာချယ်လင်းတို့၏ ဖခင်အမည်မှန်မှာ ဦးရှိဘဲတို(တိုးဝေ) ၂/ဒမဆ(နိုင်) ၀၂၅၈၅၀ ဖြစ်ပါကြောင်း။

**ဦးရှိဘဲတို(တိုးဝေ)**

## ဖခင်အမည်မှန်

နန်းဖယ်ခုံအထက တက္ကသိုလ်ဝင်တန်းမှ မရွှေစင်ဦး၊ အဋ္ဌမတန်းမှ မကေသီထွန်း၊ ဆဋ္ဌမတန်းမှ မအေးချမ်းနိုင်တို့၏ ဖခင်အမည်မှန်မှာ ဦးဂျေကောရီယို ဖြစ်ပါကြောင်း။

**ဦးဂျေကောရီယို**

## ၁၂-၇-၂၀၁၅ရက်ထုတ် မြန်မာ့အလင်းသတင်းစာ ကြော်ငြာစာမျက်နှာ(၂၇)ပါ အများသိစေရန် ကြော်ငြာနှင့်ပတ်သက်၍ နှစ်ဦးနှစ်ဖက်ပြေလည်မှုရရှိကြောင်း
## အများသိစေရန် ကြေညာချက်

၁၂-၇-၂၀၁၅ရက်ထုတ် မြန်မာ့အလင်းသတင်းစာ ကြော်ငြာစာမျက်နှာ(၂၇)ပါ အများသိစေရန်ကြော်ငြာနှင့်ပတ်သက်၍ ကျွန်ုပ်၏မိတ်ဆွေ ဦးသောင်းမြ၏မြေးဖြစ်သူ ဦးညီညီထွန်းအား အဘိုးဖြစ်သူ ဦးသောင်းမြမှ ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် လွှဲအပ်ထားသည့် အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၁၇၅၅၇/၁၄)ရက်စွဲ ၂၇-၆-၂၀၁၄ (မူရင်း)၊ ဦးသောင်းမြအမည်ပေါက် နှစ် ၆၀ မြေငှားစာချုပ်(မူရင်း) ဦးသောင်းမြ၏ ကားလိုင်စင်(မူရင်း)တို့ကို တရားလွှတ်တော်ရှေ့နေ ဦးသိန်းဟန်ထံသို့ လာရောက်ပေးအပ်ခဲ့ပါသည်။ တရားလွှတ်တော်ရှေ့နေ ဦးသိန်းဟန်မှ ၄င်းနေ့တွင်ပင် ဦးသောင်းမြ၏သမီးများ ရှေ့မှောက်၌ အထက်ပါစာရွက်စာတမ်း(၄)မျိုးကို လွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဦးသောင်းမြ၏မြေးဖြစ်သူ ဦးညီညီထွန်းအနေဖြင့် ကန်ထရိုက်တိုက်ဆောက်လုပ်သည့်ကိစ္စတွင်လည်းကောင်း၊ ဦးသောင်းမြပိုင် အထက်ဖော်ပြပါ စာရွက်စာတမ်း(၄)မျိုးနှင့် သက်ဆိုင်ခြင်းမရှိတော့ကြောင်းနှင့် ဦးသောင်းမြမှ ဦးညီညီထွန်းအား တရားတဘောင်စွဲဆိုခြင်းတို့ကို ပြုလုပ်မည်မဟုတ်ကြောင်း၊ ၁၂-၇-၂၀၁၅ရက်ထုတ် မြန်မာ့အလင်းသတင်းစာ ကြော်ငြာစာမျက်နှာ(၂၇)ပါ အများသိစေရန် ကြော်ငြာနှင့်ပတ်သက်၍ နှစ်ဦးနှစ်ဖက် ပြေလည်မှုရရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသောင်းမြ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးသိန်းဟန်**
**LL.B, DML, DAPsy, DIL, DBL**
**စာပေဗိမာန်(အငြိမ်းစား)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၃၄၁)**

**အိမ်-**
**တိုက်အမှတ်(၇၇၆)၊ မြေညီထပ်၊ (၂)လမ်း ငမိုးရိပ်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ဖုန်း-၀၉-၂၆၁၀၅၀၄၂၆**

**ရုံး-**
**ရှေ့နေများနားနေခန်း မြို့နယ်တရားရုံးဝင်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ ဖုန်း-၀၉-၇၃၁၃၀၈၇၃**

## ဝန်ထမ်းခေါ်ယူခြင်း (ပြည်တွင်း)

**Assistant Manager/Senior Engineer/Engineer/Junior Engineer (Male-16) ဦး**

- BE-EC/IT,B.C Sc,B.C Tech ဘွဲ့ရဖြစ်ရမည်။
- Hardware,Networking,Routing & Switching, Wireless,RF ပိုင်းများ နားလည်ကျွမ်းကျင်ရမည်။
- MCSE,MCSA,CCNA,CCNP လက်မှတ်ရရှိသူများလည်း လျှောက်ထားနိုင်သည်။

**Assistant Manager/Senior Executive/Executive/Coordinator (Male/Female-9) ဦး**

- BBA,BBM,MBA ဘွဲ့ရပြီးသူများဖြစ်ရမည်။
- Business Development အတွက် Project များရေးဆွဲရမည်။
- Business Proposal/Financial Proposal များအား ကျွမ်းကျင်ပိုင်နိုင်စွာ ရေးဆွဲနိုင်ရမည်။
- English ရေး၊ ဖတ်၊ ပြော ကျွမ်းကျင်ရမည်။

**Senior Admin Executive/Admin Executive/Senior Admin/Junior Admin (7)ဦး (Male/Female)**

- BBA နှင့်ဘွဲ့ရပြီး ဝန်ထမ်းရေးရာနှင့်ပတ်သက်သော လုပ်ငန်းအတွေ့အကြုံရှိရမည်။
- Computer,E-mail,MS Office(Word/Excel/Power Point) ကောင်းစွာအသုံးပြုနိုင်သူဖြစ်ရမည်။

**Senior Accountant/Junior Accountant/Account Assistant (Male/Female-4) ဦး**

- B.Com,LCCI Level (3),ACCA,CPA ဖြစ်ရမည်။
- Finance Account ရေးဆွဲနိုင်ပြီး Financial Report ရေးနိုင်သူဖြစ်ရမည်။
- Computer,E-mail,MS Office(Word/Excel/Power Point) ကောင်းစွာအသုံးပြုနိုင်သူဖြစ်ရမည်။

**လျှောက်ထားလိုသူများသည် လိုင်စင်ဓာတ်ပုံနှင့် CV Form များပူးတွဲ၍ mps.hr. recruitment@gmail.com သို့ပေးပို့ရမည်။**
**(ဆက်သွယ်ရန်ဖုန်း-၀၁-၂၀၃၃၈၉)**

## ပြင်ဦးလွင်မြို့၊ ဖောင်းတောကျေးရွာအုပ်စု၊ ကွင်းအမှတ် (၆၆၅-က)၊ ကွင်းအမည် (ဖောင်းတော) ဦးပိုင်အမှတ် (ယခင် N-၄၇၊ ယခု-၁၂၂) နှင့်ပတ်သက်၍
## အများသိစေရန်ကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး ၅၊ ပြည်တော်သာ(၅)လမ်း၊ အိမ်အမှတ် ၃၈၂ နေ ဦးကျော်မျိုးနိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ဖောင်းတောကျေးရွာအုပ်စု၊ ကွင်းအမှတ် (၆၆၅-က)၊ ကွင်းအမည် (ဖောင်းတော)၊ ဦးပိုင်အမှတ် (N-၄၇) မြေဧရိယာ ၄ဒသမ၂၀ ဧကရှိမြေအား ၂၀၀၅ ခုနှစ်ကတည်းက သက်ဆိုင်ရာကျေးရွာ၊ ရယကမှ ဦးညဏ္ဏနှင့် ဦးကျော်မျိုးနိုင်တို့အား သီးစားချထားပေး၍ မြေဧရိယာ ၂ဒသမ၂၅ ဧကအား ဦးကျော်မျိုးနိုင် ပိုင်ဆိုင်ခဲ့ပါသည်။ အဆိုပါမြေဧရိယာ ၂ဒသမ၂၅ အတွက် ဦးကျော်မျိုးနိုင်မှ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ရရှိရန် ဥပဒေနှင့်အညီ လုပ်ထုံးလုပ်နည်းများအတိုင်း လျှောက်ထားခဲ့ရာ သက်ဆိုင်ရာရုံးမှ အဆိုပါမြေအား ဦးပိုင်အမှတ် (၁၂၂)ဖြင့် သတ်မှတ်ပြီး ဦးကျော်မျိုးနိုင်အမည်ဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ချထားပေးခဲ့ပါသည်။ ဦးကျော်မျိုးနိုင်မှ တရားဝင်အမည်ပေါက်ပိုင်ဆိုင်သောမြေဖြစ်ပါသည်။ မည်သူမဆို ကျွန်ုပ်အမှုသည် ဦးကျော်မျိုးနိုင် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ရရှိထားသော အထက်ပါမြေအတွင်းသို့ ဝင်ရောက်ကျူးကျော်ခြင်း၊ ကာရံထားသည်များကို ဖျက်ဆီးခြင်းမပြုပါရန်နှင့် ဦးကျော်မျိုးနိုင် ဂုဏ်သိက္ခာကျဆင်းစေရန်၊ ထိခိုက်နစ်နာစေရန် ပြောဆိုလုပ်ကိုင်ဆောင်ရွက်ခြင်းမပြုပါရန် အသိပေးကြေညာအပ်ပါသည်။ အကယ်၍ လိုက်နာဆောင်ရွက်ခြင်းမပြုပါက ကျွန်ုပ်အမှုသည်မှ ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကျော်မျိုးနိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်သာ LL.B**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၄၅၅၀)**
**အမှတ် ၁၂၈၊ ၈လမ်း၊ (၇)ကွက်၊ ပြင်ဦးလွင်မြို့၊**
**ဖုန်း-၀၉-၂၀၄၅၈၇၅၊ ၀၉-၇၉၂၀၄၅၈၇၅၊ ၀၉-၄၀၂၅၀၇၇၈၆**

## အများသိစေရန်သတိပေးကြေညာခြင်း

ဒေါ်လေယာ၏ ၁၂-၆-၂၀၁၅ရက်စွဲပါ မြန်မာ့အလင်းသတင်းစာမျက်နှာ ၂၆ ကြေညာချက်ကို စွပ်စွဲသူနှင့် ၄င်း၏ရှေ့နေတို့ ၂၁-၆-၂၀၁၅ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၂၅ ပါ ကြေညာချက်မှာ မှန်ကန်မှုမရှိပါ။

ကွယ်လွန်သူ ကျောင်းဆရာဦးအေးမြင့်(လူပျိုကြီး)သည် လူပျိုဖြစ်ကြောင်း နှစ်စဉ်သူကိုယ်တိုင်ရေးမှတ် တင်ပြထားသော ကိုယ်ရေးရာဇဝင်မှတ်တမ်း ဝမ်းတွင်းမြို့နယ် ပညာရေးမှူးရုံးတွင် အထင်အရှားရှိပါသည်။ စွပ်စွဲသူ၏ တစ်ဖက်သတ်စိတ်ထားများနှင့် ကျမ်းကျိန်ဆိုချက်များ ၄င်း၏ရွာသား နဘဲကန်ကျေးရွာ အုပ်ချုပ်ရေးမှူး၏ မမှန်ထောက်ခံချက်များမှာ မိတ္ထီလာခရိုင်တရားရုံးတော် တရားမအထွေထွေမှုအမှတ် ၁/၁၃ ၏ ၉-၄-၂၀၁၅ရက်တွင် ချမှတ်ခဲ့သော အမိန့်ဒီကရီကိုချေဖျက်နိုင်ခြင်းမရှိသည်ကို စွပ်စွဲသူနှင့် ၄င်း၏ရှေ့နေတို့ သိရှိပြီးဖြစ်ပါသည်။ ဦးအေးမြင့်၏မိခင် ဒေါ်လေယာမှ ပင်စင်ခံစားခွင့်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သို့ပါ၍ သေသူ ကျောင်းဆရာဦးအေးမြင့်(လူပျိုကြီး)အား မမှန်မကန် ပူးပေါင်းကြံစည်ပုတ်ခတ်စော်ကားခြင်း၊ ဒေါ်လေယာမိသားစု၏ ဂုဏ်သရေကို ထိခိုက်ပုတ်ခတ်စော်ကားခြင်း၊ သက်ဆိုင်ရာရုံးတော်၏ အမိန့်ဒီကရီကို မထီမဲ့မြင်ပြုပြီး ခြိမ်းခြောက်ခြင်း၊ မမှန်မကန်ကြေညာခြင်း၊ ပင်စင်ကိစ္စအားအကြောင်းမဲ့နှောင့်ယှက်ခြင်း၊ မည်သူ၏ ပုတ်ခတ်စော်ကားခြင်း ခြိမ်းခြောက်ကြေညာနှောင့်ယှက်မှုကိုမဆို တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် သတိပေးကြေညာလိုက်သည်။

**လွှဲအပ်ညွှန်ကြားသူ-**
**ဒေါ်လေယာ ၉/ဝတန(နိုင်)၀၀၁၅၉၅**
**အမှတ်(၁) ဝါးတန်းရပ်၊**
**သဲတောမြို့၊ ဝမ်းတွင်းမြို့နယ်**

**ကျွန်ုပ်အမှုသည်၏ညွှန်ကြားချက်အရ-**
**ဒေါ်ယမင်းနွယ် LL.B**
**အထက်တန်းရှေ့နေ (စဉ်-၄၃၉၈၂)**
**အမှတ်(၃)၊ သဲတော၊ ဝမ်းတွင်းမြို့နယ်၊**
**ဖုန်း-၀၉-၄၀၂၅၆၀၄၆၃**







## အမြန် ရောင်း၊ ဝယ်၊ ငှားလိုပါသည်

မုဒိတာ (၁)၊ (၂) ရှိ တိုက်ခန်းများ အမြန် ရောင်း၊ ဝယ်၊ ငှားလိုပါသည်။ ရန်ကုန်တိုင်းဒေသကြီးမြို့နယ်စုံရှိ မြေကွက်၊ ကွန်ဒို၊ တိုက်ခန်း၊ လုံးချင်းအိမ်၊ ဂိုဒေါင်များကို အမြန်ရောင်းဝယ်၊ ငှားလိုပါသည်။ ပိုင်ရှင်များဆက်သွယ်၍ အပ်နှံနိုင်ပါသည်။

T-Link **အိမ်ခြံမြေနှင့်အထွေထွေအကျိုးဆောင်လုပ်ငန်း**

**ဖုန်း-၀၉-၅၁၉၁၁၃၂၊ ၀၉-၄၀၂၅၉၄၁၀၂၊ ၀၉-၇၉၅၉၃၃၇၄၀**

## ရောင်းရန်ရှိသည်

သစ်သားခွံသဲစုပ်စက်လှေ၊ (၁၅)ကျင်းပါနှင့် (၂၅)ကျင်းပါ သဲလှေ(၂)စီးရောင်းရန်ရှိသည်။ Ph: 01-544012, 09-73032418, 0931911278, 09-257197667

## အများသိစေရန် ကြေငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊(၂၈)ရပ်ကွက်၊ အောင်ရိပ်သာ(၂)လမ်း၊ အမှတ်(၅)နေ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူဦးစိုးအေး(၁၂/ကမတ(နိုင်)၀၁၂၄၅၄)၏လွှဲအပ်ညွှန်ကြားချက်အရအောက်ပါအတိုင်းအသိပေး အကြောင်းကြားအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၁)ရပ်ကွက်၊ လှိုင်သီရိလမ်း၊ အမှတ်(၈၂၂)ဟုခေါ်တွင်သည့် လူနေရပ်ကွက်အမှတ်(၃၁)၊မြေတိုင်းရပ်ကွက်အမှတ်(၃၁)၊ မြေကွက်အမှတ်(၈၂၂)၊အကျယ်အဝန်း(အလျား ၄၀ပေ×အနံ၆၀ပေ)၊ ဧရိယာ(၀.၀၅၅)ဧက၊(၂၄၀၀)စတုရန်းပေရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ(၂)ထပ်အဆောက်အဦးပါ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ကျွန်ုပ်၏မိတ်ဆွေမှ မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေနှင့်အမွေဆက်ခံခြင်းဆိုင်ရာဥပဒေတို့အရ အမွေဆက်ခံပိုင်ဆိုင်ခွင့်ရရှိပါသည်။ အဆိုပါမြေနှင့် အဆောက်အဦးသည်ကျွန်ုပ်မိတ်ဆွေ၏စီမံခန့်ခွဲမှုအောက်တွင် ရှိနေပါသဖြင့်၊ ၎င်းအဆောက်အဦး၏ အောက်ထပ်အခန်းများအားလွှဲခဲ့သော(၇)နှစ်ခန့်ကပင်ငှားရမ်းခဲ့ပါသည်။ယင်းအဆောက်အဦး၏အောက်ထပ်ခြေရင်းခန်းတွင် နေထိုင်သူအား အခန်းငှားရမ်းသည့်ကာလကို(၇-၆-၂၀၁၄)နေ့မှ(၆-၁၂-၂၀၁၄)နေ့အထိ (၆)လသာငှားရမ်းခဲ့ပါသည်။ သို့ပါသော်လည်း ငှားရမ်းခြင်း(၆)လပြည့်ပြီးနောက်ပိုင်း ယနေ့တိုင် အိမ်ရှင်အား အိမ်လခပေးခြင်းမပြုဘဲ နေထိုင်ခဲ့ပါသည်။ အဆိုပါ အိမ်ငှားသည် အဆောက်အဦး၏အောက်ထပ်ခေါင်းရင်းခန်း နှင့် အိမ်ရှင်၏ အပေါ်ထပ်ရှိ အခန်းသော့များကိုလည်း ၎င်းအိမ်ငှား၏သော့များပြောင်းလဲခတ်ထားကြောင်း တွေ့ရှိရပါသည်။ သို့ပါ၍ အဆိုပါ အိမ်ငှားသည် ဤသတင်းစာတွင်ဖော်ပြသည့်အချက်များကိုသိစေရန်ကြေငြာခြင်း ပါရှိသည့်နေ့မှစ၍ (၇)ရက်အတွင်း ငှားရမ်းနေထိုင်သည့်အခန်းမှ ဖယ်ရှားပြီး အိမ်ရှင်သို့ ကောင်းမွန်စွာ အခန်းပြန်လည်အပ်နှံရန် အသိပေးအကြောင်းကြားအပ်ပါသည်။

အဆိုပါမြေနှင့်အဆောက်အဦးအားကျွန်ုပ်၏မိတ်ဆွေ၏ခွင့်ပြုချက်မှတစ်ပါးအခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှငှားရမ်းခြင်း၊ရောင်းချခြင်း၊ပေါင်နှံခြင်း၊အာမခံထားရှိခြင်း၊အခြားတစ်နည်းနည်းဖြင့်လွှဲပြောင်းခြင်းအပါအဝင် အဆောက်အဦးအား တိုးချဲ့ခြင်း၊ ထပ်ဆင့်ငှားရမ်းခြင်း၊ ပြင်ဆင်ခြင်း၊ ထပ်ဆင့် ငှားရမ်းခြင်းများ မပြုလုပ်ကြပါရန်အသိပေးအကြောင်းကြားအပ်ပါသည်။အကယ်၍လိုက်နာခြင်းမရှိပါကတည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဦးမောင်မောင်သန်း

LL.B., D.M.A., D.B.L., D.M.L., D.A(Psy)

Diploma in International Law, WIPO, D.L.P (Switzerland)

တရားရုံးချုပ်ရှေ့နေနှင့် ဥပဒေအကြံပေး

အမှတ်(၄၀)၊ပီတောက်ပင်လမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉၅၀၄၂၀၀၃

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၃ဃ/၁၈၇၉၊ 3D/1879 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)**

## အမည်ပြောင်း

မရမ်းကုန်းမြို့နယ်၊ အထက (၅)၊ အထက်တန်းကျောင်း ပဥ္စမတန်း (A) မှ ဦးကျော်မျိုးနိုင်၏သမီး မထက်ဝင့်ဝါအောင်အား မရွှေနှင်းဝေဟု ပြောင်းလဲခေါ်ပါရန်။

## ဖခင်အမည်မှန်

အ. ထ. က(၄)သာကေတ၊ ဒသမတန်း(D)တွင် ပညာသင်ကြားနေသော မကြည်နန္ဒာဦး၏ဖခင်အမည်မှန်မှာ ဦးဝင်းမောင်(၁၂/ဒဂက(နိုင်)၀၁၈၅၀၃)ဖြစ်ပါသည်။

ဦးဝင်းမောင်

## ပျောက်ဆုံးကြောင်း

ကျွန်တော် ကိုညီညီဆန်း(၁၂/လသန(နိုင်)၀၁၄၅၈၁)၏ MacBook Pro 15.4 inch Model No.A1398 သည် ၈-၇-၂၀၁၅ ရက်နေ့တွင် ကားရပ်ထားစဉ် ကားပေါ်မှ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။ ကျေးဇူးဆပ်ပါမည်။

ဖုန်း-၀၉-၇၉၅၃၈၅၇၀၇

## မိဘအမည်မှန်

အ. ထ. က(ခွဲ) အ. လ. က(၂) သန်လျင်စွန်း၊ ဗိုလ်တထောင်မြို့နယ်၊ အဋ္ဌမတန်း(B)တွင် ပညာသင်ကြားနေသော မောင်ဉာဏ်လင်းနိုင်၏ မိဘအမည်မှန်မှာ ဦးရဲထက်မိုး(၁၂/မဘန(နိုင်)၀၉၃၈၇၄)နှင့် ဒေါ်တင်တင်ညွန့်ဖြစ်ပါကြောင်း။

ဦးရဲထက်မိုး၊ ဒေါ်တင်တင်ညွန့်

## တိုက်ခန်းရောင်းမည်

တာမွေ၊ မေတ္တာရိပ်မွန်အိမ်ရာ၊ ၁၀ ထပ်တိုက် သုံးလွှာ၊ ၁၄၄၀ စတုရန်းပေ၊ Lifti 1MBR, 2 MBR, အဆင့်မြင့်ပြင်ပြီး၊ ညှိနှိုင်းဈေး (ပွဲစားမလို) ဖုန်း- ၀၉-၇၉၈၄၀၇၂၃၈ (8AM, 4PM) (ပိုင်ရှင်ကိုယ်တိုင်ရောင်း)။

## ပြင်ဆင်ဖတ်ရှုပါရန်

၁၆-၆-၂၀၁၅ရက်နေ့မြန်မာ့အလင်းသတင်းစာ၏စာမျက်နှာကြော်ငြာ(၈)ကန့်ကွက်နိုင်ကြောင်းကြော်ငြာ၊လှိုင်သာယာမြို့နယ်၊ဒေါ်ခေါင်နန်၏ ဂရန်သစ်တွင်မှတ်ပုံတင်အမှတ်(၁/မတအ(နိုင်)၀၂၆၉၄၃)အစား(၁/ပတအ(နိုင်)၀၂၆၉၄၃)ဟု ဖတ်ရှုပါရန်။

## အများသိစေရန်

ကျွန်ုပ်အမှုသည် ဦးကျော်၏သား ဦးကျော်နန္ဒအနေဖြင့် ဦးမောင်လှ၏သမီး ဒေါ်ကေခိုင်ဦး ၉/ခအဇ(နိုင်)၀၁၀၆၄၉ နှင့် ပေါင်းသင်းနေထိုင်ခဲ့ရာ ယခုအခါတွင် စိတ်သဘောထားချင်း တိုက်ဆိုင်မှုမရှိတော့ပါသောကြောင့် ဦးမြင့်အောင်(LL.B) အထက်တန်းရှေ့နေ၏ ရှေ့မှောက်၌ နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးဖြစ်ပါ၍ ဒေါ်ကေခိုင်ဦးနှင့်ပတ်သက်ပြီး မည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးမြင့်အောင် LL.B**

**အထက်တန်းရှေ့နေ (စဉ်-၂၂၃၀)**

**ဖုန်း-၀၉-၇၃၁၃၃၉၆၇**

**အခန်းအမှတ် (၁)၊ ရှေ့နေများနားနေခန်း**

**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တရားရုံးဝင်း**

## FIRST MYANMAR INVESTMENT CO., LTD.

### (၂၃)ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးဖိတ်ကြားလွှာ

First Myanmar Investment Co., Ltd. ၏ (၂၃)ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အစုရှယ်ယာရှင်များ တက်ရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက် ။ ။ ၂၅-၇-၂၀၁၅ (စနေနေ့)
ကျင်းပမည့်အချိန် ။ ။ ညနေ (၃း၀၀)နာရီမှ ညနေ (၆း၀၀)နာရီအထိ
ကျင်းပမည့်နေရာ ။ ။ Sedona Hotel (Grand Ballroom)၊ ကမ္ဘာအေးဘုရားလမ်း၊ ရန်ကုန်မြို့။

အစည်းအဝေးသို့ အစုရှယ်ယာရှင်ကတ် (သို့မဟုတ်) အစုရှယ်ယာလက်မှတ်နှင့်တကွ ကြွရောက်ပါရန်နှင့် **ဖိတ်စာအချိန်မီမရရှိသော အစုရှယ်ယာရှင်များအနေနှင့် ဤကြော်ငြာစာကို ဖိတ်စာအဖြစ်မှတ်ယူ၍ အစည်းအဝေးသို့ ကြွရောက်ပါရန် အကြောင်းကြားအပ်ပါသည်။** အစည်းအဝေးမတက်ရောက်နိုင်ကြသော အစုရှယ်ယာရှင်များသည် ကြိုတင်ပေးပို့ထားပြီးဖြစ်သော ကိုယ်စားလှယ်လွှဲစာတွင် ဖြည့်စွက်လက်မှတ်ရေးထိုး၍ FMI Co., Ltd. ရုံးခန်းသို့ ၂၂-၇-၂၀၁၅ (ဗုဒ္ဓဟူးနေ့) နောက်ဆုံးထား၍ မပျက်မကွက်ပေးပို့ကြပါရန် ဖမေတ္တာရပ်ခံအပ်ပါသည်။ နှစ်ပတ်လည်အထွေထွေအစည်းအဝေးအစီအစဉ်တွင် အောက်ပါကိစ္စရပ်များကို ဆွေးနွေးဆုံးဖြတ်ရန် ဖြစ်ပါသည်။

သာမန်ဆုံးဖြတ်ချက်ဖြင့် ဆုံးဖြတ်ရန်

၁။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၏ နှစ်ချုပ်စာရင်းနှင့် ဒါရိုက်တာအဖွဲ့အစီရင်ခံစာကို အတည်ပြုရန်။
၂။ ၂၀၁၄-၂၀၁၅ ခုနှစ်အတွက် အမြတ်ဝေစုကို အတည်ပြုရန်။
၃။ ဒါရိုက်တာအဖွဲ့ဝင်များ အလှည့်ကျတာဝန်ထမ်းဆောင်မှုနှင့် ခန့်အပ်မှုအတည်ပြုရန်။
၄။ V Advisory Limited အား ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွက် စာရင်းစစ်အဖြစ်ခန့်အပ်ရန်။

အထူးဆုံးဖြတ်ချက်ဖြင့် ဆုံးဖြတ်ရန်

၁။ သင်းဖွဲ့စည်းမျဉ်း ပြင်ဆင်ချက်ကို အတည်ပြုရန်

၂၀၁၄-၂၀၁၅ ခုနှစ်အတွက် အမြတ်ဝေစုခံစားခွင့်ကို ၁၇-၇-၂၀၁၅ ရက်အကုန်တွင်ရှိသည့် အစုရှယ်ယာအရေအတွက်အတိုင်း ရယူခွင့်ရှိမည်ဖြစ်ပြီး၊ ထိုအမြတ်ဝေစုကို ၃-၈-၂၀၁၅ ရက်၊ တနင်္လာနေ့မှစ၍ နံနက်(၉း၀၀)နာရီမှ မွန်းလွဲ (၂း၀၀)နာရီအတွင်း FMI Co., Ltd. တွင် စတင်ထုတ်ဝေပေးမည် ဖြစ်ပါသည်။

မေးမြန်းလိုသည့် အချက်အလက်များကို ဤကုမ္ပဏီသို့ (၂၂-၇-၂၀၁၅) ရက် ညနေ(၄း၀၀)နာရီ နောက်ဆုံးထား၍ ပေးပို့ပါရန် အကြောင်းကြားအပ်ပါသည်။

အမှုဆောင်ဒါရိုက်တာအဖွဲ့
FMI Co., Ltd.

---

## GUSTO
Institute of Information Technology

အောင်မြင်သော IT Developer တစ်ယောက်ဖြစ်လိုသူများအတွက်

- Java Specialized Programming Courses
- .Net Specialized Programming Courses
- Database Specialized Courses
- Open Source PHP Courses
- Android Application Development Courses
- iOS Application Development Courses

GUSTO တွင်အဆင့်မြင့် IT နည်းပညာများကို တစိုက်မတ်မတ် လေ့လာနေသော နိုင်ငံတကာ အတွေ့အကြုံရှိဆရာများမှ မြန်မာလူငယ်များ Developer လမ်းကြောင်းပေါ်သို့ အချိန်တိုအတွင်း ရောက်ရှိစေရန် ဆွေးနွေးလမ်းညွှန် ပေးလျက်ရှိပါသည်။

Call Now! 09- 730 31 302, 01- 504 632

# 289(A), Pyay Road, Sanchaung Township, Yangon.

---

## EAGLE GUEST HOUSE

ရန်ကုန်လေဆိပ်၊ အောင်မင်္ဂလာအဝေးပြေးဂိတ်သို့ သွားရလွယ်ကူသော EAGLE တည်းခိုရိပ်သာ
၁၉၂၊ အသာဝတီလမ်း(ဘုန်းကြီးလမ်း)၊ မြောက်ဥက္ကလာ၊ မယ်လမုဘုရားမီးပွိုင့်အနီး

ဖုန်း ၀၁ ၆၅၆၀၈၈
၀၉ ၇၃၀၄၃၆၇၃
၀၉ ၃၂၂၂၁၄၄၇

၁၀၀၀၀ ကျပ်
၁၅၀၀၀ ကျပ်

---

## ရွှေခံအိမ်အဆင့်မြင့်တည်းခိုခန်း

ပန်းဆိုးတန်းသင်္ဘောဆိပ်မှ ၅မိနစ်သင်္ဘောစီး
ဒလဘက်ရောက်လျှင် ၅မိနစ်ဆိုက်ကားစီး
ကျယ်ဝန်းသည်၊ သန့်ရှင်းသည်၊ အခန်းတိုင်းအဲကွန်း ရှိသည်။ မီးပျက်လျှင်မီးစက်မောင်းသည်။
(၁၃၉၉) မိုလ်ချုပ်(၁)လမ်း၊ ဇညားဒလရပ်ကွက်၊ ဒလမြို့နယ်။

☎ ၀၁ ၂၆၉၁၅၅
၀၉ ၂၅၀၆၆၇၀၂၈
၀၉ ၄၉၂၆၂၇၅၉
၀၉ ၂၅၂၀၈၂၅၃၃

၈၀၀၀ ကျပ်
၁၂၀၀၀ ကျပ်

---

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ဗိုလ်မြတ်ထွန်းလမ်း၊ အမှတ် ၂၂၁ နေ ဦးကျော်မြင့် FATHER LAND CONSTRUCTION AND DECORATION CO., LTD. နှင့် အများသိစေရန်

## ကြေညာခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဗဟိုလမ်း (ရှမ်း)၊ အမှတ် (၅၉/၆၁) တွင် တည်ရှိသည့် တိုက်ခန်း ရေ+မီး အပြည့်အစုံတို့ကို တန်ဖိုးငွေကျပ် ၁၁၇၀၀၀၀၀၀/- တိတိဖြင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုပြီး ဦးကျော်မြင့်က ရောင်းကြေးငွေများကို လက်ခံရယူသွားပါသည်။

ကျွန်ုပ်မိတ်ဆွေက ဦးကျော်မြင့်အပေါ် ယုံကြည်မှုဖြင့် ရောင်းကြေးငွေ ၁၁၇၀၀၀၀၀၀/- တိတိ ပေးအပ်ခဲ့သော်လည်း ရောင်းချသူ ဦးကျော်မြင့်က တိုက်ခန်းကိုပေးအပ်ရန် ပျက်ကွက်ခဲ့ကြောင်း၊ တိုက်ခန်းမရ၍ ရောင်းကြေးငွေကို ကျွန်ုပ်မိတ်ဆွေက အကြိမ်ကြိမ်သွားတောင်းသော်လည်း ဦးကျော်မြင့်က ပြန်လည်ပေးအပ်ရန် ပျက်ကွက်ခဲ့ပါသည်။ စာချုပ်ချုပ်ဆိုပြီးနောက် ယခုကြေညာသူ၏ ခင်ပွန်းဖြစ်သူ ဦးတင်ကြိုင် ကွယ်လွန်သွားခဲ့ပါသည်။

သို့ဖြစ်၍ ဦးတင်ကြိုင်၏တရားဝင်ဇနီးဖြစ်သူ ဒေါ်လှပိုမှ ကြေညာခြင်းဖြစ်ပါ၍ ကြေညာသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်မိတ်ဆွေထံ ရောင်းကြေးငွေများ ပြန်လည်ပေးအပ်ရန်နှင့် ပျက်ကွက်ပါက တည်ဆဲဥပဒေနှင့်အညီ လူကြီးမင်းအပေါ် တရားစွဲဆိုမည်ဖြစ်ကြောင်း ဦးကျော်မြင့်နှင့်တကွ အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်သူ** | **လွှဲအပ်ချက်အရ-** |
| **ဒေါ်လှပို** | **ဦးခင်မောင်မြင့် LL.B, ADVOCATE** |
| **၉/မနမ(နိုင်)၀၁၈၄၄၀** | **တရားလွှတ်တော်ရှေ့နေ (စဥ်-၃၃၇၅)** |
| | **(၂၅၈) ဒီဘိုးဝင်း၊ ၃၁×၃၂ ကြား၊** |
| | **၈၇လမ်း၊ ပျော်ဘွယ်အရှေ့၊ ချမ်းအေးသာစံ၊** |
| | **မန္တလေး၊ ဖုန်း-၀၉-၉၁၀၂၀၄၈၇** |

---

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဦးချို
**အသက် (၇၂)နှစ်**

ပုသိမ်တက္ကသိုလ်၊ ပါမောက္ခချုပ် (အငြိမ်းစား) ဦးချိုသည် ၁၃-၇-၂၀၁၅ရက် (တနင်္လာနေ့) နံနက် ၀၈း၁၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခချုပ်နှင့်**
**ပုသိမ်တက္ကသိုလ်မိသားစု**

---

## ဝမ်းနည်းကြေကွဲခြင်း
### ဒေါ်ခင်ကြွယ်ဦး

အငြိမ်းစားပါမောက္ခ၊မြန်မာစာဌာန
အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်)
အသက်(၇၁)နှစ်

ဆရာမကြီး ဒေါ်ခင်ကြွယ်ဦးသည် ၁၃-၇-၂၀၁၅ (တနင်္လာနေ့) နံနက် ၃ နာရီတွင် ရန်ကုန်မြို့ ဝိတိုရိယဆေးရုံ၌ ကွယ်လွန် သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

စစ်တက္ကသိုလ်အမှတ်စဉ်(၁၃)မှ တပည့်များ

---

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါ်ခင်ကြည် (တောင်ငူ)
**အသက်(၇၀)**

တပ်မတော် ကိုယ်လက်အင်္ဂါပြန်လည်သန်စွမ်းရေးဆေးရုံ (ခုတင်- ၃၀၀) မင်္ဂလာဒုံမှ ဗိုလ်ကြီးထားထားမော်၏ ချစ်လှစွာသောမိခင်ကြီး ဒေါ်ခင်ကြည် အသက်(၇၀)သည် ၁၃-၇-၂၀၁၅ ရက်(တနင်္လာနေ့) ညနေ ၅း၀၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်သူနာပြုအရာရှိအမှတ်စဉ်(၁၅)**
**မှသူငယ်ချင်းများ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဦးငွေးမြင့် (သဲကုန်းမြို့)
**အသက် (၅၉)နှစ်**

အမှတ် ၁၄ အေ၊ မြဝတ်ရည် ၄ လမ်း၊ ၉ ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်နေ ဒေါ်စန်းစန်းမြင့်၏ခင်ပွန်း ဦးငွေးမြင့် အသက်(၅၉)နှစ်သည် ၁၃-၇-၂၀၁၅ ရက် ည ၀း၁၅ နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း**
**နာရေး၊ လူမှုကူညီရေးအဖွဲ့**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဦးစံမှီ
**ဦးစီးအရာရှိ(စ·စ·စ)**
**အသက်(၅၅)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မလွကုန်းငွေးကြွယ်ရပ်ကွက်၊ သူငွေးလမ်း၊ အမှတ်(၁၁)၊ (ခုနစ်လွှာ၊ ခြေရင်းခန်း)နေ ဒေါ်ညွန့်ညွန့်၏ခင်ပွန်း ဦးစံမှီသည် ၁၃-၇-၂၀၁၅ရက် (တနင်္လာနေ့) နံနက် ၇း၀၀ နာရီတွင် မကွေးမြို့၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**၁၉၇၉/၈၀၊ဒေသ(၁)**
**B.C.M.T သူငယ်ချင်းများ**

---

**အမည်ပြောင်း**

ဦးမြင့်ဇော်အောင်၏သား ရန်ကုန်မြို့၊ အထက(၁)သာကေတ တက္ကသိုလ် ဝင်တန်း (J)မှ မောင်ဟိန်းထက်အား မောင်ကျော်သန့်ဦးဟု ပြောင်းလဲခေါ်ပါရန်။

**မောင်ကျော်သန့်ဦး**

---

## ဝမ်းနည်းကြေကွဲခြင်း
### ဗိုလ်မှူးကြီးဖေယျကျော်ထင်သူရကျော်စွာ(ငြိမ်း)
**မော်ကွန်းဝင်**
**အသက်(၈၉)နှစ်**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊အနီးစခန်း၊ အောင်မင်္ဂလာရပ်ကွက်နေ ဗိုလ်မှူးကြီး ဖေယျကျော်ထင် သူရကျော်စွာ(ငြိမ်း)သည် ၁၃-၇-၂၀၁၅ ရက် နံနက် ၀၉း၄၇ နာရီတွင် ကွယ်လွန်ကြောင်းကြားသိရသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးစိန်တင်ဝင်း၊ ဒေါ်သင်းသင်းမြ မိသားစု**
**ရန်ကုန်မြို့**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါ်ပိုက်ပိုက်စိန်၏ခင်ပွန်း ဗိုလ်မှူးကြီးတင်ဝင်း(ငြိမ်း) ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)အမှတ်(၂)သတ္တုတွင်းလုပ်ငန်း အသက်(၇၅)နှစ်သည် ၁၀-၇-၂၀၁၅ ရက် (သောကြာနေ့)တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးမောင်ကို-ဒေါ်ရွှေဥ(ထာဝရကုမ္ပဏီလီမိတက်)**

---

## ကျေးဇူးအထူးတင်ရှိခြင်း
### ဒေါက်တာဦးမျိုးအောင်ခင်
**အသက်(၇၀)**

ကွယ်လွန်သူ ဒေါက်တာဦးမျိုးအောင်ခင်၏ နာရေးကိစ္စအတွက် ကူညီစောင့်ရှောက်ပေးကြသော စိန်ပေါလ်အထက်တန်းကျောင်းမှ သူငယ်ချင်းများ၊ ဆေးတက္ကသိုလ်(၁) ရန်ကုန်(၆၆၊၆၇၊၆၈ Batch)မှ သူငယ်ချင်းများ၊ ဆေးတက္ကသိုလ်(၁)နှင့် (၂)မှ မိတ်ဆွေများ၊ သူနာပြုတက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ်နှင့် ဆရာ/ဆရာမ ဝန်ထမ်းများ၊ နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီးမှ ဥက္ကဋ္ဌကြီးနှင့် အမှုဆောင်အဖွဲ့ဝင်များ၊ ဝန်ထမ်းများ၊ အုပ်ချုပ်ရေးဌာန၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်မှ တာဝန်ရှိသူများ၊ ပြည်တွင်း/ပြည်ပမှ ဖုန်းဖြင့် ဝမ်းနည်းကြောင်း အမှတ်တရ ဆက်သွယ်သူများ၊ ဆွေမျိုးမိတ်ဆွေများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးကို ကျေးဇူးအထူးတင်ရှိပါကြောင်း။

**အစ်မကြီး ပါမောက္ခဒေါက်တာဒေါ်မေဝင်းအောင်ခင်**
**နှင့် မောင်နှမများ**

---

## ဝမ်းနည်းကြေကွဲခြင်း
### ဒေါ်ကြည်ကြည်လွင်
**အသက်(၆၄)နှစ်**

မြစ်ကြီးနားမြို့၊ မင်းရပ်နေ ကိုလှိုင်ထွန်းထွန်း၏ မိခင်ကြီး ဒေါ်ကြည်ကြည်လွင် အသက်(၆၄)နှစ် ရွှေဟိန်းရွှေဆိုင်သည် ၁၀-၇-၂၀၁၅ ရက် (သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့်မိသားစုနှင့် ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

**ပျဉ်းမနားကြက်တောင်မိသားစု**

**ဝမ်းနည်းကြေကွဲခြင်း**
**ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်သန်း (သထုံ)
**အသက်(၉၁)နှစ်**

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်းနှင့်ဇနီး ဒေါ်မြင့်မြင့်စိုးတို့၏မိခင်ဖြစ်သူ ဒေါ်သန်း(သထုံ)သည် ၁၁-၇-၂၀၁၅ရက် နံနက် ၉း၄၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းနှင့်ဇနီး မိသားစု**

---

**ဝမ်းနည်းကြေကွဲခြင်း**
**ဘုရား၊ ကျောင်း ဒါယကာကြီး**
## ဦးချို အသက်(၇၂)နှစ်
**ပါမောက္ခချုပ်(ငြိမ်း)၊ ပုသိမ်တက္ကသိုလ်**

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၇)ရပ်ကွက်၊ ပင်လုံ(၁)လမ်း၊ အမှတ် ၁၃၊ အခန်း ၀၀၂နေ ဒေါ်ငွေးငွေးထွန်း၏ခင်ပွန်း ဦးချို(ပါမောက္ခချုပ်၊ ငြိမ်း၊ ပုသိမ်တက္ကသိုလ်)သည် ၁၃-၇-၂၀၁၅ရက်(တနင်္လာနေ့)နံနက် ၈း၁၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့်နှင့်ဇနီး ဒေါ်ကျင်ခိုင်**

---

**ဝမ်းနည်းကြေကွဲခြင်း**
## မောင်ပြည့်ဖြိုးဦး
**အသက်(၂၅)နှစ်**

စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့နယ်၊ အောင်ရတနာကားအသင်းဥက္ကဋ္ဌ ဦးမြင့်ဦး-ဒေါ်စန်းစန်းဝေတို့၏သား မောင်ပြည့်ဖြိုးဦးသည် ၁၆-၇-၂၀၁၅ရက် နံနက် ၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်-ဒေါ်မြင့်မြင့်သန်း မိသားစု**
**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်သန်း (သထုံ)
**အသက်(၉၁)နှစ်**

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်းနှင့်ဇနီး ဒေါ်မြင့်မြင့်စိုးတို့၏မိခင်ကြီး ဒေါ်သန်း(သထုံ) အသက်(၉၁)နှစ်သည် ၁၁-၇-၂၀၁၅ရက် နံနက် ၉း၄၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးအောင်ဇော်မြင့်-ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြတ်မြတ်အုန်းခင်**
**လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမိသားစု**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်ခင်ကြွယ်ဦး(ဗန်းမော်/မန္တလေး) အသက်(၇၁)နှစ်
**မြန်မာစာပါမောက္ခ(ငြိမ်း)**

[ဒုတိယဗိုလ်မှူးကြီးမျိုးမြင့် (တပ်မတော်မော်ကွန်းတိုက်နှင့် စစ်သမိုင်းပြတိုက်မှူး)]၏ဇနီး ဒေါ်ခင်ကြွယ်ဦးသည် ၁၃-၇-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။ ဆရာမ ကောင်းရာသုဂတိလားပါစေ။

**ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူနှင့်ဇနီး**
**ဒေါက်တာဒေါ်ခင်ဆွေမြင့်(ပါမောက္ခ၊ ငြိမ်း)**
**ယဉ်ကျေးမှုဝန်ကြီးဌာန**

---

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်ချိုချို အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁)ရပ်ကွက်၊ အောင်သစ္စာလမ်း၊ အမှတ် ၆၀နေ (ဦးကာလူး-ဒေါ်ပု)တို့၏သမီး၊ (ဦးထွန်းမြတ်-ဒေါ်ဒေါင်း)တို့၏သမီးချွေးမ၊ ဦးထွန်းရွှေ(တွင်ခုံလုပ်ငန်း)၏ဇနီး၊ ဒေါ်မာလာ၏အစ်မ၊ ကိုအောင်မြင့်-မခင်ခင်မေ၊ ကိုညီညီ(ရွှေနန်းကြိတ်စက်ထုတ်လုပ်ရေးနှင့် ဗီဒီယိုရိုက်ကူးရေး)-မမီးမီး-မသီသီလှိုင်၊(ကိုအောင်မင်း)-မသီတာ၊ ကိုလှဦး-မမြင့်သက်ပိုင်၊ကိုမိုး-မခင်ခင်အေး(ဓမ္မပီတိတရားပွဲသုံးပစ္စည်းအလှူတော်)နှင့် Image Media Group တို့၏ချစ်လှစွာသောမိခင်၊ မအိအိမွန်(MNL)၊ မောင်မိုးသူ(MPRL E & P)၊ မောင်သီဟ(MMU)၊ မောင်ထွန်းထွန်းမင်း၊ မောင်ဟိန်းသူရထက်(MMDC)၊ မောင်လင်းထက်မိုး(အလက-၁၊ ဒဂုံ)၊မောင်ကျော်မင်းထက်(အထက-၄၊ ကမာရွတ်)၊ မောင်ဥက္ကာဖြိုး၊ မချောစုခင်တို့၏ဘွားဘွားကြီးသည် ၁၅-၇-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့)ည ၁၀း၁၅နာရီတွင် ကွယ်လွန်သွားပါ၍ ၁၇-၇-၂၀၁၅ရက် (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးသန်းတူး(ခ)ကိုတူး (နတ်တလင်း)
**အသက်(၆၃)နှစ်**

(ဦးခင်မောင်-ဒေါ်ခင်ဆွေ)တို့၏သား၊ ဦးတင်ရွှေ-(ဒေါ်အုန်းကြည်)တို့၏သားသမက်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ဃ (၁၃)ရပ်ကွက်၊ မြောင်းမြလမ်း၊ အမှတ် ၄၂၁/ကနေ ဒေါ်စန်းမြင့်၏ခင်ပွန်း၊ ဒေါ်ခင်သန်းဆွေ၏မောင်၊ ဦးညွန့်လွင်-ဒေါ်ဆန်းဆွေဆွေ၊ (ဦးမြင့်ဦး)-ဒေါ်ခင်အုန်းခိုင်၊ ဦးမောင်မောင်ယု-ဒေါ်နီနီခင်ဆွေ၊ ဦးမောင်မောင်အေး-ဒေါ်စမ်းစမ်းနွဲ့(နိုင်ငံခြားရေးဝန်ကြီးဌာန၊ မြန်မာသံရုံး၊ မလေးရှားနိုင်ငံ)၊ ဦးမိုးဇော်ဦး-ဒေါ်သန်းသန်းနွယ်၊ ဦးသန်းအောင်မိုး(MD-မဟာလျှံကုမ္ပဏီလီမိတက်)-ဒေါ်မြင့်မြင့်ရီတို့၏အစ်ကို၊ မအေးအေးမာ၊ မောင်မျိုးဇော်၊ မောင်နေမျိုးဝင်း၊ မောင်ဇေယျာမြင့်-မအေးသီတာ၊ မောင်ဝင်းဇော်ထွန်းတို့၏ဖခင်၊ မြေးသုံးယောက်တို့၏အဘိုးသည် ၁၄-၇-၂၀၁၅ရက်(အင်္ဂါနေ့) နံနက် ၁၀း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၇-၂၀၁၅ရက်(စနေနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(ရွှေပြည်သာနေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## မအပ်ဘေ(ခ)မအေးအေးသိန်း (မြိတ်မြို့)
**အသက်(၅၅)နှစ်**

မြိတ်မြို့၊ ထားဝယ်စုရပ်နေ (ဦးစိုင်ရာ-ဒေါ်ရှုဝါ)တို့၏သမီး၊ ရန်ကုန်မြို့၊ အောက်ကြည့်မြင်တိုင်လမ်းမကြီး၊ အမှတ် ၆၃၉-Bနေ (ဦးကျော်ဝင်း-ဒေါ်လှလှ)၊ ဦးကျော်မင်း-ဒေါ်ခင်အေးရီ၊ (ဦးချစ်တင်-ဒေါ်အေးအေးမော်)၊ ဦးညီညီဝင်း-ဒေါ်စန်းစန်းငွေ၊ (ဦးမောင်မောင်ကျော်)-ဒေါ်အေးအေးယု၊ ဦးသန်းထွန်း-ဒေါ်စန်းစန်းယုတို့၏ညီမသည် ၁၆-၇-၂၀၁၅ရက် (ကြာသပတေးနေ့) နံနက် ၃နာရီတွင် အကယ်ဒမီဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၇-၂၀၁၅ရက် (တနင်္လာနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

**ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်စန်းမြင့်
**အသက်(၇၀)**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ သန္တာ ၁၄လမ်း၊ အမှတ် ၆၆၀နေ(ဦးစံမြိုင်)၏ဇနီး၊ (ဦးစိန်ဟန်-ဒေါ်ပုရွှေ)တို့၏သမီး၊ (ဦးအောင်ပန်း-ဒေါ်ငွေခ)တို့၏သမီးချွေးမ၊ ဦးနိုင်ဝင်း(ရွှေဝင်းကုမ္ပဏီ)-ဒေါ်ခင်မိုးဆွေ (သီရိဟိုတယ်၊ ချောင်းသာ)၊ ဦးမြင့်သိန်း(ခေတ္တ-Korea)-ဒေါ်မြမြဝင်း၊ ဦးကျော်နိုင်ထွန်း(A/B-JSM Shipping Management)-ဒေါ်အေးအေးသင်း၊ ဦးစိုးလှိုင်ဦး(G.M သီရိဟိုတယ်၊ ချောင်းသာ)-ဒေါ်ငွေးငွေးလှိုင်တို့၏မိခင်၊ မြေးခြောက်ယောက်တို့၏အဘွားသည် ၁၆-၇-၂၀၁၅ရက် (ကြာသပတေးနေ့) နံနက် ၈း၄၅နာရီတွင် OSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၇-၂၀၁၅ရက်(စနေနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၂-၇-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်ကြည် (ဆင်ဖြူတော်)
**(ရမည်းသင်း၊ စံပြသိမ်ကုန်းရွာ)**
**အသက်(၇၀)**

ရမည်းသင်းမြို့နယ်၊ စံပြသိမ်ကုန်းကျေးရွာ၊ ရှမ်းစုရပ်ကွက်နေ(ဆင်ဖြူတော်ဆေးလိပ်ခုံပိုင်ရှင် ဦးထွန်းမြ-ဒေါ်ခင်ပု)တို့၏သမီး၊ တောင်ကြီးမြို့နေ ဦးမောင်မောင်-ဒေါ်ခင်လှ၊ ပျော်ဘွယ်မြို့နေ ဦးစိုးသိမ်း-ဒေါ်တင်တင်၊ တောင်ကြီးမြို့နေ ဦးဘိုကြီး-ဒေါ်တင်အုန်း(ဆင်ဖြူတော်မိသားစု)တို့၏ညီမ၊ မန္တလေးမြို့နေ ဦးဘိုလေး-ဒေါ်မြတ်(မြတ်ရတနာရွှေဆိုင်)၊ စံပြသိမ်ကုန်းရွာနေ ဦးဘိုတုတ်-ဒေါ်တင်ငွေး၊ ရမည်းသင်းမြို့နေ ဦးတင်ဦး-ဒေါ်ခင်လှ(ဆင်ဖြူတော် အလူမီနီယံစတီးလုပ်ငန်း)တို့၏အစ်မသည် ၁၅-၇-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၇-၂၀၁၅ရက် (သောကြာနေ့) ညနေ ၃နာရီတွင် စံပြသိမ်ကုန်းရွာသုသာန်၌ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်ခင်ကြိုင်
**အထက(၂)ဒဂုံ**
**အထက(၂)အင်းစိန်**
**အသက်(၇၅)နှစ်**

အင်းစိန်မြို့နယ်နေ(ဦးခင်မောင်-ဒေါ်အေးစိန်)တို့၏သမီး၊ဒေါက်တာဒေါ်သန်းဓော၊ ဒေါက်တာတင်လှိုင်၏ညီမ၊ ဦးခင်လှိုင်၊ဒေါ်မြင့်မော်တို့၏အစ်မ၊ကျောက်တန်းဘိုးဘွားရိပ်သာနေ ဒေါ်ခင်ကြိုင်သည် ၃၀-၆-၂၀၁၅ရက်တွင်ကျောက်တန်းဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၂း၃၀နာရီတွင် ကျောက်တန်းသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု

---

**ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး**
## ဒေါ်အေးမြ(ခ)ဒေါ်အေးအေး
**မီချိုကို(လှည်းတန်းဈေး)**
**အသက်(၅၄)နှစ်**

လှိုင်မြို့နယ်၊ (၉)ရပ်ကွက်၊ ရန်ကုန်အင်းစိန်လမ်းနေ (ဦးဖိုးပျော့)-ဒေါ်သန်းမြတို့၏သမီးချွေးမ၊ မော်လမြိုင်မြို့၊ ဘီလူးကျွန်းနေ ဦးရီ-ဒေါ်ယဉ်မေတို့၏သမီး၊ လှိုင်မြို့နယ်၊ သီရိမြိုင်(၃)လမ်းနေ ဦးအုန်းမြင့်၏ဇနီး၊ ဒေါ်တင်အေး၊ ဒေါ်ကြည်ကြည်ခိုင်၊ ဦးစိန်မြဝင်းတို့၏အစ်မကြီး၊ မောင်ပိုင်မင်းထက်၊ မောင်ချမ်းမင်းပိုင်၊အောင်ချမ်းလင်းပိုင်တို့၏မိခင်သည် ၁၅-၇-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) ည ၁၁း၁၇နာရီတွင် ဗဟိုစည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၇-၂၀၁၅ရက် (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

## မောင်ဝေယံလင်း
**Grade- II, A**
**အထက(၂)မင်္ဂလာဒုံ**
**အသက်(၇)နှစ်**

အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်မောင်လေး-ဒေါ်စန်းမြင့်၊ဦးစိုးမြင့်-(ဒေါ်ဝင်းမြင့်)တို့၏မြေး၊ ပဲခူးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော်လင်း-ဒေါ်ကေသီမိုး၊ ဗိုလ်ကြီးမင်းထက်-ဒေါ်ဖြူသီရိ၊ ဦးရန်အောင်ထွန်း-ဒေါ်ကေသီမိုး၊ ဦးရန်နောင်စိုး-ဒေါ်မြမွန္တူစိုး၊ ဦးမြတ်ကျော်ဇင်သန့်-ဒေါ်မာလာစိုးတို့၏တူ၊ မောင်ကောင်းမြတ်ဟိန်း၏အစ်ကို၊ မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်၊ တိုက် ၄၊ အခန်း ၇နေ ဗိုလ်မှူးထွန်းကျော်သူ - ဒေါ်ယဉ်နွယ်စိုးတို့၏သားသည် ၁၅-၇-၂၀၁၅ရက် နံနက် ၀၀း၄၀နာရီတွင် အမှတ်(၁)တပ်မတော်သားဖွားမီးယပ်နှင့် ကလေးဆေးရုံ (ခုတင်-၃၀၀)မင်္ဂလာဒုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၇-၂၀၁၅ရက် (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၉-၇-၂၀၁၅ရက်(တနင်္ဂနွေနေ့) နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

**မြိတ်မြို့နယ်အသင်း(ရန်ကုန်)**
## ဦးမြင့်စိုး(ခ)ဦးဂင်ဘီး(မြိတ်)
**အသင်းဝင်အမှတ်(၁၈၆)**
**အသက်(၈၂)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ပန်းလှိုင်အိမ်ရာ၊ သဇင်လမ်း၊ အမှတ် ၂၀(အေ)နေ(ဦးလှိုင်ရှင်-ဒေါ်ထွန်းမြင့်)တို့၏သား၊ ဒေါ်ကြင်ကြူ၏ခင်ပွန်းသည် ၁၅-၇-၂၀၁၅ရက် နံနက် ၁၀း၁၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၉-၇-၂၀၁၅ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (မြိတ်အသင်းနှင့် နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

အမှုဆောင်အဖွဲ့

---

## ဦးငွေးအောင်
**(တိုင်းဒေသကြီးဦးစီးမှူး)**
**တိုင်းဒေသကြီး**
**ကုန်တင်ကုန်ချကော်မတီရုံး**
**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**
**အသက်(၅၇)နှစ်**

ရန်ကုန်မြို့၊တောင်ဥက္ကလာပမြို့နယ်၊ (၁၅)ရပ်ကွက်၊မြင်သာ ၂လမ်း၊ အမှတ် ၃၉/ခနေ (ဦးမောင်ကြိုင်-ဒေါ်သိန်းကြည်)တို့၏သား၊ (ဦးတင်အုန်း-ဒေါ်စိန်မြ)တို့၏သားသမက်၊ ဒေါ်သန်းစိန် (အလက-၇၊ တောင်ဥက္ကလာပ)၏ချစ်လှစွာသောခင်ပွန်း၊ ဦးသန်းငွေး၊ ဒေါ်ငွေး၊ (ဦးစောနိုင်)၊ ဒေါ်မြင့်မြင့်ကြူတို့၏အစ်ကိုကြီးသည် ၁၆-၇-၂၀၁၅ရက် (ကြာသပတေးနေ့) နံနက် ၈း၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၇-၂၀၁၅ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၂-၇-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## မသဇင်သန်းဝင်း(မင်္ဂလာဒုံ)
**B.Sc (Chemistry)**
**Dip; in Com;**
**အသက်(၃၈)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ဒါးပိန်လမ်းခွဲ၊ အမှတ် ၂၅၀နေ ဦးမြညွန့်-ဒေါ်ကြည်၊ ရေစကြိုနေ ဦးလှဝင်း - ဒေါ်တင်ညွန့်တို့၏မြေး၊ ဦးညွန့်ဝေ၊ ဦးမြင့်သိန်း(တရားလွှတ်တော်ရှေ့နေ)-ဒေါ်ခင်ဝင်းမြင့်(မှူ/အုပ်၊ ငြိမ်း)၊ ဒေါ်ခင်စန်းဝေ(လ/ထညွှန်မှူး၊ နေပြည်တော်၊ လျှပ်စစ်)၊ ဦးဝင်းနိုင်(တရားရုံးချုပ်ရှေ့နေ)-ဒေါ်နုနုဝေ၊ဒေါ်ဝါဝါဝင်းသန်းတို့၏တူမ၊ ဦးသန်းဝင်း(မန်နေဂျာ၊ သ/မ၊ ငြိမ်း)-ဒေါ်ကျော့ကျော့စိုး(အထပြ၊ ငြိမ်း)တို့၏ တစ်ဦးတည်းသောသမီး၊ ဦးစောနောင်-ဒေါ်ခင်စန်းမြင့်တို့၏ချွေးမ၊ကိုသီဟ၏ဇနီး၊ မယွန်းသီရိသူ၊ မောင်ဘုန်းမြတ်သီဟ၊ ဘောဘီစုစန္ဒီချစ်တို့၏မိခင်သည် ၁၅-၇-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၅း၃၀နာရီတွင်ကွယ်လွန်သွားပါ၍ ၁၇-၇-၂၀၁၅ရက် နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

---

**ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး**
## ဒေါ်ကျင်လှ (ပုသိမ်မြို့)
**အသက်(၉၆)နှစ်**

ပုသိမ်မြို့၊ ငှက်ပျောတန်းလမ်းနေ (ဦးကြင်ဝှက် - ဒေါ်မြ)တို့၏ သမီး၊ (ဦးမောင်ဟိ-ဒေါ်ငုတ်ကြည်)၊ (ဒေါ်ကျင်မြ)၊ (ဦးကျော်ဇန်-ဒေါ်ကျင်ခ)တို့၏ညီမ၊ ဦးကြင်ရှိန်-ဒေါ်ဝင်းကြည်၊ ဒေါ်ကျင်ပိုင်း၊(ဦးကိုကိုကြီး)-ဒေါ်သန်းညွန့်၊ဦးအောင်သန်း-ဒေါ်သန်းသန်းဝင်းတို့၏အစ်မ၊ တူ၊ တူမ ၁၁ယောက်တို့၏အဒေါ်၊ မြေး ၁၈ယောက်၊ မြစ် ကိုးယောက်တို့၏အဘွားသည် ၁၅-၇-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၇-၂၀၁၅ရက် (ကြာသပတေးနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၁-၇-၂၀၁၅ရက်(အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ (၄၂)ရပ်ကွက်၊ ဇော်ဂျီလမ်းသွယ်(၁)၊ အမှတ် ၁၂၉၆ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး**
## ဒေါ်ဖော့စိန်
**အသက်(၈၁)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ (၂၄)ရပ်ကွက်၊ သင်္ဂီ ၆လမ်းနေ (ဦးသိန်း - ဒေါ်စိမ်း)တို့၏သမီး၊ (ဒေါ်တင်လှ)၊ ဒေါ်အေးမိတို့၏ညီမ၊ ဦးမောင်မောင် (အငြိမ်းစား၊ နယ်စပ်စည်ပင်)၊ ဒေါ်ငွေးငွေးဝင်းတို့၏မိခင်၊ မောင်ကျော်ဇောအောင်၊ မဖြူဖြူအောင် (နတလ၊ နေပြည်တော်)၊ မောင်စောမြင့်သိန်း(ZIFAM)၊ မလှမျိုးအောင်၊ မောင်ကျော်ဇောနောင်၊ မခိုင်သဥ္ဇာတို့၏အဘွား၊ မြစ် ခုနစ်ယောက်တို့၏ဘွားဘွားကြီးသည် ၁၆-၇-၂၀၁၅ရက် (ကြာသပတေးနေ့) နံနက် ၇း၄၅နာရီတွင် သင်္ဃန်းကျွန်း စံပြဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၁၈-၇-၂၀၁၅ရက်(စနေနေ့)မွန်းလွဲ ၁နာရီတွင်ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်သူမိသားစု

---

**ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး**
## ဒေါ်ခင်သန်းကြွယ်(ခ)
## ဒေါ်ခင်မမ (မော်လမြိုင်)
**အသက်(၇၉)နှစ်**

မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်မြို့၊ ပြည်လမ်း၊ အမှတ် ၃၇(က)နေ (ဦးအုံးမောင်-ဒေါ်ဆန်းရင်)တို့၏သမီး၊ပုလောမြို့နေ (ဦးဘချစ်-ဒေါ်ဖွားသိန်း)တို့၏သမီးချွေးမ၊ (ဦးလှသွင်)-ဒေါ်ခင်အောင်တို့၏ညီမ၊ ဦးသာဒွန်း-(ဒေါ်ခင်သိန်းသိန်း)တို့၏အစ်မ၊ (ဦးလှသိန်း)၏ဇနီး၊ ဒေါ်ရီရီထွဋ်(မန်နေဂျာ၊ ကမ္ဘောဇဘဏ်၊ ဗိုလ်တထောင်၊ ဘဏ်ခွဲ-၁)၊ ဦးမျိုးအေးသန်း - ဒေါ်သန္တာချို (အထက-၃၊ မင်္ဂလာဒုံ)၊ ဦးအောင်မင်းစိုး(ကြီးကြပ်ရေးမှူး၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)တို့၏မိခင်၊ မမျိုးသက်မွန်(အထက-၂၊ မင်္ဂလာဒုံ)၏အဘွားသည် ၁၅-၇-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁း၃၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ကွယ်လွန်သွားပါသဖြင့် ၁၇-၇-၂၀၁၅ရက် (သောကြာနေ့)ညနေ ၃နာရီတွင်ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

---

**ရဟန်း၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်သန်းသန်းလှ(ခ)ဒေါ်နီ
**အထက(၂)လသာ(ငြိမ်း)**
**ဒေးဒရဲ**
**အသက်(၇၃)နှစ်**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ၁၅လမ်း၊ အမှတ် ၄၉နေ (ဦးစံ-ဒေါ်တင်ကြည်)တို့၏သမီး၊ ဒေါ်ညွန့်ရင်-(ဦးမောင်ကျန်)၊ (ဦးရင်မြင့်-ဒေါ်ကျင်နိုင်)၊ (ဒေါ်ညွန့်ကျင်-ဦးခင်မောင်ကြည်)တို့၏ညီမ၊ ဒေါ်တင်တင်ဝင်း၊ ဒေါ်ညွန့်ညွန့်-ဦးသန်းငွေး၊ (ဦးမြင့်ဆွေ)-ဒေါ်လှလှငွေး၊ ဒေါ်သန်းသန်းဆွေတို့၏အစ်မ၊ တူ၊ တူမ ၁၆ယောက်တို့၏အဒေါ်၊ မြေး ၂၅ယောက်တို့၏ဘွားဘွားသည် ၁၅-၇-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့)ည ၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၇-၂၀၁၅ရက် (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**
## ဘဒ္ဒန္တဝေပုလ္လာစာရ မဟာထေရ်
**သက်တော်(၇၉)နှစ်၊ သိက္ခာတော်(၃၁)ဝါ**

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာနွယ်စဉ်ရပ်၊ ဇောဓိကုန်း၊ ဗန်းမော်ကျောင်းတိုက်၊ သဒ္ဓမ္မဝေပုလ္လကျောင်း ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တဝေပုလ္လာစာရ(သာသနဓဇဓမ္မာစရိယ)မဟာထေရ်မြတ်သည် (၁၃၇၇ခုနှစ် ပထမဝါဆိုလပြည့်ကျော် ၁၄ရက်) ၁၅-၇-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁း၃၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို(၁၃၇၇ခုနှစ် ဒုတိယဝါဆိုလဆန်း ၃ရက်) ၁၉-၇-၂၀၁၅ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၁နာရီတွင် တောင်အင်းမြောက်အင်းသုသာန်၌ အန္တိမအဂ္ဂိစျာပန သာဓုကီဠနပူဇာသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

တပည့်သံဃာတော်များနှင့် ဒါယကာ၊ဒါယိကာမများ

---

## ဦးမြင့်စိုး(ခ)ဦးဂင်ဘီး (မြိတ်)
**အသက်(၈၂)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ပန်းလှိုင်အိမ်ရာ၊ သဇင်လမ်း၊ အမှတ် ၂၀(အေ)နေ (ဦးလှိုင်ရှင်-ဒေါ်ထွန်းမြင့်)တို့၏သား၊ (ဦးဘစိန်-ဒေါ်စိန်တင်)တို့၏သားသမက်၊ ဒေါ်ကြင်ကြူ၏ချစ်လှစွာသောခင်ပွန်း၊ (ဦးဘကျင်)-ဒေါ်မြင့်မြင့်၊ (ဦးအောင်သန်း-ဒေါ်ဆင့်ဆင့်)တို့၏မောင်၊ ဒေါက်တာမြတ်လှိုင်-ဒေါ်မြဝေတို့၏အစ်ကို၊ ဦးအင်ပို(ခ)ဦးထွန်းမျိုး-ဒေါ်ဖြူဖြူဝင်းစိုး၊ ဦးစိုးလွင်-ဒေါ်မင်းမင်းဝင်းစိုး၊ ဒေါက်တာသန်းနိုင်ဦး-ဒေါက်တာပပဝင်းစိုး၊ ဦးဝင်းမောင်-ဒေါ်သင်းသင်းဝင်းစိုး၊ ဦးထွန်းဇော်ထွန်း-ဒေါ်နန်းဆိုင်လောဝ်အေး၊ ဦးဝမ်းဇော်ဝမ်း-ဒေါ်စိုးစိုးဟန်၊ ဦးဝမ်းဇော်တူး-Ms. MOTOKOKIKUCHI တို့၏ဖခင်၊ မြေး ၁၅ယောက်၊ မြစ်တစ်ယောက်တို့၏ဘိုးဘိုးကြီးသည် ၁၅-၇-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၁၀နာရီတွင် ကမာရွတ်မြို့နယ် သုခကမ္ဘာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၇-၂၀၁၅ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးမြင့်ဆွေ (ပိန်းဇလုပ်)
**အသက်(၆၇)နှစ်**

ပိန်းဇလုပ်မြို့၊ တောင်ပိုင်းနေ (ဦးစံအေး-ဒေါ်တင့်)တို့၏သားထွေး၊ (ဦးသန်း-ဒေါ်တင်မေ)၊ (ဦးအောင်ရွှေ-ဒေါ်တိုးစိန်)တို့၏ညီ၊ (ဦးသိန်းညွန့်-ဒေါ်တင်ရီ-ဒေါ်တင်မြင့်)တို့၏သားသမက်၊ ဦးဇော်မြင့်-ဒေါ်မြင့်မြင့်သန်း၊ ဦးမျိုးသန့်-ဒေါ်စန်းဝင်းတို့၏အစ်ကို/ညီ၊ တာမွေမြို့နယ်၊ ကျောက်မြောင်းအရှေ့ရပ်ကွက်၊ ဥယျာဉ်လမ်း၊ အမှတ် ၁၀နေ ဒေါ်စန်းစန်းမြင့်၏ချစ်လှစွာသောခင်ပွန်း၊ ဗိုလ်မှူးသန်းထိုက်(ငြိမ်း)-ဒေါ်အေးအေးခိုင်၊ Capt အောင်ဆန်း-ဒေါက်တာခင်ဥမ္မာသန်း၊ မအင်ကြင်းခိုင်၊ မရွှေယင်းမာတို့၏ချစ်လှစွာသောဖခင်၊ မြေးသုံးယောက်တို့၏အဘိုးသည် ၁၆-၇-၂၀၁၅ရက်(ကြာသပတေးနေ့)ညနေ ၄း၃၅နာရီတွင်ရန်ကုန်ဆေးရုံကြီး၌ကွယ်လွန်သွားပါသဖြင့် ၁၈-၇-၂၀၁၅ရက် နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးမောင်ကြိုင်
**(မော်လမြိုင်အသင်းဝင်)**
**အသက်(၇၈)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဒေါ်သိန်းတင်လမ်း၊ အမှတ် ၉၂၊ ခြောက်လွှာနေ (ဦးစံညိမ်း-ဒေါ်အုံး)တို့၏သား၊ဒေါ်လှရီ၏ခင်ပွန်း၊ ဦးမောင်မောင်-ဒေါ်ခင်အေးရီ၊ ဦးထင်ကျော်လင်း-ဒေါ်ထားထားရီ၊ ဦးဆန်းနိုင်-ဒေါ်သဇင်၊(ဦးအေးနိုင်)တို့၏ဖခင်၊မြေး ၁၀ယောက်၊ မြစ်သုံးယောက်တို့၏အဘိုးသည် ၁၅-၇-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၈-၇-၂၀၁၅ရက်(စနေနေ့) နံနက် ၁၀း၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၁-၇-၂၀၁၅ရက်(အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## ဦးစိုးဝင်း
**ကျောက်တန်း(ကမာကလုတ်)**
**B.E (Electronic) (ဆသရ)**
**View Finder Int'L Co.,Ltd. (Myanmar)**
**View Finder Pte Co.,Ltd (Singapore)**
**အသက်(၆၈)နှစ်**

ရန်ကုန်မြို့၊ ကျောက်တန်းမြို့နယ်၊ ကမာကလုတ်ကျေးရွာနေ (ဦးမောင်စိန်-ဒေါ်သိန်းမြ)တို့၏သား၊ ကျောက်တန်းမြို့နေ (ဦးအုံးဖေ-ဒေါ်အုံးကြည်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ အလုံမြို့နယ်၊ သီရိမင်္ဂလာဥယျာဉ်အိမ်ရာ၊ တိုက် C-1၊ အခန်း ၁၀၂နေ ဒေါ်စန်းစန်းမြင့်၏ခင်ပွန်း၊ ဦးအောင်ဖြိုးဝင်း-ဒေါ်လေးလေးမြင့်(ပခုက္ကူ)၊ ဦးသန်းထက်ဝင်း-ဒေါ်နေရီသန့်၊ဦးဝင်းကိုကို-ဒေါ်ပွင့်ဖြူမြင့်၊ ဦးမျိုးသီဟဝင်း-ဒေါ်စန္ဒာဝင်းတို့၏ဖခင်၊ မြေးခုနစ်ယောက်တို့၏အဘိုးသည် ၁၆-၇-၂၀၁၅ရက် နံနက် ၁၁း၁၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၇-၂၀၁၅ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၂-၇-၂၀၁၅ရက် နံနက် ၇နာရီမှ ၁၁နာရီအထိ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်ကြည်
**အသက်(၈၇)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်းတောင်ရပ်ကွက်၊ ဝါးခယ်မလမ်း၊ အမှတ် ၁၉နေ (ဦးအုန်းစိန်-ဒေါ်သန်း)တို့၏သမီး၊ (ဦးမြငွေ)၏ဇနီး၊ (ဦးခင်မောင်ဦး-ဒေါ်တင်ဝင်း)၊ ဦးမြအုန်း-ဒေါ်ဝင်းကြည်၊ ဦးချိုဝင်း-ဒေါ်ငွေးငွေးသန်း၊ ဦးအောင်ငွေး-ဒေါ်အေးအေးမြင့်၊ (ဦးဝေဇင်-ဒေါ်ငွေးငွေးလှိုင်)၊ ဦးစိုးနိုင်-ဒေါ်ရီရီဝေ၊ ဦးရဲထွဋ်မြတ်-ဒေါ်သန်းသန်းဆွေ၊ (မတင်တင်ထွန်း)၊ မတူးတူးမာတို့၏မိခင်၊ မြေး ၂၃ယောက်၊ မြစ် ၁၁ယောက်တို့၏အဘွားသည် ၁၅-၇-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁၂း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၇-၇-၂၀၁၅ရက်(သောကြာနေ့)မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၁-၇-၂၀၁၅ရက်(အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## မသဇင်သန်းဝင်း(မင်္ဂလာဒုံ)
**B.Sc (Chemistry)**
**Dip; in Com;**
**အသက်(၃၈)နှစ်**

ရေစကြိုနေ (ဦးလှဝင်း-ဒေါ်တင်ညွန့်)(ဦးမြညွန့်-ဒေါ်ကြည်)တို့၏မြေး၊ မြို့ပတ်လမ်း၊ မ ၃၆နေ ဦးသန်းဝင်း-ဒေါ်ကျော့ကျော့စိုး (အထက်တန်းပြ၊ အထက-၄၊ မင်္ဂလာဒုံ၊ ငြိမ်း)တို့၏တစ်ဦးတည်းသောသမီး၊ ဦးစောနောင်-ဒေါ်ခင်စန်းမြင့်တို့၏ချွေးမ၊ ဦးသုမန-(ဒေါ်သန်းသန်းဝင်း)၊ ဦးတင်ဝင်း-ဒေါ်နွယ်နွယ်လွင်၊ ဦးဇော်လွင်-(ဒေါ်ချိုချိုဝင်း)၊ ဦးဝင်းဘိုဘို-ဒေါ်သန်းသန်းလှ၊ (ဦးသက်ဦး)-ဒေါ်ချိုချိုလွင်၊ (ဦးဘိုဘိုလွင်)-ဒေါ်သန်းသန်းဦး၊ (ဦးကျော်မိုးထွန်း)-ဒေါ်မိမိငယ်တို့၏တူမ၊ကိုသီဟ၏ဇနီး၊ မယွန်းသီရိသူ၊မောင်ဘုန်းမြတ်သီဟ၊ မစုစန္ဒီချစ်တို့၏ မိခင်သည် ၁၅-၇-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၅း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၇-၂၀၁၅ရက် (သောကြာနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

## ထစ်ချုန်းမည်

နေပြည်တော်နှင့်မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်။

### မှတ်သားဖွယ်ရာမိုးရေချိန်များ

၁၆-၇-၂၀၁၅

ကျိုက္ကမီမြို့
၄ ဒသမ ၈၄ လက်မ
ဟုမ္မလင်းမြို့
၄ ဒသမ ၅၇ လက်မ
မောင်တောမြို့
၄ ဒသမ ၃၃ လက်မ



# ဒုက္ခသည်များအတွက် ထောက်ပံ့ပစ္စည်းများ တရားမဝင်ဈေးကွက်များတွင် ပြန်ရောင်းနေ

စစ်တွေမြို့နယ် ဒါးပိုင်ကျေးရွာအနီး ကားလမ်းဘေးတွင် UN လက်အောက်ခံအဖွဲ့အစည်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ထောက်ပံ့သည့်ပစ္စည်းများကို တရားမဝင်ရောင်းချနေသည့် ဈေးဆိုင်များကို တွေ့ရစဉ်။

(သတင်း၊ စာမျက်နှာ-၅)

# ရက်ဆက်မိုးကြောင့် စပါးစိုက်ခင်းများ ယနေ့အထိ ရေလွှမ်းမိုး



**မော်လူး ဇူလိုင် ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးဒေသတွင် ဇူလိုင် ၁၃ရက်က စတင်ပြီး မိုးသည်းထန်စွာရွာသွန်းခဲ့သဖြင့် လေးတန်ချောင်းနှင့် နမီးချောင်းများ ရေကြီးရေလျှံကာ မိုးစပါးစိုက်ပျိုးနေဆဲ လယ်ယာမြေအချို့ ရေလွှမ်းခဲ့ကြောင်း သိရသည်။

ဇူလိုင် ၁၃ ရက်က မွန်းလွဲ ၂နာရီခန့်မှ ည ၁၂ နာရီခန့်အထိ မိုးသည်းထန်စွာ ရွာသွန်းခဲ့ခြင်းဖြစ်ပြီး လေးတန်ချောင်း၊ နမီးချောင်းနှင့် ဟဲနုချောင်းများ ရေကြီးရေလျှံဖြစ်ကာ အနိမ့်ပိုင်းဒေသများရှိ ကျေးရွာများမှ မိုးစပါးစိုက်ပျိုးနေဆဲဖြစ်သော လယ်ယာမြေများကို ရေလွှမ်းခဲ့ခြင်း ဖြစ်ကြောင်း

*စာမျက်နှာ ၁၃ ကော်လံ ၅* ❖

## ယနေ့ မာတိကာ

### တိုကျိုအိုလံပစ်အားကစားရုံ တည်ဆောက်ရေး အငြင်းပွားမှုများနှင့်ကြုံတွေ့

*စာမျက်နှာ - ၄*

### ဇူလိုင်မိုးစက်များရဲ့ အောက်ဝယ်

*အာဇာနည်နေ့အကြိုဆောင်းပါး*

*စာမျက်နှာ - ၆*

အမှောင်ခွင်း အလင်းဆောင်၊ ပညာခေတ်မှာ ရွှေလက်ဆောင်
အမေးရှိတယ်၊ အမေးသိဖို့
အဖြေရှိတယ်၊ ပြည့်စုံတိကျအမှတ်ပြည့်ရအဖြေဖြစ်ဖို့
ကျောင်းသားအများဆောင် ရွှေလက်ဆောင်
Reg. 3123/2003
တက္ကသိုလ်ဝင် Grade XI
မေးခွန်းဟောင်းအပြည့်အစုံနှင့်စံပြအဖြေများ
၂၀၀၂ မှ ၂၀၁၅ ခုနှစ်ထိ
တစ်ဘာသာချင်း၊ တစ်အုပ်ချင်း
ထွက်ပြီ
ထူးချွန်ထက်မြက်ဂုဏ်ထူးရှင်ကျောင်းသားကျောင်းသူတို့အတွက်
ကျောင်းသားအများဆောင် ရွှေလက်ဆောင်
Reg. 3123/2003
၂၀၁၅ အာဂ
အဋ္ဌမတန်း Grade IX
ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင်မေးခဲ့သော မေးခွန်း (၁၇) စုံနှင့်စံပြအဖြေများ
တစ်ဘာသာချင်း၊ တစ်အုပ်ချင်း
ထွက်ပြီ
နယ်မြို့အသီးသီးရှိ စာအုပ်ဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။

မြန်မာ့အလင်း
Gmail mmalin.npt@gmail.com, www.facebook.com/MYANMAALINNEWS
R/488

# မြန်မာ့အလင်း ကျေးမှုဝက်ထီးဗိုလ်ဝါဒကိုင်

၂၀၁၅ ခုနှစ်၊ ဇူလိုင် ၁၇ ရက်၊ သောကြာနေ့။







ပြည်တွင်းရေးရာ

**ရေကြောင့်ဖြစ်သော အပူမီးများ ငြိမ်းစေသတည်း**

စာ - ၃



လူမှုစီးပွား

**လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး ကျေးလက်လမ်းလေး ဖြစ်မြောက်ရန် မျှော်လင့်နေ**

စာ - ၄





# စောင့်ကြည့်ရဦးမည့် မန်ယူ

စာ - ၇




မြန်မာ့အလင်း
၁၇-၇-၂၀၁၅ (သောကြာနေ့)

# အင်တာမီလန်ရဲ့ ခြေလှမ်းနဲ့လားရာ




လင်းဆက်

**ဒီနှစ် အီတလီဘောလုံးလောကက နည်းနည်းအလှုပ်များတယ်လို့ ဆိုရမယ်။ အထူးသဖြင့် အင်တာမီလန် အသင်းရဲ့ဈေးကွက်အတွင်း တိုးဝင်နိုင်အားက လာမယ့်ရာသီသစ် စီးရီးအေဘောလုံးလောကကို ထိပ်ပိုင်းအသင်းတွေရဲ့ ပြိုင်ဆိုင်မှုကို ဆွဲမြှင့်ရာ ရောက်တယ်လို့ အကောက်အယူလုပ်ကြတယ်။**

ပြောမယ်ဆိုရင်ပေါ့။ ဒီရာသီမစခင် ရာသီအကြို ကာလမှာကတည်းက အင်တာမီလန်က ပြီးခဲ့တဲ့ ရာသီဝက်လောက်မှာမှ ရောက်လာတဲ့ မန်ချီနီရဲ့ စိတ်တိုင်းကျပြင်ဆင်ပြောင်းလဲမှုတွေရှိမယ်လို့ ယူဆလက်ခံခဲ့ကြတဲ့အတိုင်း လက်တွေ့မှာလည်း အင်တာမီလန်က ဈေးကွက်အတွင်း ဂျူဗင်တပ်စ်နဲ့အပြိုင် တိုးဝင်မှုရှိလာတယ်ဆိုတော့။ ရာသီသစ် စီးရီးအေဟာ အင်တာမီလန်ရဲ့ အလုပ်အခတ်နဲ့ စောင့်ကြည့်ချင်စရာ၊ စိတ်ဝင်စားစရာဖြစ်လာတယ်။

ပြောမယ်ဆိုရင်ပေါ့။ အင်တာမီလန်ဟာ လတ်တလောမှာတင် ယူရို ၅၈ သန်း သုံးပြီးပြီ။ ဒီငွေနဲ့ မိုနာကိုကွင်းလယ်ကစားသမား ကွန်ဒေါ့ဘီယာ (ယူရို ၃၅ သန်း)၊ အက်သလက်တီကို ခံစစ်မှူး မီရန်ဒါ (ယူရို ၁၅ သန်း)၊ ဂရန်နာဒါ ခံစစ်မှူး မူရီလို (ယူရို ၈ သန်း)၊ ဘာစီလိုနာ ညာတောင်ပံ ခံစစ်သမား မွန်တိုရာ(အငှား)၊ ပါးမားရဲ့ ပြင်သစ်တိုက်စစ်မှူးဟောင်း ဘီယာဘီယာနီ (အလွတ်)တို့ကို ခေါ်ထားတဲ့အခါ အင်တာမီလန်ရဲ့ ဖြည့်တင်းမှုက ထိထိမိမိရှိတယ်လို့ တွက်ဆစရာရှိတယ်ဆိုတော့ အဲ့ဒီလို ဈေးကွက်အတွင်း ဝင်ဆန့်လာခြင်းဟာ ဂျူဗင်တပ်စ်ရဲ့ လွှမ်းမိုးမှုကို စီးရီးအေမှာ တကယ်ပဲ အဆုံးသတ်စေမှာလားဆိုတာ စိတ်ဝင်စားဖို့ဖြစ်လာတယ်။

ပြောမယ်ဆိုရင်ပေါ့။ တကယ်တော့ အီတလီမှာ ဂျူဗင်တပ်စ်ကို ဖြိုချနိုင်ရေးဟာ အင်မတန်ခက်တဲ့ အလုပ်တစ်ခုအဖြစ် အများစုက လက်ခံယုံကြည်ကြတယ်။ အထူးသဖြင့် ပင်ကိုရှိရင်းစွဲ အစုအဖွဲ့မှာတင် ဂျူဗင်တပ်စ်ဟာ စီးရီးအေမှာ ကျန်အသင်းတိုင်းထက် ခေါင်းတစ်လုံးနီးပါး ပိုမြင့်နေတဲ့ အသင်းဖြစ်သလို သူတို့ဟာ လိုအပ်ချက်နည်းပြီး ကျန်စီးရီးအေ အသင်းကြီးတိုင်းဟာ လိုအပ်ချက်နဲ့ ယှိုကွက်ဟာကွက်မှာ သူတို့ထက်များကိုများတယ်။

ပြောချင်တာက။ ဂျူဗင်တပ်စ်ဟာ ကစားသမားတစ်ဦးစ၊ နှစ်ဦးစ ခေါ်ယူရုံနဲ့ လိုအပ်ချက်ကွက်လပ် ပြည့်သွားနိုင်သော်ငြား။ ကျန်စီးရီးအေ အသင်းကြီးတိုင်းဟာ သူတို့ရဲ့လိုအပ်ချက်ကို ဖြည့်တင်းရေးမှာ အပြောင်းအလဲအတော်များများ ပြုလုပ်ဖို့ လိုအပ်တဲ့အခြေအနေမှာ ရှိကိုရှိတယ်။ ဒီတော့ အဲ့ဒီလိုအခြေအနေကြားမှာ အင်တာမီလန်ဟာ တကယ်ပဲ ဂျူဗင်တပ်စ်ကို တုဖက်ပြိုင်နိုင်ဖို့ ဈေးကွက်အတွင်း ဘယ်အတိုင်းအတာအထိ ဆက်လက်တိုးဝင်နိုင်မလဲဆိုတာက အဲ့ဒီ အင်တာမီလန်ရဲ့လားရာကို တွက်ဆရမယ့် အခြေခံအချက်ရယ်လို့ လက်သင့်ခံယုံကြည်ကြတယ်။

ပြောမယ်ဆိုရင်ပေါ့။ ပြီးခဲ့တဲ့ ဘောလုံးရာသီမှာ အင်တာမီလန်ဟာ ထိမိတဲ့ အောင်မြင်မှုမရဘူး။ စီးရီးအေမှာ အဆင့် ၈ သာရခဲ့ပြီး ဥရောပဝင်ခွင့်တောင် မရတဲ့အခြေအနေမှာ ကိုပါအီတာလီယာပွဲ အပါအဝင် အခြားဘယ်ပြိုင်ပွဲ အရပ်ရပ်မှာမှ ထိရောက်တဲ့အောင်မြင်မှုမရဘူး။ အဲ့ဒီလို အခြေအနေမှာ ဂျူဗင်တပ်စ်က စီးရီးအေဆုဖလားကို ဆွတ်ခူးနိုင်တယ်။ ပြီးတော့ ကိုပါအီတာလီယာဖလားကိုလည်း ရတဲ့အပြင် ချန်ပီယံလိဂ်မှာပါ ဗိုလ်လုပွဲအထိတက်ပြီး ဒုတိယဆုယူပြတယ်။

အရှင်းဆုံး ပြောရရင်တော့။ လက်ရှိအချိန်မှာ အင်တာမီလန်နဲ့ ဂျူဗင်တပ်စ်ဟာ ပုံရိပ်အရလည်း ကွာတယ်။ ပြီးတော့ ရလာတဲ့အောင်မြင်မှုအတိုင်းအဆ ပမာဏနဲ့ပြန်ဝင်လာတဲ့ ငွေကြေးအကျိုးအမြတ်မှာလည်းကွာတယ်။ ပြောရရင် ဂျူဗင်တပ်စ်ဟာ ချန်ပီယံလိဂ်မှာ ဗိုလ်လုပွဲအထိ ရောက်ခဲ့လို့ ပုံရိပ်အရရော ဝင်ငွေအရပါ ထိထိမိမိ အကျိုးခံစားခွင့်ရချိန်မှာ အင်တာမီလန်ဟာ ဈေးကွက်ထဲ တိုးဝင်နိုင်ဖို့ အိတ်စိုက်သုံးစွဲနေရတဲ့ သဘောမျိုးဖြစ်လာတဲ့အခါ။ လတ်တလော ဈေးကွက်အတွင်း တိုးဝင်နိုင်မှုမှာတင် အင်တာမီလန်ရဲ့ ကောင်းပါတယ်ဆိုတဲ့ အားဟာ ဂျူဗင်တပ်စ်ကို မမီသေးသလို ဖြစ်လာတယ်။

ပြောခဲ့ပြီးသလိုပေါ့။ လက်ရှိမှာ အင်တာကလည်း ယူရို ၅၈ သန်းသုံးထားသော်ငြား။ ဂျူဗင်တပ်စ်က လက်ရှိအချိန်မှာ ယူရို ၆၉ သန်းသုံးပြီးပြီ။ အဲ့ဒီငွေနဲ့လည်း စီးရီးအေမှာ ကောင်းပါတယ်ဆိုတဲ့ ပါလာမိုတိုက်စစ်မှူး ဒိုင်ဘာလာ (ယူရို ၃၂ သန်း)၊ အက်သလက်တီကိုရဲ့ ဝါရင့်တိုက်စစ်မှူး မန်ဇူကစ် (ယူရို ၁၃ သန်း)၊ ဆာစူအိုလိုတိုက်စစ်မှူး ဇာဇာ (ယူရို ၁၈ သန်း)၊ ရီးရဲကွင်းလယ်ကစားသမားခီဒီယာ (အလွတ်)ကို ခေါ်ထားတဲ့အခါ။ ပြောရရင်။ အင်တာမီလန်ရဲ့ လုပ်ကွက်ဟာ လတ်တလောမှာတောင် ဂျူဗင်တပ်စ်ထက်သာတယ်လို့ မဆိုနိုင်သလို ပင်မရှိရင်းစွဲ တောင့်တင်းကျစ်လျစ်မှုအတိုင်းအဆပမာဏကပါ ကွာဟမှုရှိချိန်မှာ အင်တာမီလန်အနေနဲ့ တကယ်ပဲရာသီသစ်မှာ ဂျူဗင်တပ်စ်ကို ပခုံးချင်းယှဉ်ဖြိုချနိုင်ပါ့မလား။

ပြောမယ်ဆိုရင်။ သိုဟီရာဟာ အင်တာမီလန်ကို ထိန်းချုပ်ခွင့်ရပြီးတဲ့ နောက်ပိုင်းမှာကတည်းက အသင်းကို ပြုပြင်ပြောင်းလဲမှုပြုလုပ်ပြီး အောင်မြင်မှုပြန်လည်ရှာဖွေဖို့ ရည်မှန်းလုပ်ဆောင်နေသူဆိုတာ မှန်တယ်။ ဒါပေမယ့် သူဟာ ငွေကြေးအလုံးအရင်းနဲ့ စိုက်ထုတ်သုံးစွဲပြီး အသင်းကို အခြေခံကအစ ပြုပြင်ပြောင်းလဲနိုင်သူမဟုတ်ဘူးဆိုတာ ပြီးခဲ့တဲ့ ဘောလုံးရာသီအတွင်း အဲလ်လက်စ်၊ မီနက်ဇ်၊ လိုပက်ဇ်တို့လို ကစားသမားတွေကို အလွတ်သဘောနဲ့ ရှာဖွေခေါ်ယူခဲ့တာက သက်သေခံတယ်လို့ မြင်ကြတယ်။

ပြောချင်တာက။ လက်ရှိဘောလုံးလောကရဲ့ ဈေးကွက်အနေအထားဟာ ပြောင်းရွှေ့ကြေးပမာဏမြင့်တက်လွန်းတဲ့ သဘောတရားမှာရှိတယ်။ သာမန်အဆင့် ကစားသမားတစ်ယောက်ကို အနိမ့်ဆုံးယူရိုသန်း ၂၀ နဲ့ ၃၀ ကြား ပေးကြရသလို နာမည်ရှိပြီး အလားအလာကောင်းတဲ့ လူငယ်ကစားသမားတွေရဲ့ ပေါက်ကြေးက အနိမ့်ဆုံးယူရိုသန်း ၄၀ နဲ့ ၅၀ ကြားရှိတဲ့အပြင် ထိပ်တန်းအဆင့် ကစားသမားတွေရဲ့ ပေါက်ကြေးဟာ ယူရို သန်း ၈၀ နဲ့ ၁၀၀ ကြားဖြစ်တည်နေမှုအရ။ အင်တာမီလန်အနေနဲ့ လက်ရှိ သုံးစွဲပြီးသားပမာဏအရ နောက်ထပ် ဘယ်အတိုင်းအတာအထိ ဈေးကွက်အတွင်း ထပ်မံတိုးဝင်နိုင်မလဲဆိုတာဟာ အင်တာရဲ့လားရာနဲ့ စီးရီးအေရဲ့အပြိုင်အဆိုင်ဖြစ်လိုမှုအတွက် အဖြေတစ်ရပ်ရယ်လို့ ကောက်ချက်ဆွဲကြတယ်။

တကယ်တော့ အင်တာမီလန်ရှေ့ကလည်း ဂျူဗင်တပ်စ်ကို ဖြိုချနိုင်ဖို့အတွက် နာပိုလီနဲ့ ရိုးမားတို့ဟာ အပြိုင်အဆိုင် ဖြည့်တင်းမှုတွေနဲ့အတူ ဈေးကွက်အတွင်းကို တိုးဝင်ခဲ့ကြဖူးတယ်။ နာပိုလီဆိုရင် ပေါင်သန်း ၁၀၀ ကျော်အထိသုံးပြီး ဟီဂွာယင်၊ ကယ်လီဂွန်တို့အပါအဝင် ကစားသမားကောင်းအချို့ကို ခေါ်ယူအားဖြည့်ခဲ့သော်ငြား ထိမိတဲ့တက်ရိပ်ဖြစ်မလာသလို ဂျူဗင်တပ်စ်ရဲ့ ရပ်တည်မှုကိုလည်း အနှောင့်အယှက်မပေးနိုင်ခဲ့ကြဘူး။

ပြောရရင်။ လက်ရှိမှာ အင်တာဟာ ဆိုခဲ့ပြီးတဲ့အတိုင်း ကွန်ဒေါ့ဘီယာ၊ မီရန်ဒါ၊ ဘီရန်ချက်တီ၊ မော်ရီလို၊ မွန်တိုရာ၊ ဘီယာဘီယာနီတို့ကို ခေါ်ယူထားတာ မှန်သော်ငြား။ သူတို့ရဲ့ အဓိကလိုအပ်ချက်ဖြစ်တဲ့ တိုက်စစ်ပိုင်းကို ထိမိတဲ့အားဖြည့်မှုမျိုးမလုပ်ပေးနိုင်ဘူး။ အိုက်ကာဒီ တစ်ဦးတည်းအပေါ်မှာသာ ဂိုးရဖို့မှီခိုနေရတဲ့ တိုက်စစ်အတွက် အားဖြည့်ခေါ်ယူမှုဟာ လတ်တလောဘီယာဘီယာနီတစ်ဦးတည်းသာရှိသေးသလို အဲ့ဒီဘီယာဘီယာနီဟာလည်း ပါးမားမှာ ၁၇၉ ပွဲ ကစားခဲ့တာတောင် ၂၆ ဂိုး သာ သွင်းယူနိုင်သူဖြစ်တာကြောင့် အဲ့ဒီ ဘီယာဘီယာနီဟာ အင်တာ တိုက်စစ်အတွက် ထိမိတဲ့အားဖြည့်မှုမဟုတ်ဘူးဆိုတာ မြင်သာလွန်းတယ်။

ဒီတော့ လတ်တလောသုံးစွဲပြီးသား ပမာဏ၊ ပြီးတော့ လက်ရှိ ဈေးကွက်အတွင်း ပေါက်ကြေးတွေအရ အင်တာအနေနဲ့ ထိပ်တန်းအဆင့် တိုက်စစ်မှူးတစ်ဦးကို ထပ်မံခေါ်ယူဖို့လွယ်ကူနိုင်ပါ့မလား။ တကယ်လို့လိုအပ်ချက်ကွက်လပ်ဖြည့်ဖို့အရေးမှာ ထပ်မံခေါ်ယူဖို့ ဆိုရာမှာလည်း အောင်မြင်မှုမဲ့လာခြင်းနဲ့အတူ ဝင်ငွေလျော့ပါးခြင်းနဲ့ ဈေးကွက်အခြေအနေတွေအရ လက်တွေ့ကျကျ ဖြစ်တည်နိုင်ပါ့မလား။

အရှင်းဆုံးပြောမယ်ဆိုရင်ပေါ့။ လတ်တလောမှာ အင်တာမီလန်ဟာ ဈေးကွက်အတွင်း တိုးဝင်နိုင်တယ်ဆိုတာမှန်သလို အဲ့ဒီဟာ အရင်ကထက် ရည်ရွယ်ရင်းနဲ့ အဲ့ဒီရည်ရွယ်ချက်နောက် လိုက်လံအကောင်အထည်ဖော်နိုင်မှု ဆိုတာတွေမှာ တက်ရိပ်ပြလာတာ မှန်သော်ငြား စီးရီးအေရဲ့ ပြိုင်ဆိုင်မှုသရုပ်ကို ဆွဲမြှင့်ဖို့နဲ့ ဂျူဗင်တပ်စ်ကို ဖြိုချနိုင်ရေးဟာ ထင်သလောက်မလွယ်သေးဘူးလို့ပဲ ဆိုချင်မိပါတယ်။



# ကလစ်ချ်ကိုနှင့် ပြန်လည်ရင်ဆိုင်ရန် အဆင်သင့်ရှိကြောင်း WBA ဟဲဗီးဝိတ်ချန်ပီယံ ချာဂါဗီ ဖွင့်ဟ

WBA ဟဲဗီးဝိတ်ချန်ပီယံ ဥဇဘတ်ကစ္စတန်နိုင်ငံသား ရူဆလန်ချာဂါဗီက သူ့အနေဖြင့် ယူကရိန်းဟဲဗီးဝိတ် လက်ဝှေ့သမား ဝလာဒီမာကလစ်ရှ်ကိုနှင့် ပြန်လည်ထိုးသတ်ရန် အဆင်သင့်ရှိနေကြောင်း ထုတ်ဖော်ပြောဆိုလိုက်သည်။

အသက် ၃၆ နှစ်အရွယ်ရှိ ချာဂါဗီသည် ၂၀၀၉ ခုနှစ် ဇွန် ၂၀ ရက်တွင် IBF၊ WBOနှင့် IBO ဟဲဗီးဝိတ် ချန်ပီယံခါးပတ်များအတွက် ချန်ပီယံ ကလစ်ရှ်ကို(၃၉နှစ်)နှင့် ၁၂ ချီပွဲ ထိုးသတ်ခဲ့ရာတွင် ကိုးချီမြောက်၌ ဒိုင်ပွဲရပ်ဖြင့် ရှုံးနိမ့်ခဲ့ရသူဖြစ်သည်။ အဆိုပါရှုံးပွဲသည် ပရော်ဖက်ရှင်နယ်လက်ဝှေ့သမားသက်တမ်းအတွင်း ၂၇ ပွဲ ထိုးသတ်ပြီးချိန်တွင် ချာဂါဗီ ပထမဆုံးအကြိမ်ကြုံတွေ့ခဲ့ရသည့် ရှုံးပွဲဖြစ်သည်။

ချာဂါဗီက ကလစ်ရှ်ကိုနှင့် ထိုးသတ်ခဲ့သည့်ပွဲအတွက် ကောင်းမွန်စွာပြင်ဆင်ချိန်မရခဲ့ကြောင်း ဆက်လက်ပြောဆိုခဲ့သည်။

"ကျွန်တော်ဟာ WBA ဟဲဗီးဝိတ် ချန်ပီယံပါ။ ကလစ်ရှ်ကိုနဲ့ ထိုးသတ်သွားဖို့ ကျွန်တော်အဆင်သင့်ရှိနေပါတယ်။ ကလစ်ရှ်ကိုနဲ့ ပထမအကြိမ်ထိုးသတ်ခဲ့စဉ်တုန်းက ကျွန်တော့်အတွက် ပြင်ဆင်ချိန် ကောင်းကောင်းမရခဲ့ပါဘူး။ ဒီပွဲနဲ့ပတ်သက်ပြီး အချိန်နီးကပ်မှသာ ကျွန်တော်သိရှိဖို့ အခွင့်အရေးရခဲ့တာပါ။ ဒါကြောင့် ကျွန်တော့်ရဲ့အနေအထားက အကောင်းဆုံးအနေအထားမှာ မရှိခဲ့ဘူး။ တကယ်လို့ ကျွန်တော်သာ ပြင်ဆင်ချိန်ကောင်းကောင်းရခဲ့တယ်ဆိုရင် ကလစ်ရှ်ကိုကို ကျွန်တော် ကောင်းကောင်းယှဉ်ပြိုင်ထိုးသတ်နိုင်စွမ်းရှိတယ်ဆိုတာကို သက်သေပြနိုင်လိမ့်မယ်လို့ မျှော်လင့်တယ်။ ကျွန်တော်ဟာ ကြိုးဝိုင်းထဲမှာ လှည့်ပတ်ပြေးနေတတ်တဲ့ လက်ဝှေ့သမားမျိုးတွေထဲက တစ်ဦး မဟုတ်ပါဘူး။ ဘယ်အချိန်ပဲဖြစ်ဖြစ် ကလစ်ရှ်ကိုနဲ့ ထိုးသတ်ရဖို့ကို ကျွန်တော် မျှော်လင့်နေမှာပါ။ ဒါပေမယ့် လက်ရှိအချိန်မှာတော့ ကျွန်တော်ရရှိထားတဲ့ ချန်ပီယံခါးပတ်အတွက် စိန်ခေါ်လာမယ့်သူတွေအတွက် အာရုံစိုက်လုပ်ဆောင်သွားရမှာဖြစ်ပါတယ်"ဟု ချာဂါဗီက ပြောသွားသည်။

ချာဂါဗီသည် လက်ရှိအချိန်တွင် စုစုပေါင်း ၃၇ ပွဲထိုးသတ်ထားပြီး ၃၄ ပွဲ အနိုင်ရကာ ၂၁ ပွဲ၌ အလဲထိုးနိုင်ခဲ့ပြီး နှစ်ပွဲရှုံး၊ တစ်ပွဲသရေကျထားသူဖြစ်သည်။ ချာဂါဗီသည် ၂၀၁၄ ခုနှစ် ဇူလိုင် ၆ ရက်တွင် အမေရိကန်နိုင်ငံသား အိုကွင်ဒိုအား အနိုင်ယူပြီး WBA ဟဲဗီးဝိတ်ချန်ပီယံ ဖြစ်လာခဲ့သူဖြစ်ကာ ၂၀၁၅ ခုနှစ် ဇူလိုင် ၁၁ ရက်၌ WBA ဟဲဗီးဝိတ်ချန်ပီယံခါးပတ် ကာကွယ်ပွဲ၌ ဂျာမနီနိုင်ငံသား ဖရန်ဆက်စကိုပီနီတာ အနိုင်ယူနိုင်ခဲ့သူဖြစ်သည်။

ရခိုင်ပြည်နယ်

# ရေကြောင့်ဖြစ်သော အပူမီးများငြိမ်းစေသတည်း

ကျွန်တော့်ဘဝတွင် တပ်မတော်လေယာဉ်ဖြင့် ဒုတိယအကြိမ်မြောက်ခရီးသွားခြင်းဟု မှတ်ယူမိပါသည်။ ပထမအကြိမ် တပ်မတော်လေယာဉ်ဖြင့် သွားဖူးသည့်ခရီးစဉ်မှာ လွန်ခဲ့သည့် နှစ်ပေါင်း ၂၀ ခန့်က ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုမိန်းဒေသသို့ သွားရောက်သည့်ခရီးစဉ် ဖြစ်ပါသည်။ ၁၉၉၆ ခုနှစ် ဇန်နဝါရီလ ၅ ရက်၊ ၆ ရက်နေ့များတွင် ဦးခွန်ဆာခေါင်းဆောင်သော MTA အဖွဲ့ အကြွင်းမဲ့လက်နက်စွန့်ပြီးနောက် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ထွေ/အုပ်၊ နတလ၊ လဝက၊ တရားရေး၊ ဥပဒေ၊ အကောက်ခွန် စသည်တို့မှ စုစုပေါင်း ၃၅ ဦးပါ အထူးအုပ်ချုပ်ရေးအဖွဲ့ကို ဖွဲ့စည်း၍ ဟိုမိန်းသို့ စေလွှတ်ခဲ့သည်။ တပ်မတော်လေယာဉ်ဖြင့် ရန်ကုန်မှ နမ့်စန်သို့ ပို့ဆောင်ပေးပြီး နမ့်စန်-လင်းခေးခရီးစဉ်ကို မော်တော်ယာဉ်များဖြင့်လည်းကောင်း၊ လင်းခေး-ဟိုမိန်းခရီးစဉ်ကို ရဟတ်ယာဉ်များဖြင့်လည်းကောင်း ပို့ဆောင်ပေးခဲ့ခြင်းဖြစ်၏။

ထိုခရီးစဉ်သည် အနှစ် ၂၀ ခန့်ကြာခဲ့သည်ဖြစ်သော်ငြား ကျွန်တော်တို့ ၃၅ ဦးပါ အဖွဲ့အား ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စစ်ဆင်ရေးအစည်းအဝေးခန်းမ၌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏မှာကြားချက်များကို ဗိုလ်မှူးကြီးသိန်းစိန် (ယခု နိုင်ငံတော်သမ္မတကြီးဦးသိန်းစိန်)က ထပ်ဆင့်ရှင်းလင်းညွှန်ကြားခဲ့သည်များ၊ အတွင်းရေးမှူး (၂) ဒုတိယဗိုလ်ချုပ်ကြီး တင်ဦး(ကွယ်လွန်)၏မှာကြားချက်များ၊ နမ့်စန်လေဆိပ်၌ ဟိုမိန်းမှ ပြန်လည်ရောက်ရှိလာကြသည့် နယ်စပ်/စည်ပင်ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးမောင်သင့် (ကွယ်လွန်)နှင့် တိုင်းမှူးဗိုလ်ချုပ်တင်ထွဋ်တို့၏ မှာကြားချက်များ၊ လင်းခေးမှဟိုမိန်းသို့ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးသိန်းညွှန့် (ယခု သမ္မတရုံးဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ)လိုက်ပါ၍ ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာ သွားရောက်ခဲ့ကြသည်များကို မနေ့တစ်နေ့ကလို ပြန်လည်ကြားယောင်မြင်ယောင်မိပါသည်။

ဒုတိယအကြိမ်မြောက် တပ်မတော်လေယာဉ်ဖြင့် သွားရောက်ခဲ့သည့်ခရီးစဉ်မှာ ပြီးခဲ့သည့် ဇူလိုင်လ ၁၂ ရက်နေ့ကဖြစ်သည်။ ရခိုင်ပြည်နယ်အတွင်း သဘာဝရေဘေးဒဏ်တွေ့ကြုံခဲ့ကြရသော တိုင်းရင်းသားမိသားစုဝင်များအတွက် ဆန်အိတ်များ၊ စားသုံးဆီပီပါများ၊ စောင်နှင့်ခြင်ထောင်များ ပါဝင်သည့် ထောက်ပံ့ပစ္စည်းများကို နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်တင်အောင်ချစ် စီစဉ်ညွှန်ကြားကာ တပ်မတော်လေယာဉ်ဖြင့် စစ်တွေမြို့သို့ ပို့ဆောင်ပေးခဲ့ခြင်း ဖြစ်ပါသည်။ ထောက်ပံ့ပစ္စည်းများနှင့်အတူ စစ်တွေလေဆိပ်သို့ရောက်ရှိသောအခါ ဒေသကွပ်ကဲမှု စစ်ဌာနချုပ် (စစ်တွေ)မှ ဗိုလ်မှူးချုပ်ကျော်ရွှေကို တွေ့ဆုံနှုတ်ဆက်ပြီး ဟိုမိန်းတွင် အတူတကွ တာဝန်ထမ်းဆောင်ခဲ့သည်များကို သတိတရ ပြန်လည်ပြောဖြစ်ခဲ့ကြသည်။ ရခိုင်တိုင်းရင်းသား သွေးချင်းများအတွက် ထောက်ပံ့ပစ္စည်းများအား ဝိုင်းဝန်းကူညီပို့ဆောင်ပေးသည့် တပ်မတော်(လေ)မှ အုပ်မှူးကြီး ဒုတိယဗိုလ်မှူးကြီးကျော်စိုးမိုးနှင့် အရာရှိ၊ အရာခံ၊ အကြပ်၊တပ်သားများ၊ စစ်တွေလေဆိပ်မှ




**စစ်တွေလေဆိပ်သို့ တပ်မတော်လေယာဉ်ဖြင့်ရောက်ရှိလာသောရခိုင်ပြည်နယ်ရေဘေးဒဏ်ခံရသူများအတွက် ထောက်ပံ့ပစ္စည်းများကို တပ်မတော်သားများက ကူညီပို့ဆောင်ပေးစဉ်။**

စောင့်ကြို၍ လုပ်အားပေးထမ်းပိုးသယ်ယူပေးကြသော တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ထွေ/အုပ် ဝန်ထမ်းများအား ရခိုင်ပြည်နယ်သားများနှင့်အတူ ကျေးဇူးတင်မိပါသည်။

ရခိုင်ပြည်နယ်အတွင်း ရေဘေးကြောင့် ပျက်စီးဆုံးရှုံးမှုများ ပြန်လည်တည်ဆောက်ရေး ဗဟိုကော်မတီအစည်းအဝေးကို ဇူလိုင်လ ၁၃ ရက်နေ့ မွန်းလွဲ ၂ နာရီတွင် နိုင်ငံတော်

## မူလအခြေအနေသို့ ပြန်လည်ရောက်ရှိရန် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရေရှည်ကောင်းမွန်စေရန်အတွက် ဒီဇိုင်းပုံစံများ ရေးဆွဲဆောင်ရွက်

သမ္မတအိမ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်၍ အမှာစကားပြောကြားခဲ့သည်။

အစည်းအဝေးတွင် ဒုတိယသမ္မတက ရခိုင်ပြည်နယ်၌ပြီးခဲ့သည့် ဇွန်လအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ခရိုင်နှင့် မြို့နယ် ၁၄ မြို့နယ်အတွင်း ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့ပါကြောင်း၊ အဆိုပါဖြစ်စဉ်ကြောင့် လူခြောက်ဦး၊ တိရစ္ဆာန်အကောင်ရေ ၂၅၅၀ ကျော် သေဆုံးခဲ့ပြီး နေအိမ်အကြီး၊ အသေး ၅၉၂ လုံး၊ ဘုန်းတော်ကြီးကျောင်းငါးကျောင်း၊ စာသင်ကျောင်းနှစ်ကျောင်းနှင့် လမ်းပိုင်း ၂၄ ပိုင်း ပျက်စီးဆုံးရှုံးခဲ့ပါကြောင်း၊ ပြန်လည်တည်ဆောက်ရေးအတွက် ငွေကျပ် ၃ ဒသမ ၂၁၆ ဘီလီယံ ကုန်ကျမည်ဖြစ်ပါကြောင်း၊ လတ်တလောတွင် နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် ဆန်နှင့် အဝတ်အထည် တန်ဖိုးငွေကျပ် ၂၀ ဒသမ ၆ သန်းခန့်ကို ထောက်ပံ့ပေးပြီးဖြစ်ပါကြောင်း၊ အဆိုပါ ပျက်စီးဆုံးရှုံးမှုများကို မူလအခြေအနေသို့ ပြန်လည်ရောက်ရှိနိုင်ရန်အတွက် ရခိုင်ပြည်နယ်အတွင်း ရေဘေးကြောင့် ပျက်စီးဆုံးရှုံးမှုများ ပြန်လည်တည်ဆောက်ရေး ဗဟိုကော်မတီကို ဖွဲ့စည်းခဲ့ပြီး လုပ်ငန်းကော်မတီများဖွဲ့စည်း၍ တာဝန်ပေးအပ်ထားပြီးဖြစ်ပါကြောင်း၊ လုပ်ငန်းကော်မတီများအနေဖြင့် ပျက်စီးဆုံးရှုံးခဲ့သည့်ဒေသများတွင် အခြေပြုပြီး လိုအပ်ချက်များကို ဆောင်ရွက် ပေးကြရမည်ဖြစ်ပြီး မူလအခြေအနေသို့ အမြန်ဆုံးရောက်ရှိရန်နှင့် ခွင့်ပြုရန်ပုံငွေများကို စနစ်တကျ အသုံးပြုကြရန်ဖြစ်ကြောင်း။ ထိုကဲ့သို့ မူလအခြေအနေသို့ ပြန်လည်ရောက်ရှိရန် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရေရှည်ကောင်းမွန်စေရန်အတွက် ဒီဇိုင်းပုံစံများ ရေးဆွဲဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ လတ်တလောတွင် လိုအပ်သည်များ စီမံဆောင်ရွက်ပေးမှုနှင့်အတူ စားဝတ်နေရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်နေပါကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

စစ်တွေမြို့သို့ ပို့ဆောင်ပေးပြီးသော ထောက်ပံ့ပစ္စည်းများကို ဇူလိုင်လ ၁၂ ရက်နေ့၌ပင် နယ်စပ်ရေးရာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်/တာဝန်ခံညွှန်ကြားရေးမှူးချုပ် ဦးစံရွှေအောင်က ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးမောင်မောင်အုန်းထံ လွှဲပြောင်းပေးအပ်ခဲ့သည်။ ကျွန်တော်သည် စစ်တွေလေဆိပ်၌ ရခိုင်ပြည်နယ်ဘဏ္ဍာရေးဝန်ကြီး ဦးကျော်သိန်းအား သွားရောက်နှုတ်ဆက်ခဲ့သည်။ ဝန်ကြီးဦးကျော်သိန်း၏ ပြောပြချက်များအရ အဆိုပါရေကြီးရေလျှံမှုကို ဇွန်လအတွင်းမဟုတ်ဘဲ ဇူလိုင်လအတွင်း၌ တွေ့ကြုံခဲ့ပါမူ ဆန်စပါးစိုက်ပျိုးရေးလုပ်ငန်းများတွင် ပို၍ထိခိုက်ပျက်စီးနိုင်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် ရခိုင်ပြည်နယ်အတွင်း နေရာဒေသအတော်များများ၌ မိရိုးဖလာမျိုးစပါး ကြဲပက်စိုက်ပျိုးနည်းကို သုံးနေကြဆဲဖြစ်၍ ရေထဲသို့အားလုံး မျောပါသွားမည်ဖြစ်ကြောင်း၊ မိမိတို့ပြည်နယ်၌ ဆန်စပါးအထွက်တိုး စိုက်ပျိုးနည်းစနစ်များ ကျယ်ကျယ်ပြန့်ပြန့် လိုက်နာကျင့်သုံးဆောင်ရွက်ရေး၊ ရိတ်သိမ်းရာသီအမီ စနစ်တကျ ရိတ်သိမ်းနိုင်ကြစေရေး ပညာပေးကူညီဆောင်ရွက်သွားရန် လိုအပ်နေသေးကြောင်း သိရသည်။

ဘဏ္ဍာရေးဝန်ကြီး ဦးကျော်သိန်းသည် ရခိုင်ပြည်နယ်အစိုးရအဖွဲ့တွင် စိုက်ပျိုးရေးဝန်ကြီး တာဝန်ကိုပါ ထမ်းဆောင်ခဲ့ဖူးသည့် ပုဂ္ဂိုလ်ဖြစ်ပါသည်။ ကျွန်တော်စိတ်ဝင်စားသည့် ဖရုံကာကျွန်း၏ စိုက်ပျိုးရေး လုပ်ငန်းအခြေအနေများကို မေးမြန်းကြည့်ရင်း လွင်ပြင်သုံးခုပေါင်းစည်းထားသည့် ကျောက်တော်ဒေသမှ ပလက်ဝဒေသအထိ မြေဆီဩဇာကောင်းမွန်သော ကုလားတန်မြစ်ဝှမ်းလွင်ပြင်အခြေအနေ၊ ဘူးသီးတောင်/မောင်တောဒေသဘက်မှ စိုက်ပျိုးရေးအခြေအနေများကိုပါ လေ့လာသိရှိခွင့်ရခဲ့သည်။

ရခိုင်ပြည်နယ် စစ်တွေလေဆိပ်သို့ မရောက်မီ လေယာဉ်ပေါ်မှငုံ့၍ကြည့်ခဲ့ရာ ရေကြီးရေလျှံဘေးဒုက္ခများ၏ အကြွင်းအကျန်ပုံရိပ်များကို တွေ့ရဆဲ၊ မြစ်ချောင်းများအတွင်း၌ ပြည့်မောက်နေသည့် နီကျင်ကျင်ရေများ၊ လယ်ကွင်းများအတွင်း ဝင်ရောက်နေသော မြစ်ရေ၊ ချောင်းရေများကို တွေ့မြင်ရဆဲဖြစ်သည်။ သို့သော် ထပ်မံ၍ဒုက္ခပေးမည့် အရိပ်အယောင်မျိုးမဟုတ်တော့။ တည်ငြိမ်စပြုနေပြီဖြစ်သည်။ ထို့အတူ သဘာဝရေဘေးဒဏ်ကြုံတွေ့ခံစားခဲ့ကြရသော ရခိုင်တိုင်းရင်းသားသွေးချင်းများ၏ အပူမီးသည်လည်း မိဘသဖွယ် ကူညီစောင့်ရှောက်မှုပေးခဲ့သည့် နိုင်ငံတော်အစိုးရ၏ မေတ္တာစေတနာတို့ကြောင့် အကြွင်းအကျန်မရှိ ငြိမ်းအေးသွားလိမ့်မည်ဟု အလေးအနက် ယုံကြည်မိပါကြောင်း။

**မြင့်စိုး(နတလ)**

မြန်မာ့အလင်း
၁၇-၇-၂၀၁၅ (သောကြာနေ့)

**မန္တလေးတိုင်းဒေသကြီး**

# ရွာသစ်ကျေးရွာ ရွာအဝင် ရိုးကူးတံတားအား ကွန်ကရစ်တံတားအဖြစ် ကျပ်သိန်း ၇၀ အကုန်အကျခံကာ အသစ်ပြန်လည်တည်ဆောက်



စဉ့်ကိုင်မြို့နယ်အတွင်းရှိ ကျေးလက်နေပြည်သူများ၏ သွားလာမှုလွယ်ကူမြန်ဆန်စေရန်နှင့် ကျေးရွာထုတ်ကုန်များ စီးဆင်းမှုလျင်မြန်လွယ်ကူစေရန်အတွက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနသည် ကျေးလက်လမ်းများ အဆင့်မြှင့်တင်ခြင်းနှင့် ချောင်းကူး၊ မြောင်းကူးတံတားများ အသစ်ဆောက်လုပ်ခြင်းများ ဆောင်ရွက်လျက်ရှိရာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ်သိန်း ၇၀ ဖြင့် ရွာသစ်ကျေးရွာ ရွာအဝင် ရိုးကူးသစ်သားတံတားကို သံကူကွန်ကရစ်တံတားအဖြစ် အသစ်ပြန်လည် ဆောက်လုပ်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ရွာသစ်ကျေးရွာ ရွာအဝင်ရိုးကူးတံတားသည် မူလက သစ်သားတံတားအဖြစ် တည်ရှိသော်လည်း တံတားအသုံးပြုမှုများခြင်းနှင့် လယ်ယာထွက်ကုန်ပစ္စည်းများ အစဉ်အမြဲသယ်ယူနေသောကြောင့် တံတားမှာ မကြာခဏ ပြုပြင်နေရသဖြင့် ကျေးရွာလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရန်အတွက် အရှည်ပေ ၂၀၊ အကျယ် ၁၄ ပေနှင့် အမြင့်ရှစ်ပေရှိ သံကူကွန်ကရစ်တံတားအဖြစ် ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာန၏ ရန်ပုံငွေ ကျပ်သိန်း ၇၀ ဖြင့် ရွှေဝင်းစတားကုမ္ပဏီမှ တာဝန်ယူတည်ဆောက်ပေးနေခြင်းဖြစ်ကြောင်း သိရသည်။


အဆိုပါ တံတားသည် စွန်ရဲကျေးရွာအုပ်စုရှိ ကျေးရွာများမှ အိမ်ခြေ ၁၂၁၅ ရှိ လူဦးရေ ၅၈၀၀ ကျော်သည် နေ့စဉ် အသုံးပြုနေရမှုကို "ဒီတံတားကို ဖြတ်ပြီးမှ မြို့ပေါ်နဲ့ အခြားရွာတွေကိုသွားဖို့ ကားလမ်းကိုရောက်တာ၊ ဒီတံတားကမဖြတ်ရင် ရွာအပြင်ကို မရောက်သလောက်ဘဲ၊ နဂိုက သစ်သားတံတားဆိုတော့ ရွာကပဲ မကြာခဏ ပြင်နေရတာ၊ အခုလို သံကူကွန်ကရစ်တံတားအဖြစ် ဆောက်လိုက်တော့ နောင်လည်း မပြင်ရတော့ဘူး၊ ကြိုက်သလောက်တင်၊ ကြိုက်သလောက်သွားလို့ရသွားပြီ"ဟု ရွာသစ်ကျေးရွာသားတစ်ဦး၏ ပြောပြချက်အရ သိရသည်။

စဉ့်ကိုင်မြို့နယ်အတွင်း ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးကျေးလက်ဦးစီးဌာန၏ ဆောင်ရွက်နေမှုများကို "ဒီနှစ် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် မြို့နယ်အတွင်းမှာ အရှည် ၁၈/၀ ဒသမ ၂ မိုင်ရှိ ကျေးလက်လမ်း ၁၀ လမ်း၊ ဒီတံတားလို ကျေးလက်လမ်းတံတားသုံးစင်း၊ ရွာ ၁၂ ရွာမှာ သောက်သုံးရေ ရရှိရေးဆောင်ရွက်ပေးတယ်၊ နောက်ထပ် ရွာနှစ်ရွာကို ဆိုလာမီးအိမ် ၁၉၇ လုံး ဖြန့်ဝေပေးတယ်။ ကျေးရွာ သုံးရွာမှာ ကျေးလက်အိမ်ရာကိုးလုံး ဆောက်ပေးတယ်။ ဒီလုပ်ငန်းတွေအကုန်လုံးကို ဌာနက အချိန်မီပြီးစီးရေး ဆောင်ရွက်ပေးတယ်၊ အားလုံးကတင်ဒါအောင်တဲ့ ကုမ္ပဏီတွေက ဆောင်ရွက်နေတာပါ"ဟု မြို့နယ်ဦးစီးမှူး ဒေါ်ခင်မာစန်း၏ ပြောပြချက်အရ သိရသည်။

■ ထွန်းထွန်းနိုင်(ကျောက်ဆည်)

**မွန်ပြည်နယ်**

# လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး ကျေးလက်လမ်းလေးဖြစ်မြောက်ရန် မျှော်လင့်နေ



မွန်ပြည်နယ် သထုံမြို့နယ်၏ အောက်ကွင်းကျေးရွာများဖြစ်သည့် မရမ်းကုန်း၊ ဆိပ်ကျွန်း၊ ကတိုက်ကြီး၊ ကတိုက်ကလေး၊ ဓနုကတိုက်အစရှိသည့် ကျေးရွာများသည် ဆန်စပါးကို အဓိကထား စိုက်ပျိုးကြသည့် ပင်လယ်နှင့်နီးသော ဒေသများဖြစ်ပြီး ဒေသထွက်ကုန်များကို ဈေးကွက်သို့ အဆင်ပြေချောမွေ့စွာရောက်ရှိနိုင်ရေးအတွက် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ရန်မှာ အဓိကလိုအပ်ချက်ဖြစ်သည်။

ယင်းကျေးရွာများတွင် ငွေကျပ်သိန်း ၈၀၀၀ ကျော်ခန့် အကုန်အကျခံကာ ကိုယ့်အားကိုယ်ကိုးလျှပ်စစ်မီးကို ဇွန် ၉ ရက်က ဖွင့်လှစ်နိုင်ခဲ့သဖြင့် လျှပ်စစ်မီးရရှိနေပြီဖြစ်ရာ ကျေးရွာပြည်သူများ နေ့စဉ်လုပ်ငန်းဆောင်တာများ ဆောင်ရွက်ရာတွင် ယခင်ကထက် ပိုမိုအဆင်ပြေလာပြီဖြစ်သည်။ ထို့အပြင် ဆက်သွယ်ရေးတာဝါတိုင်များလည်း တည်ဆောက်ပြီးစီးနေပြီဖြစ်ရာ လူနေမှုအဆင့်အတန်းမြင့်မားလာသည်ဟု ဆိုရမည်ဖြစ်သော်လည်း လမ်းပန်းဆက်သွယ်ရေးမှာမူ သုဝဏ္ဏဝတီမြို့သို့ မိုးရာသီအတွင်းသွားလာရန်မှာ ခက်ခဲသဖြင့် လမ်းများ ကောင်းမွန်လာအောင် နိုင်ငံတော်မှ ခွင့်ပြုငွေဖြင့်ကတ္တရာလမ်းခင်းရန်အတွက် ကျေးရွာများ၏လမ်းတစ်လျှောက် လမ်းခင်းကျောက်များ စုပုံချထားသည်ကို တွေ့ရှိရသည်။

"ဒီလမ်းတွေကို လမ်းကောင်းအဖြစ် မြင်ချင်နေတာကြာပါပြီ။ လျှပ်စစ်မီးလည်းရပြီ၊ ဖုန်းလည်း ကောင်းကောင်းအသုံးပြုနိုင်ပြီ။ လမ်းကောင်းဖို့ပဲ လိုတော့တယ်။ လမ်းသာ မြန်မြန်ပြီးသွားရင် ကျွန်တော်တို့ဒေသ အတော်လေးအဆင်ပြေပြီပေါ့ဗျာ" ဟု ဒေသခံရွာသားတစ်ဦးက လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာရန် မျှော်လင့်ဆန္ဒကို ဖွင့်ဟပြောကြားသည်။

ခွန်(ဝင်းပ)



# အစေ့ထုတ်ပြောင်းမျိုးများ စိုက်ပျိုးဖြစ်ထွန်းမှု ကွင်းသရုပ်ပြပွဲကျင်းပ

မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဦးစီးမှူး၏ ဦးဆောင်မှုဖြင့် တောင်တွင်းကြီးမြို့နယ်တွင် မိုးအစေ့ထုတ်ပြောင်းမျိုးများကို ရေဆင်းသုတေသနနှင့်ပူးပေါင်း၍ ယှဉ်ပြိုင်စမ်းသပ်ကွက်များ အောင်မြင်ဖြစ်ထွန်းမှု ကွင်းသရုပ်ပြပွဲကို ချောင်းနက်အုပ်စု ကရင်စုကျေးရွာ ကွင်းအမှတ် (၂၇၂၉) တောင်သူ ဒေါ်သိန်းမြိုင်၏ ယာမြေ၌ ဇူလိုင် ၁၄ ရက်က ကျင်းပသည်။

အဆိုပါပြပွဲသို့ မြို့နယ်စိုက်ပျိုးရေး ညှိနှိုင်းမှုအဖွဲ့ခေါင်းဆောင် ဦးထွန်းမြင့်နှင့်အဖွဲ့ဝင်များ၊ ဒေသခံတောင်သူများနှင့် စိုက်ပျိုးရေးဝန်ထမ်းများ တက်ရောက်ကြပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ဝင်းဝင်းခိုင်က ဒေသနှင့်ကိုက်ညီပြီး အထွက်ကောင်း ဈေးကွက်ကောင်းသည့် အစေ့ထုတ်ပြောင်းမျိုးများ ရရှိပွားများခြင်းဖြင့် ဒေသခံတောင်သူများ ဖြစ်ထွန်းမည့် အခြေအနေများကို ပညာပေးဆွေးနွေးကာ လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**နိုင်ဝင်း**

**မကွေးတိုင်းဒေသကြီး**

# မိခင်နှင့် ငါးနှစ်အောက်ကလေး သေဆုံးမှုကျဆင်းရေး မြို့နယ်အဆင့်စီမံချက်ရေးဆွဲရေးဆွေးနွေး



မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်တွင် မိခင်နှင့်ငါးနှစ်အောက် ကလေးသေဆုံးမှုကျဆင်းရေးအတွက် အင်အားဖြည့်အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန် မြို့နယ်အဆင့်စီမံချက်ရေးဆွဲခြင်း အခမ်းအနားကို ဇူလိုင် ၁၄ ရက် နံနက် ၉ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ငွေသဲဖြူခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ အခမ်းနားသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန (ရုံးချုပ်) နေပြည်တော်မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာယဉ်သန္တာလွင်နှင့် ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ UNFPA မှ Assitamt Repre- sentative ဒေါက်တာလှလှအေး၊ MARE STOPES INTERNATIONAL (Myanmar) ဆိပ်ဖြူမြို့နယ် ရုံးတာဝန်ခံ ဒေါက်တာ ကြည်သာမင်းနှင့် ရုံးဝန်ထမ်းများ၊ ပခုက္ကူခရိုင်အုပ်ချုပ်ရေးမှူး ဦးကိုကိုလွင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာကျော်ကျော်နှင့် အခြေခံကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်ကူပြုအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ခဲ့သည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီးက ဆိပ်ဖြူမြို့သို့ လာရောက်ရခြင်း အကြောင်းအရင်းနှင့် မိခင်နှင့် ငါးနှစ်အောက်ကလေးများ သေဆုံးမှုလျော့ကျရေး အရှိန်အဟုန်မြှင့် လုပ်ငန်းစတင်ခြင်း ဆောင်ရွက်ရန်အတွက် အသေးစိတ်စီမံချက်ရေးဆွဲမည့် အစီအစဉ်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ အထွေထွေအုပ်ချုပ်ရေးဝန်ထမ်းများနှင့် ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ INGO များ၊ လူမှုရေးအသင်းအဖွဲ့ ရပ်မိရပ်ဖများက ကဏ္ဍအလိုက် ပူးပေါင်းပါဝင်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အသေးစိတ်ရှင်းလင်းပြောကြားခဲ့သည်။ ယင်းနောက် ပခုက္ကူခရိုင်အုပ်ချုပ်ရေးမှူး ဦးကိုကိုလွင်က ခရိုင်နှင့်မြို့နယ်၏ အခြေခံအချက်အလက်များ ပူးပေါင်းပါဝင် ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို တင်ပြခဲ့သည်။ ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဉာဏ်မျိုး က ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများအား ကျေးဇူးတင်စကားပြောကြားခဲ့ပြီး မြို့နယ်၏ အချက်အလက်များ စီမံချက်လုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကိုတင်ပြခဲ့သည်။ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုအဖွဲ့ ဥက္ကဋ္ဌ ဦးကြည်မောင်က မိခင်နှင့်ငါးနှစ်အောက် ကလေးများ သေဆုံးမှုလျော့ကျရေးအတွက် အောက်ခြေအဆင့်တွင် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်နှင့် မြို့နယ်အတွင်းတိုးချဲ့ဖွင့်လှစ်ရန် လိုအပ်သော တိုက်နယ်ဆေးရုံ၊ ကျေးလက်ကျန်းမာရေးဌာနနှင့်ဌာနခွဲများ အဆိုပြုလျာထားဆွေးနွေးခဲ့သည်။

ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် နံနက် ၁၀ နာရီခွဲတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မိခင်နှင့်ငါးနှစ်အောက် ကလေးသေဆုံးမှုလျော့ကျရေး မြို့နယ်အဆင့် အသေးစိတ်စီမံချက်ရေးဆွဲရေး အစီအစဉ်များကို ဆက်လက်ဆောင်ရွက်ခဲ့ရာ ဆိပ်ဖြူမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးမှူး ဒေါက်တာကျော်ကျော်က မြို့နယ်အခြေခံအချက်အလက်များ၊ မိခင်နှင့် ငါးနှစ်အောက်ကလေးသေဆုံးမှု အခြေအနေ၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ထားရှိမှု၊ မြို့နယ်၏ အားသာချက် အားနည်းချက်များကို တင်ပြခဲ့သည်။

ထို့နောက် တက်ရောက်လာသူများက မိခင်သေဆုံးရခြင်းအကြောင်းရင်း၊ ငါးနှစ်အောက် ကလေးသေဆုံးရခြင်း အကြောင်းရင်းဖော်ထုတ်ပြီး ပြဿနာအကြောင်းရင်း၊ ဦးစားပေးပြဿနာများဖော်ထုတ်ခြင်း တို့ကို အုပ်စုခြောက်စုဖွဲ့ပြီး ဆွေးနွေးတင်ပြခဲ့ကြသည်။

အဆိုပါဆွေးနွေးတင်ပြချက်များ မှ ရရှိလာသော သေဆုံးမှုပြဿနာများအပေါ် မူတည်ပြီး ဇူလိုင် ၁၇ ရက်တွင် မိခင်နှင့် ငါးနှစ်အောက် ကလေးသေဆုံးမှု လျော့ကျရေး မြို့နယ်အဆင့် အသေးစိတ်စီမံချက် ရေးဆွဲဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

**စိုးလင်းနိုင်** (IPRD)

မြန်မာ့အလင်း
၁၇-၇-၂၀၁၅ (သောကြာနေ့)

**ပဲခူးတိုင်းဒေသကြီး**

# ရေကြီးခြင်းဘေးအန္တရာယ်ကြောင့်ဆုံးရှုံးမှုလျော့ပါးရေး ကြိုတင်လေ့ကျင့်ပြင်ဆင်

**သဘာဝဘေးအန္တရာယ်ဆိုသည်မှာ ကြိုတင်သိမြင်နိုင်သော အရာမဟုတ်ပေ။ သို့သော်လည်း ဖြစ်ပေါ်လာသည့်အခါကြုံတွေ့ရမည့်အခက်အခဲများကို ဖြေရှင်းနိုင်ရန်အတွက် ကြိုတင်ပြင်ဆင်ခြင်း လေ့ကျင့်ဆောင်ရွက်ခြင်းများ ပြုလုပ်ထားပါက အလားတူဘေးအန္တရာယ်များ ကြုံတွေ့လာသည့်အခါ ဆုံးရှုံးရမည့်လူ့အသက်များ၊ ပျက်စီးရမည့် ပစ္စည်းဥစ္စာများအတွက် လျော့ပါးသက်သာစေမည်မှာ အမှန်ပင်ဖြစ်သည်။ ထို့အတွက် သဘာဝဘေးအန္တရာယ်တစ်ခုခုနှင့် ကြုံတွေ့လာပါက ရင်ဆိုင်ရမည့်အခက်အခဲများကို ကြိုတင်လေ့ကျင့်ပြင်ဆင်ထားခြင်းသည် အကောင်းဆုံးဖြစ်သည်။**

တောင်ငူမြို့နယ်တွင် သဘာဝဘေးအန္တရာယ်ကြောင့် ရေကြီးခြင်းဖြစ်ပေါ်လာပါက ထိခိုက်မှုလျော့နည်းစေရန် မဖြစ်ပွားမီနှင့် ဖြစ်ပွားစဉ်အတွင်း အန္တရာယ်များကို စနစ်တကျဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ ရေကြီးခြင်းဘေးအန္တရာယ်လျော့ပါးရေး သဏ္ဌာန်တူ သရုပ်ပြလေ့ကျင့်ခန်းပြုလုပ်ခြင်းကို တောင်ငူခရိုင် တောင်ငူမြို့ စစ်တောင်းမြစ် အရှေ့ဘက်ကမ်းရှိ မိုးကောင်းကျေးရွာ၌ ဇူလိုင် ၁၄ ရက် နံနက် ၉ နာရီက ပြုလုပ်ခဲ့သည်။

ထိုင်းနိုင်ငံအခြေစိုက် သဘာဝဘေးအန္တရာယ် ကာကွယ်ရေးလှုပ်ရှားမှုအဖွဲ့ (ADPC) Asian Disaster Preparedness Center အဖွဲ့နှင့်အတူ ရေဘေးအန္တရာယ်ကြုံတွေ့ချိန်တွင် ဖြစ်ပေါ်တတ်သော ထိခိုက်ဒဏ်ရာရသည့်လူနာ၊ မွေးဖွားမည့်ကိုယ်ဝန်ဆောင်သည်၊ ရေကြီးခြင်းကြောင့် ရေနစ်သူများကို ကယ်ဆယ်သည့်သဏ္ဌာန်၊ ရေဘေးကယ်ဆယ်ရေးစခန်းတွင် အစားအသောက်များစနစ်တကျ ကူညီပံ့ပိုးပေးသည့်ပုံ၊ စီမံခန့်ခွဲရေးနှင့်ကွပ်ကဲရေးရုံးများထားရှိပုံ၊ ရှာဖွေရေးနှင့်ကယ်ဆယ်ရေးအဖွဲ့များနေရာထားရှိပုံ၊ သတင်းနှင့်ပြန်ကြားရေးအဖွဲ့၊ လူမှုရေးအဖွဲ့များ၊ ရွှေးဦးသူနာပြုစုရေးနှင့်ကျန်းမာရေးအဖွဲ့၊ ကယ်ဆယ်ရေးပစ္စည်းထောက်ပံ့ရေးအဖွဲ့၊ ပတ်ဝန်းကျင်သန့်ရှင်းရေးအဖွဲ့ စသည့်အဖွဲ့များကို အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှဝန်ထမ်းများ၊ မီးသတ်ဌာနမှ ဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ ကြက်ခြေနီအသင်းများ၊ ပရဟိတအဖွဲ့များ၊ ဒေသခံပြည်သူများက ပါဝင်ကူညီဖွဲ့စည်းပြီး ကဏ္ဍအလိုက် သဏ္ဌာန်တူ သရုပ်ပြလေ့ကျင့်ခဲ့ကြသည်။

မိုးကောင်းကျေးရွာနေ ဦးလှဝင်းက "ကျွန်တော်တို့ဘက်အခြမ်းက အနိမ့်ပိုင်းဖြစ်နေတော့ စစ်တောင်းမြစ်ရေလျှံတာနဲ့ ရေကြီးတော့တာပဲ။ ဒီနှစ်တော့တာဝန်ရှိသူတွေက ရေမကြီးအောင် စနစ်တကျမြောင်းတွေ တူးဖော်တာတို့၊ ရေလွှဲတာတို့ပြုလုပ်ထားပါတယ်။ အခုလိုကြိုတင်ကာကွယ်ရေး အသိပညာပေးပြုလုပ်တာ ကျွန်တော်တို့အတွက် အလွန်ကောင်းပါတယ်။ ဖြစ်လာခဲ့ရင် ဘယ်လိုပြင်ဆင်ရမယ်ဆိုတာသိသွားတာပေါ့"ဟု ပြောကြားခဲ့သည်။

ယင်းနောက် တောင်ငူခရိုင် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ဦးစီးမှူး ဦးမျိုးမြင့်အောင်က "ကျွန်တော်တို့ဌာနအနေနှင့် ပြည်သူတွေကို ကြိုတင်ပြင်ဆင်ချိန်ရအောင် ကြိုတင်သတိပေးချက်အနေနဲ့ စစ်တောင်းမြစ်ရေ စိုးရိမ်ရေမှတ်မရောက်ခင် တစ်ပေကနေ သတိပေးချက်ထုတ်ပြန်တယ်၊ အုပ်ချုပ်ရေးရုံးတွေနဲ့ ဌာနဆိုင်ရာတွေကို အချိန်နဲ့တစ်ပြေးညီ စိုးရိမ်ရေမှတ်မရောက်ခင် ကြိုတင်ကယ်ဆယ်ရေးလုပ်ငန်းများပြုလုပ်နိုင်အောင် သတင်းအချက်အလက်များ ထုတ်ပြန်ပေးပါတယ်"ဟု ရှင်းပြခဲ့သည်။



ထိခိုက်ဒဏ်ရာရလူနာအား ကုသပုံလေ့ကျင့်မှု။



ဘေးအန္တရာယ်မှ ရှောင်တိမ်းပုံလေ့ကျင့်မှု။

အဆိုပါ သဏ္ဌာန်တူ သရုပ်ပြလေ့ကျင့်ခန်းပြုလုပ်ပြီး မွန်းလွဲ ၁၂ နာရီခွဲတွင် တောင်ငူခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်သက်နှင့် တာဝန်ရှိသူများက ရေဘေးအန္တရာယ်ဆိုင်ရာ သိကောင်းစရာများကို ဆွေးနွေးဟောပြောခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေခြင်းများ ပြုလုပ်ခဲ့သည်။

ဤကဲ့သို့ သဘာဝဘေးအန္တရာယ် ကြုံလာနိုင်မှုအပေါ် ကြိုတင်လေ့ကျင့်ပြင်ဆင်ထားခြင်း၊ အသိပညာများသိရှိထားခြင်းကြောင့် ပျက်စီးဆုံးရှုံးမည့် ဆိုးကျိုးများ သက်သာစေမည်ဖြစ်ပေသည်။

**သူရ(တောင်ငူ)**

---

**ကယားပြည်နယ်**

## မိခင်သေနှုန်း၊ ကလေးသေနှုန်းလျှော့ချရေးနှင့် စီမံခန့်ခွဲရေးအတွက်သင်တန်းပို့ချ

ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာနနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့၏ ညွှန်ကြားချက်နှင့်အညီ ကယားပြည်နယ်အတွင်း မိခင်သေနှုန်း၊ ကလေးသေနှုန်းလျှော့ချရေးနှင့် စီမံခန့်ခွဲရေးသင်တန်းကို JICA အကူအညီဖြင့် လွိုင်ကော်ပြည်သူ့ဆေးရုံကြီး၌ သင်တန်းပို့ချခဲ့သည်။

"ကယားပြည်နယ်အတွင်းမှာရှိတဲ့ မွေးကင်းစကလေးတွေ သေဆုံးမှုလျော့နည်းအောင် ဘယ်လိုစောက်ရှောက်ရမယ်၊ မွေးခါစမှာ အသက်ရှူရတာ ခက်ခဲတာတို့ (သို့မဟုတ်) မွေးတာနဲ့ပတ်သက်ပြီး ပြဿနာတွေဖြစ်လာခဲ့ရင် ဘယ်လိုပြုစုရမယ် ဆိုတဲ့ရည်ရွယ်ချက်နဲ့ သင်တန်းပို့ချရခြင်းဖြစ်ပါတယ်။ ဆရာဝန်တွေ၊ ဆရာမတွေ၊ ကျန်းမာရေးဝန်ထမ်းတွေဟာ ပြည်သူတွေနဲ့ဆက်ဆံတဲ့အခါ အခက်အခဲအများကြီးရှိတဲ့အတွက် ဒီပြဿနာတွေကိုဖြေရှင်းနိုင်ဖို့ စီမံခန့်ခွဲမှုသင်တန်းကိုထည့်သွင်းရခြင်းဖြစ်ပါတယ်"ဟု ပြည်နယ်ကုသရေးဦးစီးဌာနမှူး (ပြည်သူ့ဆေးရုံအုပ်ကြီး) ဒေါက်တာရန်နိုင်မောင်ကပြောသည်။

အဆိုပါသင်တန်းကို CefeInternational အဖွဲ့အစည်းမှ ဒေါက်တာမူမူဝင်းက ပို့ချပေးပြီးသင်တန်းကို ဇူလိုင် ၁၂ရက်မှ ၁၅ရက်အထိ ပို့ချပေးခဲ့ကြောင်း သိရသည်။

**ရဲနောင်(လွိုင်ကော်)**

# စောင့်ကြည့်ရဦးမည့် မန်ယူ



ဝေမိုးဆက်

**မန်ယူကို တိုရီနိုက အီတလီခံစစ်မှူး မတ်တီယိုဒါမီယန်ရောက်တယ်။ အဲဒီအရင် အိုင့်ဟိုဗင်က ဟော်လန်ကစားသမား ဒီပေးကို ခေါ်ထားတယ်။ နောက်ပြီး ဂျာမနီက ဘိုင်ယန်မြူးနစ်ကွင်းလယ်ကစားသမား ရှဝေါင်းစတိန်ဂါလည်း အိုးလ်ထရက်ဒ်ဖို့ဒ်ကို ထပ်ရောက်ဖို့ရှိတယ်။ အဲဒီမှာ ဒီပေးအတွက် ပေါင် ၂၄ သန်းကျော်။ မတ်တီယိုဒါမီယန်အတွက် ပေါင် ၁၂ ဒသမ ၇ သန်းဖြစ်ပြီး စတိုင်ဂါအတွက် ပေါင် ၁၅ သန်းဝန်းကျင်ဆိုတော့။ ပေါင်သန်း ၅၀ ကျော်နဲ့ ကစားသမားသစ်သုံးဦး။ ပြီးတော့ မန်ယူအကြောင်း။ အဲဒါက စိတ်ဝင်တစား စောင့်စားမျှော်လင့်စရာကိစ္စရပ်တစ်ခုလို ဖြစ်လာတယ်။**

အထူးသဖြင့် ပြီးခဲ့တဲ့ဘောလုံးရာသီမှာ မန်ယူဟာ အသင်းရဲ့ပစ်မှတ်ဖြစ်တဲ့ ချန်ပီယံလိဂ်ဝင်ခွင့်ကို အရယူနိုင်သော်ငြား ပရိသတ်နှစ်သက်ကျေနပ်လောက်တဲ့ အတိုင်းအတာအထိမရောက်ဘူး။ ခံစစ်ဖရိုဖရဲဖြစ်မှုတွေနဲ့ တစ်ရာသီလုံး







ယိမ်းယိမ်းလှုပ်လှုပ်ဖြစ်တယ်။ တိုက်စစ်ဂိုးပေါက်ပျောက်ဆုံးမှုတွေနဲ့ မရှုံးသင့်တဲ့ ပွဲတွေမှာပါ ရှုံးတယ်။ တချို့ကဆိုရင် ယမန်နှစ်က မန်ယူအဆင့် ၄ အတွင်း ဝင်ခြင်းဟာ စပါး၊ လီဗာပူးတို့ လိုတာထက်ပိုပျက်မှု အဓိကကျကျအခြေခံပါတယ်လို့ အကောက်အယူလုပ်ကြတယ်။

ပြောမယ်ဆိုရင်ပေါ့။ မနှစ်ကရာသီမှာ ခြောက်ပွဲဆက်တိုက် အနိုင်ရလဒ်ဆိုတာထက်တောင် ဆက်တိုက်အနိုင်ရမှုကို မဖော်ဆောင်နိုင်မှုနဲ့ အဆင့်တစ်ခုကို ခြောက်ပွဲဆက်တိုက် ပိုဆုပ်ကိုင်မထားနိုင်ဘဲ အတက်အဆင်းကြမ်းမှု။ ပြိုင်ဘက် ၁၉ သင်းအနက် နှစ်ကျော့စလုံးအနိုင်ရအောင် ကစားနိုင်တဲ့အသင်းဆိုလို့ ကျူပီအာ၊ နယူးကာဆယ်၊ လီဗာပူး၊ ပဲလေ့စ် လေးသင်းတည်းရှိမှုဆိုတဲ့ မန်ယူရဲ့အခြေအနေနဲ့ အဲဒီလိုအခြေအနေကြားက ချန်ပီယံလိဂ်ဝင်ခွင့်ရခဲ့မှုဟာ ဆိုခဲ့ပြီးတဲ့အတိုင်း စပါး၊ လီဗာပူးတို့လို အဓိကပြိုင်ဘက်တွေကို လိုတာထက်ပိုပျက်မှုက အခြေပိုကျတာ ထင်ရှားတယ်ဆိုတော့။ ရာသီသစ်မှာ ပြိုင်ဆိုင်မှုလေထု ပိုသိပ်သည်းမယ့်အခြေအနေမှာ လက်ရှိဆိုခဲ့တဲ့ အားဖြည့်မှုတွေဟာ မန်ယူအတွက် တကယ်ပဲလုံလောက်ပြီလားဆိုတာက အဓိကကျတဲ့မေးခွန်းတစ်ရပ်လိုဖြစ်လာတယ်။

အထူးသဖြင့် ရာသီသစ်ရဲ့ပြိုင်ဆိုင်မှုအခြေအနေမှာ လီဗာပူးက ထိထိမိမိအားဖြည့်ထားတယ်။ ချယ်လ်ဆီးကလည်း မော်ရင်ညိုလက်ထက် တတိယရာသီဖြစ်မှုနဲ့အတူ တည်ငြိမ်မှုပိုရှိမယ်။ အာဆင်နယ်၊ မန်စီးတီးကလည်း ရည်ရွယ်ချက်ကိုအခြေခံတဲ့ အားစိုက်မှုတွေရှိမယ်ဆိုတော့။ တချို့ကတော့ မန်ယူရဲ့လက်ရှိဖြည့်တင်းမှုဟာ လုံလောက်မှုမရှိသေးဘူးလို့ ကောက်ချက်ဆွဲကြတယ်။ လက်သင့်ခံယုံကြည်ကြတယ်။

ပြောရရင် ရာသီသစ်ဟာ ဗန်ဟားလ်အတွက် ပန်းခင်းတဲ့လမ်းလုံးဝ မဟုတ်ဘူး။ ပြောပြီးသလို ရာသီဝက်မှာ ဗန်ဟားလ်ဟာ ပြိုင်ဘက်တွေရဲ့ အပြိုင်အဆိုင် ပိုမိုဖွံ့ထွားမှုနဲ့ရင်ဆိုင်ရမယ်။ ပြီးတော့ မနှစ်က တည်ငြိမ်မှုမဲ့ခဲ့ခြင်းရဲ့ဖိအား။ မနှစ်ကသုံးခဲ့တဲ့ ငွေကြေးပမာဏရဲ့ ဝန်ထုပ်ဝန်ပိုးဆိုတာတွေအရ ရာသီသစ်ဟာ ဗန်ဟားလ် အတွက် အတိမ်းအစောင်းလုံးဝမခံဘူးလို့ အကောက် အယူလုပ်ကြသလို အဲဒီအခြေအနေမှာ နေရာခိုင်မာဖို့ အနာဂတ်တည်ငြိမ်ဖို့အတွက် မန်ယူ မနှစ်ကထက် ပိုအောင်မြင်ဖို့လိုသလို အဲဒီအတွက် ထပ်ဆင့်ဖြည့်တင်းဖို့လည်း လိုပါတယ်လို့ ကျွမ်းကျင်သူတိုင်းက

> **မနှစ်ကလည်း ဗန်ဟားလ်ဟာ ပေါင်သန်း ၁၅၀ လောက်သုံးတယ်။ အဲဒီကြားကမှ မအောင်မြင်ဘူး။ အခုလည်း တိုက်စစ်နဲ့ ခံစစ်ကို ထပ်ဖြည့်ရင် ပေါင်သန်း ၁၀၀ကျော်ကုန်ဦးမယ်။ ဒီတော့ အဲဒီလိုကြားကမှ တစ်စုံတစ်ရာတိမ်းစောင်းခဲ့ရင်····**

လက်သင့်ခံယုံကြည်ကြတယ်။

အထူးသဖြင့် လက်ရှိမှာ ဗန်ပါစီက အသင်းကနေ ထွက်ခွာဖို့ရှိတယ်။ ဒီတော့ အသင်းမှာ တိုက်စစ်မှူးစစ်စစ်အဖြစ် ရွန်းနေနဲ့ ရီးရဲကနေပြန်ပြီးရောက်လာတဲ့ ဟာနန်ဒက်ဇ်ပဲကျန်မယ်။ ဖယ်ကာအိုကလည်း မရှိတော့ဘူးဆိုတော့ ဒီပေး၊ မတ်တီယို ဒါမီယန်၊ ရှဝေါင်းစတိုင်ဂါတို့ ပြီးနောက် မန်ယူအတွက် တိုက်စစ်မှူးကောင်းတစ်ဦး လိုကိုလိုတယ်လို့ အားလုံးက ကောက်ချက်ဆွဲကြတယ်။ လက်ခံကြတယ်။

ပြောရရင် မနှစ်က မန်ယူဟာ ပရီမီယာလိဂ် ဂိုး ၆၂ဂိုးသာရတယ်။ အဲဒါဟာ ချန်ပီယံလိဂ်ဝင်ခွင့်ရ လေးသင်းထဲမှာ အနိမ့်ဆုံးဂိုးသွင်းနှုန်းပဲ။ ပြီးတော့ အဲဒီ ၆၂ ဂိုးထဲမှာ တိုက်စစ်မှူးတွေသွင်းတဲ့ဂိုးက ၂၆ ဂိုးပဲရှိတယ်။ အဲဒီအထဲမှာ ဂိုးသွင်းနှုန်း အကောင်းဆုံးတိုက်စစ်မှူးဆိုလို့ ရွန်းနေတောင် ၁၂ ဂိုးပဲသွင်းနိုင်တယ်။ ပွဲအရေအတွက်အရလည်း တိုက်စစ်မှူးတွေ ဂိုးဝင်သွင်းတဲ့ပွဲက ၃၆ ပွဲမှာ ၁၈ ပွဲသာရှိတာဆိုတော့ ပြောပြီးသလို မန်ယူအတွက် အဆုံးသတ်အားကောင်းတဲ့ တိုက်စစ်မှူးကောင်းတစ်ဦး လိုကိုလိုတယ်။ ပြီးတော့ ခံစစ်။ အဲဒီအချက်ဟာလည်း ရာသီသစ်မှာ ဗန်ဟားလ်လျစ်လျူရှုမထားသင့်တဲ့အရာတစ်ခုရယ်လို့ ထောက်ပြကြတယ်။

အထူးသဖြင့် ပြီးခဲ့တဲ့ဘောလုံးရာသီမှာ မန်ယူဟာ ၃၇ ဂိုးပေးရတယ်။ အဲဒီနှုန်းကို ချယ်လ်ဆီးက ၃၂ ဂိုးပေးရ မှု၊ မန်စီးက ၃၈ ဂိုးပေးရမှု၊ အာဆင်နယ်က ၃၆ ဂိုးပေးရမှုနဲ့နှိုင်းယှဉ်ရင် ကွာဟမှုမရှိဘူးလို့ ဆိုနိုင်သော်ငြား ၃၈ ပွဲမှာ ၁၁ ပွဲသာ ဂိုးမပေးရအောင် ထိန်းချုပ်နိုင်ခဲ့မှု လက်စတာလိုအသင်းကိုတောင် ငါးဂိုးပေးခဲ့ရမှု၊ အဲဗာန်ကို သုံးဂိုးပြတ်ရှုံး နိမ့်မှုတွေအရ မန်ယူခံစစ်ရဲ့ ယိုကွက်၊ ဟာကွက်က ကြီးတယ်ဆိုတာမြင်သာသလို အဲဒါဟာ ပြီးခဲ့တဲ့ရာသီမှာ ဗဟိုခံစစ်ပိုင်းကို လျစ်လျူရှုခဲ့တဲ့ဗန်ဟားလ်ရဲ့ လိုအပ်ချက်ကြောင့်လို့ဆိုတာကလည်း ရှင်းတယ်။

ပြောမယ်ဆိုရင် ပြီးခဲ့တဲ့ရာသီမှာ ဗန်ဟားလ်ဟာ ဗီဒစ်၊ ဖာဒီနန်တို့အထွက်မှာ ဗဟိုခံစစ်ကို အားဖြည့်မှုလုံးဝမလုပ်ဘူး။ အခုလည်း တိုရီနိုခံစစ်မှူး မတ်တီယိုဒါမီယန်ကိုခေါ်ခဲ့တယ်ဆိုပေမယ့် သူက တောင်ပံခံစစ်မှူး၊ ဗဟိုခံစစ်အတွက် အားဖြည့်မှုက လုံးလုံးမရှိသေးတော့ မန်ယူအိတ်ပေါက်နဲ့ဖားကောက်ဖို့မှာ ဗဟိုခံစစ်မှူးကောင်းတစ်ဦးတော့ လိုပါသေးတယ်လို့ အကောက်အယူလုပ်ကြတယ်။ လက်သင့်ခံကြတယ်ဆိုတော့ ဒီပေး၊ ဒါမီယန်၊ ရှဝေါင်းစတိုင်ဂါတို့ကို ခေါ်ယူနိုင်ရုံနဲ့ မန်ယူကို ပြည့်စုံပြီလို့ဆိုနိုင်ပဲ့မလား။

တကယ်တော့။ အဲဒါဟာ ဗန်ဟားလ်ကိုဖိအားပိုတိုးစေမယ့် အခြေအနေရယ်လို့လည်း တချို့ကဆိုတယ်။ ပြောရရင် မနှစ်ကလည်း ဗန်ဟားလ်ဟာ ပေါင်သန်း ၁၅၀လောက်သုံးတယ်။ အဲဒီကြားကမှ မအောင်မြင်ဘူး။ အခုလည်း တိုက်စစ်နဲ့ခံစစ်ကိုထပ်ဖြည့်ရင် ပေါင်သန်း ၁၀၀ ကျော်ကုန်ဦးမယ်။ ဒီတော့ အဲဒီလိုကြားကမှ တစ်စုံတစ်ရာတိမ်းစောင်းခဲ့ရင် မန်ယူရဲ့အခြေအနေက စိတ်ဝင်စားဖို့ကောင်းသထက် ကောင်းလာတယ်လို့သာ ပြောချင်မိပါတယ်။ ။

# ဒဏ်ရာပြဿနာများကို ကျော်လွှန်နိုင်ခဲ့ပြီဟု မန်ယူကစားသမားသစ် ရှဝေါင်းစတိုင်ဂါ ပြောဆို

မန်ယူအသင်း ကွင်းလယ်ကစားသမားသစ် ရှဝေါင်းစတိုင်ဂါက သူ၏ဒဏ်ရာရရှိမှုပြဿနာများသည် အတိတ်တွင်ကျန်ရစ်ခဲ့ပြီဖြစ်ပြီး ဒဏ်ရာ ပြဿနာများသည် မိမိ၏ မန်ယူကစားသမားဘဝကို အတားအဆီးဖြစ်စေလိမ့်မည်မဟုတ်ကြောင်း ထုတ်ဖော်ပြောဆိုလိုက်သည်။

ဂျာမနီအသင်းကပ္ပတိန် ရှဝေါင်စတိုင်ဂါ(၃၀နှစ်)သည် ပြီးခဲ့သည့် တနင်္လာနေ့တွင် ဘိုင်ယန်မြူးနစ်မှ မန်ယူသို့ပြောင်းရွှေ့ကြေး ပေါင် ၁၄ ဒသမ ၅ သန်း ဖြင့်ပြောင်းရွှေ့လာကာ သုံးနှစ်သက်တမ်းရှိစာချုပ် ချုပ်ဆိုခဲ့သူဖြစ်သည်။ ကွင်းလယ်ကစားသမား ရှဝေါင်းစတိုင်ဂါသည် ပြီးခဲ့သည့်ဘောလုံးရာသီတွင် ကြံ့ခိုင်မှု အပြည့်အဝရရှိရန် ရုန်းကန်ခဲ့ရခြင်းကြောင့် ဘိုင်ယန်မြူးနစ်အသင်းအတွက် ဘွန်ဒက်စ်လီဂါပွဲပေါင်း ၁၅ ပွဲသာ ပွဲထွက်ကစားသမားအဖြစ် ပါဝင်ကစားပေးနိုင်ခဲ့သူဖြစ်သည်။ ထို့ကြောင့် ရှဝေါင်းစတိုင်ဂါသည် မန်ယူသို့ ပြောင်းရွှေ့လာပြီးနောက် ကြံ့ခိုင်မှုအပြည့်အဝရရှိရန် ရုန်းကန်နေရလိမ့်မည်ဟု ထင်ကြေးပေးမှုများ ထွက်ပေါ်ခဲ့သည်။




"ကျွန်တော်ဟာ ခက်ခဲတဲ့ ကမ္ဘာ့ဖလား ပြိုင်ပွဲကို ဖြတ်ကျော်ခဲ့ရပြီး ပြီးခဲ့တဲ့နှစ် အောက်တိုဘာလကုန်ပိုင်းအထိ ဒဏ်ရာ ပြဿနာနဲ့ ရင်ဆိုင်ခဲ့ရပါတယ်။ အဲဒီနောက်ပိုင်းမှာ ဒဏ်ရာပြဿနာမရှိဘဲ ဘိုင်ယန်အတွက် ကစားပေးနိုင်ခဲ့တယ်။ လက်ရှိအချိန်မှာ ကျွန်တော့်ရဲ့ ကြံ့ခိုင်မှုအနေအထားက ကောင်းမွန်နေပါတယ်။ မန်ယူအတွက် အကောင်းဆုံး ပေးစွမ်းသွားနိုင်ဖို့ မျှော်လင့်ထားတယ်"ဟု ရှဝေါင်းစတိုင်ဂါက ပြောသွားသည်။

ဘိုင်ယန်မြူးနစ် အသင်းနှင့်အတူ ဘွန်ဒက်စ်လီဂါချန်ပီယံဆုဖလား ရှစ်ကြိမ်၊ ချန်ပီယံလိဂ်ဆုဖလား တစ်ကြိမ်အပါအဝင် ဆုဖလားပေါင်း ၂၂ လုံး ရရှိခဲ့သူ ရှဝေါင်းစတိုင်ဂါက မန်ယူသည်လည်း အောင်မြင်မှုရယူလိုသည့် စိတ်ဓာတ်ရှိသော အသင်းဖြစ်ကြောင်း ဆက်လက်ပြောဆိုခဲ့သည်။

"မန်ယူဟာ အောင်မြင်မှုအစဉ်အလာရှိတဲ့အသင်းပါ။ ဒါက ကျွန်တော်လိုချင်တဲ့ အချက်ပါပဲ။ ကျွန်တော်နဲ့ မန်ယူအသင်းမှာ တူညီတဲ့ အယူအဆရှိပါတယ်။ မန်ယူဟာ အရည်အချင်းရှိတဲ့ အသင်းတစ်သင်းဖြစ်ပြီး လာမယ့်ဘောလုံး ရာသီမှာ အောင်မြင်မှုတွေ ရရှိနိုင်ပါတယ်။ မန်ယူမှာကစားဖို့က ကျွန်တော့်ရဲ့ အိပ်မက်တွေထဲက တစ်ခုပါ။ အရင်က အိုးလ်ထရက်ဖို့ဒ်ကွင်းမှာ ကျွန်တော် နှစ်ကြိမ်လာရောက်ကစားဖူးပါတယ်"ဟု ရှဝေါင်းစတိုင်ဂါက ပြောသွားသည်။ **အောင်က**

မြန်မာ့အလင်း
၁၇-၇-၂၀၁၅ (သောကြာနေ့)

# ရီရဲမက်ဒရစ်နဲ့ သမိုင်းဝင် ရာသီစုံပြီးနောက် ကာဆီးလက်စ်ရဲ့ ပေါ်တိုခရီးကြမ်း

‖ အောင်က ‖

စပိန်ရဲ့ အကောင်းဆုံး၊ အထူးချွန်ဆုံးနဲ့ အပြောင်မြောက်ဆုံးဂိုးသမား ကာဆီးလက်စ်ရဲ့ ရီးရဲမက်ဒရစ်အသင်းနဲ့ကစားခဲ့တဲ့ ၁၆ နှစ်ကြာကာလဟာ ပြီးဆုံးသွားပြီး ယခုအခါမှာတော့ ပေါ်တူဂီကလပ် ပေါ်တိုအသင်းကို ပြောင်းရွှေ့သွားခဲ့ပြီဖြစ်ပါတယ်။ လက်ရှိအချိန်မှာ အသက် ၃၄ နှစ်သာရှိနေသေးတဲ့ ကားဆီးလက်စ်ဟာ ရီးရဲမက်ဒရစ်အသင်းနဲ့အတူ ဆုဖလားပေါင်း ၁၈လုံးရယူထားသလို စပိန်လက်ရွေးစင်အသင်းနဲ့လည်း ကမ္ဘာ့ဖလားတစ်ကြိမ်နဲ့ ဥရောပဖလား နှစ်ကြိမ်ရယူထားနိုင်ခဲ့တဲ့သူလည်း ဖြစ်ပါတယ်။

ကာဆီးလက်စ်ဟာ ရီးရဲမက်ဒရစ်အသင်းရဲ့ လူငယ်အကယ်ဒမီကျောင်းကို စတင်ရောက်ရှိခဲ့တာဖြစ်ပြီး အသက် ၁၆ နှစ်အရွယ်မှာတော့ ရီးရဲမက်ဒရစ်အသင်းကြီးမှာ စတင်ကစားခဲ့ခွင့်ရရှိခဲ့တဲ့ ကစားသမားလည်း ဖြစ်ပါတယ်။ ကာဆီးလက်စ် ပထမဦးဆုံးပါဝင်ခဲ့တဲ့ပွဲကတော့ ရိုဆင်ဘော့နဲ့ ကစားခဲ့တဲ့ ချန်ပီယံလိဂ်ပြိုင်ပွဲ ဖြစ်ပါတယ်။ ဒ့ါအပြင် ၂၀၀၀ ပြည့်နှစ်မှာ ရီးရဲမက်ဒရစ်အသင်းနဲ့ ဗလင်စီယာအသင်းတို့ကစားခဲ့တဲ့ ချန်ပီယံလိဂ်နောက်ဆုံးဗိုလ်လုပွဲမှာလည်း ပွဲထွက်ဂိုးသမားအဖြစ် စတင်ပါဝင်ကစားခွင့်ရရှိခဲ့ပါတယ်။ အဲဒီအချိန်က ကာဆီးလက်စ်ရဲ့ အသက်ဟာ ၁၉ နှစ်နဲ့ ၄ ရက်သာ ရှိနေသေးတဲ့အတွက် ချန်ပီယံလိဂ်သမိုင်းမှာတော့ အသက်အငယ်ဆုံး ဂိုးသမားအဖြစ် စံချိန်ဝင်သွားခဲ့ပါတယ်။

ကာဆီးလက်စ်ဟာ ၁၉၉၉ ခုနှစ်ကနေ ၂၀၁၂ ခုနှစ်လောက်အထိ တစ်ရာသီမှာ ပျမ်းမျှအားဖြင့် ၄၈ ပွဲလောက်ပါဝင်ကစားခဲ့ရတဲ့ ဂိုးသမားတစ်ဦးအဖြစ် ရပ်တည်နေခဲ့ပါတယ်။ ဒါကြောင့်လည်း ရီးရဲမက်ဒရစ်အသင်းမှာ ကစားခဲ့တဲ့ ၁၆ နှစ် အကြာကာလမှာ ပွဲပေါင်း ၇၂၅ ပွဲ ကစားခွင့် ရရှိခဲ့တာလည်း ဖြစ်ပါတယ်။ ဒါကြောင့်လည်း ရီးရဲမက်ဒရစ်ဘောလုံးသမိုင်းမှာတော့ ကာဆီးလက်စ်ဟာဒုတိယပွဲအများဆုံး ကစားခဲ့တဲ့ကစားသမားအဖြစ် ရပ်တည်နေတာလည်း ဖြစ်ပါတယ်။ ပထမဦးဆုံးကစားသမားအဖြစ် ရှိနေသူကတော့ ရာအူးလ်ဖြစ်ပြီး ပွဲပေါင်း ၇၄၁ ပွဲ ကစားထားသူလည်း ဖြစ်ပါတယ်။

ဒါပေမယ့် ကာဆီးလက်စ် ဂိုးသမားဘဝကို တစ်ဆစ်ချိုးပြောင်းလဲစေခဲ့တာကတော့ ရီးရဲမက်ဒရစ်အသင်းကို နည်းပြသစ်အဖြစ် မော်ရင်ညိုရောက်ရှိခဲ့ပြီးနောက်ပိုင်းလို့ ပြောရမှာပါ။ နည်းပြမော်ရင်ညိုဟာ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီ ဈေးကွက်မှာ ဆီဗီလာအသင်းရဲ့ ဂိုးသမား ဒီယေဂို လိုပက်စ်ကို ခေါ်ယူခဲ့ပြီး ကာဆီးလက်စ်ကို အရန်ခုံပေါ်ကို ပို့ခဲ့ပါတယ်။ အဲဒီလို ဆုံးဖြတ်ခဲ့ခြင်းနဲ့ ပတ်သက်ပြီးလည်း မော်ရင်ညိုကိုယ်တိုင်က "ကျွန်တော်ကို ကာဆီးလက်စ်နဲ့ဒီယေဂိုလိုပက်တို့ နှစ်ဦးထဲက ဘယ်ကစားသမားကို ပိုကြိုက်လဲလို့ မေးမယ်ဆိုရင်တော့ ကျွန်တော်ကတော့ လိုပက်ဇ်ကို ပိုနှစ်သက်တယ်လို ရိုးရိုးလေးပဲ ပြောရမှာပါ"လို့လည်း ပြောဆိုခဲ့ပါသေးတယ်။

ဒ့ါအပြင် မော်ရင်ညိုအနေနဲ့ ကာဆီးလက်စ်ကို မနှစ်သက်ရတဲ့ အဓိကအကြောင်းအချက်ကတော့ ဘာစီလိုနာကပ္ပတိန် ဇာဗီနဲ့အလွန်ကို ရင်းနှီးမှုရှိတာက တစ်ကြောင်းနဲ့၊ ကာဆီးလက်စ်ရဲ့ ချစ်သူဖြစ်တဲ့ တီဗွီတင်ဆက်သူကာဘို နီရိုဆီကို အသင်းရဲ့ အဝတ်လဲခန်းနဲ့ ပတ်သက်တဲ့ကိစ္စတွေ ပေါက်ကြားမှု ရှိတဲ့ဆိုတဲ့ အကြောင်းတွေကြောင့် လို့ဆိုပါတယ်။ ဒါတွေကြောင့်လည်း ရီးရဲမက်ဒရစ်အသင်းကို မော်ရင်ညို ကိုင်တွယ်နေစဉ်မှာတော့ ကာဆီးလက်စ်ရဲ့ အကောင်းဆုံးအချိန်တွေ ကွယ်ပျောက်ခဲ့ရတယ်လို့ ဆိုရမှာပါ။

ဒါပေမယ့် ကာဆီးလက်စ်ဟာ စိတ်ဓာတ်မကျဘဲ အသင်းမှာအကောင်းဆုံးလေ့ကျင့်ခန်းတွေ လုပ်ရင်းနဲ့ အသင်းမှာပဲ အကောင်းဆုံးဆက် လက်ရှိနေခဲ့ပါတယ်။ ရီးရဲမက်ဒရစ်အသင်းကနေ မော်ရင်ညိုထွက်ခွာသွားခဲ့ပြီး အန်ဆယ်လော့တီအသင်းကို ကိုယ်တွယ်ချိန်မှာလည်း ကာဆီးလက်စ်ဟာ စပိန်လီဂါမှာ ပါဝင်ပွဲထွက်ခွင့် အနည်းငယ်သာရရှိခဲ့ပါတယ်။ ဒါပေမယ့် ဥရောပပြိုင်ပွဲတွေနဲ့ စပိန်ဘုရင့်ဖလားပြိုင်ပွဲတွေမှာတော့ အသင်းမှာ ပါဝင်ကစားခွင့်ရရှိခဲ့ပြီး အသင်းနဲ့အတူ ချန်ပီယံလိဂ်နဲ့ စပိန်ဘုရင့်ဖလားတို့ကို ရရှိခဲ့ပါတယ်။ ဒ့ါအပြင် ကာဆီးလက်စ်ဟာ ချန်ပီယံလိဂ်မှာ ဂိုးမပေးရရေးအတွက် အများဆုံးကာကွယ်မှုပြုထားနိုင်ခဲ့တဲ့ မန်ယူဂိုးသမား ဗန်ဒါဆားရဲ့ စံချိန်ကို ဖြတ်ကျော်နိုင်ခဲ့ပါတယ်။ ဒါကြောင့်လည်း ပြီးခဲ့တဲ့ရာသီမှာ ကာဆီးလက်စ်ဟာအသင်းရဲ့ အဓိကဂိုးသမားနေရာကို ပြန်ရခဲ့ပြီး စပိန်လီဂါမှာ ၃၂ ပွဲအထိ ပါဝင်ကစားခဲ့ရပြီး သူ့ရဲ့ ယခင် စံချိန်ဖြစ်တဲ့ တစ်ရာသီပြိုင်ပွဲစုံတွင် ၄၅ ပွဲကစားခွင့်ရတဲ့စံချိန်ကို ပြန်လည်ရရှိခဲ့ ပါတယ်။

ဒါတွေကြောင့်လည်း ကာဆီးလက်စ်ဟာ ဘုရားပေးတဲ့လက်တစ်စုံကို ပိုင်ဆိုင်ထားခဲ့တဲ့ ဂိုးသမားတစ်ဦးလို့ဆိုရမှာပါ။ ကမ္ဘာပေါ်မှာ ရှိတဲ့ ဘယ်ဂိုးနည်းပြကမှ ကာဆီးလက်စ်လို ဂိုးသမား နောက်တစ်ယောက် ထပ်မံထွက်ပေါ်လာဖို့ကို သင်ကြားပေးနိုင်ဖို့ကတော့ မလွယ်ကူနိုင်ဘူးလို့လည်း ပြောရမှာဖြစ်ပါတယ်။ ၂၀၁၀ ကမ္ဘာ့ဖလားပြိုင်ပွဲ နောက်ဆုံး ဗိုလ်လုပွဲမှာဆိုရင်လည်း ကာဆီးလက်စ်ဟာ ဟော်လန်တောင်ပံကစားသမား ရော်ဘင်ရဲ့ ကန်သွင်းမှုတွေကို အကောင်းဆုံးကာကွယ်ပြီး အသင်းကို ကမ္ဘာ့ဖလားချန်ပီယံဖြစ်စေခဲ့သူလည်း ဖြစ်ပါတယ်။ ဒါကြောင့်လည်း ကာဆီးလက်စ်ဟာ ရီးရဲမက်ဒရစ်ဘောလုံးသမိုင်းနဲ့ စပိန်ဘောလုံးသမိုင်းမှာတော့ အကောင်းဆုံးဂိုးသမားတစ်ဦးအဖြစ် ရပ်တည်နေတဲ့သူ ဖြစ်တယ်လို့ပြောရမှာပါ။



ကာဆီးလက်စ်အနေနဲ့ စပိန်မြေကိုစွန့်ခွာပြီး ပေါ်တူဂီကလပ် ပေါ်တိုအသင်းကို ပြောင်းရတဲ့ ရည်ရွယ်ချက်တော့ လာမယ့်နွေရာသီမှာ ပြင်သစ်မှာ ကစားရမယ့် ယူရို ၂၀၁၆ မှာ စပိန်အသင်းနဲ့အတူ ပါဝင်ကစားခွင့် ရရှိဖို့ ဖြစ်ပါတယ်။ လက်ရှိအချိန်မှာ ရီးရဲမက်ဒရစ်အသင်းအနေနဲ့ မန်ယူဂိုးသမား ဒီဂီယာကိုခေါ်ယူဖို့ အပြင်းအထန် ကြိုးစားနေပြီး ဒီဂီယာကိုယ်တိုင်ကလည်း ပြောင်းရွှေ့ဖို့ရှိနေတာတွေကြောင့် ဒီဂီယာရဲ့ ရီးရဲမက်ဒရစ်ရောက်ရှိရေးဟာ ထင်ထားတာထက်တောင် ပိုသေချာနိုင်ပါတယ်။ ဒီဂီယာသာ ရီးရဲမက်ဒရစ်အသင်းကို ရောက်ရှိလာခဲ့မယ်ဆိုရင် ကာဆီးလက်စ်ရဲ့နေရာဟာ ပိုမိုပျောက်ဆုံးသွားပြီး စပိန်အသင်းရဲ့ အခန်းကဏ္ဍမှာလည်း ပျောက်ကွယ်သွားနိုင်ပါတယ်။ ဒါတွေကြောင့်လည်း ကာဆီးလက်စ်ဟာပေါ်တိုအသင်းနဲ့အတူ ပြည်တွင်း ပြိုင်ပွဲတွေသာမက ချန်ပီယံလိဂ်ပြိုင်ပွဲတွေပါ ကစားပြီး စပိန်ရဲ့ နံပါတ်တစ်ဂိုးသမားနေရာကို ရယူသွားဖို့လည်း ရှိနေပါတယ်။ ဒါတွေကြောင့် ကာဆီးလက်စ်အနေနဲ့ ရီးရဲမက်ဒရစ်အသင်းမှာ အောင်မြင်မှုတွေ ရယူနိုင်ခဲ့သလိုပဲ ပေါ်တိုအသင်းမှာလည်း အောင်မြင်မှုတွေရယူပြီး စပိန်ရဲ့အကောင်းဆုံးဂိုးသမားအဖြစ် ဆက်လက်ရပ်တည်နိုင်ဦးမလား ဆိုတာကတော့. . . . . . ။

ကာဆီးလက်စ်ဟာ ဘုရားပေးတဲ့လက်တစ်စုံကို ပိုင်ဆိုင်ထားခဲ့တဲ့ ဂိုးသမားတစ်ဦးလို့ဆိုရမှာပါ။ ကမ္ဘာပေါ်မှာရှိတဲ့ ဘယ်ဂိုးနည်းပြကမှ ကာဆီးလက်စ်လိုဂိုးသမားနောက်တစ်ယောက် ထပ်မံထွက်ပေါ်လာဖို့ကို သင်ကြားပေးနိုင်ဖို့ကတော့ မလွယ်ကူနိုင်ဘူးလို့လည်း ပြောရမှာဖြစ်ပါတယ်။ ၂၀၁၀ ကမ္ဘာ့ဖလားပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲမှာဆိုရင်လည်း ကာဆီးလက်စ်ဟာ ဟော်လန်တောင်ပံကစားသမား ရော်ဘင်ရဲ့ ကန်သွင်းမှုတွေကို အကောင်းဆုံးကာကွယ်ပြီးအသင်းကို ကမ္ဘာ့ဖလားချန်ပီယံဖြစ်စေခဲ့သူလည်း ဖြစ်ပါတယ်။